www.burmeseclassic.com



ဖြစ်လည်ထန်းသေစ်ခြင်းအာစီအစဉ်
(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် . . . . .  ၁၄၀/၂၀၀၀(၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် . . .  ၂၂၅/၂၀၀၀(၄)

ထုတ်ဝေခြင်း
ဒုတိယအကြိမ်
၂၀၀၀-ခုနှစ်၊ ဇွန်လ

အုပ်ရေ
၁၀၀၀-အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
ဝဏ္ဏတန်

စီစဉ်သူ
မဌေးဌေးမော်

ထုတ်ဝေသူ
ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ (၀၁၂၉၉)
အမှတ် ၈/၆၅- အုပ်စု
၃/အောင်သိဒ္ဓိလမ်း၊ ဈေးဘွားကြီးကုန်း
အင်းစိန်၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းစာသား ပုံနှိပ်သူ
ဦးစိုးမြင့် (၀၅၆၁၉)
ရွှေအောင်လံရောင်စုံ ပုံနှိပ်တိုက်
အမှတ် (၄၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးစိုးမြင့် (၀၅၆၁၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၄၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ရန်ကုန်မြို့။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၀)

သူ၏ ရုံးခန်းသို့ သူမရောက်ရှိလာသောအချိန်သည် အပြီးသတ်လျှောက်လဲချက်တစ်ခုအတွက် ဆရာနှုတ်တိုက်ချပေးသည်များကို သူ လိုက်လံရေးမှတ်နေရသော အချိန်ဖြစ်သည်။

တရားခွင် လျှောက်လဲချက်ပေးရာ၌ ဖြည်းဖြည်းနှင့် အေးအေး ပြောတတ်သူဖြစ်သဖြင့် နာမည်ကြီးလှသော ဆရာမှာ လျှောက်လဲချက်ကို နှုတ်တိုက်ချပေးရာမှာတော့ လောဘတကြီး မြန်ချင်လှသူဖြစ်သည်။ ဆရာခေါ်ပေးသမျှကို ကြိုးစားပမ်းစား သူ အမီလိုက်ရေးနေချိန်မှာပင် ရုံးအကူ ဦးအုန်းရွှေသည် အနားသို့ ရောက်လာသည်။

"ကိုရဲ့ အပြင်မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ ဦးအုန်းရွှေ"

ဘုဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လဲချက်ကို လိုက်ကူးနေရင်းမှ သူ ပြန်မေးလိုက်သည်။

"ဦးလေးလည်း တစ်ခါမှ မတွေ့ဖူးဘူး၊ မိန်းကလေးတစ်ယောက်ပဲ"

မိန်းကလေးတစ်ယောက်ပဲဟူသော ဦးအုန်းရွှေ၏ စကားက ခပ်လှမ်းလှမ်း၌ ထိုင်နေသော ယုယုခိုင်ဆီမှ အကြည့်တို့ကို သူ့ထံသို့ ရွေ့လျား ကျရောက်လာစေခဲ့သည်။ သူကတော့ ယုယုခိုင်၏ စူးစမ်းသောအကြည့်ထက်အပြင်က မိန်းကလေးဟာ ဘယ်သူများပါလိမ့်ဟူသော သိချင်စိတ်၌ ပိုမို စိတ်ဝင်စားသွားမိတော့သည်။

ဆရာဦးလှထွန်းက လျှောက်လဲချက်ကို ခေါ်ပေးနေရာမှ ရပ်ဆိုင်းရင်း သူ့ကိုကြည့်သည်။

"ဧည့်သည်ရောက်နေရင် ထွက်တွေ့လိုက်လေ၊ ယုယုရှိသားပဲ၊ ကဲ ယုယု ညည်း ရဲလွင်ငြိမ်းနေရာ အစားဝင်"

ဆရာ၏ ခွင့်ပြုစကားကြောင့် ရေးလက်စစာရွက်ထပ်တို့ကို ယုယုခိုင်ဘက်သို့ လွှဲပေးလိုက်ပြီး သူ ထိုင်ရာမှ ထရပ်လိုက်သည်။

ထိုအချိန်အထိ ရုံးခန်း၏ အပြင်ဘက်အမှုသည်များ စောင့်ဆိုင်းရန် ပြုလုပ်ထားသောဧည့်ခန်းအတွင်း ထိုင်စောင့်နေမည့် သူ့ဧည့်သည်ဆိုသူမှာ သူမဖြစ်နေလိမ့်မည်ဟု သူ မထင်မိခဲ့။ သူမသည် ရုံးခန်းလိပ်စာကို ဘယ်တုန်းကမှ တိကျ





သေချာစွာ စိတ်ဝင်တစားမေးမြန်းခဲ့သူ မဟုတ်။ ထို့အတူ သူ့ရုံးခန်းသို့ တကူးတက ရောက်ရှိလာစရာ အကြောင်းတစ်စုံတစ်ရာလည်း သူမ၌ ရှိနေလိမ့်မည် မဟုတ်ပါ။

သို့သော် ဆရာ၏ သီးသန့်ရုံးခန်းလေးအတွင်းမှ ထွက်၍ အပြင်ဘက် ဧည့်ခန်းသို့ ရောက်ရှိချိန်မှာတော့ သူ၏ တွေးထင်မှုတို့ များစွာ လွဲမှားနေကြောင်း တအံ့တဩ သိလိုက်ရတော့သည်။

"မေပုလဲသွယ်"

သူ၏ ဧည့်သည်ဆိုသူကတော့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ မေပုလဲသွယ်ပါပဲ။

"ကြည့်စမ်း၊ ကိုယ်က မိန်းကလေးတစ်ယောက်ရောက်နေတယ်ဆိုတော့ မေပုလဲများလားလို့ ထင်လိုက်မိသေးတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူးထင်လို့ပါ"

သူ၏ အံ့ဩနေမှုကို သူမ သတိပြုမိစွာ ပြုံးရင်း ထိုင်နေရာမှ ထလိုက်သည်။

"ကိုကို မျှော်လင့်မထားတဲ့ မေပုလဲသွယ်ရောက်ရှိလာခြင်းအထိမ်းအမှတ်အတွက် လက်ဖက်ရည်လိုက်တိုက်မယ် မဟုတ်လား"

"လက်ဖက်ရည် လိုက်တိုက်မယ် မဟုတ်လား"တဲ့။

သူ၏ ရုံးခန်းသို့ သူမ တကူးတက ရှာဖွေရောက်ရှိလာခြင်း၏ အကြောင်းရင်းမှာ ထိုကိစ္စအတွက် သက်သက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မဖြစ်နိုင်ပါ။ သူခေါင်းတစ်ချက်ညိတ်ရင်း သူမကို ပြန်လည်အဖြေပေးလိုက်သည်။

"တကယ်လို့ ကိုယ်မေးမယ့် မေးခွန်းကို မေပုလဲ ဖြေမယ်ဆိုရင်ပေါ့"

သူ့စကားအဆုံး သူမ အက်ရှရှ ရယ်သံက နုံးညံ့စွာ ထွက်ပေါ်၍လာသည်။ ပြီးမှ သူ့ကို ပြုံးလျက် စိုက်ကြည့် ရင်း

"ရွှေနေ ဦးရဲလွင်ငြိမ်းနဲ့ လက်ဖက်ရည်အတူတူ သောက်ခွင့်ရဖို့အတွက် ဒီလောက်တော့ ရင်းနှီးရမှာပေါ့၊ မေးလေ ကိုကို ဘာမေးချင်လဲ"

"တခြားမဟုတ်ပါဘူး။ မေပုလဲကိုယ့်ဆီကို တကူးတက ရောက်လာရတဲ့ရည်ရွယ်ချက်ကို သိချင်တာပါ"

သည်တစ်ခါတော့ သူမရယ်သံက အနည်းငယ် ရှင်မြူးကျယ်လောင်လေသည်။

"ကိုကို့ဆီ ရောက်လာရတဲ့ ရည်ရွယ်ချက် ဟုတ်လား"

သူ့စကားကို သူမ ပဲ့တင်ထပ်ရေရွတ်ရင်း-

"ရိုးရိုးလေးပါ၊ ရိုးရိုးလေး ဖြေရရင် ကိုကို့ကို လက်ဖက်ရည်တိုက်ခိုင်းဖို့ပေါ့"

"ခပ်ဆန်းဆန်းဖြေမယ်ဆိုရင်ကော"

သူ့ စကားထောက်ပေးလိုက်တော့ သူမ မချိုမချဉ် ပြုံးသည်။

ဉာဏ်ဝင်းစာပေ



"အဲဒါဆိုရင်တော့ ကျွန်မရဲ့ အဖြေက နည်းနည်းရှည်သွားမှာပေါ့၊ ကျွန်မ ရောက်လာရတာ ကိုကို ကျွန်မကို မမေ့မသွားအောင်လို့ပါ။ ကိုကို့ဘဝမှာ မောင်လို့ခေါ်တဲ့အမျိုးသမီး တစ်ယောက်ရှိခဲ့ဖူးသလို ကိုကိုလို့ ခေါ်တဲ့ ကောင်မလေးတစ်ယောက်လဲ ရှိနေသေးတယ်ဆိုတာ ကိုကို သတိရအောင်လို့လေ"

သူမ၏ အဖြေစကားက သူ့ရင်ကို အခံရခက်စွာ နာကျင်သွားစေလေတော့သည်။

ဘယ်လောက်များ ကြေကွဲဖွယ်ကောင်းတဲ့အဖြေပါလဲ။

ပြီးတော့ သူ့ဂုဏ်သိက္ခာကို ဘယ်လောက်များ ထိပါးလိုက်တဲ့အဖြေပါလဲ။

သူ ရီဝေစွာ သူမကို ငေးစိုက်ကြည့်နေရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"ကိုယ့် မမေ့ပါဘူး မေပုလဲ၊ အဲဒီကိစ္စကို ကိုယ် ဘယ်တုန်းကမှ မမေ့ခဲ့ပါဘူး"

"ကျေးဇူးတင်ပါတယ် ကိုကို"

သူမ၏ အနောက်တိုင်းဆန်စွာ တုံ့ပြန်မှုက သူ့အား ပိုမို ထိရှငြိမ်သက်သွားစေခဲ့သည်။ သူမက သူ့ကို မော့ကြည့်ရင်း စကားလမ်းကြောင်း ပြောင်းလဲသည်။

"ကဲ ကိုကို ကျွန်မတို့ ဘယ်လက်ဖက်ရည်ဆိုင်ကို ရွေးချယ်ကြမလဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်ကို မရွေးခင် ကိုယ် မေပုလဲကိုလူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်တယ်"

မျှော်လင့်ထားပုံမရသော သူ့စကားကြောင့် သူမ အနည်းငယ်တုံ့ဆိုင်းငြိမ်သက်သွားသည်။ ပြီးမှ ခပ်သွက်သွက် ခေါင်းညိတ်ရင်းအေးဆေးစွာ အဖြေပေးသည်။

"ဖြစ်ပါတယ်။ အဲဒီတစ်ယောက်ယောက်ဟာ ယုယု ခိုင်မဟုတ်ဘူးဆိုရင်ပေါ့"

"ဆောရီးပဲ၊ ကိုယ်မိတ်ဆက်ပေးမယ်ဆိုတာ ယုယုခိုင် နဲ့"

သူမ ဖျတ်ခနဲ မော့လျက် သူ့ကို စူးရဲစွာစိုက်ကြည့်သည်။ ထို့နောက် ခေါင်းရမ်းရင်း ခါးသီးစွာ ငြင်းဆန်လေသည်။

"ဟင့်အင်းကိုကို၊ ကျွန်မ သူနဲ့အသိမဖြစ်ချင်ဘူး"

"ဘာဖြစ်လို့လဲ မေပုလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျွန်မရဲ့ ရန်သူလေ၊ မေပုလဲသွယ်ဟာ ကိုယ့်ရန်သူကို ဘယ်တော့မှ လက်ဆွဲနှုတ်ဆက်မယ့်မိန်းမ မဟုတ်ဘူး ကိုကို၊ အထူးသဖြင့် ကိုယ့်ချစ်သူနဲ့ တစ်ချိန်တုန်းကကော၊ ခုချိန်ထိပါ ပတ်သက်နေတဲ့ အမျိုးသမီး တစ်ယောက်ကို ကျွန်မ လက်ဆွဲနှုတ်မဆက်နိုင်ဘူး"



BURMESE CLASSIC .com



ပြတ်သားစွာ ငြင်းဆန်လာသော သူမကို ရိဝေစွာ ငေးကြည့်နေမိသည်။ ထို့နောက် တစ်စုံတစ်ရာ ပြန်ပြောရန် စိတ်တုန်ခမ်းစွာ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။

❑



www.burmeseclassic.com

# အပိုင်း

# (၁)

# ‘ယုယုခိုင်’

ဉာဏ်ဝင်းဓာမေ

www.burmeseclassic.com



(၁)

ကမ္ဘာပေါ်ရှိ ဘာသာရပ်များစွာအနက် သူ စိတ်အဝင်စားဆုံးဘာသာရပ်မှာ ဥပဒေဘာသာရပ်ဖြစ်ပြီး သူအမုန်းဆုံးအလုပ်ကတော့ ရှေ့နေအလုပ်ဖြစ်သည်။

ထိုသို့ ဥပဒေကို စိတ်ဝင်စားပြီး ရှေ့နေလုပ်ရန် ဝန်လေးသောသူသည် (၁၉၈၈)ခုနှစ်၊ မေလ၌ ကျင်းပသည့် အထက်တန်းရှေ့နေ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ခြင်းမှာ သဘာဝကျသော်လည်း (၁၉၈၉)ခုနှစ်၊ မတ်လ၌ အလုပ်သင်ရှေ့နေအဖြစ် တရားရုံးချုပ်သို့ စာရင်းသွင်းဖြစ်ခဲ့ခြင်းကတော့ ဘယ်လိုမှ သဘာဝမကျသောကိစ္စဖြစ်သည်။

ထိုသဘာဝမကျသော ကိစ္စကို ဖြစ်ပွားစေရန် ဖန်တီးလာသူက ကိုဗလဖြစ်သည်။ ကိုဗလက သူနှင့်ညီအစ်ကိုသဖွယ်ရင်းနှီးနေသော တရားရုံးချုပ်ရှေ့နေတစ်ယောက်ဖြစ်သည်။

ဉာဏ်ဝင်းစာပေ



အသားညိုညို၊ အရပ်ရှည်ရှည်နှင့် ကိုဗလမှာ လူအုပ်ထဲ ရပ်လိုက်လျှင် အမြဲတမ်း သူများထက် ခေါင်းတစ်လုံး ပိုမြင့်တတ်သူဖြစ်သလို၊ စကားပြောလျှင်လည်း သူများထက် ထူးခြားစွာ မှင်မောင်းအပြည့်နှင့် တစ်ဖက်သားစိတ်ဝင်စားအောင် ပြောတတ်သူ ဖြစ်သည်။

ကိုဗလ၏ အမူအကျင့်နှင့် ၎င်း၏ အလုပ်အကိုင်က လိုက်လျောညီထွေရှိသလို ကိုဗလ ကိုယ်တိုင်ကလည်း ရှေ့နေတစ်ယောက်ဖြစ်နေခြင်းအတွက် အမြဲတမ်း ဂုဏ်ယူနေတတ်သူဖြစ်သည်။

"ငါ့ကို ဘုရားသခင်က ရှေ့နေလိုက်စားဖို့ လောကကြီးထဲကို လွှတ်လိုက်တာကွ"

အနည်းငယ် ရီဝေဝေရှိသောအခါမျိုး၌ ထိုသို့ ကြွေးကြော်တတ်သူလည်း ဖြစ်သည်။

သူ ရှပေဗေဒနောက်ဆုံးနှစ်တက်နေစဉ်မှာပင် ကိုဗလက သူ့အား အိပ်ချ်ဂျီပီ စာမေးပွဲဝင်ရောက်ဖြေဆိုရန် အားတက်သရော တိုက်တွန်းခဲ့သည်။ ထို့ကြောင့် အထက်တန်းရှေ့နေ စာမေးပွဲအောင်စာရင်း၌ ဦးရဲလွင်ငြိမ်းဟူသော သူ့အမည်နှင့် ဂုဏ်ထူးသုံးဘာသာယှဉ်တွဲ၍ ပါလာသောအခါ၌ သူ့အတွက် ဂုဏ်ယူဝမ်းသာနေသူမှာ ကိုဗလဖြစ်သလို၊ သူ့အား အလုပ်သင်ရှေ့နေအဖြစ် ချိန်ဘာဆင်းရန် လှုံ့ဆော်စည်းရုံးလာသူမှာလည်း ကိုဗလပင် ဖြစ်နေခြင်းမှာ သိပ်တော့ အံ့သြစရာမဟုတ်ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ချ်ဂျီပီအောင်ကြောင်း သိသည့်နေ့မှာပင် ကိုဗလက ချိန်ဘာဆင်းရန် တိုက်တွန်းခဲ့သည်။

"ခုဆို မင်းကျောင်းလဲ ပြီးသွားပြီပဲ၊ ဒီတော့ ငါတို့ရုံးခန်းမှာ ချိန်ဘာလာဆင်း၊ မင်းအတွက် ငါ အားလုံး တာဝန်ယူတယ်"

ကိုဗလ၏ စကားက ကျေးဇူးတင်စရာ ကောင်းပါသည်။ တစ်ချို့ဆို အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ထားပြီး ချိန်ဘာဆင်းချင်လျက်နှင့် အဆက်အသွယ်မရှိသောကြောင့် ချိန်ဘာမဆင်းဖြစ်ကြပါ။

သို့သော် သူကတော့ တိုက်ပုံအနက်ဝတ်ရန် ဝါသနာမပါသူမို့ ကိုဗလ၏ စကားကို အားနာစွာငြင်းဆန်ဖြစ်ခဲ့သည်။

"ကျွန်တော် ချိန်ဘာ မဆင်းဘူး ကိုဗလ"

"ဘာဖြစ်လို့လဲ"

"ရှေ့နေအလုပ်ကို ကျွန်တော်မှ စိတ်မပါတာ"

ရှေ့နေတစ်ယောက်ဖြစ်သော ကိုဗလက သူ့စကားကို အလွယ်တကူ စိတ်ပျက်မသွားခဲ့။

"လောကမှာ စိတ်ပါမှသာ လုပ်ရရင် ဘာမှလုပ်ဖြစ်မှာမဟုတ်ဘူး ကိုရဲ၊ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် လုပ်ချင်စိတ်ရှိမရှိထက် လုပ်သင့်မလုပ်သင့်က ပိုပြီး အဓိက ကျတယ်။ မင်းခုလို ဝတ္ထုဖတ်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက် လုပ်





နေမယ့်အစား ချိန်ဘာဆင်းပြီး ရှေ့နေလိုင်စင်တစ်ခု ယူထားတာက မင်းဘဝအတွက် ပိုပြီး အကျိုးမရှိဘူးလား"

"နေပါဦး၊ အဲဒီ ရှေ့နေလိုင်စင်ကြီးကိုကျွန်တော်က ဘာလုပ်ရမှာလဲ"

"အနည်းဆုံး မှန်ဘောင်သွင်းပြီး မင်းရဲ့ စာကြည့်စားပွဲပေါ်မှာ ထောင်ထားလို့ ရတာပေါ့ မဟုတ်ဘူးလား"

ကိုဗလ၏ စကားကြောင့် သူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိသည်။ အင်းလေ အနည်းဆုံးတော့ ရှေ့နေလိုင်စင်ဆိုတာ အဲလိုကိစ္စမျိုးအတွက် အသုံးဝင်နိုင်တာပဲ။

"ဘာမှ မကြာပါဘူး ကိုရဲရဲ့၊ တစ်နှစ်ဆိုတာ ခဏလေးဟိုလှည့်ဒီလှည့်နဲ့တင် ပြီးသွားမှာ။ ချိန်ဘာပြီးလို့ ရှေ့နေဆက်မလိုက်ချင်လဲ မလိုက်နဲ့ပေါ့။ ချိန်ဘာဆင်းဖြစ်တဲ့ အတွေ့အကြုံမျိုးရဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ နောင်တစ်ချိန် မင်းစာရေးဆရာဖြစ်တဲ့အခါ အဲဒီအတွေ့အကြုံတွေကို ဝတ္ထုထဲထည့်ရေးလို့ရတာပေါ့ မဟုတ်ဘူးလား"

ကိုဗလက ဇွဲကောင်းစွာပင် သူ့အား စည်းရုံး တိုက်တွန်းခဲ့သည်။ သူ ဘယ်လိုပင်ငြင်းငြင်း ကိုဗလ၏ စည်းရုံးမှုကအားပျော့မသွားခဲ့။ သူနှင့်တွေ့တိုင်း အဲလုပ်သင်ရှေ့နေအဖြစ်ချိန်ဘာဆင်းရန် တိုက်တွန်းတတ်မြဲ ဖြစ်သည်။

သူ ကိုယ်တိုင်ကလည်း သူ၏ အချိန်ပိုများအား ဝတ္ထုဖတ်လိုက်၊ ဂစ်တာတီးလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းတီးရင်း တဖြည်းဖြည်း ပျင်းရိငြီးငွေ့လာခဲ့သည်။ ထို့ကြောင့် ကိုဗလ၏ တိုက်တွန်းမှုများအား တစ်စထက်တစ်စ နားယောင်ကာ "လက်ဖက်ရည်ဆိုင် ထိုင်တာထက်စာရင် ပို အကျိုးရှိစေရမယ်"ဟု ကိုဗလ အာမခံသော ချိန်ဘာဆင်းခြင်း ကိစ္စအား စိတ်ဝင်စားလာခဲ့သည်။

ဤသို့ဖြင့် (၁၉၈၉)ခုနှစ်၊ မတ်လ (၂၉)ရက်နေ့၌ အလုပ်သင်ရှေ့နေအဖြစ်တရားဝင် စာရင်းသွင်းခဲ့ခြင်းဖြစ်သည်။ ထိုသို့ အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်း၍ ချိန်ဘာဆင်းဖြစ်ခဲ့ခြင်းကြောင့်ပင် ယုယုခိုင်နှင့် သူ ဆုံဆည်းဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။

□

ဉာဏ်ဝင်းစာပေ



(၂)

မဟာဗန္ဓုလပန်းခြံလမ်းရှိ သူတို့ရုံးခန်းလေးသို့ ယုယုခိုင်ရောက်ရှိလာခဲ့သည်မှာ သူ ချိန်ဘာစဆင်းပြီး လအနည်းငယ်အကြာမှာ ဖြစ်သည်။

ယုယုခိုင်မရောက်မီ အလုပ်သင်ရှေ့နေအဖြစ် ဦးစွာရောက်ရှိလာခဲ့သူက ခင်ခင်ထားဖြစ်သည်။ အကယ်၍ ခင်ခင်ထားသာ သူတို့ရုံးခန်းလေးသို့ ရောက်ရှိမလာခဲ့လျှင် သူနှင့် ယုယုခိုင်၏ ရင်းနှီးမှုမှာ လွယ်ကူမြန်ဆန်ခဲ့မည်မဟုတ်သလို သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာလည်း တစ်စုံတစ်ရာ ထူးခြားဆန်းကြယ်ခဲ့လိမ့်မည် မဟုတ်ပါ။

သို့သော် ကံကြမ္မာသည် သူနှင့် ယုယုခိုင်တို့နှစ်ယောက်အနက် တစ်ယောက်ယောက်ဘက်၌ ရပ်တည်ကာ ခင်ခင်ထားအားအလုပ်သင်ရှေ့နေတစ်ယောက်အဖြစ်မဟာဗန္ဓုလပန်းခြံလမ်းရှိ ရုံးခန်းလေးသို့ ပို့ဆောင်ပေးခဲ့လေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားမှာ သူ့ထက် သုံးနှစ်ကျော်ကြီးပြီး ဥပဒေဖြင့် ကျောင်းပြီးခဲ့သူဖြစ်သည်။ တွေ့ဆုံစမှာပင် ပျော်ပျော်နေတတ်သော သူမ၏ အကျင့်နှင့် တွေ့သည့်လူတိုင်းအား အချိန်အနည်းငယ်အတွင်း ရင်းနှီးကျွမ်းဝင်သွားအောင် လုပ်တတ်သော သူမ၏ ထူးခြားသည့် အရည်အချင်းတို့ကို သူ သတိပြုမိခဲ့သည်။

ခင်ခင်ထားရောက်လာကာစ၌ အမျိုးသမီးများနှင့် ဆက်ဆံရာတွင် အနည်းငယ်ရှက်အန်းအန်းနိုင်စွာ နှုတ်ဆိတ်နေတတ်သော သူ့အကျင့်အတိုင်း မဝံ့မရဲနှင့်စကားနည်းခဲ့သော်လည်း ခင်ခင်ထား၏ ဆက်ဆံရေး ကျင်လည်မှုကြောင့် ရက်အနည်းငယ်အတွင်းမှာပင် ခင်ခင်ထားနှင့် သူ ရင်းနှီးသွားခဲ့သည်။

"ချိန်ဘာဆင်းရတာ ပင်ပန်းလား ကိုရဲ"

ပထမဆုံး ချိန်ဘာဆင်းစနေ့မှာပင် ခင်ခင်ထား သူ့ကို စူးစမ်းသည်။ သူ ခပ်အေးအေးပင် "တစ်ခါတစ်လေ ထမင်းငတ်တယ်"ဟု ပြန်ဖြေတော့ ခင်ခင်ထား မျက်လုံးပြူးကာ "ဟာ ဒုက္ခပဲ"ဟု ရေရွတ်လေသည်။

"တို့က ပင်ပန်းတဲ့အလုပ်ဆို လုံးဝ ဝါသနာပါတာ မဟုတ်ဘူး"

ခင်ခင်ထား စိတ်ပျက်လက်ပျက်နှင့် ပြောတော့ သူ ပြုံးလိုက်မိသည်။ သို့သော် ပင့်ပင်ပန်းပန်းကိစ္စမျိုးကို ဝါသနာ





မပါသည့်တိုင်အောင် ခင်ခင်ထားလည်း သူနှင့်ကိုဗလတို့ နည်းတူ အပင်ပန်းခံခဲ့ရသည်။ အပင်ပန်းမခံလို့လည်းမဖြစ်။ သူတို့၏ ချိန်ဘာမာစတာ ဆရာဦးလှထွန်းက အလွန်စည်းကမ်းကြီးသူဖြစ်သည်။

ရှေ့နေလိုက်သက် သုံးဆယ်ကျော်၊ နိုထရီပတ်ပလစ်ရှေ့နေဆရာဦးလှထွန်း၏ ဆောင်ပုဒ်က 'ရှေ့နေဖြစ်ချင်ရင် အပင်ပန်းခံနိုင်ရမယ်'ဟူ၍ ဖြစ်သည်။ သူရော ခင်ခင်ထားပါ ဆရာဦးလှထွန်း၏ အလုပ်သင်ရှေ့နေများအဖြစ် စာရင်းတင်သွင်းခဲ့ကြခြင်းဖြစ်သည်။

ကိုဗလမှာ သူတို့နှစ်ယောက်၏ ချိန်ဘာမာစကာ အဖြစ် ထောက်ခံပေးနိုင်သည့် ရှေ့နေလိုက်သက် (၅)နှစ်ပြည့်ပြီးသူ (Advocate) ပင် ဖြစ်သော်လည်း သူတို့နှစ်ယောက်ကို ထောက်ခံပေးဖို့ကိုတော့ ငြင်းဆန်ခဲ့သည်။ 'ငါက ကိုယ်ပိုင်ရုံးခန်းဖွင့်နိုင်သေးတာ မဟုတ်ဘူး။ ဆရာ့ဆီမှာ ဂျူနီယာ အနေနဲ့ လိုက်နေတာဆိုတော့မင်းတို့လဲ ဆရာ့ကိုပဲ ထောက်ခံခိုင်းတာပိုကောင်းမယ်' ကိုဗလ၏ အကြံပေးမှုဖြင့်-

သူနှင့်ခင်ခင်ထားမှာစည်းကမ်းကြီးလှသော ဆရာဦးလှထွန်း၏ အလုပ်သင် ရှေ့နေများ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ချိန်ဘာဆင်း၍ ရက်အနည်းငယ်အတွင်းမှာပင် ပင်ပန်းမှုဒဏ်ဖြင့် ခင်ခင်ထား မျက်နှာရှုံ့မဲ့လာခဲ့သည်။ ထို့အပြင် မိန်းကလေးအဖော်တစ်ယောက်လောက် ရှိလျှင်ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တောင့်တလာတတ်သည်။ ယောကျ်ားလေးများ ကြား၌ တစ်ယောက်တည်း ကြောင်တောင်တောင်ဖြစ်နေသော ခင်ခင်ထား၏ ဒုက္ခကို ကိုယ်ချင်းစာမိသော်လည်း သူမ၏ ဆုတောင်းပြည့်လိမ့်မည်ဟုတော့ သူမထင်ခဲ့မိပါ။

သို့သော် နောက်ထပ် ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် သူ၏ ထင်မြင်မှု မှားယွင်းကာ ခင်ခင်ထား၏ ဆုတောင်းပြည့်ဝသွားခဲ့သည်။

❑

"ကိုရဲ ဒါ ယုယုခိုင်တဲ့"

ရုံးခန်း ဧည့်ခန်းတွင်းသို့ သူ ရောက်ရှိချိန်၌ ခင်ခင်ထားက သူမဘေး၌ ထိုင်နေသော အမျိုးသမီးတစ်ယောက်နှင့် သူ့ကို မိတ်ဆက်ပေးသည်။ ထိုအမျိုးသမီးကို ခင်ခင်ထား၏ သူငယ်ချင်းဖြစ်လိမ့်မည်ဟု သူ ထင်လိုက်မိသော်လည်း တကယ်တော့ ထိုသို့မဟုတ်ပါ။

"ယုက ဆရာဦးလှထွန်းသူငယ်ချင်းရဲ့ သမီးလေ၊ ချိန်ဘာဆင်းမလို့လာတာ"





သည်တော့မှ ထိုအမျိုးသမီးမှာ သူတို့ရုံးခန်းလေး၏ တတိယမြောက် အလုပ်သင်ရှေ့နေဖြစ်ကြောင်း သူ သိခွင့်ရလိုက်သည်။ ယုယုခိုင်နှင့်ပတ်သက်၍ သူ ဦးစွာ သတိပြုလိုက်မိသော အရာမှာ နီစွေးထူအန်းသည့် သူမ၏ နှုတ်ခမ်းထူထူများဖြစ်သည်။

ရိုးသားစွာ ဝန်ခံရလျှင် နှုတ်ခမ်းနီဆိုးတတ်သော အမျိုးသမီးများကို သူ သဘောကျလှေ့မရှိသော်လည်း နှုတ်ခမ်းဆိုးဆေးတို့ဖြင့် ရဲနီနေသည့် သူမ၏ နှုတ်ခမ်းများကိုတော့ သူ သဘောကျခဲ့မိသည်။

"သူက ရဲလွင်ငြိမ်းတဲ့၊ အလုပ်သင်ရှေ့နေပဲ"

ခင်ခင်ထားက မိတ်ဆက်ပေးတော့ သူမ၏ နှုတ်ခမ်းထူထူများက လှပစွာ တွန့်ကွေးလျက် ပြုံးပြလေသည်။ သူ အလိုက်အထိုက် ပြန်ပြုံးလျက် ခေါင်းညိတ်ရင်း-

"ဟုတ်ကဲ့၊ ကျွန်တော် ရဲလွင်ငြိမ်းပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြန်ပြောလိုက်သည်။ သူမက နဖူးပေါ် ဝေ့ဝဲကျနေသည့် ဆံနွယ်စတို့ကို သပ်တင်ရင်းအသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်သည်။

အဝါဘက်သို့ အနည်းငယ်လုသော ဖြူဝင်းသည့် အသားအရည်၊ ရှင်းသန့်ပြေပြစ်သော မျက်နှာနှင့် သူမမှာ ဆွဲဆောင်မှုရှိသော်လည်း ထူးခြားစွာ လှပသူအဖြစ်တော့ သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်၍မရပါ။ ထူထဲသော မျက်ခုံးတန်းအစုံနှင့် နှာတံစင်းစင်းက သူမအား ကြည့်ကောင်းသော အနေအထားထက် ကျော်လွန်စေခဲ့သော်လည်း သူမ၏ မေးရိုးတို့ကတော့ မိန်းကလေးတစ်ယောက်အနေနှင့်ဆိုပါက အနည်းငယ်ကားသည်ဟု သတ်မှတ်ရမည် ဖြစ်သည်။

သူမ၏ မျက်နှာက ဖော်ရွေခွင့်လွှတ်တတ်သူများ၌ တွေ့ရတတ်သည့် မျက်နှာမျိုးဖြစ်သော်လည်း အနည်းငယ်ကားသောမေးရိုးနှင့် ခပ်စူးစူးမျက်ဝန်းတို့ကတော့ စိတ်ပျော့သူများ၌ တွေ့ရတတ်သည့် လက္ခဏာမျိုး မဟုတ်ပါ။

သူမသည် မာနကြီးသောအမျိုးသမီးတစ်ယောက် ဖြစ်နိုင်သလို မဟုတ်မခံ အမျိုးသမီးတစ်ယောက်လည်း ဖြစ်နိုင်ပါသည်။

"ယုက လောနဲ့ ကျောင်းပြီးတာပဲလား"

ခင်ခင်ထားက ယုယုခိုင်ကို လှမ်းမေးသံကြောင့် သူနားစွင့်လိုက်သည်။ ယုယုခိုင်က ခေါင်းယမ်းရင်း-

"မဟုတ်ဘူး မခင်ထား၊ ယုက အိပ်ဂျ်ဂျီပီနဲ့ပါ"

"ဟုတ်လား၊ ဒါဆို ကိုရဲနဲ့အတူတူပဲပေါ့၊ ကိုရဲလဲ အိပ်ချ်ဂျီပီပဲ"

ခင်ခင်ထား၏ စကားကြောင့် သူမ၏ မျက်ဝန်းတို့က သူ့ဆီသို့ ဖျတ်ခနဲ ကျရောက်လာကြသည်။ ထို့နောက် သူ့အား ကိုရဲက ဘာနဲ့ ကျောင်းပြီးတာလဲဟု မေးသဖြင့် ဖီးဆစ်





နဲ့ပါဟု သူ ဖြေလိုက်သည်။ မယုယုခိုင်ကောဟု သူ မေးတော့ သူမက သချာအဓိကနှင့် ကျောင်းပြီးခဲ့တာဟု အဖြေပေးသည်။ ယုယုခိုင်၏ အဖြေကြောင့် ခင်ခင်ထားကပြုံးရင်ဝင်ပြောသည်။

"သင်္ချာနဲ့ ဥပဒေ တစ်ခြားစီပဲ၊ တို့ဆို သင်္ချာတွက်ရမှာ ကြောက်လွန်းလို့ ဆယ်တန်းအောင်တော့ သင်္ချာမပါတဲ့ မေဂျာရွေးရင်း ဥပဒေယူဖြစ်သွားတာ ဥပဒေကို အဒီလောက် အထိ စိတ်ဝင်စားခဲ့တာ"

စကားဆုံးတော့ သူမစကားကို သူမဘာသာ သဘောကျဟန်ဖြင့် ခင်ခင်ထား ဟက်ခနဲ ရယ်မောသည်။

"ဘာပဲဖြစ်ဖြစ် ယုရောက်လာတာ အတော်ပဲ၊ နို့မို့ဆို မဟာပုရိသတွေကြားထဲမှာ တို့တစ်ယောက်ထဲ မျက်စိသူငယ်နားသူငယ်ဖြစ်နေတာ၊ ခုဆို ဖြစ်လဲ နှစ်ယောက်တူ ဖြစ်ကြတာပေါ့"

ခင်ခင်ထားစိတ်အားထက်သန်စွာ ပြောတော့ ယုယုခိုင်က ရယ်ချင်စိတ်ဖြင့် ပြုံးသည်။

သူကတော့ ယုယုခိုင်၏ ချိန်ဘာမာစတာမှာ ဘယ်သူဖြစ်မလဲဟု စဉ်းစားနေမိသည်။ ဆရာဦးလှထွန်းမှာ သူနှင့်ခင်ခင်ထားကို (In Roll) လုပ်ပြီးဖြစ်သဖြင့် ယုယုခိုင်အား အလုပ်သင်ရှေ့နေအဖြစ် လက်ခံကြောင်း ထောက်ခံစာကို ဆရာဦးလှထွန်း လက်မှတ်ထိုးလိမ့်မည် မဟုတ်ပေ။ ဖြစ်နိုင်ဖွယ်ရာကတော့ ထိုလက်မှတ်ထိုးပေးသူမှာ ကိုဗလဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တအောင့်အကြာ၊ အနီရောင် လိပ်ခုံးကားလေးဖြင့် ဆရာဦးလှထွန်း ရောက်လာချိန်မှာတော့ သူ တွေးထင်မှု မှန်ကန်ကြောင်း သူသိခွင့်ရခဲ့သည်။ ယုယုခိုင်၏ ချိန်ဘာမာစတာမှာ ကိုဗလဖြစ်လေသည်။

ထို့အပြင် သူမျှော်လင့်ထားသည့်အတိုင်းပင် ယုယုခိုင်အား အလုပ်သင်ရှေ့နေအဖြစ် စာရင်းသွင်းရန် ကိစ္စမှာ သူ၏တာဝန်ဖြစ်လာခဲ့သည်။

"ယုယုခိုင်ကို (In Roll) လုပ်ဖို့ ကိုရဲလိုက်လုပ်ပေးလိုက်ပါ၊ ခင်ခင်ထားလဲ ခေါ်သွားပေါ့"

ဒါဆိုရင်တော့ ယနေ့အဖို့ သူရော ခင်ခင်ထားပါ ဆရာဦးလှထွန်းနှင့် အမှုစစ်ရာသို့ လိုက်ပါရတော့မည်မဟုတ်ဘဲ ယုယုခိုင်အား စာရင်းသွင်းရန် ကိစ္စနှင့်ပင် အချိန်ကုန်ပေလိမ့်မည်။ ခင်ခင်ထားကတော့ ဆရာဦးလှထွန်းနှင့်မလိုက်ရတော့သည့်အတွက် ပင်ပန်းတော့မည်မဟုတ်သဖြင့် ကျေနပ်ရွှင်ပျနေလေသည်။

ကိုဗလရောက်လာတော့ အလုပ်သင်ရှေ့နေအဖြစ် ထောက်ခံကြောင်းလက်မှတ်ထိုးခိုင်းပြီး သူနှင့်အမျိုးသမီးနှစ်ယောက် တရားရုံးသို့ သွားရသည်။ စာချုပ်တစ်စောင်ဝယ်၍ အစိုးရအလုပ် လုပ်ကိုင်ခြင်းမရှိကြောင်းကတိသစ္စာပြုလွှာ ရိုက်ခိုင်းပြီး တရားသူကြီးရှေ့၌ ယုယုခိုင်အတွက် ကတိသစ္စာပြုလွှာပြုလုပ်ရသည်။





ထို့နောက် သူတို့သုံးဦးသွားကြရသည်ကပန်းဆိုးတန်းရှိ တရားရုံးချုပ်သို့ ဖြစ်သည်။ တရားမဌာန၌ ယုယုခိုင် အားအလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းပြီးချိန်၌ ထမင်းစားချိန်ကျော်လွန်နေပြီဖြစ်သည်။ ကိစ္စအားလုံးပြီး၍ ပြန်ထွက်လာချိန်၌ ယုယုခိုင်က တစ်ခုခုကျွေးပါရစေဟု စကားစသည်။

"နေပါစေ မယုယုခိုင်၊ ကျွန်တော်တို့ မစားတော့ဘူး"

သူ အားနာစွာ ငြင်းဆန်လိုက်တော့ ခင်ခင်ထား ကရယ်ကဲ့ကဲ့ဖြင့် သူ့ကို လှမ်းကြည့်ရင်း-

"ဟော့ ကျွန်တော်တို့လို့ မပြောပါနဲ့နော်၊ ငြင်းတဲ့အထဲမှာ တို့မပါဘူး"

ခင်ခင်ထား၏ ပွင့်လင်းသောစကားကြောင့် သူ ရယ်လိုက်ရင်း 'မခင်ထားကလဲ နည်းနည်းပါးပါး ဟန်ဆောင်ပါဦး' ဟု ပြောတော့ ခင်ခင်ထား ရယ်မောခေါင်းယမ်းကာ-

"အစားအသောက်နဲ့ပတ်သက်ရင် ဟန်မဆောင်နိုင်ပါဘူး။အထူးသဖြင့် ခုလို ဆာနေတဲ့အချိန်မျိုးမှာ ပိုပြီးဟန်မဆောင်နိုင်သေးတယ်။ ကိုရဲလဲ ဟန်ဆောင်မနေနဲ့၊ နင်ကဗိုက်အောင့်တတ်တဲ့လူ"

အမြဲတမ်းမဟုတ်သည့်တိုင် အဆာလွန်သော တစ်ခါတစ်ရံ၌ သူ ဗိုက်အောင့်တတ်ကြောင်း ခင်ခင်ထား သိပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲက ဂက်စထရိုက်ရှိလို့လား"

ငြိမ်သက်နေသော ယုယုခိုင်က သူ့ကို ဖျတ်ခနဲလှည့်ကြည့်ရင်းမေးသည်။

"ဂက်စထရိုက်ရယ်လို့တော့ မဟုတ်ပါဘူး။ တစ်ခါတစ်လေအဆာလွန်ရင် အောင့်တတ်တာမျိုးပါ"

"အို ဒါဆို ခုလဲ အောင့်နေရောပေါ့၊ ထမင်းစားချိန်ကျော်နေပြီပဲ"

"မအောင့်ပါဘူး မယုယုခိုင်၊ မနက်က ကျွန်တော် လက်ဖက်ရည်သောက်ထားသေးတယ်၊ ရပါတယ်"

"ဘာပဲဖြစ်ဖြစ် ယုကိုစွလိုက်ကူညီကြတာပဲ၊ ယု တစ်ခုခုကျွေးပါရစေ၊ မခင်ထား ဘာစားမလဲ"

"အစားဆိုရင်တော့ ဘာပဲဖြစ်ဖြစ် တို့က သိပ်မရွေးဘူး၊ ယုကြိုက်တာ စား"

"ဒါဖြင့် ထမင်းပဲ စားကြတာပေါ့"

(၃၆)လမ်း၌ သူတို့ ထမင်းဝင်စားကြသည်။ ထမင်းစားပြီး ထမင်းဖိုးကို သူရှင်းရန် ဖြင်သော်လည်း ယုယုခိုင်က သူ့ထက်လျင်မြန်စွာ ထရှင်းလိုက်သဖြင့် သူ ဘာမှ မတတ်နိုင်ဘဲ လက်လျှော့လိုက်ရသည်။

❑





(၃)

"စိတ်ပျက်စရာကောင်းလိုက်တာ၊ တစ်နေ့တစ်နေ့ ရုံးချိန်းယူနေရတာနဲ့ အချိန်ကုန်နေတာပဲ"

ယနေ့အတွက် စစ်ဖြစ်တော့မည်မဟုတ်သော အမှုတစ်မှုအား ရုံးချိန်းယူရန် စောင့်ဆိုင်းနေရင်းမှ ခင်ခင်ထား စိတ်ပျက်လက်ပျက် ညည်းညူလေသည်။ ခင်ခင်ထားဘေးမှ ဂွဇင်းဖတ်နေသော ယုယုခိုင်က တစ်စုံတစ်ရာ မညည်းညူသော်လည်း သူမလည်း ခင်ခင်ထားနည်းတူ စိတ်ပျက်နေကြောင်း သံသယဖြစ်စရာ မလိုပါ။

ခင်ခင်ထား ညည်းလည်းညည်းစရာပါပဲ။

သူတို့၏ဒုအလုပ်သင်ရှေ့နေဘဝ အစပိုင်းရက်များက ရုံးချိန်းယူရင်းနှင့်ပင် ပျင်းရိဖွယ် ကုန်ဆုံးကြရသည်။ ပို၍ဆိုးတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ထိုရုံးချိန်းကလေး တစ်ခုရရန် အချိန်များစွာ ဖြုန်းတီးစောင့်ဆိုင်းရခြင်း ဖြစ်သည်။

ကိုဗလက ရုံးချိန်းယူတယ်ဆိုတာကိုလည်း ရှေ့နေပညာတစ်မျိုးပဲဟု အားပေးသည့်တိုင် သူတို့ကသာ စိတ်ပျက်ငြီးငွေ့နေမိသည်။

တစ်ခါတစ်ရံ အမှုစစ်ရာသို့ လိုက်ပါရသော အခါမျိုးမှာတော့ ထိုငြီးငွေ့မှုများ ပပျောက်သွားတတ်သော်လည်း ထိုအမှုမှာ ကံဆိုးစွာ တရားမမှု ဖြစ်နေလျှင်တော့ ငြီးငွေ့ရုံမျှမက အိပ်ပါ ငိုက်လာတတ်သည်။ ဆရာဦးလှထွန်းနှင့် လိုက်ရသော နေ့များမှာ သူတို့အတွက် ကံဆိုးသောနေ့များချည်း ဖြစ်သည်။

"တရားမမှုဆိုတာ ပညာအပါဆုံး အမှုပဲ၊ ရှေ့နေတိုင်း လိုက်နိုင်တာ မဟုတ်ဘူး။ ရှေ့နေဝါရင့်မှ လိုက်လို့ရတာ၊ နောက်ပြီး ရှေ့နေတစ်ယောက်ကို တကယ်ပိုက်ဆံရှာပေးတာက တရားမမှုပဲ၊ ဒီတော့ ဝင်ငွေကောင်းတဲ့ ရှေ့နေဖြစ်ချင်ရင် ခုကတည်းက တရားမမှုကို စပယ်ရှယ်လိုက်ဇ် (Specialize) လုပ်ထားကြ"

ကိုဗလက တရားမမှု၏ အရေးပါပုံကို ရှင်းပြသော်လည်း သူတို့ကတော့ ပျင်းရိဖွယ် တရားမမှု၌ အိပ်ငိုက်ရခြင်းထက် ကိုဗလနောက်သို့လိုက်၍ ရာဇဝတ်မှုများကိုသာ နားထောင်လိုကြသည်။





ရာဇဝတ်မှု ဆိုသည်မှာ တစ်ပွဲထိုးအမှုဟု ဆိုသည့်တိုင် ထိုတစ်ပွဲထိုးအမှုကိုသာ စိတ်ဝင်စားကြသည်။ ထူးခြားသော ရာဇဝတ်မှုမျိုး စစ်ရသည့် နေ့များ၌ သုံးယောက်စလုံး အလုပ်သင်ရှေ့နေဘဝ၌ ပျော်ရွှင်နေကြသည်။ အထူးသဖြင့် ပညာပါသည့် ပြန်လှန်စစ်မေးခြင်း နားထောင်ရသည့် နေ့မျိုးသည် ရှေ့နေဘဝအား နှစ်ခြိုက်ဖွယ် အကောင်းဆုံးနေ့မျိုးဖြစ်သည်။

ထိုသို့ နှစ်ခြိုက်ဖွယ်ရာ နေ့မျိုးတွင် ကြုံကြိုက်ကြရသလို ရှေ့နေဘဝအား စိတ်ပျက်ဖွယ်နေ့ကိုလည်း ဖြတ်သန်းကြရသည်။ အများဖြင့် ထိုနေ့မျိုးက ပိုများနေတတ်သည်။

အလုပ်သင် ရှေ့နေဘဝ၏ ပင်ပန်းမှုများက သူတို့အား စိတ်အပျက်ဆုံး ဖြစ်သည်။ နေပူပူ၌ ချိန်ဘာကုတ်အမည်းဝတ်၍ ရုံးတကာသို့ ပြေးလွှားကြရခြင်း၊ မနက်စာကို လက်ဖက်ရည်ခွက်များစွာဖြင့် ရောင့်ရဲကြရခြင်း၊ ဘယ်အချိန် ခေါ်မည်မှန်း မသိသော အမှုတွဲအား ခြေထောက်များ တောင့်တင်းမတတ် ရုံးခန်းဝ၌ ရပ်၍ စောင့်ဆိုင်းကြရခြင်းစသည့် ပင်ပန်းမှုများစွာအတွက် စိတ်ပျက်ရသော်လည်း ဆရာဦးလှထွန်း ရှေ့မှာတော့ မညည်းညူရဲကြ။

ပင်ပန်းတယ်ဟူသော အသံကြားသည်နှင့် ဆရာဦးလှထွန်းက သူတို့အား စူးရဲစွာ စိုက်ကြည့်တတ်သည်။ ရွှေတိုင်းမျက်မှန်နောက်မှ ဆရာ့အကြည့်က အကြည့်ခံရသူ ရင်ထဲသို့ အေးစိမ့်ကြောက်ရွံ့မှုတို့ အလိုအလျောက် ဝင်ရောက်လာစေနိုင်သော အကြည့်မျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်က သက်သေများစွာအား လိုချင်သော အဖြေထွက်ပေါ်လာစေရန် ဆရာ မကြာခဏ အသုံးပြုတတ်သည့် နာမည်ကျော်အကြည့် ဖြစ်သလို သူတို့သုံးယောက် ကြောက်ရွံ့ကြရသော အကြည့်မျိုးလည်း ဖြစ်သည်။

"ရှေ့နေတစ်ယောက်ရဲ့ဘဝကို တိုက်ပုံအမည်း ဝတ်လိုက်ရုံနဲ့ ဘယ်တော့မှ မရဘူး။ ရှေ့နေဖြစ်ချင်တဲ့လူဟာ အပင်ပန်းခံရတာ ထုံးစံပဲ၊ အောင်မြင်တဲ့ရှေ့နေ ဖြစ်ချင်ရင် ပိုပြီး အပင်ပန်း ခံရမယ်၊ အဲဒါကို မင်းတို့ မြဲမြဲ မှတ်ထားကြ"

တစ်ခါတစ်ရံတော့ သူတို့၏ ပင်ပန်းမှုနှင့် စိတ်ပျက်နေမှုကို ရိပ်မိစွာ ဆရာထို့သို့ ပြောတတ်သည်။

"မင်းတို့ ခုလို ပင်ပန်းတယ်ဆိုတာ ဘာဟုတ်သေးလို့လဲ၊ ဆရာတို့တုန်းက မင်းတို့ထက် အဆပေါင်းများစွာ ပင်ပန်းခဲ့ရတယ်။ တရားရုံးသွားရင် မင်းတို့လို အမှုသည်ကားပေါ်မှာ ကိုယ့်ဆရာနဲ့ အတူတူ လိုက်ခွင့်ရတာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် ဘတ်စ်ကားနဲ့ လိုက်ရတာ၊ နောက်ပြီး ခုလိုမျိုး စုပေါင်းရုံးလဲ မရှိသေးဘူး။ မြို့နယ်ရုံးတစ်ရုံးဆီကို လျှောက်ပြီး ရုံးချိန်းယူရတာ၊ တစ်ခါတစ်ခါ ရှေ့နေတိုက်ပုံကို ချွတ်ပြီး လွှင့်ပစ်ချင်စိတ်တောင် ပေါက်တယ်။ ဒါပေမယ့် အဲဒီတုန်းက သာ စိတ်ပျက်ပြီး လွယ်လွယ်နဲ့ အရှုံးပေးခဲ့ရင် ဆရာ ခုလို ရှေ့နေဖြစ်လာမှာ မဟုတ်ဘူး"

ဆရာ စိတ်လိုလက်ရဖြစ်သည့် အခါမျိုးမှာတော့ ထိုသို့ပင် စိတ်ပါလက်ပါ ရှင်းပြတတ်သည်။





"မင်းတို့ ရှေ့နေဘဝကို ဂုဏ်ယူတတ်အောင် ဆရာ တစ်ခုပြောပြမယ်။ တစ်နှစ် တစ်နှစ်မှာ ဥပဒေဘွဲ့ရတဲ့ လူ၊ (အိပ်ချ်ဂျီပီ) အောင်တဲ့လူ ဘယ်နှစ်ယောက် ရှိမလဲ၊ အဲဒီထဲကမှ ရှေ့နေဖြစ်လာတဲ့လူ ဘယ်နှစ်ယောက် ရှိမယ် ထင်သလဲ၊ မင်းတို့ နားလည်လွယ်အောင် (အိချ်ဂျီပီ)နဲ့ပဲ ဥပမာပေးမယ်။ ဆိုပါစို့ တစ်နှစ် တစ်နှစ်မှာ (အိချ်ဂျီပီ) ဝင်ဖြေကြတဲ့ လူဆိုတာ အများကြီးပဲ၊ အဲဒီအများကြီးမှာ တကယ်အောင်တဲ့လူက နည်းနည်းလေးရယ်၊ ရာဂဏန်းလောက်ပဲ ရှိမယ်။ လူတစ်ရာ အောင်တယ်ပဲ ထားပါတော့၊ အဲဒီ လူတစ်ရာမှာ ချိန်ဘာဆင်းဖို့ စိတ်ကူးတဲ့လူ ဘယ်နှစ်ယောက်ရှိမယ် ထင်သလဲ၊ တစ်ဝက်ရှိမယ်လို့ သတ်မှတ်ရင် လူငါးဆယ်ပေါ့၊ အဲဒီ လူငါးဆယ်မှာ တကယ်ချိန်ဘာ ဆင်းဖြစ်တဲ့လူ၊ ချိန်ဘာကို ပြီးအောင်ဆင်းတဲ့လူက ငါးဆယ် မပြည့်ဘူး။ ကောင်းပြီ ချိန်ဘာ ပြီးအောင်ဆင်းလို့ လိုင်စင်ရပါပြီတဲ့၊ အဲဒီ လိုင်စင်ရတဲ့ လူတိုင်း ရှေ့နေလိုက်ဖြစ်သလား၊ ဘယ်တော့မှ မဖြစ်ဘူး။ လူ လေးဆယ်ကို လိုင်စင်ထုတ်ပေးလိုက်ရင် တကယ် လိုက်ဖြစ်တဲ့ (Trial Lawyer) က အယောက်နှစ်ဆယ်ပဲရှိမယ်။

တစ်နှစ် တစ်နှစ်မှာ လူအများကြီး ဝင်ဖြေမှ လူတစ်ရာအောင်ပြီး တကယ် ရှေ့နေဖြစ်တဲ့ လူက အယောက်နှစ်ဆယ်ပဲ ရှိတယ်။ အဲဒီ နှစ်ဆယ်မှာမှ တစ်သက်လုံး ရှေ့နေအဖြစ် ရပ်တည်သွားနိုင်တဲ့ ရှေ့နေ၊ အောင်မြင်တဲ့ ရှေ့နေဆိုတာ ငါးယောက်လောက်ပဲ ရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ရှေ့နေတစ်ယောက်ရဲ့ ဘဝဆိုတာ ဆန်ခါအဆင့်ဆင့်ကို ဖြတ်သန်းပြီး နောက်ဆုံး ဆန်ခါပေါ်မှာ တင်ကျန်နေနိုင်တဲ့ ဘဝပဲ၊ အဲဒီအတွက် မင်းတို့ ဂုဏ်ယူပါ။ မင်းတို့ ကိုယ်ပေါ်က ချိန်ဘာကုတ်ဟာ လူတိုင်း ဝတ်ချင်တိုင်း ဝတ်ခွင့်ရတဲ့ အင်္ကျီမျိုး မဟုတ်ဘူးဆိုတာ အမြဲတမ်း ခေါင်းထဲ သွင်းထားပါ"

ဆရာ ဦးလှထွန်း၏ စကားများသည် ရှေ့နေဘဝ အတွက် စိတ်ပျက်လုလု ဖြစ်နေသော သူတို့အား တွန်းအား ပေးခဲ့သော စကားများပင် ဖြစ်သည်။

ထိုနေ့မှစ၍ ခင်ခင်ထားက 'တို့တော့ ချိန်ဘာကုတ် ဝတ်ခွင့်ရတာကို ဂုဏ်ယူတယ်'ဟု မကြာခဏ ရေရွတ်တတ်တော့သည်။ သူ့အတွက်တော့ ဂုဏ်ယူဖွယ်ရာ ထိုချိန်ဘာကုတ်မှာ အလွန်ပူအိုက်သော နေ့ရက်များ၌ အတော့်ကို စိတ်မသက်မသာ ဖြစ်စေသော အရာသာ ဖြစ်သည်။ ထို့အပြင် ရိုးစင်းတည်ငြိမ်နေသော သူနှင့် ယုယုခိုင်၏ ဇာတ်လမ်းကို တစ်နည်းတစ်ဖုံ ပြောင်းလဲစေရန် အစပျိုးခဲ့သော အရာမှာလည်း ထိုချိန်ဘာကုတ်ပင် ဖြစ်သည်။

❑





"ရှေ့နေမှန်ရင် တိုက်ပုံအနက် ဝတ်ရမယ်ဆိုတဲ့ စည်းကမ်းကို ဘယ်လို ရည်ရွယ်ချက်နဲ့ စထွင်လိုက်သလဲ ဆိုတာ ကျွန်တော်တော့ စဉ်းစားလို့ကို မရဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ခုလိုရာသီမျိုးမှာ ခုလို တိုက်ပုံကြီး ဝတ်ထားရတာ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ၊ ကျွန်တော်တော့ သည်းမခံနိုင်တော့ဘူး ချွတ်ထားလိုက်တော့မယ်"

ပြောပြောဆိုဆို သူ တိုက်ပုံကို ဆွဲချွတ်လိုက်တော့ ခင်ခင်ထားက သဘောကျစွာ တစ်ချက်ရယ်သည်။

"တို့ကတော့ မချွတ်နိုင်ဘူး၊ အိုက်လဲ အောင့်အည်းပြီး ရှေ့နေဘဝကို ဂုဏ်ယူနိုင်အောင် ဝတ်ထားရမှာပဲ"

"ဒါပေါ့၊ မခင်ထားက ချိန်ဘာကုတ်နဲ့ လိုက်တဲ့လ ဆိုတော့ အမြဲတမ်း ဝတ်ထားသင့်တယ်။ ဒါမှ မခင်ထားကို တွေ့တဲ့အမျိုးသမီးတွေ ရှေ့နေဖြစ်ချင်စိတ် ကုန်သွားမှာ"

သူ့စကားဆုံးတော့ ခင်ခင်ထားက မကျေမနပ် မျက်စောင်းခဲရင်း 'သေနာ'ဟု ပျစ်ပျစ်နှစ်နှစ် ရေရွတ်လေသည်။

ခင်ခင်ထားက ချိန်ဘာကုတ်နှင့် ဘယ်လိုမှမလိုက်ဖက်သူ ဖြစ်သည်။ ပိန်သွယ် ရှည်ကိုင်းသော သူမ၏ ကိုယ်ပေါ်၌ ခါးတိုတို ချိန်ဘာကုတ်ကို လွှမ်းခြုံလိုက်တိုင်း အလွန်ရယ်စရာကောင်းနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ နင်က ငါနဲ့ ချိန်ဘာကုတ်နဲ့ မလိုက်ဘူးဆိုတော့ ဘယ်လိုအမျိုးသမီးမျိုးကိုမှ ချိန်ဘာကုတ်နဲ့ လိုက်တယ်လို့ သတ်မှတ်ထားသလဲ"

ခင်ခင်ထားက အတည်ပေါက် မေးတော့ သူ ရယ်မောလျက် ခေါင်းခါယမ်းရင်း-

"အဲဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ဒါပေမယ့် မခင်ထားလို ပိန်ပိန်ရှည်ရှည် အမျိုးသမီးတွေ၊ ဒေါ်စန်းရီလို အရမ်းဝပြီး အရပ်ပုတဲ့ အမျိုးသမီးတွေ ချိန်ဘာကုတ်နဲ့ ကြည့်မကောင်းတာ အမှန်ပဲ"

"ဒါဖြင့် ကိုယ်လုံးကိုယ်ပေါက်လှတဲ့ မိန်းမတွေမှ ချိန်ဘာကုတ်နဲ့ ကြည့်ကောင်းမယ် ဆိုပါတော့"

ခင်ခင်ထား ဦးဆောင်မေးခွန်းကို သူ ခေါင်းညိတ်လိုက်ရင်း-

"ကိုယ်လုံးကိုယ်ပေါက်လဲ ပြေပြစ်မယ်၊ အသားလဲ ဖြူမယ်ဆိုရင်ပေါ့"

"ငါသိပြီ၊ နင် ဘယ်သူ့ကို ချိန်ဘာကုတ်နဲ့ လိုက်တယ်လို့ သတ်မှတ်ထားသလဲဆိုတာ"

"ဘယ်သူလဲ"

သူ နားမလည်စွာ မေးတော့ ခင်ခင်ထားက ဘေးမှာထိုင်နေသော ယုယုခိုင်ဘက်သို့ လက်ညှိုးညွှန်သည်။





"ယုကို မဟုတ်လား"

ခင်ခင်ထား၏ စကားကြောင့် သူ ယုယုခိုင်ဘက်သို့ ရုတ်ခနဲ လှည့်ကြည့်လိုက်တော့ သူ့အား ပြန်လည်စိုက်ကြည့်နေသော ထို အမျိုးသမီးမှာ အသားဖြူဝင်းလျက် ကိုယ်ဟန်ပြေပြစ်သူဖြစ်ပြီး သူ အမှတ်တမဲ့ ပြောလိုက်မိသော စကားများနှင့် တိုက်ဆိုင်စွာ ကိုက်ညီနေသူ ဖြစ်လေသည်။

သူ ကမန်းကတန်း ခေါင်းခါယမ်းလိုက်မိသည်။

"အာ အဲလို မဟုတ်ပါဘူး၊ မခင်ထားရဲ့"

"ဘာရယ်၊ ဒါဖြင့် ယုက ချိန်ဘာကုတ်နဲ့ မလိုက်ဖူးပေါ့"

"မဟုတ်ဘူး၊ လိုက်ပါတယ်"

သေတော့မှာပဲ။

သူ ကယောင်ကတမ်းနှင့် အလွဲလွဲအမှားမှား ဖြစ်နေတော့သည်။ ခင်ခင်ထားကတော့ သူ့အဖြစ်ကို သဘောကျစွာ ရယ်မောပြီး ယုယုခိုင်ကို လှမ်းပြောသည်။

"ကဲ ယုရေ ကိုရဲကတော့ ယုကို ဘေးထားပြီး ဘာလိုင်းကြီး မြှောက်ပင့်နေပြီ၊ တစ်ခုခု ဝယ်ကျွေးလိုက်ပေတော့"

ခင်ခင်ထား၏ စကားက ထိုမျှနှင့်မရပ်ပါ။

"အင် ချိန်ဘာသက်တမ်းတောင် တစ်ဝက်မကျိုးသေးဘူး ကိုရဲတို့များဟိုစိတ်ဒီစိတ်တွေ ဝင်တတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထား၏ စကားအတွက် ယုယုခိုင် မည်သို့ရှိမည်မသိသော်လည်း သူကတော့ မျက်နှာနွေးစွာ ရှက်အန်းထူပူသွားမိသည်။ တကယ်တော့ သူတစ်စုံတစ်ရာ ရည်ရွယ်ပြောဆို ခဲ့ခြင်း မဟုတ်သော်လည်း ခင်ခင်ထားကတော့ ထိုကိစ္စနှင့်ပတ်သက်၍ မကြာခဏ နောက်ပြောင်လေ့တော့သည်။

"နေပါဦး၊ နင် ဘယ်တုန်းကတည်းက ခုလိုစိတ်မျိုးတွေဝင်လာရတာလဲ ကိုရဲ ဟင်"

ထိုသို့သော စကားမျိုးဖြင့် ခင်ခင်ထား အစပျိုးလာပြီဆိုလျှင်တော့ သူ့အား နောက်ပြောင်တော့မှာ အမှန်ပဲ ဖြစ်သည်။

"ဘာလဲ မခင်ထားရဲ့၊ ဘာတွေ ပြောနေတာလဲ"

"ဟော့ လုပ်မနေနဲ့နော်၊ နင်ခုလိုငြင်းဖို့ ကြိုးစားနေတာကိုက မရိုးသားဘူးဆိုတာ ဖော်ပြနေတာပဲ၊ ငါ မပြောနဲ့ ယုယုခိုင်တောင် ရိပ်မိတယ်"

"ဘာကိုလဲ"

"နင် သူ့အပေါ် သရိုးသရီ စိတ်တွေ ဝင်နေတာကိုလေ"

"ဟာ မဟုတ်တာ၊ ကျွန်တော် ဘယ်တုန်းကမှ"

"ဘာလဲ ရိုးရိုးသားသား စိတ်မျိုးမထားခဲ့ဘူး ဆိုပါတော့"





သူ ဘယ်လိုပင် ငြင်းငြင်း၊ ခင်ခင်ထားကတော့ ရှက်ရွံ့အနေကျုံ့အောင် နောက်ပြောင်တတ်မြဲ ဖြစ်သည်။ ပိုဆိုးတာတစ်ခုက ကိုဗလကပါ-

"ဘယ်လိုလဲ ကိုရဲ၊ မင်းက ငါ့ရဲ့ ပထမဆုံး အလုပ်သင်ရှေ့နေမလေးကို ဖြစ်မှားနေတယ်ဆို"

ဟု မေးမြန်းလာခြင်းဖြစ်သည်။

"မဟုတ်ပါဘူး ကိုဗလရာ၊ မခင်ထား သက်သက်ချွန်တာပါ၊ သေးပြောတာတွေ မယုံစမ်းပါနဲ့"

"သေးပြောတာ မဟုတ်ဘူးကွ၊ ယုယုခိုင်ရှေ့မှာ တည့်တည့်ပြောတာ"

"အဲဒါနဲ့ပဲ သူ့စကားက ဟုတ်ရောလား"

"မဟုတ်ရင် ယုယုခိုင်က ငြင်းမှာပေါ့။ ခုတော့ မငြင်းတဲ့အပြင် ရယ်တောင် ရယ်နေသေးတယ်။ အဲဒါ စဉ်းစားစရာမကောင်းဘူးလား"

သို့သော် သူတစ်စုံတစ်ရာ မစဉ်းစားဖြစ်ခဲ့ပါ။ သူ့အားနောက်ပြောင်နေကြသော ကိစ္စနှင့်ပတ်သက်၍ ဘာမှ ထူးခြားဆန်းကြယ်မလာနိုင်ဟု ယုံကြည်စိတ်ချထားခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ကိုရဲ ဗိုက်အောင့်နေလို့လား"

လက်ဖက်ရည်ဆိုင်၌ ထိုင်နေကြရင်း ယုယုခိုင်က သူ့အဖြစ်ကိုရိပ်မိဟန်ဖြင့် လှမ်းမေးသည်။ ယုယုခိုင် အသံကြောင့် အမှုသည်နှင့် စကားပြောနေသော ကိုဗလနှင့် ခင်ခင်ထား၏ အကြည့်တို့က သူ့ဆီသို့ ဖျတ်ခနဲ ကျရောက်လာကြသည်။

"ဟုတ်တယ် ယု၊ လက်ဖက်ရည်တွေ အသောက်များသွားလို့လား မသိဘူး"

"ဒါဖြင့် ဆေးသောက်လိုက်ပါလား"

တကယ်တော့ သူတို့ထိုင်နေသောပန်းဘဲတန်းမြို့နယ်တရားရုံးသက်သာဆိုင်လေး၏ အနီးတစ်ဝိုက်၌ မည်သည့်ဆေးအရောင်းဆိုင်မှ မရှိပါ။ ထိုစဉ်က ပန်းဘဲတန်းတရားရုံးမှာ (၂၇)လမ်း အောင်ဘာလေထီရုံးဘေး၌ ဖြစ်သည်။ ဆေး





ဝယ်လိုပါက လမ်းထိပ်ကွမ်းသယာဆိုင် သို့မဟုတ် ရွှေဘုံသာလမ်းအထိ သွားဝယ်ရမည် ဖြစ်သည်။

ထိုအဖြစ်ကို သူမလည်း ဒိဋ္ဌိဖြစ်သဖြင့်ဆေးသောက်လိုက်ပါလားဟု အကြံပေးလာခြင်းမှာ သာမန်လောကဝတ်စကားတစ်ခုသာ ဖြစ်လိမ့်မည်ဟု သူ ထင်လိုက်သော်လည်း တကယ့်တကယ်တော့ ထိုသို့မဟုတ်ပါ။

"ရော့ ကိုရဲ"

သူမ၏ လက်ပွေ့အိတ်အတွင်းမှ ဆေးတချို့ကို အမှန်တကယ် ထုတ်ပေးလာသောအခါ တအံ့တဩ ဖြစ်သွားမိသည်။ သူ၏ ကော်ဖီခွက်အနီး ချပေးလာသော သူမ၏ ဆေးပြားများမှာ ဂျဲလ်မက်နှင့်ဆိုဒါမင့်တို့ ဖြစ်သည်။

"သောက်လိုက်လေ ကိုရဲ"

အစ်မကြီးတစ်ယောက်၏ အသံမျိုးဖြင့် ချိုအေးစွာ သူမ ပြောလာတော့ သူ မော့ကြည့်ရင်း-

"ဝယ်လာတာလား ယု"

"ဟင့်အင်း၊ အိမ်က ယူလာတာ"

"ဘယ်သူသောက်ဖို့လဲ"

ထိုမေးခွန်းကိုတော့ သူ မေးခြင်းမဟုတ်ဘဲ ဘေးနားမှာ ထိုင်လျက် သူတို့နှစ်ယောက်ကို အကဲခတ်နေသော ခင်ခင်ထားက ဝင်မေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့အတွက်ရယ်လို့ မဟုတ်ပါဘူး၊ ခုလို ဗိုက်အောင့်တဲ့လူမျိုးတွေ့ရင် ထုတ်တိုက်ဖို့ပါ"

"အလဲ့ ယုက ဗိုက်အောင့်တဲ့လူ တွေ့နိုင်တယ်လို့ မျှော်လင့်ထားတယ်ပေါ့"

ယုယုခိုင်ကအေးဆေးစွာခေါင်းညိတ်အဖြေပေးသည်။

"ကိုရဲ ဗိုက်အောင့်တတ်တာ ယုသိနေတာပဲ၊ ဒါကြောင့် တမင် ဆောင်ထားတာ၊ ယု ကိုယ်တိုင် ကျောင်းတုန်းက ဗိုက်အောင့်တတ်တော့ ကိုယ်ချင်းစာတယ်လေ"

ရှင်းလင်းပြတ်သားသော ယုယုခိုင်၏ အဖြေကြောင့် ခင်ခင်ထား ဘာမှ ဆက်မပြောတော့ဘဲ ပြုံးသည်။ ထို့နောက် ကိုဗလနှင့် အမှုသည် မကြားအောင် ပြီးတော့ သူနှင့် ယုယုခိုင် ကြားအောင် လေသံကို ချိန်ဆလျက် ခပ်တိုးတိုး ရေရွတ်သည်။

"အင်း ပွဲက ခုမှပဲ နှစ်ပါးသွားစတော့တယ်"

"အို. ."

ခင်ခင်ထား၏ စကားကြောင့် သူမ ရှက်လန့်အံ့သြစွာ အာမေဋိတ်သံ ရေရွတ်ရင်း ခင်ခင်ထား၏ ပခုံးကို ဖျတ်ခနဲ လှမ်းရိုက်သည်။ သူကတော့ ခင်ခင်ထားကို ဟန့်တားရန် (သို့မဟုတ်) သူမကို တောင်းပန်ရန် ဝေခွဲမရစွာ နှုတ်ဆိတ်နေမိသည်။





ခင်ခင်ထားက ရယ်ကျဲကျဲ မျက်နှာဖြင့် သူ့ကိုကြည့်ရင်း-

"ကိုရဲ ဗိုက်အောင့်နေတယ်ဆို၊ ဆေးသောက်လိုက်လေ၊ ဒီဆေးက နှယ်နှယ်ရရ ဆေး မဟုတ်ဘူး"

"မခင်ထားနော်"

"ဘာလဲ ယုရဲ့၊ ဒါ ဘီပီအိုင်က ထုတ်တဲ့ဆေးလို့ ပြောမလို့"

ခင်ခင်ထား၏ နောက်ပြောင်မှုကြောင့် အနေကျုံ့နေကြသော သူနှင့်ယုယုခိုင်အား ကိုဗလ၏ အသံက ဝင်ရောက်ကယ်တင်ပေးလိုက်သည်။

"ကဲ ရုံးပေါ်တက်ရအောင်၊ အပေါ်အကျီဝတ်ကြ၊ ဒီနေ့ ဒေါ်ခင်ဆွေဦး အခန်းမှာတင် နှစ်မှုစစ်ရမှာ"

ကိုဗလ၏ အသံကြောင့် သူ စိတ်လက်ပေါ့ပါးစွာ ထိုင်ရာမှ ထရပ်ပြီး တိုက်ပုံအနက်ကို ဝတ်ဆင်လိုက်သည်။ နဂိုကတည်းက ချိန်ဘာကုတ် ဝတ်ဆင်ထားပြီးဖြစ်သော ယုယုခိုင်က စားပွဲပေါ်မှ ရုံးချိန်းမှတ်သည့် ဒိုင်ယာရီ စာအုပ်ကို ဆွဲယူရင်း သူ့ကို သတိပေးသည်။

"ကိုရဲ ဆေးသောက်လိုက်ဦးလေ"

သည်တော့မှ သူမ၏ ဆေးတို့ကို သတိရစွာ လှမ်းယူပြီး ကော်ဖီနှင့်မျှောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ငါက သောက်ပါဆိုတုန်းကတော့ မသောက်ဘူး၊ ခု ယုက သောက်ခိုင်းတော့လဲ နည်းနည်းလေးတောင် မငြင်းဘူး၊ အေးပေါ့လေ လူချင်းကမှ မတူပဲ"

နောက်ပြောင်ရန် အခွင့်အရေးကို အဆတ်မပြတ် ချောင်းမြောင်းနေသော ခင်ခင်ထားက နောက်ဖြစ်အောင် ဝင်နောက်လေသည်။

❑

ရိုးရှင်းတည်ငြိမ်နေသော သူနှင့်ယုယုခိုင်၏ ဆက်ဆံရေးအား ပထမဦးစွာ စတင်ယိုင်နဲ့ခဲ့ကြသူများမှာ ခင်ခင်ထားနှင့်ကိုဗလ ဖြစ်သည်ဆိုလျှင် ဒုတိယကတော့ ယုယုခိုင်ကိုယ်တိုင်ပဲ ဖြစ်ပါလိမ့်မည်။

ဗိုက်အောင့်တတ်သောသူ့အတွက်ဗိုက်အောင့်ပျောက်ဆေး ထုတ်းပေးခြင်းဖြင့် ခင်ခင်ထားတို့အတွက် နောက်ပြောင်ချင်စရာ ကိစ္စတစ်ခုကို ခပ်ထည်တည် ဖန်တီးတတ်သော သူမသည် ခင်ခင်ထားတို့ ကွယ်ရာ၌ သူ့အတွက် ဇဝေဇဝါဖြစ်ဖွယ်ကိစ္စမျိုးကို ခပ်အေးအေး ပြုမူတတ်သူလည်း ဖြစ်လေသည်။

ထိုဇဝေဇဝါ ဖြစ်စရာကိစ္စများစွာအနက် တစ်ခုမှာ မြို့နယ်တရားရုံးတစ်ရုံး၌ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က





ခင်ခင်ထားမှာ ရုံးခန်း၌ ကျန်ခဲ့ပြီး သူနှင့် ယုယုခိုင်က ဆရာဦးလှထွန်းနောက်သို့ လိုက်ရသည်။

ဆရာ စစ်ရသော အမှုမှာ ရှားရှားပါးပါး ရာဇဝတ်မှုဖြစ်သဖြင့် သူတို့အတွက် စမ်းသာဖွယ် ဖြစ်သော်လည်း ရာသီဥတုမှာ မိုးတွင်းဖြစ်လျက် မိုးမရွာဘဲ ထူးထူးခြားခြား ပူလောင်အိုက်စပ်နေခြင်းကတော့ သူ့အတွက် စိတ်ပျက်စရာပင် ဖြစ်သည်။

ပိုဆိုးတာတစ်ခုက လူလေးယောက်လောက်သာ ထိုင်နိုင်သော ခုံတန်း၌ နောက်ထပ် ရောက်လာသော ရှေ့နေများကြောင့် ငါးယောက်ဖြစ်ကာ ကျပ်ညပ်နေခြင်း ဖြစ်သည်။

"ထိုင်လို့ရရဲ့လား"

ယုယုခိုင် သူ့ဘက်သို့လှည့်၍ မေးသည်။ ရပါတယ်ဟု ဖြေရင်း သူ ခေါင်းညိတ်ပြလိုက်သော်လည်း တကယ့် တကယ်တော့ ထိုင်ရတာ ဘယ်လိုမှ အဆင်မပြေပါ။ သူ့အတွက် အဆင်မပြေဆုံးကတော့ သူမ၏ ကိုယ်သင်းနံ့ကို ရှူရှိုက်နေရခြင်းပဲ ဖြစ်သည်။

သို့သော် ကံကောင်းထောက်မစွာပင် တစ်အောင့်အကြာ၌ ဆရာ ပြန်လှန်မေးခွန်းမေးရန် ထရပ်လိုက်သဖြင့် ခုံတန်းက အနည်းငယ် ချောင်သွားသည်။

ဆရာမေးခွန်းများ စတင်မေးချိန်မှာတော့ ဆရာ (Cross) လုပ်သမျှကို သူ လိုက်လံ ရေးမှတ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ထိုနေ့၏ ရာသီဥတုက သူ့အား ဆိုးရွားစွာ ဒုက္ခပေးလာတော့သည်။

"အိုက်နေလား ကိုရဲ"

လက်ပိုက်ပဝါဖြင့် နဖူးကို သုတ်လိုက်၊ ဆရာ့မေးခွန်းတွေကို လိုက်ကူးလိုက်နှင့် အလုပ်ရှုပ်နေသောသူ့ကိုသူမက စိတ်မသက်မသာဖြစ်ဟန်နှင့် လှမ်းမေးသည်။ သူ ယုယုခိုင်ကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်ရင်း-

"ငရဲကို ရောက်နေတဲ့အတိုင်းပဲ"

အဖြေပေးပြီးသည်နှင့် အပူဒဏ်ကို မေ့လျော့ထားနိုင်ရန်အတွက် အမှုတွဲကိုသာ အာရုံစူးစိုက်ကာ လိုက်ကူးနေလိုက်သည်။

"အဲဒီတော့ (၁၃)ရက်နေ့ မနက်က ခုရုံးရှေ့မှာ စွပ်စွဲခံရသူ ငွေငါးသောင်း လာပေးတဲ့ ကိစ္စမှာ ခင်ဗျား ဘာမှ မသိဘူးဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ရုံးတော်မှာ သက်သေခံ (ဃ)အဖြစ် တင်သွင်းထားတဲ့ ငွေငါးသောင်း ရရှိကြောင်း ပြေစာကို စွပ်စွဲခံရသူ ထုတ်ပြလို့ ခင်ဗျားတွေ့ခဲ့ဖူးပါတယ်လို့ အရင်က ထွက်ဆိုထားခဲ့တာဟာ မမှန်ဘူးပေါ့"

ဆရာ၏ **(Cross Question)** များအား စိတ်ဝင်တစား လိုက်လံကူးမှတ်နေရင်း သူ၏ ပူအိုက်မှုတို့ ပြေလျော့လာ





ကြောင်း သတိထားမိလာသည်။ တစ်ချိန်တည်းပင် ထိုသို့ ပြေလျော့ခြင်းမှာ ပျော့ပျောင်းညင်သာသည့်လေတိုက်ခတ်မှု တစ်ခုကြောင့် ဖြစ်ကြောင်းကိုလည်း သူ တဖြည်းဖြည်း ရိပ်မိလာတော့သည်။

ဖြစ်နိုင်ပါ့မလား၊ ခုလို လှောင်ပိတ်နေတဲ့ ရုံးခန်းထဲမှာ လေတိုက်ခတ်နေမတဲ့လား။ ဟင့်အင်း ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ။

သူ မယုံကြည်နိုင်စွာ ပတ်ဝန်းကျင်ကို ဖျတ်ခနဲ ဝေ့ဝဲကြည့်လိုက်တော့ သူ၏ မယုံကြည်နိုင်မှုက နားလည်ရခက်မှု အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ယုယုခိုင်သည် သူမကိုယ်တိုင်အတွက်ရောသူ့အတွက်ပါ အိတ်ဆောင် ခေါက်ယပ်တောင်လေးတစ်ခုဖြင့် ယပ်ခပ်ပေးနေကြောင်း သူ တွေ့လိုက်ရသည်။

သူ အံ့သြမှင်တက်စွာ ငေးကြည့်နေရင်းမှ ကိုဗလ၏ ခဉ်းစားစရာ မကောင်းဘူးလား ဟူသော စကားကို ဖျတ်ခနဲ သတိရကာ ဇဝေဇဝါ ဖြစ်လာတော့သည်။

သို့သော် သူမကတော့ တစ်စုံတစ်ရာ ထူးခြားမှု မရှိစွာပင် ပြုနေကျကိစ္စတစ်ခုအား ပြုမူသည့်ပမာ အမှုစစ်ပြီးချိန်အထိ ခေါက်ယပ်တောင်ကလေးဖြင့် ယပ်ခပ်နေခဲ့လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အေးဆေးငြိမ်သက်သောအမူအရာများကြောင့် ခေါက်ယပ်တောင်လေးဖြင့် ယပ်ခပ်ပေးသော ကိစ္စသည် ဗိုက်အောင့်ပျောက်ဆေး ထုတ်ပေးသော ကိစ္စလိုပင် သာမန် ကိစ္စတစ်ခုအဖြစ် ယူဆရမည်ဆိုပါက သူမနှင့် ထီးတစ်လက်တည်း အတူဆောင်းခွင့်ရခဲ့သော ကိစ္စမှာလည်း သာမန်ကိစ္စတစ်ခုအဖြစ်သာ သတ်မှတ်ရပါလိမ့်မည်။

ထို သာမန်ကိစ္စသည် ဇူလိုင်လ၏ ပထမပတ်အတွင်း၌ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့က စုပေါင်း တရားရုံး၏ တစ်ဖက်ခြမ်း လက်ဖက်ရည်ဆိုင်၌ ထိုင်နေကြရာမှ ကိုဗလက သူ့အား ကူးခိုင်းထားသော အမှုတွဲ ပြီး-မပြီး သွားမေးခိုင်းသဖြင့် သူ စုပေါင်းရုံးဘက်သို့ ထွက်လာခဲ့သည်။

ရုံးထဲမဝင်ခင် ရာသီဥတုမှာ ခြောက်သွေ့နေသော်လည်း သက်ဆိုင်ရာ မြို့နယ်တရားရုံးသို့ သွား၍ အမှုတွဲ ပြီးမပြီး မေးမြန်းပြီး ပြန်ထွက်လာချိန်မှာတော့ ရာသီဥတုက ဆိုးရွားစွာ စွတ်စိုအုံ့ဆိုင်း၍ နေလေသည်။

သဲသဲမဲမဲ ရွာချနေသောမိုးစက်များက သူ့အား လမ်းတစ်ဖက်ခြမ်း လက်ဖက်ရည်ဆိုင်သို့ ဖြတ်ပြေးနိုင်လောက်အောင် ဘယ်လိုမှ အခွင့်အရေးမပေးပါ။ အမိုးစွန်းအောက်၌ စိတ်ပျက်လက်ပျက်ရပ်ရင်း လက်ဖက်ရည်ဆိုင်သို့ လှမ်းကြည့်လိုက်တော့ ကိုဗလက ရှေ့နေ ကိုနေမျိုးဝင်းနှင့် စကားလက်ဆုံကျနေပြီး ခင်ခင်ထားကတော့ အမှုတွဲဖိုင်တစ်ခုနှင့် အလုပ်ရှုပ်နေသည်။





သို့သော် တစ်စုံတစ်ရာ အလုပ်ရှုပ်မနေသော ယုယုခိုင်က ကံကောင်းထောက်မစွာ သူ့ကို တွေ့မြင်သွားခဲ့သည်။ ခဏအောင့်ကြာတော့ သူမ၏ အနီရောင် ခေါက်ထီးလေးကို ဆောင်းရင်း ခင်ခင်ထား၏ ထီးကို လက်တစ်ဖက်ဖြင့်ကိုင်ရင်း ယုယုခိုင် သူရှိရာသို့ ရောက်ရှိလာသည်။

"ကျေးဇူးပဲ ယု၊ ဒီမိုးနဲ့ ဖြတ်ကူးရင် တစ်ကိုယ်လုံး ရွှဲနစ်မှာ သေချာတယ်"

သူမ လှမ်းပေးသော ထီးကို ယူရင်းကျေးဇူးတင်စကား ပြောလိုက်သည်။ သို့သော် ထိုနေ့အတွက် သူ၏ ဒုတိယမြောက် ကံဆိုးမှုကတော့ ခင်ခင်ထား၏ ထီးက ကျပ်ပြီး ဘယ်လိုမှ ဖွင့်၍ မရခြင်းပဲ ဖြစ်သည်။

"မရရင်လဲ နေပါစေလေ ကိုရဲ ယု ထီးနဲ့ပဲ လိုက်ခဲ့ပေါ့"

သူ့အခက်အခဲကို ကြည့်ရင်း အေးဆေး တည်ငြိမ်စွာ ဖိတ်ခေါ်လာသော သူမ၏ ဖိတ်ခေါ်မှုက သူ့အတွက် တတိယမြောက် ကံဆိုးမှု ဖြစ်နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ထိုကံဆိုးမှုကို သူ လက်ခံလိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ သူတို့ ထီးဆောင်းလာပုံကို အစအဆုံးကြည့်နေသော ခင်ခင်ထားက ရယ်မောရင်း-

"ဘယ်လိုလဲ၊ ထီးက ဖွင့်လို့ မရဘူး မဟုတ်လား"

ဟု မေးကာ သူ့လက်ထဲမှ ထီးကို လှမ်းယူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ထီးက တစ်ခါတစ်ခါ အဲလိုပဲ၊ အထာသိမှ ဖွင့်လို့ရတာ"

"တော်ပါ မခင်ထားရယ်၊ စုတ်ရင် စုတ်တယ်ပေါ့"

သူ့ခပ်တည်တည်ပြောတော့ ခင်ခင်ထား မကျေမနပ်ဖြစ်စွာ မျက်စောင်းထိုးသည်။

"အေးလေ ဘာပဲဖြစ်ဖြစ် အဲဒီ ထီးအစုတ်ကို နှင်ကျေးဇူးတင်သင့်တယ်"

□





(၅)

ဇူလိုင်လသည် သူ့အတွက် စိတ်ပင်ပန်း ကျပ်တည်းရသောလပင် ဖြစ်သည်။ ထိုလ တစ်လလုံး ကိုဗလနှင့် ခင်ခင်ထားတို့၏ နောက်ပြောင်မှုဖြင့် သူ စိတ်ပျက်ဖွယ် အနေကျုံ့ခဲ့ရသည်။

သူနှင့် ယုယုခိုင် ထီးတစ်လက်တည်း ယှဉ်တွဲဆောင်းဖြစ်ခဲ့သော အဖြစ်အပျက်က သူ၏ အနေကျုံ့မှုအတွက် အခြေခံကျသည့် အကြောင်းတစ်ခုဖြစ်ခဲ့ကြောင်း သံသယဖြစ်ဖွယ်မလိုပါ။

"ဘယ်လို ကိုရဲ ထီးတစ်လက်တည်း အတူတူဆောင်းတဲ့ အဆင့်တောင် ရောက်နေကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဗလ သူ့အား အတည်ပေါက် နောက်ပြောင်လာတော့ သူ ဘာပြန်ပြောရမှန်း မသိစွာ ရယ်မောနှုတ်ဆိတ်ခဲ့ရသည်။ ခင်ခင်ထားကတော့ 'ဘယ်တော့ စားရမှာလဲဟေ့' ဟု မေးမြန်းလေသည်။ သူ ပြန်ရှင်းလျှင် ခင်ခင်ထား ပိုနောက်မည်ကို သိသဖြင့် ဘာမှ မပြောဘဲ နေပြန်တော့လည်း ခင်ခင်ထား၏ နောက်ပြောင်မှုက ရပ်ဆိုင်းမသွားခဲ့ပါ။

"ငါ အကောင်းမေးတာ ကိုရဲ့၊ နင်တို့နှစ်ယောက်သတင်းအမှောင်ချဖို့ မကြိုးစားနဲ့၊ ငါ အမှန်အတိုင်း သိချင်တယ်"

သူ ဘယ်လိုပင် နှုတ်ဆိတ်ရှောင်လွှဲသော်လည်း ခင်ခင်ထား၏ နေ့စဉ် နှောင်ပြောင်မှုက သူ့အား အနေကျုံ့စေမြဲပင်ဖြစ်သည်။ ကျွန်တော်တို့ ရိုးရိုးသားသားပါ မခင်ထားရဲ့၊ မနောက်စမ်းပါနဲ့၊ ယုကို အားနာဖို့ ကောင်းပါတယ်ဟု သူ တားဆီးတော့ ခင်ခင်ထားက မယုံကြည်ဟန်ဖြင့် အသံထွက်ရယ်မောလေသည်။

"ထီးအတူတူဆောင်းနေကြတာတောင် ရိုးတုန်းပဲလား၊ လုပ်မနေနဲ့"

ခက်တော့တာပဲ၊ ခင်ခင်ထားရဲ့ နောက်ပြောင်မှုကို ဘယ်လိုတားရပါ့မလဲ။

"မခင်ထား မယုံရင် ကျွန်တော် ကျမ်းကျိန်ပြမယ်လေ၊ ဘယ့်နှယ့်လဲ"

"ဘာလဲ ဒီအတိုင်း 'လိမ်လို့မရလို့ ကျမ်းကျိန်ပြီး လိမ်မလို့လား၊ မလုပ်ပါနဲ့ဟာ နင် ငရဲကြီးနေပါ့မယ်"





ခင်ခင်ထား၏ မယုံကြည်မှုအတွက် သူ စိတ်ပျက်ရသည်။

အကယ်၍ ယုံကြည်အောင် ရှင်းပြပြန်တော့လည်း ခင်ခင်ထားက-

"ခုချိန်ထိ ရိုးတုန်းပဲ ဆိုရင်တော့ နင် ညံ့လို့ပဲ ကိုရဲ့" ဟု မှတ်ချချပြန်လေသည်။

"အဲဒါဆိုရင်တော့ ကျွန်တော် အမြဲတမ်း ညံ့နေမှာပဲ မခင်ထား၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အခြေအနေက မခင်ထားတို့ ဝိုင်းနောက်လို့ အနေကျုံ့နေတာ တစ်ခုကလွဲရင် ဘာမှအဆန်းတကြယ် မရှိဘူး"

ထိုအခါ ခင်ခင်ထားက သူ့အား ရယ်ကျဲကျဲကြည့်ရင်း ပြန်ပြောသည်။

"အနေမကျုံ့ချင်ရင် လွယ်ပါတယ်။ နင် ယုကို ဖွင့်ပြောလိုက်ပေါ့၊ နင်တို့ နှစ်ယောက် သမီးရည်းစားဖြစ်သွားရင် ငါတို့ ဘယ်လိုနောက်နောက် အနေကျုံ့မှာ မဟုတ်တော့ဘူး"

သို့သော် သူ့အနေနှင့် ခင်ခင်ထား၏ တိုက်တွန်းမှုအတိုင်း လိုက်နာရလောက်အောင် ယုယုခိုင်အပေါ် ရင်မခုန်ခဲ့ပါ။ သာမန်လုပ်ဖော်ကိုင်ဖက် တစ်ယောက်အဖြစ် သူ့ထက် တစ်နှစ်နီးပါးကြီးသော အမျိုးသမီးတစ်ယောက်အဖြစ် (ခင်ခင်ထားတို့၏ နောက်ပြောင်မှုကြောင့်) သူ့အား အမြဲတမ်း ရှက်အန်းအန်း ဖြစ်စေသော အမျိုးသမီးတစ်ယောက်အဖြစ်မှအပ



www.burmeseclassic.com

www.burmeseclassic.com



ယုယုခိုင်အပေါ်ထားသော သူ၏ သဘောထားမှာ တစ်စုံတစ်ရာ ဆန်းပြားခြင်းမရှိဟု သူ့ကိုယ်သူ ယုံကြည်ထားသည်။

သို့သော် ခင်ခင်ထားကတော့ သူ့ ယုံကြည်မှုအား အစဉ် သံသယရှိခဲ့ဟန်တူလေသည်။ ထို့ကြောင့်ပင် သူနှင့် ယုယုခိုင်တို့နှစ်ယောက်အနက် တစ်ယောက်ယောက်အတွက် ကံဆိုးသော ကိစ္စအား စေတနာပိုစွာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ထိုကိစ္စမတိုင်မီ ခင်ခင်ထားက သူ့အား စကား တစ်ခွန်းဆိုသည်။

"နင်တို့ အခြေအနေကတော့ ငါမှ ဝင်မကယ်ရင် သေဖွယ်ရာ ရှိတော့တယ် ကိုရဲ"

သို့သော် ညှဲ့ဖျင်းလှသော သူက ခင်ခင်ထား၏ စကား အဓိပ္ပါယ်ကို ရှည်လျားစွာ မစဉ်းစားမိခဲ့။ ဘာပဲဖြစ်ဖြစ် ထိုရက်များအတွင်း ခင်ခင်ထား၏ နောက်ပြောင်မှုတို့က အနည်းငယ် လျော့နည်းလာခဲ့သည်။ ထို့အပြင် ယခင်က နေ့လည်ပိုင်း တစ်ခုခု ထွက်စားတိုင်း သူ့အား မရမက ခေါ်လေ့ရှိသော်လည်း ထိုရက်များမှာတော့ သူမတို့နှစ်ယောက်တည်းသာ ထွက်တတ်သဖြင့် သူ့အတွက် အသက်ရှူချောင်ခဲ့သည်။

"ငါတို့နှစ်ယောက် အပြင်ထွက်ပြီး တိုင်ပင်စရာရှိလို့ နင် ရုံးခန်းမှာ ကောင်းကောင်းနေခဲ့ ကြားလား"





တစ်ခါတစ်ရံ ခင်ခင်ထားက အပြင်ထွက်ခါနီး ရယ်ကျဲကျဲမျက်နှာဖြင့် နောက်လျှင်တော့ ခင်ခင်ထား၏ မျက်နှာအား သူ သံသယဝင်လာမိသော်လည်း သူ၏ သံသယကို ထုတ်ဖော် မေးမြန်းဖို့အတွက်တော့ မသင့်လျော်ပါ။

သူ ဘယ်လိုမှ မမြိုသိပ်နိုင်သော အခါမျိုးမှာတော့-

"မခင်ထား ဘာတွေကြိတ်ပြီး ကြံစည်နေတာလဲ"

ဟု အတည်ပေါက် မေးရတော့သည်။

"နင်က ဘာတွေ ကြံစည်နေတယ် ထင်လို့လဲ"

"မပြောတတ်ဘူး၊ ဒါပေမယ့် မခင်ထား ကြည့်ရတာ မရိုးသားတာတော့ အမှန်ပဲ"

"ဟော့ ကိုယ် မရိုးသားတိုင်း သူများတွေကို လိုက်ပြီး ယုံထင်ကြောင်ထင် ထင်မနေနဲ့၊ အိုးမလုံရင် အုံပွင့်တတ်တယ်၊ ကိုယ့်အိုး ကိုယ့်ဘာသာကိုယ် လုံအောင် ပိတ်ထား"

နောက်ဆုံးတော့ သူ၏ မေးမြန်းစုံစမ်းမှုက ခင်ခင်ထား၏ နောက်ပြောင်မှုအောက်မှာ ပြယ်လွင့်သွားရတော့သည်။ သို့သော် သူ၏ သံသယကတော့ ခပ်လွယ်လွယ် ပြယ်လွင့်မသွားခဲ့ပါ။

နောက်ထပ် ရက်အနည်းငယ်အကြာမှာတော့ သူ၏ သံသယမှန်ကန်ကြောင်း သူ သိခွင့်ရခဲ့သည်။ သို့သော် သူ့အတွက် တုန်လှုပ်ဖွယ် ကောင်းသည်က သူနှင့် ယုယုခိုင်



www.burmeseclassic.com

www.burmeseclassic.com



အကြား ခင်ခင်ထား တစ်စုံတစ်ရာ ဖန်တီးထားကြောင်း သူ့အား အသိပေးလာသူမှာ ယုယုခိုင်ကိုယ်တိုင် ဖြစ်နေခြင်းပင်ဖြစ်သည်။

❑

"အိမ်က ကား လာမကြိုဘူးလား"

ရုံးခန်းပိတ်ချိန်အထိ ယုယုခိုင်တို့အိမ်မှ လာကြိုနေကျအဝါရောင် ပါပလေကား၊ ကားလေးကို မတွေ့မိသဖြင့် သူ ယုယုခိုင်ကို မေးလိုက်တော့ သူမ ညင်သာစွာ ခေါင်းညိတ်ရင်း မလာတော့ဘူးနဲ့ တူတယ်ဟု အဖြေပေးသည်။

ခါတိုင်း ကားလာမကြိုလျှင် ခင်ခင်ထားနှင့်အတူ ပြန်လေ့ရှိသော်လည်း ယနေ့သည် ထူးထူးခြားခြား ခင်ခင်ထား ရုံးမလာသောနေ့ဖြစ်သဖြင့် သူမ ဘယ်လို ပြန်မှာပါလိမ့်ဟု သူ တွေးလိုက်မိသည်။ သူ့လိုပင် သူမ၏ အခက်အခဲအား တွေးမိဟန်တူသော ကိုဗလက ဝင်စီစဉ်ပေးသည်။

"ကား လာမကြိုရင် ကိုရဲ လိုက်ပို့ပေးလိုက်ပေါ့"

ကိုဗလ၏ စကားအား သူ့အနေနှင့် ဘယ်လိုမှ ငြင်းဆန်ဖို့ မသင့်ပါ။ ထို့အပြင် ယုယုခိုင်၏ ရှေ့၌လည်း ဖြစ်နေသဖြင့် သူ အလွယ်တကူ ခေါင်းညိတ်လိုက်ရသည်။





ဤသို့ဖြင့် ဇူလိုင်လ (၂၈)ရက်၊ သောကြာနေ့သည် သူ၏ နေ့စဉ်မှတ်တမ်းအတွင်း ထူးဆန်းသော အဖြစ်အပျက်တစ်ခုဖြစ်ပွားရာနေ့တစ်နေ့ ဖြစ်လာခဲ့ရသည်။ ထိုအဖြစ်အပျက်သည် မဟာဗန္ဓုလ ပန်းခြံနံဘေး ကားမှတ်တိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဖြစ်အပျက်၏ အစကတော့ ယုယုခိုင်၏ ခွင့်တောင်းစကားပဲ ဖြစ်သည်။

"ယု ကိုရဲကို တစ်ခုလောက် မေးချင်တယ်"

ကားမှတ်တိုင်၌ နှစ်ယောက်စလုံး နှုတ်ဆိတ်စွာ ဘတ်စ်ကားစောင့်နေစဉ် ယုယုခိုင်က ရုတ်တရက် စကားစသည်။

မေးခွန်းတစ်ခုမေးဖို့အရေး ခွင့်တောင်းနိဒါန်းပျိုးလာသဖြင့် သူ အနည်းငယ် အံ့ဩသွားမိသော်လည်း ခေါင်းကိုတော့ ညိတ်ပြလိုက်မိသည်။

"မေးလေ ယု၊ ဘာမေးမလို့လဲ"

သူ လိုက်လျောလိုက်တော့ သူမက မေးခွန်းအတွက်အားယူစဟန်ဖြင့် ခေတ္တ ငြိမ်သက်သွားသည်။ သူမ၏ ပုံက မေးသင့်မမေးသင့် ချင့်ချိန်နေပုံ၊ သို့မဟုတ် ဘယ်လိုမေးရင်ကောင်းမလဲ စဉ်းစားနေပုံမျိုး ဖြစ်သည်။ အတန်ကြာမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် သူ့ကို မော့ကြည့်ရင်း သူမ မေးသည်။

"မခင်ထား ပြောတာ အမှန်ပဲလား ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မေးခွန်းက သူ အလွယ်တကူ ဖြေနိုင်သော မမေးခွန်းမျိုး မဟုတ်ပါ။ သူမကို ပြန်ကြည့်ရင်း သူ မေးလိုက်သည်။

"မခင်ထားက ဘာပြောလို့လဲ ယု"

သူ့မေးခွန်းအဆုံး သူမ၏ အကြည့်တို့က သူ့ဆီသို့ လျင်မြန်စွာ ကျရောက်လာကြသည်။ ထိုအကြည့်တို့က တစ်ခုခု မှားယွင်းနေသော ပုဒ်စာတစ်ပုဒ်အား ဘယ်နေရာမှားသလဲ ဟု အဖြေရှာသည့်အကြည့်မျိုး ဖြစ်သည်။ တစ်အောင့်ကြာတော့ သူမ ဖျတ်ခနဲ အကြည့်လွှဲရင်း မပြုံးချင် ပြုံးချင်ဟန်ဖြင့် ပြုံးသည်။

"ကိုရဲ မြို့သိပ်တတ်သလား၊ ပွင့်လင်းတတ်သလား တော့ ယု မသိဘူး။ ယုကတော့ ဘာကိုမှ မြို့သိပ်မထားတတ်ဘူး၊ သချာတွက်ပြီဆိုရင် ယုက အဖြေမထွက်မချင်း တွက်တတ်တယ်၊ အကြောင်းအရာ တစ်ခုကို သိချင်ပြီဆိုရင်လဲ အဲလိုပဲ ကိုရဲကို မေးရမှာတော့ အားတော့နာပါတယ်။ ဒါပေမယ့် ယုက အမှန်ကို သိချင်တယ်"

"မေးပါ ယု၊ ဘာမေးချင်လို့လဲ"

ယု ခွင့်ပြုလိုက်သည့်တိုင် သူမစကားနှင့်သူမမေးမည့် မေးခွန်းတို့ ဘယ်လို ဆက်စပ်မှုရှိမည်ဆိုသည်ကို စဉ်းစားမရပါ။

"မနေ့က မခင်ထားက ပြောတယ်၊ ကိုရဲက ယုကို"





ထိုနေရာ၌ သူမ၏ စကားက တုံ့ဆိုင်းပြတ်တောက်သွားသည်။ သူမကိုကြည့်တော့ အနည်းငယ် နီမြန်းနေသော မျက်နှာက ဆက်ပြောနိုင်ရန် ကြိုးစားအားတင်းနေကြောင်း သိသာလွန်းလှသည်။

ရုတ်တရက် သူနှင့် သူမအကြား တစ်ခုခု လွဲမှားနေပြီဖြစ်ကြောင်း သူ သဘောပေါက်လိုက်မိသည်။ သူ၏ တွေးထင်မှု မမှားပါ။

"ယုကိုချစ်နေတယ်တဲ့၊ ကိုယ်တိုင် မပြောရဲလို့ မခင်ထားကို အကူအညီတောင်းတယ်တဲ့၊ အဲဒါ ဟုတ်သလား ကိုရဲ"

ဘယ်လိုမှ မျှော်လင့်မထားမိသော စကားက သူ့ တစ်ကိုယ်လုံးကို ရုတ်ခြည်းအေးစက်သွားစေတော့သည်။ မဟုတ်ဘူးဟု ငြင်းဆန်ရန် သူ တွေးလိုက်မိသော်လည်း တကယ်တော့ သူ မငြင်းဖြစ်ပါ။ ထို့အတူ ဟုတ်တယ် ဟူ၍လည်း ခေါင်းမညိတ်ဖြစ်။

ဘာလုပ်ရမည်ဟု ဝေခွဲမရစွာ အံ့သြငြိမ်သက်နေမိသည်။

☐



www.burmeseclassic.com

www.burmeseclassic.com



(၆)

"အဲဒါပဲ ကိုဗလ"

(၁၉)လမ်းရှိ ထိုင်နေကျ စားသောက်ဆိုင်လေး၌ ကိုဗလအား သူနှင့်ယုယုခိုင်၏ အနေအထားကို ဖွင့်ပြောတိုင်ပင်တော့ ကိုဗလက သူပြောသမျှစိတ်ရှည်လက်ရှည်နားထောင်ပြီး သူ့အား မေးခွန်းတစ်ခု မေးသည်။

"မင်း ယုယုခိုင်ကို မချစ်ဖူးလား"

ကိုဗလ၏ မေးခွန်းက ရှင်းလင်းလွယ်ကူသော်လည်း အဖြေကတော့ ရှုပ်ထွေးခက်ခဲပါသည်။ သူ ယုယုခိုင်ကို မချစ်ပါ စိတ်မဝင်သားပါဟု ဖြေပါက မှန်ချင်မှန်မည် ဖြစ်သော်လည်း သူမကို ချစ်သည်ဟု ဖြေလျှင်တော့ ထိုအဖြေမှာ လုံးဝ မှားယွင်းသောအဖြေ ဖြစ်ပေလိမ့်မည်။





တစ်ချိန်ချိန်၌ သူမအား ချစ်ကောင်းချစ်သွားနိုင်သော်လည်း လောလောဆယ်မှာတော့ သူမအား ချစ်သူနေရာ၌ ဘယ်လိုမှ ထားကြည့်၍မရ။

"ဒါဆိုအဖြေက ရှင်းနေတာပဲ၊ နောင်တစ်ချိန်ချိန်မှာ မင်း သူ့ကို ချစ်သွားမယ်၊ ပြီးပြီပေါ့"

"အဲဒါက သေမှမသေချာဘဲ ကိုဗလ"

"ဒါဖြင့် ဘယ်ဟာက သေချာသလဲ"

"သေချာတာကတော့ ခုလောလောဆယ် သူ့ကို ဘယ်လိုမှ မချစ်တာပဲ"

ကိုဗလ အသံထွက် ရယ်မောရင်း သူ့အား ကလေးတစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြင့် ကြည့်သည်။

"မင်းဟာက ရှင်းရှင်းလေးနဲ့ ရှုပ်နေတာကိုး၊ ကောင်းပြီ၊ ဒါဖြင့်လဲ အဲဒီနေ့ကတည်းက ခင်ခင်ထားပြောတာ မဟုတ်ဘူးလို့ မင်း ငြင်းခဲ့ပါလား"

သူ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ တကယ်တော့ ကိုဗလပြောသည့်အတိုင်း သူငြင်းခဲ့ဖို့ ကောင်းသည်။ သို့သော် နှုတ်ဆွံ့ဝန်လေးစွာ သူ မငြင်းမိဖြစ်ခဲ့။ ထိုအကြောင်းကို ပြန်တွေးတိုင်း ကိုယ့်ကိုယ်ကို မချင့်မရဲနှင့် ဒေါသဖြစ်ရသောလည်း ထိုသို့ နောက်တစ်ကြိမ် ထပ်မံ ကြုံကြိုက်ပါကလည်း သူငြင်းဆန်ဖြစ်လိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ သူမ၏ ဂုဏ်သိက္ခာနှင့် အရှက်တရားကို ရိုက်မချိုးရက်ခြင်းကြောင့်ပဲ ဖြစ်သည်။ သို့သော် ကိုဗလကတော့ သူ့အပြောကို မယုံကြည်ဟန်ဖြင့် အားနာလို့ပေါ့ ဟုတ်လားဟု ခပ်ပြုံးပြုံးမေးသည်။ ထို့နောက် လက်ကျန်ခွက်ကို ရှင်းရင်း-

"ဘာပဲဖြစ်ဖြစ်လေ၊ ဒါဟာ မင်းအနေနဲ့ကော၊ ငါတို့အနေနဲ့ပါ ဝမ်းသာစရာကိစ္စပဲ၊ ဒီတော့ ခုဝိုင်းကို မင်းရှင်းမှာလို့ သဘောထားပြီး တစ်ပိုင်းနဲ့ ပက်(ပ)စီ ထပ်မှာလိုက်မယ်၊ ဘယ်လို သဘောရသလဲ"

"မှာပါ၊ ပြီးတော့ ကျွန်တော် ဘာလုပ်သင့်သလဲ၊ အကြံပေးစမ်းပါဦး"

"ဘာမှ မလုပ်နဲ့၊ ဒီအတိုင်းသာ နေလိုက်"

"အဲဒါဆို ဘာဖြစ်မလဲ"

"မင်းတို့နှစ်ယောက် သမီးရည်းစားဖြစ်သွားမှာပေါ့"

"ဗျာ"

သူ တအံ့တဩ ရေရွတ်ရင်းချက်ချင်းပင် ခေါင်းခါယမ်းလိုက်မိသည်။ ကိုဗလက ဆာတေး တစ်ဖက်ကို ဆွဲယူဝါးရင်း သူ့ကိုကြည့်သည်။

"ဟုတ်တယ် ကိုရဲ၊ ခုချိန်ကျမှ မင်းအနေနဲ့ ဘာမှလုပ်လို့ မရတော့ဘူး၊ လုပ်ရင် ပိုဆိုးကုန်လိမ့်မယ်၊ အကောင်းဆုံးကတော့ ဒီအတိုင်းသာ ငြိမ်နေလိုက်၊ နောက်ပြီး မင်းထည့်စဉ်းစားဖို့ အချက်တစ်ချက် ငါပြောရဦးမယ်၊ ရုံးမှာ ယုယုခိုင်ကို သဘောကျနေတဲ့ တိုက်ပုံဝတ်ပုဂ္ဂိုလ်တွေ အများကြီးပဲ၊ ဒီတော့ ခုကိစ္စဟာ မင်းအတွက် ဂုဏ်ယူဖို့ကောင်းတဲ့ ကိစ္စပဲ ကိုရဲ"





"ဒါပေမယ့် ကျွန်တော်မှ သူ့ကို . ."

"ဘာလဲ မချစ်ဖူးလို့ ပြောမလို့လား၊ မကြောင်စမ်းပါနဲ့၊ မင်း သူ့ကို ချစ်တယ်မချစ်ဘူး မင်းကိုယ်တိုင် ဆုံးဖြတ်လို့မရဘူး။ အချစ်ဆိုတာကို ကာယကံရှင် ကိုယ်တိုင် ဆုံးဖြတ်ရင် အမြဲတမ်း မှားတာချည်းပဲ၊ အဲဒါကို မသေမချင်း မှတ်ထား"

စကားဆုံးသည်နှင့် ကိုဗလက ပက်(ပ)စီရောင် ဖျော့ဖျော့ခွက်ကို မရင်း 'မင်းနဲ့ယုယုခိုင်အတွက်'ဟု ဗိုလ်ဆန်ဆန်ဆုတောင်းလျက် တစ်ရှိန်ထိုးမော့လိုက်သည်။ သူကတော့ ဆက်ပြောရန် စကားတစ်စုံတစ်ရာ ရှာဖွေမရတော့သဖြင့် နှုတ်ဆိတ်နေလိုက်မိသည်။

❑

သည့်နောက်ပိုင်း အဖြစ်အပျက် များကတော့ ကိုဗလကြိုတင် ဟောကိန်းထုတ်ခဲ့သည့် အတိုင်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ် ရုံးပြန်ဖွင့်သည့် တနင်္လာနေ့မှာတော့ သူရော သူမပါ တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ဘဲ တစ်နေ့လုံး နှုတ်ဆိတ်နေဖြစ်ကြသည်။ သူက ဆရာဦးလှထွန်းနှင့်တစ်နေ့လုံးလိုလို လိုက်ပါနေရသောကြောင့်လည်း သူမနှင့် တိုက်ရိုက် စကားပြောရန် အခွင့်အလမ်းနည်းပါးခဲ့ခြင်း ဖြစ်သည်။

သို့သော် ရုံးဆင်းချိန်မှာတော့ သူမက သူ့ကို စာအိတ်တစ်အိတ်ပေးသည်။တစ်ယောက်နှင့်တစ်ယောက် စကား တစ်ခွန်းမှ မပြောဘဲ သူမ၏ အပြာရောင် စာအိတ်လေးက သူ၏ တိုက်ပုံအင်္ကျီအိတ်ထဲသို့ ရောက်ရှိလာခဲ့သည်။ ရုံးခန်းမှ အားလုံး ပြန်သွားချိန်၌ ကိုဗလ သူ့ကိုမေးသည်။

"အခြေအနေ ဘယ်လိုလဲ"

"စာတစ်စောင် ပေးသွားတယ်"

"ဒါဖြင့် ထုတ်ကွာ၊ ဖတ်ကြည့်ရအောင်"

သူမ၏ စာက သူမျှော်လင့်ထားသည့်အတိုင်းပဲ ဖြစ်သည်။

ကိုရဲ

ယုက ကိုရဲလို မမြို့သိပ်တတ်ဘူး။
ပြီးတော့ ဟန်လည်းမဆောင်တတ်ဘူး။
ယု ကိုရဲကို ချစ်ပါတယ်။

ယု



စာက တိုတိုလေးဖြစ်သော်လည်း ဘာပဲဖြစ်ဖြစ် ထို စာတိုလေးနှင့်ပတ်သက်၍ သူ နည်းနည်းတော့ ရင်ခုန်သင့်ပါသည်။ သို့သော် ထူးဆန်းစွာပင် သူ ဘယ်လိုမှ ရင်မခုန်မိ။

ကိုဗလက စာကိုဖတ်ကြည့်ပြီး ကွန်ဂရက်ကျူလေးရှင်း ဟု ရေရွတ်လျက် သူ့အား လက်ဆွဲ နှုတ်ဆက်သည်။ သူက တော့ လက်ရှိ အခြေအနေအားလုံး သူနှင့် တစ်စုံတစ်ရာ ဆက်ဆိုင်သည့်ပမာ တုံ့ဆိုင်း တွေဝေနေမိသည်။ အတော် ကြီးကြာမှ ကိုဗလအား သူ ပူပန်မိသော ကိစ္စကို ပြောပြလိုက်မိသည်။

"ကျွန်တော် တစ်ခုပဲစိုးရိမ်တယ် ကိုဗလ"

"ဘာလဲ"

"ယုကို ကျွန်တော် ချစ်လို့မရမှာ"

သူ့ စကားဆုံးတော့ ရယ်စရာတစ်ခုခု ကြားလိုက်ရသူ တစ်ယောက်ပမာ ကိုဗလ သဘောကျစွာ ရယ်မောသည်။

"ငါ တွေ့ဖူးသမျှ ယောကျ်ားလေးတွေထဲမှာတော့ မင်း အကြောင်းဆုံးပဲ၊ မင်း ယုကို ချစ်မချစ် ဆယ်လေးတစ်လေး ထောင် လောင်းလိုက်ချင်သေးတယ်။ ဒီမယ် ကိုရဲ ယုမှာ ဇာတ်လမ်းကလေးတစ်ယောက်ရှိသင့်တဲ့ အရည်အချင်း အားလုံး ပြည့်စုံတယ်။ ဘာမှ အပြစ်ပြောစရာ မရှိဘူး။ တစ်ခုတော့ ရှိတာပေါ့၊ မင်းနဲ့ယုနဲ့ ချစ်သူဖြစ်ပုံက သိပ်ချောမွေ့ လွယ်ကူ လွန်းတော့ မင်းအနေနဲ့ . . . .

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုဗလ၊ ကျွန်တော်ဆိုလိုတာအဲလိုမဟုတ်ဘူး၊ တစ်နေ့နေ့ ယုထက်ပိုပြီး ချစ်ရမယ့်သူ တစ်ယောက်ယောက် တွေ့လာမှာကို စိုးရိမ်တာ၊ တကယ်လို့ အဲလိုတွေ့လာတဲ့အခါ . .

သူ၏ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွားတော့ ကိုဗလ သူ့ကို တအံ့တသြကြည့်ရင်း 'ယုထက် ပိုချစ်ရမယ့်သူ တစ်ယောက်ယောက် ဟုတ်လား'ဟု ရေရွတ်သည်။ ထို့နောက် ခေါင်းကို ခါယမ်းရင်း. . . .

"မတွေ့နိုင်ဘူး ကိုရဲ၊ တကယ်လို့ တွေ့ရင်လဲ အဲဒီ တစ်ယောက်ယောက်ကို မတွေ့ခင်မှာတင် မင်း ယုကို တကယ် ချစ်မိသွားလိမ့်မယ်။ ဒီတော့ မင်းဘဝမှာ ယုထက် ပိုချစ်ရမယ့် တစ်ယောက်ယောက်ဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး ငါ ပြောတာကို ယုံ"

ကိုဗလက ယုံဟုပြောသော်လည်း ထိုစကားမှာ ယုံကြည်သင့်သော စကားတစ်ခွန်း ဟုတ်မဟုတ် သူ မသေချာပါ။ သို့သော် ဘာပဲဖြစ်ဖြစ် ကိုဗလ၏ စကားကြောင့် သူ့ရင်ထဲမှာ လေးလံနေမှုတို့ အနည်းငယ်လျော့ပါးသွားခဲ့သည်။

ကိုဗလ ကမ်းပေးသည့် စာရွက်ခေါက်လေးကို ပြန်ယူရင်း သက်ပြင်းတစ်ချက်ကို ပေါ့ပါးစွာ ချလိုက်သည်။

❑

ဉာဏ်ဝင်းစာပေ

# အပိုင်း

# (၂)

# 'မေပုလဲသွယ်'

www.burmeseclassic.com

www.burmeseclassic.com



(၁)

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ရှင်"

ထုံးထမ်းစဉ်လာအရ ဆိုလျှင်တော့ ယခုလိုမေးခွန်းမျိုးကို သည်အိမ်တံခါးဝ၌ သူ ဘယ်တုန်းကမှ အမေးမခံခဲ့ရဘူးပါ။

တစ်ခါမှ မတွေ့ဖူးသော ကောင်မလေး တစ်ယောက်နှင့် တစ်ခါမှ အမေးမခံခဲ့ရဖူးသော မေးခွန်းတို့ကြောင့် . .

"ဒါ ပေါ်ထွင့် အိမ်မှ ဟုတ်ရဲ့လား"

ဟု ဇဝေဇဝါဖြစ်သွားသော်လည်း မကြာခဏ လာခဲ့ဖူးသော ဤအိမ်ကို သူ့အနေနှင့် လွဲမှားစရာမရှိ။

ဗိုလ်အောင်ကျော်လမ်း စားသောက်ဆိုင် တစ်ဆိုင်၏ အပေါ်ထပ် ညာဘက်ခန်း၊ ပြီးတော့ တံခါးဝရှိ သံစုံမြည်





ခေါင်းလောင်း၊ ထို့အပြင် သူ အခန်းမမှားကြောင်း ပို၍ သေချာစေသည်က ဧည့်ခန်း ဆက်တီပေါ် ထောက်ထားသည့် ပေါ်လွင့်၏ ရှစ်ကြိုးတပ် ဂစ်တာ ဖြစ်သည်။

"ဒါ ပေါ်လွင်တို့အိမ် မဟုတ်လား"

သည်တော့မှ ကောင်မလေး၏ မျက်နှာပေါ်မှသံသယ ရိပ်တို့ ပြယ်လွင့်သွားကြသည်။

"ဟုတ်ပါတယ်၊ ကိုပေါ်လွင်အိပ်နေတယ်၊သွားနှိုးလိုက်မယ်လေ၊ အထဲ ဝင်ထိုင်ပါဦး"

ဆံပင်ရှည်ရှည်လေးများ ယိမ်းနွဲ့သွားကြသည် အထိ သူမ ခပ်သွက်သွက် အဖြေပေးရင်း တံခါးဖွင့်ပေးသည်။ သူ ဧည့်ခန်းဆက်တီ၌ ဝင်ထိုင်တော့ သူမက "ခဏနော်"ဟု ဆိုကာ အိမ်ခန်းတွင်းသို့ လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ် သွားသည်။

နှစ်မိနစ်လောက် နေတော့ အိပ်မှုန်စုံမွှား မျက်လုံးအစုံဖြင့် ပေါ်လွင် ထွက်လာသည်။ မတွေ့တာကြာသော်လည်း ပေါ်လွင့်ပုံက ဘာမှ မပြောင်းလဲ၊ ကျောင်းတုန်းကလိုပင် ဝဖိုင့်သော ခန္ဓာကိုယ်နှင့် ဆံပင်ဖိုးရိုးဖားရားနှင့် ဖိုသီဖတ်သီ နိုင်မြဲပင် ဖြစ်သည်။

"ဟာ ဧည့်သည်လာတယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ ပေါ်တော်မူကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တွေ့သည်နှင့် ထုံးစံအတိုင်း အသံပြုကြီးနှင့် အော်ဟစ် နှုတ်ဆက်လေသည်။

"မင်း အိပ်နေတာလား"

"အေးကွာ၊ ပျင်းလို့ ခေတ်ပေါ် အချစ်ဝတ္ထုတစ်အုပ် ငှားဖတ်တာ၊ ဒိုင်ယာဇီပင် သောက်လိုက်သလား၊ အောက်မေ့ရတယ်၊ တစ်ချက်တည်း အိပ်ပျော်သွားတာပဲ"

ပြောပြောဆိုဆိုနှင့် ပေါ်လွင် သူ့ဘေးနား ဝင်ထိုင်ရန် ပြင်သည်။

"ဟော့ကောင် ထိုင်မနေနဲ့၊ လက်ဖက်ရည်ဖိုး သွားယူပြီး ငါ့ကို လက်ဖက်ရည် လိုက်တိုက်"

"မြတ်စွာဘုရား၊ မင်းက အလုပ်သင်ရှေ့နေဖြစ်နေတာတောင် ငါ့ကို လက်ဖက်ရည် တိုက်ခိုင်းတုန်းပဲလား"

"အမှုလိုက်တဲ့ ရှေ့နေဖြစ်ရင် ထမင်းပါ ကျွေးခိုင်းမှာ စကားမရှည်နဲ့ မြန်မြန်လုပ်ကွာ"

"အေး ခဏစောင့်၊ ငါ မျက်နှာသစ်လိုက်ဦးမယ်"

သူနှင့် ပေါ်လွင် လက်ဖက်ရည်ဆိုင် ထွက်ချိန်မှာတော့ အိမ်တံခါး လိုက်ပိတ်သူမှာ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် စောစောက ကောင်မလေးပင် ဖြစ်သည်။ ပိန်သွယ်သော ကိုယ်လုံးလေးပေါ်၌ တီရှပ် ပွပွကြီးကို ဖိုးရိုးဖားရား ဝတ်ထားပြီး ဘယ်ဘက် လက်ကောက်ဝတ်၌ ဟမ်းချိန်း ပတ်ထားသော





ထိုကောင်မလေးမှာ အိမ်ဖော် တစ်ယောက်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

"စောစောက ကောင်မလေးက ဘယ်သူလဲ ပေါ်လွင်"

လမ်းပေါ်ရောက်တော့ သူ မမြိုသိပ်နိုင်စွာ ပေါ်လွင့်ကို မေးလိုက်သည်။

"ငါ့ညီမ"

"မင်းမှာ ညီမမှ မရှိတာ"

"တစ်ဝမ်းကွဲပါ၊ သူတို့အိမ် ကန်ထရိုက်တိုက် ပြောင်းဆောက်နေလို့ ငါတို့ဆီမှာ လာနေတာ၊ တစ်ခုတော့ ကြိုပြောထားမယ်၊ ကောင်မလေးက နှစ်ဆယ် မကျော်သေးဘူး၊ ပြီးတော့ ငါတို့ မိသားစုရဲ့ စောင့်ရှောက်မှု အောက်မှာ ရှိနေလို့ မင်း မဟုတ်မဟုတ်ကြံဖို့တော့ စိတ်မကူးနဲ့"

"ဟာကွာ၊ မဟုတ်တာ"

ပျာပျာသလဲ ငြင်းတော့ ပေါ်လွင်က ရယ်မောရင်း-

"အလကား နောက်တာပါ၊ မင်း အဖြစ်မရှိကြောင်း ငါ အသိဆုံးပဲဥစ္စာ၊ ဆိုစမ်းပါဦး၊ ခုကော ရှေ့နေမလေးတွေဘာတွေနဲ့ မစွံသေးဘူးလား"

"ထုံးစံအတိုင်းပေါ့"

ပြောပြီးမှ သူ့စကားသည် ပေါ်လွင့်မေးခွန်းအတွက် တိကျသော အဖြေ မဟုတ်ကြောင်း သူ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ယုယုခိုင်အကြောင်း သူ ပေါ်လွင့်ကို ပြောပြလိုက်ဖို့ ကောင်းပါသည်။ သို့သော် ထုံးစံအတိုင်းပေါ့ ဟူသော စကားဖြင့် ပေါ်လွင့်မေးခွန်းကို ရှောင်လွှဲလိုက်မိသည်။

ဘာဖြစ်လို့များပါလိမ့်။ ဘာဖြစ်လို့များ ယုယုခိုင်အကြောင်း ထိမ်ချန်ထားလိုက်မိတာလဲ။

သူ့ကိုယ်သူ နားမလည်နိုင်စွာ တအံ့တဩ ဖြစ်သွားမိသည်။ ဖြစ်နိုင်တာတစ်ခုကတော့ ယုယုခိုင်အား ချစ်သူတစ်ယောက်အဖြစ် သူကိုယ်တိုင်က လက်မခံနိုင်သေးသောကြောင့် ဖြစ်ပါလိမ့်မည်။

သို့သော် အနည်းငယ် ထူးဆန်းတာက မစွဲသေးဘူးလားဟု ပေါ်လွင် မေးစဉ် သူ့အတွေး၌ ဖျတ်ခနဲ မြင်ယောင်မိသည်က အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် စောစောက ကောင်မလေး၏ ပုံရိပ် ဖြစ်သည်။

"မင်းအနေနဲ့ စွံဖို့ကောင်းပြီ ရဲလွင်ငြိမ်း၊ ခုခေတ်က အသက်အစိတ်ကျော်ရင် အန်ကယ်အခေါ်ခံရတဲ့ ခေတ်ကွ၊ ဘယ်ကောင်မလေးမှ မင်းကို အိပ်မက်ထဲ ထည့်မက်တော့မှာ မဟုတ်ဘူး။ အချိန်ရှိတုန်း မြန်မြန်ကြိုးစားထား"

*ပေါ်လွင်စကားကြောင့် သူ သဘောကျစွာ ရယ်မော*လိုက်မိသည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ ပေါ်လွင် သူ့ကို မေးသည်။





"မင်း လာမယ့်စနေနေ့ အားလား"

"အားသားပဲ၊ ဘာလုပ်မလို့လဲ"

"အိမ်လာခဲ့ပါလား၊ မင်းနဲ့ငါ ဂစ်တာ တွဲမတီးရတာ ကြာပြီ၊ ဂစ်တာ တီးရအောင်၊ နောက်ပြီး အဲဒီနေ့က ငါ့မွေးနေ့လေ၊ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားကြမလို့"

"မင်းညီမရှိတော့ ကောင်းပါ့မလား"

သူ အားနာစွာ ပြောတော့ ပေါ်လွင်က ရယ်သည်။

"သူက မင်းကို ကိုက်မစားပါဘူး၊ လာခဲ့ပါ၊ မေမေကလဲ မင်းကို မေးနေတာ ကြာပြီ"

"ကောင်းပြီလေ၊ လာခဲ့မယ်"

❑

မေပုလဲသွယ်နှင့်ဒုတိယအကြိမ်မြောက်ထပ်မံဆုံဆည်းသောနေ့မှာ အောက်တိုဘာ (၇)ရက်နေ့ စနေနေ့ဖြစ်ပြီး သူ၏ နေ့စဉ်မှတ်တမ်းအရ ယုယုခိုင်နှင့် ချစ်သူဖြစ်ခဲ့ခြင်း (၂)လနှင့် (၇)ရက်မြောက်နေ့ ဖြစ်သည်။

ထိုနေ့က ပေါ်လွင်တို့အိမ်သို့ သူရောက်သွားတော့ သူ့အား တံခါးလာဖွင့်ပေးသူမှာ ပေါ်လွင့်အမေ အန်တီမာလာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့တော့ 'ခုမှပဲ ပေါ်လာတော့တယ်'ဟု ဆိုကာ ပျော်ချက်သား ကောင်းနေခြင်းအတွက် အပြစ်တင်သဖြင့် ချိန်းဘာဆင်းနေခြင်းကြောင့် မလာဖြစ်ကြောင်း ရှင်းပြရသည်၊ တစ်အောင့်ကြာတော့ သူ့ အသံကြားသဖြင့် ပေါ်လွင့် ထွက်လာသည်။

"မင်းရောက်လာတာ ကွက်တိပဲ"

"ဘာဖြစ်လို့လဲ"

"အုန်းသီးခြစ်ဖို့ ဗော်လံတီယာ လိုနေလို့၊ လာ မီးဖိုထဲ လိုက်ခဲ့"

သူ မီးဖိုထဲ ရောက်သွားတော့ ထုံးစံအတိုင်း တီရှပ်ပွပွကြီးနှင့် ဖိုးရိုးဖားရားနိုင်လှသော ကောင်မလေးမှာ အုန်းသီးခြမ်းများဖြင့် အလုပ်ရှုပ်နေပြီး သူမထက် ငယ်ပုံရသော အခြားကောင်မလေးတစ်ယောက်က ကြက်သွန်နွှာနေသည်။

"ဒီမှာ အလုပ်သမားအသစ်တစ်ယောက် ရောက်လာပြီ ပုလဲ၊ နင့် အုန်းသီးခြမ်းတွေ သူ့ကိုပေးလိုက်"

ပေါ်လွင့်အသံကြောင့် ကောင်မလေး သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။ သူမ၏ မျက်ခုံးတန်းအစုံက နှာယောင်၌ သိသာစွာ ထိဆက်နေကြပြီး နှုတ်ခမ်းတို့ကတော့ ဖြူဖျော့ပါးလျသည်။ သူမ၏ မျက်နှာသွယ်သွယ်လေး၌ အပေါ်လွင်ဆုံးကတော့ ဖြောင့်စင်းပြေပြစ်သည့် နှာတံဖြစ်သည်။

ဉာဏ်ဝင်းစာပေ



"အတော်ပဲ၊ အုန်းသီးတွေ ကြည့်ပြီး ပုလဲ သေချင်စော်နေတာ၊ ဒီကြားထဲ ပေါက်ပေါက်ကလဲ သိပ်လည်တာပဲ၊ ဘာဆိုပြီး ထွက်သွားလိုက်တာ ပြန်ပါမလာတော့ဘူး"

"လာမှပါ၊ ငါ အောင်မော်တို့ဆီမှာ ဂစ်တာသွားငှားခိုင်းလိုက်လို့"

"အိမ်မှာလဲ ရှိတဲ့ဥစ္စာ၊ ဘာလုပ်ဖို့လဲ"

"ငါတို့နှစ်ယောက် တွဲတီးမလို့"

သူ့ဆီသို့ မေးငေါ့ပြရင်း ပေါ်လွင်ပြောတော့ သူမ သူ့ကို တစ်ချက် ကြည့်သည်။

ထို့နောက် ရွှင်မြူးစွာဖြင့်-

"ဟာ ပျော်စရာကြီး"

ဟု ရေရွတ်သည်။

"မိတ်ဆက်ပေးရဦးမယ် ငရဲ ဒါ ငါ့ညီမ မေပုလဲသွယ်တဲ့၊ ဟိုဘက်က သူ့ထက်အငယ် နီလာသွယ်၊ နှစ်ယောက်စလုံး တက္ကသိုလ် ပထမနှစ်ပဲ"

သူမက သူ့ကိုပြုံးပြရင်း ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဟု ခပ်သွက်သွက် နှုတ်ဆက်သည်။ နီလာသွယ်ကတော့ ပေါ်လွင် သူ့အားခေါ်လိုက်သည့် ငရဲဟူသော အမည်ကို နှာခေါင်းရှုံ့ရင်း-

"ဟင် နာမည်ကြီးကလဲ"

ဟု ရေရွတ်လျက် ရယ်မောလေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မနောက်နဲ့နော်၊ သူက ရှေ့နေ၊ နောက်ပြောင်မှုနဲ့ နင့်ကို တရားစွဲလိမ့်မယ်၊ ဘာအောက်မေ့လဲ၊ သူ့နာမည်ရင်းက ရဲလွင်ငြိမ်းတဲ့"

ပေါ်လွင် ခပ်တည်တည်ပြောတော့ နီလာသွယ် ဇက်ကလေးပုရင်း 'ဟာ ဆောရီးနော် ဦး၊ စိတ်မရှိပါနဲ့'ဟု ရယ်ကျဲကျဲဖြင့် တောင်းပန်သည်။ ကလေးဆန်စွာ ပျော်တတ်ပုံရသော ညီမနှစ်ယောက်ကြောင့် သူပါ ပျော်ရွှင်လာမိသည်။

ပေါ်လွင်က 'ကဲ လုပ်ငန်းစကြရအောင်'ဟု ဆိုကာ သူတို့အား လုပ်ငန်းတာဝန် ခွဲဝေသည်။ သူ့တာဝန်က အုန်းသီးခြစ်ရန်၊ မေပုလဲသွယ်နှင့် နီလာသွယ်က ကြက်သွန်နွှာရန်၊ ပေါ်လွင်ကိုယ်တိုင်က ကြက်သားခုတ်ရန် ဖြစ်သည်။ မေပုလဲသွယ်က ပေါ်လွင်၏ တာဝန်ပေးမှုကို မကျေနပ်ဟန်ဖြင့် နှုတ်ခမ်းစူရင်း 'မျက်ရည်ကျရမယ့် အလုပ်ကြီး မလုပ်ချင်ဘူး'ဟု ဆိုသည်။

"မိန်းကလေးပဲဟာ မျက်ရည်ကျရမှာပေါ့၊ နီလာလေးတောင် လုပ်နေသေးတာပဲ"

ပေါ်လွင်က ချော့ချော့မော့မော့ဟန်ဖြင့် ဖျောင်းဖျသည်။

"နီလာလေးက မွေးကတည်းက ကြက်သွန်နွှာရတာကို ဝါသနာပါတာ ပုလဲတော့ မနွှာချင်ဘူး"

"ဒါဖြင့် ညည်းက ဘာလုပ်မလဲ"





"ကိုပေါ်ကြီးတို့ကို ဂစ်တာတီးပြမယ်"

နီလာသွယ်က သူမကို မျက်စောင်းခဲရင်း 'ခြော်တော်တော်တရားပါလား'ဟု ထအော်တော့သည်။ သို့သော် သူမက တကယ် ဂစ်တာမတီးပါ။ ပေါ်လွင့်ထံမှ ကြက်သားခုတ်သည့် တာဝန်လွှဲယူပြီး ပေါ်လွင်က သူနှင့်အတူ အုန်းသီးလာခြစ်သည်။ တအောင့်ကြာတော့ ပေါ်လွင့်ညီ ပေါက်ပေါက်ပါ ရောက်လာသဖြင့် သူတို့၏ အုန်းနို့ခေါက်ဆွဲချက်ခြင်းကိစ္စက ပိုမြန်ဆန်သွားတော့သည်။

အန်တီမာလာက ဟင်းအိုးအတွက် လိုအပ်သည်များကို ပြင်ဆင်ပေးပြီးသည်နှင့် မေပုလဲသွယ်၏ မိဘများနှင့်အတူ အပြင်ထွက်ရန် ပြင်ဆင်သည်။ ဆောက်လက်စ တိုက်ကို သွားကြည့်ကြတာ ဖြစ်ကြောင်း ပေါ်လွင်က ရှင်းပြသည်။

လူကြီးတွေ အပြင်ထွက်သွားချိန်မှာတော့မေပုလဲသွယ်က ပေါ်လွင့်အား ဂစ်တာတီးတော့လေဟု နှိုးဆော်လေသည်။ ဟင်းအိုးကို မီးဖိုပေါ်တင်ထားပြီး ဂစ်တာတီးရန် ပြင်ဆင်ကြသည်။ မရင်းနှီးသော လူများရှေ့၌ ဂစ်တာ တီးရမှာ အနည်းငယ် ရှက်တတ်သောသူသည် သူမတို့ရှေ့မှာတော့ ရှက်ရွံ့ခြင်းမရှိဘဲ သက်သောင့်သက်သာပင် တီးဖြစ်သည်။

ပေါ်လွင်က (Moon Flower) မတီးရတာ ကြာပြီဟုဆိုသဖြင့် သူက (Lead) တီးပြီး ပေါ်လွင်က(Rhythm) နှင့် (Bass) လိုက်တီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒါ ဝိုင်းပိတ်တီးလုံးကြီးပဲ၊ တစ်ခြားဟာ ပြောင်းတီးပါ"

ပေါက်ပေါက် သဘောမကျစွာ ကန့်ကွက်သဖြင့် (The jealous Kind) ပြောင်းတီးကြသည်။ မေပုလဲသွယ်တို့ ညီအစ်မကတော့ တစ်စုံတစ်ရာ ဝင်မပြောဘဲ တိတ်ဆိတ်စွာ နားထောင်သည်။ သီချင်း လေးငါးပုဒ် တီးပြီးချိန်၌ ပေါ်လွင်က မေပုလဲသွယ်ထံသို့ ဂစ်တာ ကမ်းပေးတာ မြင်တော့ သူမ ဂစ်တာ တီးတတ်လိမ့်မည်ဟု ထင်မထားမိသဖြင့် သူ အနည်းငယ် အံ့ဩသွားမိသည်။ ပေါ်လွင်က သူ့ဘက်ကို လှည့်ကာ 'သူက အဆိုတော် လုပ်မှာလေ၊ ရစ်သမ်ကော အဆိုကော ရတယ်၊ မင်း နားထောင်ကြည့်'ဟု ရှင်းပြသည်။

"ကဲ တီးလေ ပုလဲ၊ ဆိုတီးလေးပေါ့"

သို့သော် သူမက ဂစ်တာကို လှမ်းမယူဘဲ ခေါင်းယမ်းသည်။

"ဘာဖြစ်တာလဲ၊ ငါ့သူငယ်ချင်း ဖွံ့သွားအောင် လက်စွမ်းပြလိုက်စမ်းပါ"

"အာ မတီးချင်ပါဘူး၊ ရှက်စရာကြီး"

"ဘာ ရှက်လို့ဟုတ်လား၊ မြတ်စွာဘုရား၊ မေပုလဲသွယ် ရှက်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ပေါ်လွင်က အံ့အားတသင့်ပြောရင်း အော်ရယ်သည်။ နီလာသွယ်ကပါ ခေါင်းညိတ် ထောက်ခံရင်း. . .





"အင်းလေ၊ အရင်တုန်းကတော့ ဘယ်ညွှန့်သည်လာလာ အာပြဲကြီးနဲ့ သီချင်းတွေ အော်အော် ဆိုနေပြီးတော့"

"ဘာဆိုင်လဲ၊အဲဒါကိုယ်တီးနေတုန်းရောက်လာတာပဲ"

"ခုလဲ အဲလို သဘောထားပေါ့"

သူ ဝင်တိုက်တွန်းသော်လည်း သူမက ရှက်ရယ်ရယ်ရင်း ခေါင်းကိုသာ တွင်တွင်ယမ်းလေသည်။ ပေါ်လွင်ကတော့ မေပုလဲသွယ် ရှက်နေခြင်းကိုသာ အံ့ဩ ရယ်မောနေတော့သည်။

"တကယ်ပြောတာ ငရဲ မယုံမရှိနဲ့၊ ပုလဲ ရှက်တာ ဒါ ပထမဆုံးပဲ၊ မင်း ဒီကပြန်ရင် ထီသာ ဝင်ထိုး၊ ပေါက်မှာ သေချာတယ်"

"ကိုပေါ်ကြီးနော်"

သူမ ပိုရှက်လာဟန်ဖြင့် ခပ်စူးစူးအော်ရင်း ဟင်းအိုးသွားကြည့်ဦးမယ်ဆိုကာ ထွက်သွားတော့သည်။

"အင်း ထူးတော့ တော်တော်ထူးဆန်းတယ်"

ပေါ်လွင် ခေါင်းညိတ်လျက် တစ်ကိုယ်တည်းမှတ်ချက်ချရင်း သူ့ကို တစ်ချက်ကြည့်သည်။ ပေါ်လွင့်အကြည့်ကို သူ မသိကျိုးကျွန်ပြုလျက် ဂစ်တာကိုသာ ခေါင်းငုံ့တီးခတ် နေလိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂)

အောက်တိုဘာ လလယ်ပိုင်းသည် သူတို့အတွက် အမှုအများဆုံးနှင့် အပင်ပန်းဆုံးကာလဖြစ်သည်။ ထို့အပြင် ယုယုခိုင်က သူ့အား မောင်ဟု စတင် သုံးနှုန်း ခေါ်ဝေါ်သော ကာလဖြစ်ပြီး သူက ယုယုခိုင်အား ချစ်သူတစ်ယောက် အဖြစ် လက်ခံနိုင်အောင် အပြင်းအထန် ကြိုးစားနေရသော ကာလ လည်းဖြစ်သည်။

အမှန်တကယ်ပင် အပြင်းအထန် ဟူသော ကြိယာ ဝိသေသကို သုံးစွဲရလောက်အောင်ပင် ထိုရက်များအတွင်း သူ၏ စိတ်တို့က ယုယုခိုင်ထံ ကပ်ငြိခြင်း ကင်းမဲ့နေခဲ့သည်။

သို့သော် ယုယုခိုင်ကတော့ ချစ်သူတစ်ယောက် အဖြစ် အစွမ်းကုန် တာဝန်ကျေကာ သူ့အပေါ် နားလည် ခွင့်လွှတ်နိုင်ခဲ့သည်။





သူနှင့်သူမအကြား အစပိုင်း အခေါ်အဝေါ်များက တိုရဲ ယု ဟူ၍ ဖြစ်သော်လည်း နောက်ပိုင်းတော့ သူမက မောင်၊ ယု ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ သို့သော် သူက ကိုယ့်ကိုယ်ကို ကျွန်တော်ဟုသာ နှုတ်ကျိုးစွာ သုံးနှုန်းလေ သောအခါ သူမ သဘောမကျစွာ ဟန့်တားသည်။

"ကျွန်တော်လို့ မပြောပါနဲ့၊ သူစိမ်းဆန်ပါတယ်"

"ယုက ကျွန်တော့်ထက် အသက်ကြီးတာပဲ"

"ဒါပေမယ့် ယုတို့က ချစ်သူတွေပဲ"

သူမက ကျွန်တော်ဟု မပြောရန် တားမြစ်သည့်တိုင် သူ အကျင့်ပါစွာ ဆက်လက်သုံးနှုန်းသောအခါမှာတော့ သူမ တစ်စုံတစ်ရာ မကန့်ကွက်တော့ပါ။ သို့သော် သူ့ကို စေ့စေ့ ကြည့်ရင်း . .

"မောင်က သိပ်နားလည်ရခက်တာပဲ"

ဟု သူမဘာသာ တီးတိုး မှတ်ချက်ချလေသည်။

"မောင် တခြားလူတွေနဲ့ ဆက်ဆံရင်ကော အဲလို အေးတိအေးစက်နိုင်တာပဲလား"

တစ်ခါတစ်ရံတော့ သူမ သူ့ကို စိတ်ဝင်တစား မေးမြန်းတတ်သည်။ အေးတိအေးစက် ဟူသော စကားအသုံး အနှုန်းမှာ သူ၏ စရိုက်အတွက် သင့်တော်သည့် စကားလုံး ဟုတ်မဟုတ် သူ ဝေခွဲမရပါ။

"ကျွန်တော်က အေးတိအေးစက်နိုင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုယ် မောင် သတိမထားမိဘူးလား"

"ဟင့်အင်း"

သူ ခေါင်းယမ်းလိုက်တော့ သူမက 'ရယ်ရတယ်'ဟု ခပ်တိုးတိုး ရေရွတ်သော်လည်း တကယ်မရယ်ပါ။

"အေးတိအေးစက် နိုင်တယ်ဆိုတာ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ မနေတတ်တာ၊ တစ်နည်းအားဖြင့် ဘာသိ ဘာသာ နေတာ မောင်ရဲ့၊ အဲဒီစရိုက်က မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒါ အတ္တကြီးတဲ့ လူတွေရဲ့ စရိုက်မျိုး"

သူမကို တအံ့တဩ လှည့်ကြည့်လိုက်မိသည်။ သူမက သူ့ကို မကြည့်ဘဲ စကားဆက်သည်။

"အဲဒီလူမျိုးက တခြားလူတွေရဲ့ ဘဝကို စိတ်မဝင်စားဘူး၊ မစပ်စုဘူး၊ အဲလိုပဲ သူတို့ဘဝထဲ တခြားတစ်ယောက်ယောက် ဝင်လာရင်လဲ မကြိုက်ဘူး"

သူမ၏ စွပ်စွဲမှုကြောင့် သူ တုန်လှုပ်စွာ ရယ်မောလိုက်မိသည်။ သို့သော် ထိုစွပ်စွဲချက် မမှန်ကြောင်းကိုတော့ သူ အသိဆုံး ဖြစ်သည်။ ဥပမာ ပေါ်လွင်တို့ မောင်နှမနှင့် သူ၏ ဆက်ဆံရေးမှာ ဘယ်တုန်းကမှ အေးတိအေးစက် မနိုင်ခဲ့ သလို ဘယ်တုန်းကမှလည်း ဘာသိဘာသာ မရှိခဲ့ပါ။

ဉာဏ်ဝင်းစာပေ



သို့သော် သူမကတော့ သူ့အား အေးစက်စက်နိုင်သူဟု သတ်မှတ်ထားသည်။ ဘာပဲဖြစ်ဖြစ် ထိုအေးစက်မှုကိုပင် သူမက သူ့အံ့ဩရလောက်အောင် နားလည်ခွင့်လွှတ်ခဲ့သည်။

တစ်ခါတစ်ရံ သူမအိမ်မှ ကားလာမကြိုသော နေ့များ သို့မဟုတ် သူမကိုယ်တိုင်က လာမကြိုခိုင်းသော နေ့များ၌ သူ့အား သူမက အိမ်ပြန်လိုက်ပို့ခိုင်းတတ်သည်။ ထိုသို့သော နေ့မျိုးမှာပင် ကိုဗလနှင့် (၁၉)လမ်း သွားရန်ဟူသော အကြောင်းပြချက်ဖြင့် သူမအား လိုက်ပို့ရန် သူ ငြင်းဆန်သော အခါ သူမက သက်ပြင်းတစ်ချက် ချရုံမှအပ တစ်စုံတစ်ရာ ငြစ်တင်ဝေဖန်ခြင်း မရှိပါ။

ပိုပြီး အံ့ဩဖွယ်ကောင်းတာ တစ်ခုကတော့ ထိုသို့ပြစ်တင်ဝေဖန်ခြင်း မပြုရုံမျှမက သူ့အိတ်ထဲသို့ ပိုက်ဆံပါ ထည့်ပေးတတ်ခြင်း ဖြစ်သည်။

"ပိုက်ဆံတွေ ဘာလုပ်ဖို့လဲ ယူ"

"မောင် သုံးဖို့လေ"

"ဘာအတွက်လဲ"

"မောင်တို့ (၁၉)လမ်း သွားမလို့ဆို"

"ကိုဗလ သွားမှာပါ၊ ကျွန်တော်က သက်သက် အဖော်လိုက်ပေးမှာ"

သူမအား ရှင်းပြရင်း ပိုက်ဆံပြန်ပေးသည်။ သို့သော် သူမက ပြန်မယူတတ်ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှာ ပိုက်ဆံနည်းနေတယ် မဟုတ်လား၊ ထည့်ထားလိုက်ပါ"

ထိုသို့ သူ့အိတ်ထဲ အသုံးစရိတ် နည်းနေသော အခိုက်များ၌ သူမ ပိုက်ဆံ ထည့်ပေးတတ်ခြင်းမှာ သူ ဘယ်လိုနားမလည်နိုင်သော သူမ၏ ထုံးစံတစ်ခု ဖြစ်သည်။

ထိုထုံးစံနှင့်ပတ်သက်၍ တစ်ခါက သူမနှင့် အကြီးအကျယ် စကားများခဲ့ရဖူးသည်။ တစ်ရက် သူ၏ သားရေပိုက်ဆံအိတ်လေးအား သူမတောင်းယူကြည့်ရှုသည်။ သူ၏ ပိုက်ဆံအိတ်အတွင်း အမြဲထည့်ထားတတ်သော ကားလိုင်စင်၊ မှတ်ပုံတင်နှင့် တယ်လီဖုန်းစာအုပ်တို့ကို တစ်ခုချင်း စိတ်ဝင်တစားကြည့်ရှုရင်း အိတ်အတွင်း ငွေနှစ်ဆယ်သာရှိကြောင်း သူမတွေ့ရှိသွားချိန်မှာတော့ တအံ့တသြ ရယ်မောတော့သည်။

"ကြည့်ပါဦး၊ ပိုက်ဆံအိတ်က လှပြီး ပိုက်ဆံကျတော့ နှစ်ဆယ်ထဲပါလား"

ထို့နောက် သူ တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် သူ့အိတ်ထဲသို့ ပိုက်ဆံတချို့ ထည့်ပေးသည်။

"အဲဒါ ဘာလုပ်တာလဲ ယု"

သူလေသံ အနည်းငယ် မာသွားသဖြင့် သူမ ဖျတ်ခနဲမော့ကြည့်ရင်း ကမန်းကတန်း ရှင်းပြသည်။





"မောင့်အိတ်ထဲမှာ ပိုက်ဆံနည်းနေလို့ ထည့်ပေးတာ၊ ဟိုလေ ငွေနှစ်ဆယ်ဆိုတာ လက်ဖက်ရည်ဆိုင် တစ်ခါထိုင်စာတောင် မရှိဘူး။ ဦးကြည်ရင်တို့၊ ဦးနေမျိုးဝင်းတို့နဲ့ တွေ့လို့ မောင့်ကို လက်ဖက်ရည်တိုက်ခိုင်းရင် မောင် ဘယ်လိုလုပ်မလဲ"

"ငြင်းလိုက်မှာပေါ့၊ ပိုက်ဆံ ပြန်ယူထားလိုက်ပါ"

"မောင်ကလဲ၊ ခဏထည့်ပေးထားတာပါ၊ နောက်တစ်နေ့ မောင့်အိတ်ထဲမှာ ပိုက်ဆံများများ ပါလာတဲ့အခါ ယုပိုက်ဆံ ပြန်ပေးပေါ့"

"တကယ်လို့ သုံးမိသွားရင်ကော"

"အဲဒီတော့လဲ သုံးလိုက်ပေါ့"

"မလိုဘူး ယု၊ ကျွန်တော် သူတောင်းစား မဟုတ်ဘူး"

ပိုက်ဆံအိတ်ကို ဆွဲယူလျက် သူမ ပိုက်ဆံတို့ကို ပြန်ထုတ်ပေးလိုက်တော့ သူမ တစ်စုံတစ်ရာ ထပ်မပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။ ဘေးနားမှာ ထိုင်နေသော ခင်ခင်ထားက အခြေအနေကို ဝင်ထိန်းဟန်ဖြင့် 'နင်ကလဲဟာ . . သူက စေတနာနဲ့ ထည့်ပေးတဲ့ဥစ္စာ'ဟု ဖျောင်းဖျောင်းဖျဖျဝင်ပြောသည်။

သူမကတော့ ဘာမှမပြောဘဲ သူ ချပေးထားသည့် စားပွဲပေါ်မှ ပိုက်ဆံတို့ကို ငေးကြည့်နေတော့သည်။ အတော်ကြီးကြာမှ ထိုပိုက်ဆံတို့ကို လှမ်းယူရင်း သူမ ခပ်တိုးတိုး ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် သိပ် သူစိမ်းဆန်တယ်"

သူမ၏ အသံတို့ကအံ့ဩဖွယ်ကောင်းလောက်အောင် လှုပ်ခတ်နေကြသည်။

ထိုကိစ္စ၏ နောက်ဆက်တွဲ ဖြစ်ရပ်တို့ကတော့ နောက်တစ်နေ့ သူမ ရုံးမလာခြင်းနှင့် ကိုဗလနှင့် ခင်ခင်ထားက သူ့အား ဝိုင်း၍ အပြစ်တင်ကြခြင်းပဲ ဖြစ်သည်။

"နင် အဲလိုလုပ်ဖို့ မကောင်းဘူး"

"ဒါပေမယ့် မခင်ထားရဲ့၊ ကျွန်တော့်အိတ်ထဲ ပိုက်ဆံထည့်ပေးရအောင် သူက ကျွန်တော့် အမေမှ မဟုတ်တာနောက်ပြီး ကျွန်တော့် ဇနီးလဲ မဟုတ်ဘူး"

"ဒါပေမယ့် ယုက နင့်ချစ်သူလေ ကိုရဲရဲ့၊ နင်ပြောတဲ့ နှစ်နေရာစလုံးနဲ့ သူ သက်ဆိုင်တယ်"

ကိုဗလကပါ ခင်ခင်ထား စကားကိုဝင်ရောက်ထောက်ခံလာသောအခါမှာတော့ သူ အလျှော့ပေးလိုက်ရတော့သည်။

"ကောင်းပြီလေ၊ နောက်ဆို ကျွန်တော် ဆင်ခြင်မယ်"

"ဆင်ခြင်ရုံနဲ့ မရဘူး၊ ခုဖြစ်ခဲ့တဲ့ ကိစ္စကို အရင်ရှင်း"

"ဘယ်လိုရှင်းရမလဲ"

"နောက်နေ့ သူ ရုံးတက်ရင် ပိုက်ဆံလိုလို့ဆိုပြီး နင်သူ့ဆီက ငွေတစ်ရာလောက် ချေး"





ခင်ခင်ထား၏ ထူးဆန်းသော အကြံပေးမှုအား သူ တအံ့တဩနှင့် ခေါင်းယမ်းလိုက်မိသည်။

"မဟုတ်တာပဲ"

"ဟုတ်တယ် ကိုရဲ၊ ခင်ခင်ထား ပြောသလို လုပ်လိုက်၊ အဲဒါမှ မင်း သူ့အပေါ် သူစိမ်းမဆန်ကြောင်း ပြရာ ရောက်မှာ"

ကိုဗလက ခင်ခင်ထား၏ အကြံပေးမှုကို ဝင်ရောက်ထောက်ခံသည်။

"ဒါပေမယ့် ကျွန်တော်မှ ငွေတကယ် မလိုဘဲ"

"လိုမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ညနေ မင်းနဲ့ငါ (၁၉)လမ်းသွားကြမယ်"

ဤသို့ဖြင့် သူနှင့်ယုယုခိုင်၏ ပြဿနာမှာ ပြေလည်သွားခဲ့သလို သူ၏ ငွေကြေးပိုင်ဆိုင်မှုအား အစဉ်စောင့်ကြည့်နေတတ်ပြီး သူ့၌ ပိုက်ဆံနည်းတိုင်း အသုံးစရိတ် ထုတ်ပေးတတ်ခြင်းမှာ ယုယုခိုင်၏ အစဉ်အလာ ဖြစ်လာတော့သည်။

သို့သော် ဘယ်လိုမှ ငြင်းဆန်၍ မကောင်းသည့် တစ်ခါတစ်ရံမှသာ သူ လက်ခံတတ်ပြီး ထိုသို့ လက်ခံတိုင်းလည်း သူ့စိတ်၌ အနှောင့်အယှက် ဖြစ်နေရတတ်သည်။ ကိုဗလက ထိုသို့ ဖြစ်ရခြင်းမှာ ယောကျ်ား မာနကြောင့် ဖြစ်ကြောင်း သုံးသပ်ပြသော်လည်း သူ ကိုယ်တိုင်ကတော့ ယုယုခိုင်၏ နား



www.burmeseclassic.com

www.burmeseclassic.com



လည်ခွင့်လွှတ်မှုများ၊ အလိုတသိ တာဝန်ကျေမှုများ၌ အာရုံကပ်ငြိမှုနည်းပါးနေခြင်းမှာ ဘာကြောင့်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို ပြန်လည် မသုံးသပ်နိုင်ခဲ့ပါ။

□





(၃)

အောက်တိုဘာလ၏ လကုန်ခါနီးပိုင်းမှာတော့သူ့စိတ်အခြေအနေအား အမှန်အတိုင်း သဘောပေါက်စေမည့် အဖြစ်အပျက်နှစ်ခု ဖြစ်ပွားလာခဲ့သည်။ အဖြစ်အပျက်တစ်ခုက ယုယုနှင့် ခင်ခင်ထား၏ ဘုရားသွားဖို့ အစီအစဉ် ဖြစ်သည်။

တစ်ခုသော သောကြာနေ့ ညနေပိုင်း၌ ခင်ခင်ထား နောက်တစ်နေ့ ရွှေတိဂုံဘုရား သွားရန် စီစဉ်ထားကြောင်း အသိပေးလာခဲ့သည်။

"ဘုရား ဟုတ်လား၊ ဘာ သွားလုပ်ကြမှာလဲ"

"ဘာလုပ်ရမှာလဲ ဖူးဖို့ပေါ့၊ ပြီးတော့ ဝါသနာပါရင် တွေဘာတွေလဲ တောင်းလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားက ခပ်သွက်သွက်ရှင်းပြရင်း သူပါ လိုက်ရမည်ဟု ဆိုသည်။

"နင် အားတယ် မဟုတ်လား"

"အားတော့ အားပါတယ်"

"မအားလဲ လိုက်ရမှာပဲ၊ ဒီအစီအစဉ်ကနင်တို့အတွက် အဓိက စီစဉ်ပေးတာ"

အနည်းငယ် ထူးဆန်းသောစကားကြောင့် သူ ခင်ခင်ထားကို နားမလည်စွာကြည့်တော့ ခင်ခင်ထားက ရှင်းပြသည်။

"နင်နဲ့ယု ချစ်သူဖြစ်သွားပြီးကတည်းက တရားရုံးတွေကလွဲပြီး တခြားနေရာသွားတာ မတွေ့ဖူးသေးဘူး။ ဒါကြောင့် နင်တို့ နှစ်ယောက် အပြင်ထွက်လည်ဖူးတယ်ရှိအောင် ငါက စီစဉ်ပေးတာ၊ ဘုရားဆိုလို့ သိပ်စိတ်ညစ်မသွားပါနဲ့၊ ဘုရားဖူးပြီး ရုပ်ရှင်တွေဘာတွေ ကြည့်ချင်လဲ ကြည့်ပေါ့၊ ငါ လိုက်ပို့ပေးမယ်၊ ဒါပေမယ့် ကုန်ကျစရိတ်တော့ နင်တို့နှစ်ယောက်က အချိုးကျ မျှခံရလိမ့်မယ်"

ခင်ခင်ထား၏ အစီအစဉ်ကြောင့် သူရယ်ချင်သွားသော်လည်း မရယ်မိပါ။ သူနှင့်ယုယုခိုင်မှာ ခင်ခင်ထားပြောသလိုပင် ရုံးခန်းနှင့်တရားရုံးတွေမှအပ တခြားနေရာများသို့ သွားဖူးခြင်းမရှိ။ သူ့အဖြေကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေသော ယုယုခိုင်က သူ့ကို မော့ကြည့်ရင်း မေးသည်။





"ဘယ်လိုလဲ မောင်၊ သွားမလား"

"ယု သဘောပဲ"

"အို ယုသဘောဆိုရင်တော့ သွားချင်တာပေါ့"

"ဒါဆိုလဲ သွားလေ"

သူ သဘောတူလိုက်တော့ သူမ ရွှင်မြူးသွားတော့သည်။

"ဒါဖြင့် မောင်နဲ့ယုတို့ ဘယ်မှာ ဆုံကြမလဲ"

"လွယ်ပါတယ်၊ ငါ့အိမ်မှာ ဆုံပေါ့၊ ယုရော ကိုရဲရော ငါ့အိမ်ကိုလာကြ၊ အိမ်ကနေ သုံးယောက်စလုံး စုသွားတာပေါ့၊ ကိုရဲက အိမ်ကို ဆယ်နာရီလောက် ရောက်အောင်လာခဲ့"

ခင်ခင်ထားက ဝင်ရောက် စီမံပေးလိုက်ခြင်းဖြင့် ဘုရားသွားရန် အစီအစဉ်ကို အဆုံးသတ်လိုက်ကြသည်။ ရုံးဆင်းခါနီး၌ ယုယုခိုင်က-

"မောင် ဆက်ဆက်လာဦးနော်"

ဟု စိတ်မချဟန်ဖြင့် မှာသည်။

"လာမှာပါ ယုရဲ့"

"အေးပါ၊ စီစဉ်ပြီးမှ မလာလို့ကတော့ နင်နဲ့ ငါတို့နဲ့ အပြတ်ပဲ ကိုရဲ"

"မခင်ထားကလဲ ခြိမ်းခြောက်လှချည်လား၊ လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ အသေအချာ ကတိပေးလိုက်တော့ အမျိုးသမီး နှစ်ယောက် စိတ်ချစွာ နှုတ်ဆိတ်သွားကြသည်။

❑

ယုံယုခိုင်အား ကတိပေးလိုက်သည့် ထိုနေ့ ညနေမှာပင် ဒုတိယ အဖြစ်အပျက်က တယ်လီဖုန်း ခေါင်းလောင်းသံ တစ်ခုနှင့် စတင်ခဲ့ခြင်း ဖြစ်သည်။

ရုံးမှ ပြန်ရောက်၍ ရေချိုးပြီးချိန်၌ အမေက သူ့အခန်းတံခါးကို ခေါက်ကာ ဖုန်းလာနေတယ်ဟု ပြောသဖြင့် သူ ဧည့်ခန်းသို့ အပြေးအလွှား သွားကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါ"

"ဦးရဲလွင်ငြိမ်းလား၊ နီလာသွယ်ပါ"

မထင်မှတ်သော အမည်နာမက သူ့ကို အနည်းငယ် အံ့သြသွားစေခဲ့သည်။

"နီလာလား၊ ပြောလေ၊ ဒါနဲ့ နေပါဦး၊ ကိုယ့် ဖုန်းနံပါတ် ဘယ်လိုရသလဲ"

"ဦးရဲလွင်ငြိမ်းကလဲ၊ ရှေ့နေဖြစ်ပြီး တုံးလိုက်တာ၊ ကိုပေါ်ကြီးဆီက မေးလိုက်တာပေါ့၊ ပုလဲက ကျွန်တော့်ကို အတင်းဆက်ခိုင်း. . ."





နီလာသွယ်၏ အသံ ရုတ်တရက် ပြတ်တောက်သွားသည်။ ဘာဖြစ်လို့လဲ နီလာဟု သူမေးတော့. .

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး၊ ဦး ပုလဲနဲ့ စကားပြောမလားဟင်၊ ဒီကောင်က ဦးရဲလွင်ငြိမ်းကို မေးစရာရှိလို့တဲ့"

ထို့နောက် မေပုလဲသွယ်၏ အသံဖုန်းခွက်တွင်းမှ ထွက်ပေါ်လာသည်။

"ဦးရဲလွင်ငြိမ်းလား၊ ကျွန်မ ဂစ်တာကော့ဒ် တစ်ခု မေးချင်လို့၊ (C 6) ကို ဘယ်လိုကိုင်လဲဟင်၊ နောက်ပြီး (Fm 6) ရယ်၊ (Bossanova) ဘီရယ်၊ နည်းနည်းလောက် ရှင်းပြပေးပါ"

မေပုလဲသွယ်၏ အသံက ထူးခြားစွာ ဆွဲဆောင်မှုရှိသော ခပ်စူးစူးအသံလေးဖြစ်သည်။ သို့သော် သူမ၏ မေးခွန်းတွေကတော့ စိတ်ပျက်စရာကောင်းပါသည်။

ဂစ်တာကော့ဒ် တစ်ခုကို တယ်လီဖုန်းထဲက ဘယ်လို ရှင်းပြရပါ့မလဲ။

ပြီးတော့ သူမက (Bossanova Beat) ကိုလည်း လောဘတကြီး မေးထားသေးသည်။

"မေပုလဲ ပေါ်လွင့်ကို မေးမကြည့်ဘူးလား"

"ကိုပေါ်ကြီး မရှိဘူး ဦးရဲလွင်ငြိမ်းရဲ့၊ ရှိလဲ သူက စိတ်ရှည်တာ မဟုတ်ဘူး၊ နည်းနည်းလေး မှားတာနဲ့ တအား အော်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင်တော့ သူမရဲ့ အခက်အခဲကို ဖြေရှင်းပေးနိုင်မယ့်လူက သူပဲပေါ့။

"ကောင်းပြီလေ၊ ကိုယ်ပြောပြမယ်၊ အနားမှာ ဂစ်တာရှိလား"

"ဟုတ်"

" (Am 7) ကိုင်တတ်လား၊ (Am) ကိုင်၊ ပြီးတော့ လက်သန်းထိုးလိုက်"

"ကျွန်မ မေးတာ (C 6) လေ၊ ဦးရဲလွင်ငြိမ်း"

"(C 6) နဲ့ (Am 7) နဲ့ အတူတူပဲ မေပုလဲ"

သည်တော့မှ 'သြော်'ဟု တအံ့တသြ ရေရွတ်ရင်း ဒါဆို လွယ်လွယ်လေးပဲဟု သူမ ပြောသည်။ ထို့နောက် (Fm 6) ကို မေးပြန်သည်။ (Fm 6) တိုင်း နှစ်ကြိုးမှာ လက်သန်းထိုး၊ တစ်ကြိုးပေါ်က လက်ညှိုးကို ကြွဟု ဆိုသော်လည်း သူမက မရဘူးဟုသာ အော်နေတော့သည်။

"ဂစ်တာကော့ဒ်ကို ဖုန်းထဲက ပြောရတာ မလွယ်ဘူး မေပုလဲရဲ့"

"ဒါဖြင့် မနက်ဖြန် အိမ်လာခဲ့ပါလား"

မျှော်လင့်မထားသော ဖိတ်ခေါ်မှုကြောင့် သူ နှုတ်ဆိတ်အံ့သြသွားမိသည်။ တကယ်တော့ သူ ပေါ်လွင်တို့ အိမ်ဘက်မရောက်တာ ကြာပြီ ဖြစ်သည်။ ပေါ်လွင်နှင့် ဂစ်တာတွဲတီးပြီးကတည်းက သူ ထပ်မသွားဖြစ်ခဲ့။





"ဘယ်လိုလဲ ဦးရဲလွင်ငြိမ်း၊ လာမယ် မဟုတ်လား"

"ကိုယ် မနက်ဖြန် ချိန်းထားတာ တစ်ခုရှိလို့"

"အရေးမကြီးရင် ဖျက်လိုက်ပါလား ကိုပေါ်ကြီးကပါ ခေါ်ခိုင်းတာ၊ သူက ပြောတယ်။ ဦးရဲလွင်ငြိမ်းကို မနက်ဖြန် လာအောင် ဖုန်းဆက်ခေါ်နိုင်ရင် ကျွန်မတို့ အားလုံးကို လက်ဖက်ရည်တိုက်မယ်တဲ့၊ တကယ်လို့ မလာရင် ကျွန်မက ပြန်တိုက်ရမှာ"

ဘေးနားမှာ တစ်ချိန်လုံး ထိုင်နေဟန်တူသော နီလာသွယ်ကပါ စကားပြောခွက်နားကပ်၍ ဟုတ်တယ် ဦးရဲလွင်ငြိမ်းဟု ဝင်ထောက်ခံသည်။ သူ အားနာစွာပင် ချိန်းထားတာ ဖျက်၍မရကြောင်း ရှင်းပြရသည်။ အမှန်တကယ်လည်း ယုယုခိုင်အား ပေးထားသော ကတိကို သူ့အနေနှင့် ဖျက်ဖို့ မကောင်းပါ။

"ကျွန်မကတော့ မလာ လာအောင် ဆွဲဆောင်ရမှာပဲ၊ ကဲ ဦးရဲလွင်ငြိမ်း လာမယ်ဆိုရင် ကျွန်မ ဂစ်တာတီးပြီး သီချင်းတစ်ပုဒ်ဆိုပြမယ်၊ ဘယ့်နှယ့်လဲ"

သူမ ဆွဲဆောင်ပုံကို သူ ရယ်ချင်သွားတော့သည်။ ဘယ်လောက်များ ကလေးဆန်လိုက်တဲ့ မေပုလဲသွယ်ပါလဲ။

"ကိုယ် တနင်္ဂနွေကျရင် လာခဲ့ပါ့မယ်၊ မနက်ဖြန်ကတော့ တကယ် မအားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တနင်္ဂနွေနေ့ကျရင် ကျွန်မတို့ ရှိတော့မှာ မဟုတ်ဘူး၊ အိမ်ပြောင်းတော့မှာ၊ ရပါတယ်လေ၊ ဦးရဲလွင်ငြိမ်းက ကျွန်မတို့ကိုခင်မှာ မခင်တာ၊ မလာချင်လဲ နေပေါ့"

"မဟုတ်ပါဘူး မေပုလဲရဲ့"

သို့သော် သူမ သူ့စကားကိုဆုံးအောင် နားထောင်မသွားပါ။ ဖုန်းလိုင်းပြတ်တောက်သံကသာ နားထောင်ခွက်တွင်းမှ တတူတူ ထွက်ပေါ်လာသည်။

□



(၄)

ယုယုခိုင်ထံ သူ အာရုံတွယ်ငြိမှု နည်းပါးနေရခြင်း၌ အကြောင်းတစ်စုံတစ်ရာ ရှိမည်ဆိုပါက ထိုတစ်စုံတစ်ရာမှာ မေပုလဲသွယ်သာ ဖြစ်ပါလိမ့်မည်။

သူ၏ စိတ်တို့ ယုယုခိုင်ထံ၌ မရှိဘဲ မေပုလဲသွယ်ထံ၌သာ ရစ်ဝဲခိုတွယ်နေကြောင်း သူစတင် သတိပြုမိသည်မှာ နောက်တစ်နေ့ ပေါ်လွင်တို့ အိမ်တံခါးဝသို့ ရောက်ရှိသွားချိန်မှာ ဖြစ်သည်။

တကယ်တော့ သူနှင့်တစ်စုံတစ်ရာ မပတ်သက်သော ကောင်မလေးတစ်ယောက်ကြောင့် သူ့အား မောင်ဟုခေါ်သော အမျိုးသမီးတစ်ယောက်နှင့် ချိန်းဆိုထားခြင်းကို ဖျက်လိုက်ရသည်မှာ ဘယ်လိုမှ မဖြစ်သင့်သော ကိစ္စ ဖြစ်သည်။ သို့သော် ထိုကိစ္စအား အံ့ဩဖွယ်ကောင်းလောက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သူ အမှန်တကယ် လုပ်ဆောင်ဖြစ်ခဲ့သည်။ အရေးပေါ် ကိစ္စတစ်ခုကြောင့်ဟု အကြောင်းပြလျက် ခင်ခင်ထားထံ ဖုန်းဆက်ပြီး သူမလာဖြစ်တော့ကြောင်း အကြောင်းကြားတော့-

"ဟာ နင်ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာ ယုလဲ ရောက်နေပြီဟ၊ ငါတို့ နင့်ကို စောင့်နေကြတာ"

ဟုပြောရင်း မကျေမနပ် အပြစ်တင်သည်။ ထို့နောက် ယုနဲ့ပြောဟုဆိုကာ ယုယုခိုင်ထံသို့ ဖုန်းပေးလိုက်သည်။

"ကျွန်တော် မလာဖြစ်တော့ဘူး ယု၊ ဟို အရေးတကြီးကိစ္စတစ်ခုပေါ်လာတာနဲ့"

"ဩော်"

သူမ အကြာကြီး တိတ်ဆိတ်သွားပြီးမှ-

"အင်း မောင့်ကိစ္စ အရေးကြီးရင်လဲ မလာနဲ့တော့လေ၊ ရပါတယ်"

သူ၏ အရေးတကြီးကိစ္စမှာ ဘာလဲဟုပင် သူမ မမေးဘဲ လိုက်လျောခွင့်ပြုခဲ့သည်။ သူက တနင်္ဂနွေနေ့ ထပ်စီစဉ်ရန် ပြောတော့ ရပါတယ်၊ နောက်တစ်ပတ်မှပဲ အေးအေးဆေး သွားကြတာပေါ့ဟု သူမ ပြန်ပြောသည်။

ချိန်းဆိုပြီးမှ ကတိဖျက်ခဲ့မိခြင်းအတွက် သူ စိတ်မကောင်းဖြစ်ရသော်လည်း ဘယ်လိုမှ မတတ်နိုင်ပါ။ ပို၍ စိတ်မကောင်းဖြစ်ဖွယ် ကောင်းတာကတော့ ပေါ်လွင်တို့အိမ်ရောက်သွားချိန်၌ မေပုလဲသွယ် သူ့အား ပြောပြခဲ့သည့် စကားဖြစ်သည်။





"ကျွန်မတို့ ဆနီးဒေးကျရင် ပြောင်းမယ်ဆိုတာ မဟုတ်ဘူး ဦးရဲလွင်ငြိမ်းရဲ့၊ ဦးရဲလွင်ငြိမ်း ဒီနေ့ ရောက်လာအောင် တမင်ညာပြောတာ"

သို့သော် ပေါ်လွင်နှင့် လောင်းထားသည်ဆိုခြင်းကတော့ အမှန်ပါဟု ဆိုသည်။

"အဲလို လောင်းထားလို့ ဦးရဲလွင်ငြိမ်း မလာလာအောင် တမင် ညာရတာ၊ နို့မို့ဆို ဒီပွဲမှာ ကျွန်မ ရှုံးသွားမှာပေါ့"

"လက်ဖက်ရည်ကြေးလောင်းတာပဲ၊ရှုံးတော့ဘာဖြစ်လဲ"

ပေါ်လွင်က ဝင်ပြောတော့ သူမ လက်မခံစွာ ခေါင်းယမ်းသည်။

"လောင်းကြေးက အဓိကမဟုတ်ပါဘူး။ အရှုံးအနိုင်ကသာ အဓိကပါ"

"ဒါပေမယ့် ငရဲက ချိန်းထားတာ ဖျက်ပြီးလာရတာဟ"

"ဒါကတော့ ချိန်းထားတဲ့ကိစ္စကမေပုလဲသွယ်လောက် အရေးမကြီးလို့ပေါ့၊ ဟုတ်ဘူးလား ဦးရဲလွင်ငြိမ်း"

လောင်းထားတာ အနိုင်ရလိုက်သဖြင့် ပျော်နေပုံရသော မေပုလဲသွယ်က သူ့အား ခပ်သွက်သွက်မေးတော့ သူ ဘာပြန်ဖြေရမှန်း မသိပါ။ အကယ်၍ သူ ချိန်းထားသောကိစ္စကိုသာ သူမ အမှန်အတိုင်း သိပါက ခုလို ပြောပါ့မလားဟု သူ စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လက်ဖက်ရည်တိုက်မယ်ဆို ကိုပေါ်ကြီး၊ သွားကြမယ်လေ"

သူမက ဦးဆောင်ကာ လက်ဖက်ရည်ဆိုင်သွားရန် တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသဖြင့် ပေါ်လွင် ခေါင်းညိတ်လိုက်ရသည်။ ပေါက်ပေါက်နှင့် နီလာသွယ် အပါအဝင် သူတို့တစ်အုပ်ကြီး လက်ဖက်ရည်ဆိုင်သွားရန် တိုက်ပေါ်မှ ဆင်းကြတော့ မေပုလဲသွယ်က နောက်ချန်လျက် သူ့အား တိုးတိုးကပ်ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဦးရဲလွင်ငြိမ်းကို ကျွန်မ တကယ် ခင်သွားပြီ သိလား"

"ဘာဖြစ်လို့လဲ"

"ကျွန်မ အနိုင်ရအောင် ကူညီလို့လေ"

သူ့အား ချစ်ပါတယ်ဟု ဝန်ခံထားသော အမျိုးသမီး တစ်ယောက်အပေါ် ကတိဖျက်လိုက်ရခြင်း၏ ရလဒ်ကတော့ ဒါပဲ ဖြစ်သည်။ ထိုရလဒ်ကတော့ သူ့ရင်းနှီးခဲ့မှုတို့အတွက် ထိုက်တန်ခြင်း ရှိမရှိကိုတော့ သူ စဉ်းစားမကြည့်ခဲ့ပါ။

ဆိပ်ကမ်းသာလမ်းထိပ်ရှိ နေရောင်ခြည် လက်ဖက်ရည်ဆိုင်သို့အသွားသူမတို့ လူငယ်သုံးယောက်က ရှေ့မှ လျှောက်ပြီး သူနှင့်ပေါ်လွင်က နောက်ချန်လျက် သပ်သပ် လျှောက်သည်။





"နေပါဦး မင်းက မကြီးမငယ်နဲ့ ဘာအရှုံးထတာလဲ ပေါ်လွင်"

"ဘာကိုလဲ"

"မေပုလဲနဲ့ အလောင်းအစားလုပ်တဲ့ကိစ္စကိုပြောတာ"

"ဘာရယ် မဟုတ်ပါဘူး၊ သိချင်လို့ပါ"

"ဘာကိုလဲ"

"ပုလဲ မင်းဆီကို တကယ်ဖုန်းဆက်ရဲ မရဲ၊ ပြီးတော့ မင်း လာမလာ"

"တော်တော် ကြောင်တာပဲ"

သို့သော် ပေါ်လွင် တကယ် မကြောင်မှန်းကို သူအသိဆုံးဖြစ်သည်။ ဆက်ပြောလိုက်သော စကားက သူ့အထင် မှန်ကန်ကြောင်း ပိုမိုသေချာ သွားစေခဲ့သည်။

"မိနေ့ ပုလဲ မင်းကို ဂစ်တာ တီးပြလိမ့်မယ် ထင်တယ် ငရဲ"

"ဘာဖြစ်လို့လဲ"

"မနက်က တစ်မနက်လုံး သူ အတီးကျင့်နေတာ တွေ့တယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် လပေါင်း ငါးဆယ်ကျော် ငယ်ပြီး၊ သူ့အား 'ဦးရဲလွင်ငြိမ်း' ဟု ခေါ်တတ်သော မေပုလဲသွယ်နှင့် သူ၏ ရင်းနှီးမှုမှာ သူ့ကိုယ်သူ တအံ့တသြ ဖြစ်ယူရလောက်အောင်ပင် မယုံနိုင်ဖွယ် တိုးတက်လျင်မြန်ခဲ့သည်။

ထို လျင်မြန်မှုကို ပိုမို အထောက်အကူ ဖြစ်စေတာကတော့ ပေါ်လွင်၏ ရှစ်ကြိုးတပ် ဂစ်တာလေးဖြစ်သည်။ သူ ပေါ်လွင့်ဆီ ရောက်သွားတိုင်း သူမက ထိုဂစ်တာလေးကို အမြဲတို့ထိ ဆော့ကစားနေတတ်ပြီး သူ ရောက်လာတာ မြင်သည်နှင့် သူမ မသိသေးသော ကော့ဒ် အသစ်အဆန်း တစ်ခုခုအား ကိုင်ပြရန် အမြဲ ပူဆာတတ်သည်။

ပေါ်လွင်ကတော့ ငှင်းနေ့စဉ် ကြုံတွေ့နေရသည့် ဒုက္ခတစ်ခု သူ့ဆီသို့ လွှဲပြောင်း ရောက်ရှိလာသဖြင့် ဝမ်းသာနေသည်။

"ငါက ဂစ်တာသာ တစ်နေ့လုံး ထိုင်တီးနေချင်တာ၊ သူများကို အတီးသင်ပေးဖို့ကတော့ ငါးမိနစ်လောက်တောင် စိတ်ရှည်တာ မဟုတ်ဘူး။ ဒီကောင်မလေးကလဲ မေးသလား မမေးနဲ့၊ တွေ့သမျှ သီချင်းစာအုပ်တွေထဲက ကော့ဒ် အသစ်အဆန်း မှန်သမျှ အကုန် လာမေးတာပဲ၊ မင်းလာမှပဲ အဲဒီဝဋ်က ငါ ကျွတ်တော့မယ်"

ပေါ်လွင်က မေပုလဲသွယ်အား ဂစ်တာကော့ဒ် ပြပေးရခြင်းကို စိတ်ရှည်သူ မဟုတ်ပါ။ ထို့အတူ သူကိုယ်တိုင် က





လည်း ဂစ်တာတီး သင်ပေးရခြင်းကိစ္စ၌ ပါရမီ ပါသူ တစ်ယောက်တော့ မဟုတ်။ သို့သော် သူမ မေးသမျှ ဂစ်တာကော့ဒ်များကိုတော့ စိတ်ရှည်လက်ရှည် ရှင်းပြပေးခဲ့သည်။

သူမကလည်း ပေါ်လွင် ညည်းညူရလောက်အောင်ပင် ခဲရာခဲဆစ် ကော့ဒ် မှန်သမျှကို လောဘတကြီး မေးမြန်းတတ်သည်။ ဥပမာ (+) (aug) (dim) လို ကော့ဒ်များဖြစ်သည်။ တစ်ခါ တစ်ရံ '(13) ကော့ဒ်တစ်ခု ကျွန်မ တွေ့လိုက်တယ် သိလား၊ အင်္ဂလိပ် သီချင်းစာအုပ်ထဲမှာ (G 13) တဲ့ ရေးထားတယ်၊ အဲဒါ ဘယ်လိုကိုင်မလဲ ဦးရဲလွင်ငြိမ်း"

သူမ မေးသမျှ ကော့ဒ် တော်တော်များများကို သူ ကိုင်တတ်ပါ။

"နေပါဦး မေပုလဲ၊ အဲဒီကော့ဒ်တွေကို ဘယ်လိုသီချင်းမျိုးတွေမှာ အသုံးချရမှာလဲ"

"အဲဒီကော့ဒ်တွေ ကိုင်တီးရတဲ့ သီချင်းတွေမှပေါ့ ဦးရဲလွင်ငြိမ်းရဲ့"

"အဲဒါမျိုးက အပုဒ်နှစ်ဆယ်မှာမှ တစ်ပုဒ်လောက် ပါတာ၊ အဲဒီလောက် ခက်ခက်ခဲခဲ ကော့ဒ်တွေ မေပုလဲ သိစရာလိုဘူး၊ မေပုလဲကို ကိုယ်တစ်ခုမေးမယ်၊ (G m) တို့ (G 7) တို့ ကော့ဒ်တွေ တွေ့ရင် ဘေ့(စ်)တီးတဲ့လူက ဘာတီးမလဲ"

"(G) ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်းရှင်းလေးပဲ၊ (G) နဲ့ ပတ်သက်တဲ့ ကော့ဒ် တစ်ခုခုတွေ့လို့ မေပုလဲ ရှုတ်တရက် မကိုက်တတ်ရင် (G)ကိုပဲ ကောက်ကိုက်လိုက်ပေါ့"

"ဟာ ဒါပေမယ့်"

သူမ စိတ်မကျေနပ်ဟန်ဖြင့် ရေရွတ်ရင်း နှုတ်ဆိတ်သွားသည်။

"ကောင်းပြီလေ၊ မေပုလဲ သိပ်ဆန္ဒပြင်းပြရင် နောက်နေ့ ကိုယ့်အိမ်မှာရှိတဲ့ ကော့ဒ်စာရွက်ကြီး ယူလာပေးမယ်၊ အဲဒီထဲမှာ မေပုလဲ သိချင်တဲ့ ကော့ဒ်တွေ အကုန်ပါတယ်"

သို့သော် သူမက ချက်ချင်းခေါင်းယမ်းသည်။

"အဲလို စာရွက်တွေ ကျွန်မမှာ တစ်ပုံကြီးရှိသားပဲ"

"ဘာဖြစ်လို့ အဲဒီထဲက ကြည့်မတီးလဲ"

"အဲလို ကြည့်ပြီး ကျင့်ရတာက မမှတ်မိဘူး ဦးရဲလွင်မြိမ်းရဲ့၊ ဒါကြောင့် ဦးရဲလွင်မြိမ်းတို့ကို မေးရတာ"

"ဒါပေမယ့် မေပုလဲမေးသမျှ ကော့ဒ်တွေကို ကိုယ်မှ အကုန်မရတာ"

"ဒါဆို လွယ်ပါတယ်၊ မရတဲ့ကော့ဒ်တွေကို အိမ်က စာရွက်မှာ ကြည့်ပြီး ကျင့်လာခဲ့ပေါ့၊ နောက်နေ့ ကျွန်မကို ပြန်သင်ပေးလေ၊ ဘယ့်နှယ်လဲ"

ဘယ်လောက်များ ဒုက္ခပေးလိုက်တဲ့ ကလေးမပါလဲ၊ သူမကြောင့် သူ့မှာ ကော့ဒ်အသစ်အဆန်းတွေကို တပင်တပန်း





ပြန်ကြည့်ရသည်။ ထို့အပြင် စနေ၊ တနင်္ဂနွေပေါ်လွင်နှင့်သူ ....တာ တွဲတီးချိန်၌ သူမ သီချင်းစာအုပ်တွေ တစ်ထပ်ကြီး ....ပြီး အနား ရောက်လာတိုင်းဘယ်လို ကော့ဒ်မျိုးများ ရုတ်တရက် ကောက်မေးလိုက်မလဲဟု တထိတ်ထိတ် ဖြစ်နေရတော့သည်။

သို့သော် သူမကို သင်ပေးရခြင်း၌ သူ စိတ်ချမ်းသာတာ တစ်ခုက သူမမှာ ဂီတနှင့်ပတ်သက်လျှင် အလွန်အတတ်မြန်သူ တစ်ယောက်ဖြစ်နေခြင်းပဲ ဖြစ်သည်။ တစ်ရက် ခင်မောင်တိုး၏ "စောင်းကြိုးရှိုက်သံ"သီချင်းကို သူတီးနေစဉ် သူမ ရောက်လာပြီး-

"ဟာ အဲဒီသီချင်း ကျွန်မ သိပ်ကြိုက်တာပဲ၊ သင်ပေးပါ"

ဟု ပူဆာတော့သည်။ ထိုသီချင်းမှာ (Plucking) သီချင်းဖြစ်သဖြင့် လက်အနေအထားကို အရင် သင်ရသည်။

"ညာလက်ကို ကြိုးတွေပေါ်မှာ အုပ်ကိုင်၊ လက်မကို ကြိုးနံပါတ် (၄၊ ၅၊ ၆)၊ လက်ညှိုးကို (၃)ကြိုး၊ လက်ခလယ်ကို (၂)ကြိုး၊ လက်သူကြွယ်ကို (၁)ကြိုးတီး၊ သီချင်းမတီးခင် ကော့ဒ်တစ်ခုနဲ့ ကြိုးတွေ ကုတ်ပုံကို အရင်ကျင့် (D) ဆိုရင် အရင်ဆုံး လက်မနဲ့ (၄)ကြိုးကိုတီး၊ နောက် (၃၂၃၁၃၂)အစဉ်အတိုင်း တီးကြည့်၊ အစအဆုံးဆိုရင် ကြိုးနံပါတ်တွေ (၄၃၂၃၁၂၃၂)၊ ....တီးကြည့်"

ဘုရားတရလောက်အောင် သူမ၏ မှတ်ဉာဏ်က စူး...လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ်ကြာတော့ ခင်မောင်တိုး၏ စောင်းကြိုးရှိုက်သံသီချင်းကို သူမ ကျွမ်းကျင်စွာ တီးနိုင်သွားတော့သည်။

"ဘယ်လိုလဲဟင်၊ဦးရဲလွင်ငြိမ်း၊ကျွန်မတီးတာမှန်ရဲ့လား"

သီချင်းကို အစအဆုံး နှစ်ကြိမ်လောက်တီးပြီး၊ အတည်ပြုချက် ရယူလိုဟန်ဖြင့် သူမ သူ့ကို မော့ကြည့်ရင်း မေးသည်။

"မှန်တယ်၊ မေပုလဲ ဉာဏ်သိပ်ကောင်းတာပဲ"

"ဟုတ်လား၊ ဟုတ်လား၊ တကယ်ပဲလား၊ဦးရဲလွင်ငြိမ်း"

"တကယ်ပေါ့၊ ဒီသီချင်းကို ဘယ်သူမှ ဒီလောက် မြန်မြန်ဆန်ဆန် တီးတတ်ဖို့ မလွယ်ဘူး"

သူ ချီးကျူးလိုက်တော့သူမက ခေါင်းမော့လျက် 'အိုး" ဟု ရေရွတ်လျက်-

"ကြည့်စမ်း၊ ဒါတောင် ကျွန်မ ဦးနှောက်ကို အကုန်အသုံးချသေးတာ မဟုတ်ဘူးသိလား၊ ကျွန်မ ဘယ်လောက်တော်လိုက်သလဲနော်"

ညစ်ကျယ်ကျယ်နိုင်လှသော အပြောကြောင့် သူမ၏ ခေါင်းကို သူလှမ်းပုတ်ရန် ပြင်လိုက်ပြီးမှ မသင့်တော်ပါဘူးလေ ဟူသော အတွေးဖြင့် သူ အပြုအမူကို ရပ်တန့်လိုက်မိသည်။ ခပ်လှမ်းလှမ်း၌ ဝတ္ထုထိုင်ဖတ်နေသော ပေါ်လွင်ကတော့ သူ့အပြုအမူကို သတိထားမိဟန် မတူပါ။

❑





တစ်ခါတစ်ရံတော့ မေပုလဲသွယ်အတွက် စိတ်ရှည်သက်ရှည် အချိန်ပေးနေမိခြင်းအား သူ့ကိုယ်သူပင် နားမလည်နိုင်အောင် ဖြစ်နေမိသည်။ အသားဖြူကာ အနည်းငယ် ပါးလျန်သွယ်ပြီး ဆံပင်ရှည်ရှည်လေးများကို ပိုင်ဆိုင်သော သူမသည် ချစ်စရာကောင်းသော်လည်း သူ့ထက် အသက်များစွာငယ်ရွယ်သူ ဖြစ်သည်။

ထိုသို့သော ကလေးမလေးက သူ့အနီးမှ ယုယုခိုင်ကို ကျော်လွန်လျက် သူ့စိတ်ကို လွှမ်းမိုးထားနိုင်ခြင်းမှာ နည်းနည်းတော့ အံ့သြစရာ ကောင်းပါသည်။ သို့သော် ထိုကလေးဆန်သော ကောင်မလေး၏ လွှမ်းမိုးမှုကိုတော့ သူ မတွန်းလှန်နိုင်ခဲ့ပါ။

စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တိုင်း သူမထံသို့ သူရောက်ရှိသွားတတ်သလို၊ သူမကလည်း 'ဦးရဲလွင်ငြိမ်း ဒီနေ့ နောက်ကျတယ်၊ ကျွန်မ အစောကြီးကတည်းက မျှော်နေတာ'ဟူသော စကားမျိုးဖြင့် သူ့အား ကြိုဆိုတတ်သည်။

ထိုရက်များအတွင်း သူ စိတ်အားအနည်းငယ် လှုပ်ရှားစေမည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။ တစ်ရက် ပေါ်င် ဆေးပေါ့လိပ်သွားဝယ်တုန်း နီလာသွယ်က သူ့အား မေးခွန်းတစ်ခု မေးသည်။

"ဦးရဲလွင်ငြိမ်းတို့ရုံးမှာရှေ့နေမတွေအများကြီးပဲ လား"



www.burmeseclassic.com

www.burmeseclassic.com



နီလာသွယ်က ဘယ်လို ရည်ရွယ်ချက်ဖြင့် မေးမှန်း မသိသော်လည်း သူ ခပ်တည်တည် ခေါင်းညိတ်ပြလိုက်သည်။

"ဟာ ဒါဆို ဦးရဲလွင်ငြိမ်းတို့ ပွတာပေါ့"

နီလာသွယ်က ခပ်ကျယ်ကျယ် ရေရွတ်ရင်း-

"အဲဒီထဲက တစ်ယောက်ယောက်နဲ့ ဦးရဲလွင်ငြိမ်း ရည်းစားမဖြစ်ဘူးလား"ဟု စူးစမ်းသည်။ ကလေးဆန်သော နီလာသွယ်၏ အမေးကို သူရယ်မောကာ ,ဖြစ်တာပေါ့ဟု အဖြေပေးလိုက်သည်။

"ဟယ် ဒါဆို ဦးရဲလွင်ငြိမ်းက ရည်းစားနဲ့ပေါ့"

"ဒါပေါ့"

"အမယ် မညာပါနဲ့၊ မရှိပါဘူး"

အသေအချာကြီး ပြောလာသော နီလာသွယ် စကားကြောင့် 'ဘယ်သူပြောလဲ'ဟု သူမေးတော့ 'ကိုပေါ်ကြီး'ဟု ဖြေသည်။

'ပေါ်လွင် မသိသေးလို့ပါ၊ ကိုယ့်မှာ ရည်းစားရှိတာ မကြာသေးဘူး"

"သူက ရှေ့နေပဲလား"

"အင်း"

သူ ခပ်တည်တည်ပြောလိုက်တော့ နီလာသွယ် နှုတ်ဆိတ်သွားသလို ဘေးနားမှာ ဂစ်တာကြီး ညှိနေသော မေပုလဲ





သွယ်လည်း ငြိမ်သက်သွားသည်။ တအောင့်နေမှ မေပုလဲသွယ် သူ့ကို ရုတ်တရက် မေးသည်။

"သူက လှလား ဦးရဲလွင်ငြိမ်း"

"လှတယ်"

"ကျွန်မထက် လှသလား"

ထူးဆန်းသော မေးခွန်းကြောင့် သူ ဘာပြန်ဖြေရမှန်း မသိစွာ မေပုလဲသွယ်ကို ငေးကြည့်လိုက်မိသည်။

တကယ်တော့ ခုလို မေးခွန်းမျိုးကို သူမ မေးဖို့ မကောင်းပါ။

အထူးသဖြင့် ရည်ရွယ်ချက် တစ်စုံတစ်ရာ မရှိလျှင် ပြီး မေးလို့မကောင်း။

သို့သော် သူမကတော့ မပွင့်တပွင့် ပြုံးရင်း ထပ်မေးသည်။

"သူက ကျွန်မလို ဆံပင်ရှည်သလား ဟင်၊ ပြီးတော့ ကျွန်မလိုကော ဂစ်တာတီးတတ်သလား"

ဒါဟာ သူမ အမှန်တကယ် မေးမြန်းနေတာ ဆိုလျှင်တော့ သူ မဖြေဘဲနေဖို့ မကောင်းပါ။ သူ ခေါင်းယမ်းပြလိုက်တော့ သူမ မဲ့ပြုံးပြုံးလျက် အသံထွက်ကာ ဟက်ခနဲ တစ်ချက် ရယ်သည်။

သာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဦးရဲလွင်ငြိမ်းရဲ့ ရည်းစားကမေပုလဲသွယ်ထက် သာတယ်လို့ ဘယ်ပြောလို့ရမလဲ"

ထို့နောက် သူမ ထိုင်ရာမှ ထကာ အိမ်အတွင်းဘက်သို့ ဝင်သွားသည်။

သူကတော့ မေပုလဲသွယ်၏ စကားကြောင့် တအံ့တသြဖြင့် ငြိမ်သက် ကျန်ရစ်ခဲ့တော့သည်။

□





(၅)

သူ့ဘဝ၏ ပထမဦးဆုံး အပြောင်းအလဲမှာ ချစ်တယ်ဟူသော စကားလုံးပါသည့် ယုယုခိုင်၏ စာတိုလေးတစ်စောင် သူ့လက်ထဲသို့ ရောက်ရှိလာသည့် အဖြစ်အပျက် ဖြစ်ပါက သူ၏ ဒုတိယမြောက် အပြောင်းအလဲမှာ မေပုလဲသွယ် သူ့ဘဝထဲသို့ ညင်သာစွာ ဝင်ရောက်လာခဲ့သည့် အဖြစ်အပျက်ပင် ဖြစ်ပါလိမ့်မည်။

ထိုအဖြစ်အပျက်မှာ သူ တင်ကြို ကြံစည်ခဲ့သောအဖြစ်အပျက် မဟုတ်သလို လုံးဝမျှော်လင့်မထားခဲ့မိသော အဖြစ်အပျက်လည်း မဟုတ်ပါ။ တကယ်တော့ ထိုအဖြစ်အပျက်သည် တိုက်ဆိုင်စွာ ဖြစ်ပွားခဲ့ခြင်းသာ ဖြစ်သည်။

မေပုလဲသွယ် သူ့ဘဝတွင်းသို့ ချဉ်းကပ်ဝင်ရောက်လာခဲ့သော ထိုနေ့သည် ဒီဇင်ဘာလ (၁၆)ရက်၊ စနေနေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုနေ့က သူ ရောက်သွားတော့ သူမတို့ အိမ်၌ ပေါ်လွင်ရော လူကြီးတွေပါ ရှိမနေကြပါ။ သူမက ဆက်တီပေါ်၌ ထိုင်ကာ ကက်ဆက် နားထောင်နေရာမှ သံစုံမြည် ခေါင်းလောင်းသံကြောင့် သူ့ကို တံခါးလာဖွင့်ပေးခဲ့သည်။

ငြိမ်သက် တိတ်ဆိတ်နေသော အိမ်တွင်းသို့ သူ တစ်ချက် ဝေ့ဝဲကြည့်လိုက်ရင်း 'ဘယ်သွားကြလဲ မေပုလဲ'ဟု မေးလိုက်သည်။ သူမက ဆောင်းဘောက်တွင်းမှ ထွက်ပေါ်နေသည့် ဇော်ဝင်းထွဋ်၏ အသံကို တိုးလိုက်ပြီး သူ့ဘက်သို့ လှည့်ကာ အဖြေပေးသည်။

"လူကြီးတွေနဲ့ ပေါက်ပေါက်က အလှူသွားတာ ကိုပေါ်ကြီးကတော့ မသိဘူး၊ မနက်ကတည်းက ထွက်သွားတာပဲ"

"မေပုလဲ တစ်ယောက်ထဲပေါ့"

"ဟင့်အင်း၊ နီလာ ရှိတယ်"

သို့သော် နီလာသွယ်ကို သူမတွေ့ပါ။ အိပ်ခန်းတွင်း၌ အိပ်နေခြင်းသော် လည်းကောင်း၊ ဝတ္ထု ဖတ်နေခြင်းသော် လည်းကောင်း ဖြစ်နိုင်သည်။ လူကြီး မရှိဘဲ မနေသင့်ဟု တွေးလိုက်မိသဖြင့် သူ ပြန်ရင် ထရပ်လိုက်တော့-

"ပြန်တော့မလို့လား"

ဟု သူမ မျက်မှောင်ကြုတ်လျက် ကြည့်ရင်း မေးသည်။





"အင်း ညနေမှပဲ လာတော့မယ်၊ လူကြီးတွေ မရှိတော့ မကောင်းဘူးလေ"

သူမ ဘာမှမပြောဘဲ ခေါင်းညိတ်လျက် သူ့အားတံခါးဝသို့ ပြန်လိုက်ပို့သည်။ ဖိနပ်စီးလျက် အိမ်ပြင်သို့ ထွက်ရန် ပြင်ချိန်၌ သူမ ရုတ်တရက် စကားစသည်။

"ကျွန်မ ဦးရဲလွင်ငြိမ်းကို တစ်ခုလောက် မေးမလို့"

သူမကို လှည့်ကြည့်လိုက်သည်။ သူမ၏ ပုံက ခဲရာခဲဆစ် ဂစ်တာကော့ဒ်တစ်ခုကို မေးမည့်ပုံမျိုးတော့ မဟုတ်ပါ။

"ဘာလဲ မေပုလဲ"

"ဦးရဲလွင်ငြိမ်းမှာ ရည်းစားရှိတာ တကယ်လား"

သူမ၏ မျက်ဝန်းတို့က ထိုမေးခွန်း၏ အဖြေကို အမှန်တကယ် စိတ်ဝင်စားနေကြောင်း သံသယဖြစ်ရန် မလိုပါ။ သူမ၏ မျက်ဝန်းတို့ကို ကြည့်ရင်း သူမ မေးတာကို ဖြေဖို့ထက် သူမ ဘာဖြစ်လို့ ထိုမေးခွန်းမျိုး မေးလာရသလဲဆိုသည်ကို သာ သိချင်သွားတော့သည်။

"တင် ဦးရဲလွင်ငြိမ်း၊ တကယ်လား"

"နေပါဦး-အဲဒီ မေးခွန်းဟာ မေပုလဲနဲ့ ကိုယ့်အကြားမှာ အရေးကြီးလို့လား"

တကယ်တော့ သူ ထိုသို့ ပြန်ပေးလိုက်ဖို့ မကောင်းပါ၊ ထို့အတူ သူမကလည်း ခေါင်းညိတ်လိုက်ဖို့ မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အရေးကြီးတာလဲ"

သူမကို စိုက်ကြည့်ရင်းမေးလိုက်တော့-

"ဦးရဲလွင်ငြိမ်း အရင်ဖြေ"

ဟု ဆိုသည်။

"ကဲ မရှိဘူးပဲ ထားပါတော့"

"ဟင့်အင်း၊ အတိအကျဖြေလေ"

"မရှိဘူး"

သူ တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် သူ့နှုတ်က လိမ်ညာ ဖြေဆိုမိပြီး ဖြစ်နေတော့သည်။ သူ့အဖြေအဆုံး သူမ၏ မျက်ဝန်းတို့ ဖျတ်ခနဲ ဝင်းလက်သွားကြကြောင်း သူ သတိပြုမိလိုက်သည်။

"ကဲ ဒီတစ်ခါ မေပုလဲ ဖြေ"

သူ ပြန်မေးတော့ သူမ ရယ်မောလျက် ခေါင်းယမ်းသည်။

"ဦးရဲလွင်ငြိမ်း အညာခံလိုက်ရပြီ၊ ကျွန်မက ဦးရဲလွင်ငြိမ်းကိုသာ မေးချင်တာ၊ ပြန်ဖြေချင်တာ မဟုတ်ဘူး၊ ကဲ တံခါးပိတ်လိုက်တော့မယ်နော်"

သူမ ပြုံးစေ့စေ့ဖြင့်ပြောရင်း တံခါးပိတ်ရန် ပြင်တော့ သူ တံခါးကို အသာတွန်းထားလိုက်သည်။

"ဒီလို ဘယ်ရမလဲ မေပုလဲရဲ့၊ ကတိဟာ ကတိပဲ"



"ကျွန်မမှ ကတိပေးမထားတဲ့ဟာ၊ ဘာလို့ ဖြေရမှာလဲ၊ ဦးရဲလွင်ငြိမ်း ညနေမှပဲ လာတော့နော်၊ လူကြီးတွေ မရှိတော့ ကောင်းဘူးလေ"

သူ ပြောခဲ့သောစကားဖြင့် သူမ သူ့ကိုပြန်နောက်သည်။ သူဘာမှ ပြန်မပြောဘဲ သူမကို စိုက်ကြည့်နေလိုက်တော့ က်ရှုံ့လာဟန်ဖြင့် ခေါင်းငုံ့ကာ 'ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲ ဦးရဲလွင်ငြိမ်းရဲ့'ဟု သူမ ခပ်တိုးတိုး ရေရွတ်သည်။

ထို့နောက် သူ့ဘဝ၏ ဒုတိယမြောက် အပြောင်းအလဲ ာ စတင်ဖြစ်ပျက်လေတော့သည်။ ထိုအဖြစ်အပျက် အစသည် သူမ သူ့ရှေ့မှ ထွက်ပြေးရန် မိုက်မဲစွာ ကြံစည်ခြင်းကြောင့်လား၊ သို့မဟုတ် သူကိုယ်တိုင်က မိုက်မဲစွာ သူမ၏ လက်ကို လှမ်းဆွဲလိုက်မိခြင်းကြောင့်လား ဟူ၍တော့ မသိပါ။

သူ သတိထားလိုက်မိချိန်၌ သူမ သူ့ရင်ခွင်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

တကယ်တော့ ထိုသို့ဖြစ်ဖို့ မကောင်း။

ပိုပြီး ဖြစ်ဖို့မကောင်းတာက 'ကိုယ် မေပုလဲကိုချစ်တယ်'လို့ ပြောလိုက်မိတာမျိုး၊ 'မေပုလဲရော ကိုယ့်ကိုချစ်လား'လို့ မေးလိုက်မိတာမျိုးပေါ့၊ ဒါပေမယ့် 'ကျွန်မကို လွှတ်လေ'လို့ မေပုလဲ ပြောလာချိန်၌ ထိုအဖြစ်အပျက် အားလုံးက ကံဆိုးစွာ ဖြစ်ပျက်ပြီး ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ လွှတ်ဦးလေ၊ ဦးရဲလွင်ငြိမ်းရဲ့"

သူမ ညင်သာစွာ ရုန်းရင်း ပြောသည်။ ထို့နောက် သူ့ မျက်နှာကိုမော့ကြည့်ပြီး ဖျောင်းဖျောင်းဖျဖျ အသံဖြင့်

"ညနေ ပြန်လာနော်၊ အဲဒီကျရင် ကျွန်မအဖြေပေးမယ် သိလား"

"ကိုယ် မေပုလဲကို မယုံတော့ဘူး"

"ဒီတစ်ခါ တကယ်ပါ ဦးရဲလွင်ငြိမ်းရဲ့၊ တကယ် အဖြေပေးမှာ"

စကားဆုံးသည်နှင့် သူမ သူ့လက်ကို ဆွဲဖယ်ကာ သူ့ရင်ခွင်တွင်းမှ လွတ်မြောက်သွားတော့သည်။ သူမ၏ မချို မချဉ် မျက်နှာကို သူ အတန်ကြာ ငေးကြည့်နေမိပြီးမှ 'ညနေနော် မေပုလဲ၊ ကိုယ် တကယ်ပြန်လာမှာ'ဟု ပြောကာ လှည့်ထွက်လာခဲ့သည်။

ပထမဆုံး လှေကားထစ်ကို စတင် ဆင်းရန်ပြင်ချိန်၌ တံခါးပိတ်သံ ခပ်တိုးတိုးနှင့်အတူ ဦးရဲလွင်ငြိမ်းဟူသော သူမ၏ ခေါ်သံကို ကြားလိုက်ရသည်။ သူ ပိတ်ထားသော တံခါးဘက်သို့ ပြန်လှည့်ကြည့်ရင်း 'ဘာလဲ မေပုလဲ'ဟု မေးလိုက်သည်။

"ညနေကျရင် မလာနဲ့တော့"

"ဘာဖြစ်လို့လဲ"

"ခု ဖြေလိုက်မယ်"





သူမ ခေတ္တ တိတ်ဆိတ်သွားသည်။ တအောင့်ကြာမှ ချစ်တယ်'ဟူသော အသံတိုးတိုးလေးက တံခါးနောက်ကွယ်မှ မိန်ဖျော့စွာ ထွက်ပေါ်လာသည်။

❑

သူ့ ရုံးခန်းလိပ်စာကို မကြာခဏ မေးမြန်းတတ်ပြီး ဘယ်တုန်းကမှ ရောက်ရှိမလာခဲ့ဖူးသော ပေါ်လွင်၊ သူ၏ ရုံးသို့ ထူးဆန်းစွာ ရောက်ရှိလာသည်။ ပေါ်လွင် ရောက်ရှိလာသော နေ့မှာ မေပုလဲသွယ်နှင့်သူ ချစ်သူများ ဖြစ်ခဲ့ပြီး ရက်အနည်းငယ် အကြာမှာ ဖြစ်သည်။

"ဘယ်က လှည့်လာတာလဲ"

"လမ်းကြုံလို့ပါ"

သို့သော် ပေါ်လွင် လမ်းကြုံသဖြင့် သူ့ဆီကို ရောက်ရှိလာခြင်းမဟုတ်ကြောင်းကို အလိုလို ရိပ်မိနေမိသည်။ လက်ဖက်ရည် သောက်မလားဟု မေးရင်း သူ ပေါ်လွင့်ကို လက်ဖက်ရည်ဆိုင်သို့ ခေါ်လာခဲ့သည်။ သူ့အတွက် ကံကောင်းစွာ တစ်ခုက ပေါ်လွင် ရောက်ရှိလာချိန်သည် ယူယုခိုင်နှင့် ခင်ခင်ထားတို့ မရှိသောအချိန် ဖြစ်သလို၊ ဆရာဦးလှထွန်းက သူ့အား တစ်စုံတစ်ရာ ခိုင်းမထားသော အချိန်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ရောက်တော့ သူ မျှော်လင့်ထားသလိုပင် ပေါ်လွင်က 'ငါ မေးစရာရှိလို့'ဟု စကားအစချီသည်။

"မင်း ငါ့ကို ထိမ်ချန်ထားတဲ့ ကိစ္စနှစ်ခုကိုအမှန်အတိုင်း သိချင်တယ်"

"ဘာတွေလဲ"

"နံပါတ်တစ်၊ မေပုလဲသွယ်နဲ့ မင်းနဲ့ လက်ရှိ အနေအထား"

"အဲဒါကို မင်းရိပ်မိနေသားပဲ မဟုတ်လား"

"ငါက တရားဝင် အနေအထားကို ပြောတာငရဲ၊ မေးရတာ မျက်နှာတော့ ပူစရာပဲ၊ ဒါပေမယ့် ငါ တည့်တည့်ပဲ မေးမယ်၊ မင်းတို့နှစ်ယောက် သမီးရည်းစား ဖြစ်နေပြီလား"

သူ အနည်းငယ် တုံ့ဆိုင်းနေပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ ပေါ်လွင်က 'အချိန်နည်းနည်းစောနေတာ တစ်ခုကလွဲရင် ငါ မျှော်လင့်ထားတဲ့ အတိုင်းပါပဲ'ဟု မှတ်ချက်ချသည်။ ထို့နောက် ခေါင်းတစ်ညိတ် ညိတ်လိုက်ရင်း-

"အင်းလေ၊ ဘာပဲဖြစ်ဖြစ်၊ တစ်ခုတော့ ကောင်းသွားတယ်၊ တကယ်လို့ ပုလဲမိဘတွေ မင်းနဲ့ ပုလဲအကြောင်း ငါ့ကို မေးလာရင် ဖြေစရာအဖြေ ရှိသွားတာပေါ့"





ပေါ်လွင့်စကားကြောင့် သူ ပေါ်လွင့်ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ပေါ်လွင် စီးကရက် တစ်လိပ်ကို ထုတ်ပြီး မီးညှိသည်။

"ပုလဲမိဘတွေ မင်းတို့နှစ်ယောက်ကို အကဲခတ်နေတာကြာပြီ ငရဲ၊ သဘောမတူတဲ့ ပုံစံမျိုးတော့ မဟုတ်ပါဘူး၊ ဘယ်လိုခေါ်မလဲ၊ ပုလဲက စိတ်ကစားတဲ့ အရွယ်ဆိုတော့ စိုးရိမ်တဲ့ သဘောပေါ့၊ ငါနဲ့ အမေ့ကိုလဲ မင်းအကြောင်းတွေ မေးလို့ ပြောပြထားရတယ်၊ မင်း ရိုးရိုးအေးအေး နေတဲ့အကြောင်း၊ ပြီးတော့ မိန်းမရှုပ်တဲ့အကြောင်းပေါ့"

ပေါ်လွင့်စကားကြောင့် သူ ထိတ်ခနဲ ဖြစ်သွားမိသည်။ ပေါ်လွင်က စီးကရက် မီးခိုးငွေ့များ အကြားမှ သူ့ကို ကြည့်ရင်း ဆက်ပြောသည်။

"ငါ အခုလာတာလဲ အဲဒီကိစ္စ ပြောမလို့ပဲ၊ မင်းနဲ့ပုလဲဘာမှ မဖြစ်သေးရင် အိမ်ကိုလာတာ နည်းနည်းဆင်ခြင်ဖို့ သတိပေးမလို့၊ ခု မင်းတို့က ဖြစ်ပြီးနေပြီဆိုတော့ ငါ့အနေနဲ့ တစ်ခုပဲ ပြောစရာ ရှိတော့တယ်"

ပေါ်လွင်စကားကို တမင်ဖြတ်ထားပြီး သူ့ကို ကြည့်သည်။ ပြီးမှ တစ်လုံးချင်း ပြောသည်။

"ငါ့ မိသားစုထဲမှာ မင်းကြောင့် ငါ မျက်နှာမပျက်ချင်ဘူး ငရဲ"

သူ ပင့်သက်တစ်ချက်ကို ရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ပေါ်လွင်၊ မင်း စိုးရိမ်သလိုမျိုး မဖြစ်စေရပါဘူး"

သူ ကတိပေးလိုက်တော့ ပေါ်လွင် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ရင်း ငါ မင်းကို ယုံပါတယ်ဟု ပြန်ပြောသည်။ ထို့နောက် သူ့ကို ဘာမှ ဆက်မပြောတော့ဘဲ လက်ဖက်ရည်ကိုသာ တိတ်ဆိတ်စွာသောက်နေတော့သည်။

"ကဲ သွားကြမလား၊ မင်းလဲ ရှုံးခန်း ပြန်ဝင်ရဦးမှာ"

လက်ဖက်ရည်သောက်ပြီး ပြန်ရန်နှုတ်ပြောတော့ 'ခဏလေ'ဟု သူ တားရင်း ပေါ်လွင့်ကို မေးလိုက်သည်။

"မင်း သိချင်တယ်ဆိုတဲ့ ကိစ္စက နှစ်ခုမဟုတ်လား"

"အေး"

"ဒါဖြင့် ကျန်တဲ့ တစ်ခု မေးဦးလေ"

ပေါ်လွင် သူ့ကိုဖျတ်ခနဲ ကြည့်သည်။ ပြီးတော့ ခေါင်းတစ်ချက် ယမ်းရင်း-

"မမေးတော့ဘူး ငရဲ၊ ဒါပေမယ့် ငါ မေးမယ်ဆိုတဲ့ မေးခွန်းကိုတော့ ပြောပြခဲ့မယ်၊ တခြား မဟုတ်ဘူး၊ မင်းနဲ့ မင်းရှုံးက နှုတ်ခမ်းနီဆိုးတတ်တဲ့ အမျိုးသမီးရဲ့ အနေအထားက ဘယ်လိုလဲဆိုတဲ့ မေးခွန်းပဲ"

ပေါ်လွင့်မေးခွန်းက သူ့ရင်ကို အေးခနဲ ဖြစ်သွားစေသည်။

ဉာဏ်ဝင်းဆာပေ



"ဒါပေမယ့် အဲဒီမေးခွန်းကို မင်း ဖြေစရာမလိုတော့ဘူး၊ ဘာဖြစ်လို့လဲ သိလား ငရဲ"

သူ မဖြေတော့ ပေါ်လွင် သူ့ဘာသာသူ ဆက်ပြောသည်။

"ငါ မင်းကို ယုံလို့ပဲ၊ အထူးသဖြင့် မင်းကိစ္စကို မင်းရှင်းနိုင်လိမ့် ထင်လို့ပဲ"

ပေါ်လွင့် စကားထဲမှာ နွေးထွေးကြိုးတို့ကို သူ တွေ့မြင်လိုက်ရသည်။

❑

ဉာဏ်ဝင်းဆာပေ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

# (၃)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၁-၁-၉၀

ကိုကို..

ဒီနေ့ ဖုန်းမပြောရလို့ စိတ်မကောင်းဘူး၊ ပေါက်ပေါက်က ညစာ စားပြီးကတည်းက ဝတ္ထုစာအုပ် တစ်အုပ်နဲ့ ဖုန်းနားမှာ ထိုင်နေတယ်၊ သူ တမင် လုပ်တာ သိလား၊ သိပ် အမြင်ကတ်ဖို့ ကောင်းတာပဲ၊ ကျွန်မ သူ့ကို မချစ်ဘူး၊ ကိုပေါ်ကြီးကိုပဲ ချစ်တယ်။

ပြောရဦးမယ်၊ မနေ့က နီလာက သူ့ရှေ့မှာ ကျွန်မကို နောက်နေတော့ မထူးပါဘူးဆိုပြီး ကျွန်မ သူ့ကို ပြောပြလိုက်တယ်၊ ကိုကိုနဲ့ ကျွန်မအကြောင်းပေါ့၊ သူ ကြည့်ရတာ သိပ် မအံ့သြသလိုပဲ၊ ဟုတ်လား၊ မြန်လှချည်လားတဲ့။ ဒါပဲပြောတယ်၊ ကျွန်မက အရမ်း အံ့သြသွားစေချင်တာ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မေ့ကိုတော့ ပြောပြချင်တာ ပါးစပ်ကို ယားနေတာပဲ ဒါပေမယ့် မျက်နှာပူလို့ မပြောရဲသေးဘူး။ မနက်က မေရယ် ကျွန်မရယ်၊ နီလာရယ်၊ ဈေးသွားတော့ စတိုးဆိုင်မှာ ဂတ်စ် မီးခြစ်လေးတွေ တွေ့တယ်၊ "ကိုကို့ကို တစ်လုံးလောက် ဝယ် ပေးချင်လိုက်တာ"လို့ ကျွန်မ နီလာကို တိုးတိုးလေး ကပ်ပြော မိသွားတယ်၊ အဲဒါ မေက နားစွန်နားဖျား ကြားသွားလား မသိ ဘူး၊ လှမ်းပြီး မျက်စောင်းထိုးပါလေရော၊ ရယ်ရတယ်။

ဒါပေမယ့် မေက သဘောတူမှာပါ၊ ဟိုနေ့ကလည်း ကိုကိုနဲ့ စကားပြောရတာ အဆင်ပြေတဲ့ အကြောင်း မေ့ကို ပြောပြနေတာ ကြားတယ်၊ ဟိုရောက်ဒီရောက်နဲ့ စာလည်း ရှည်သွားပြီ၊ အိပ်တော့မယ် ကိုကို၊ နီလာက မီးပိတ်ခိုင်းနေပြီ မွေ့ရာကို လှုပ်အောင်လုပ်နေတယ်။

မေပုလဲသွယ်





BURMESE CLASSIC .com

၂၇-၁-၉၀

ကိုကို့ . .

ည ၁၁ နာရီထိုးပြီ၊ နောက် တစ်နာရီကြာရင် ဘနုဂ်နွေနေ့ပေါ့နော်၊ မနက် ကိုကိုနဲ့ တွေ့ရမှာ တွေးပျော် နေတယ်။

ဘေးမှာ နီလာကတော့ စောင်အထူကြီးခြုံပြီး ကွေးနေ တာပဲ၊ တစ်ချက်တစ်ချက် သူလှုပ်လိုက်ရင် မွေ့ရာပါ လှုပ်သွား တော့ စာရေးရတာ သိပ်ခက်တာပဲ၊ သူ တမင်လှုပ်တာတော့ဟုတ်ပါဘူး၊ ဒါပေမယ့် မနက်ဖြန် ကိုကို့ကို ဒီစာပေးလိုက်လို့ ဖတ်ကြည့်တဲ့အခါ လက်ရေးမလှဘဲ ဖြစ်နေမှာကိုတော့ စိုးတာ ပေါ့။

နေ့လယ်က မယုယုခိုင်နဲ့ ကိုကို့အကြောင်းတွေ ပြန် ပြောတဲ့အတွက် ကိုကို့ကို ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်မထားတတ်တဲ့ ကိုကို့ကိုလည်း ပိုချစ်သွားတယ်၊ ဒါပေမယ့် ဝမ်းတော့နည်းတာပေါ့၊ ညနေဘက် ကိုကို ပြန်သွားတော့ အဲဒီအကြောင်း ပြန်စဉ်းစားရင်း ငိုတောင်ငိုချင်တယ်။ ဒါပေမယ့်ကွယ် ဘာတတ်နိုင်ပါ့မလဲ။

နီလာလေးနဲ့ ကိုပေါက်ကြီးကိုတော့ အဲဒီအကြောင်းတွေ ကိုကို သွားမပြောနဲ့နော်၊ ကျွန်မ ရှက်လို့ပါ။ နောက်ပြီး ကျွန်မအရင် ကိုကို့မှာ ချစ်သူရှိခဲ့ဖူးတယ်ဆိုတော့ ကျွန်မ သိက္ခာကျတာပေါ့၊ နော် ကိုကို။

ကိုကို့ကိုချစ်တဲ့

ပုလဲသွယ်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com



၁၈-၂-၉၀

ချစ်တဲ့ကိုကို. ,

ဒီနေ့ အိပ်ရာနိုးနိုးချင်းကိုကို့ကို သတိရနေမိတယ်။ ညနေ ရုံးအဆင်း ကိုကို ဝင်လာရင် ကောင်းမှာပဲလို့ တွေးပြီး ကိုကို တကယ်လာပါစေလို့လည်း ဆုတောင်းနေမိတယ်။

စောစောက အန်တီမာလာ ကြော်ထားတဲ့ ထမင်းကြော်ကို သွားစားတယ်။ စားလည်းပြီးရော ကော်ဖီကို မတ်ခွက်နဲ့ အပြည့်ဖျော်ပြီး မကုန်နိုင်လို့ နီလာလေးနဲ့ ပေါက်ပေါက်ကို ခွဲတိုက်လိုက်ရတယ်၊ နောက်တော့ နီလာ ငှားထားတဲ့ ဝတ္ထုကို ဖတ်မယ်ဆိုပြီး အိပ်ရာထဲ ယူလာတယ်၊ ဝတ္ထုက သွန်ခဲ့တဲ့ (၆)လလောက်ကထွက်တဲ့ စုလှုဖြူနှစ်အုပ်တွဲ ဝတ္ထု

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်ကို ကြည့်တော့ ကိုကို့ကို အရမ်းသတိရသွားပြီး ဝတ္ထု ခေါင်းစဉ်ကို မဖတ်ဖြစ်ဘဲ ဒီစာကို ရေးဖြစ်သွားတာ၊ ဝတ္ထု ခေါင်းစဉ်ကို သိချင်လားဟင် "ကိုကိုမုန်းလို့ သေဆုံးသွားနိုင်တယ်" တဲ့။

ဟုတ်မှာနော်၊ ကျွန်မတော့ မသေတောင် အလူး အလဲ ခံစားရမှာ။ ကိုကိုမုန်းသွားမှာ၊ ကိုကို မချစ်တော့မှာကို ကြောက်တယ်ကိုကို၊ ဒါမှမဟုတ် ရုံးမှာ နေ့တိုင်း တွေ့နေရတဲ့ ဟိုအမျိုးသမီးနောက် ပြန်ပါသွားမှာ ကြောက်တယ်၊ ဒီအချိန်ဆို ကိုကိုတို့နှစ်ယောက် တွေ့နေကြပြီပေါ့နော်၊ အတွေးနဲ့တင် ကျွန်မ မနာလိုဖြစ်နေမိတယ်။

ကိုကို ချိန်ဘာ ဆက်မဆင်းနဲ့တော့လား ဟင်၊ ဒါမှမဟုတ်လည်း ချိန်ဘာ မြန်မြန်ပြီးလိုက်ပေါ့၊ အဲဒါဆို ကျွန်မ သိပ်စိတ်ချမ်းသာမိမှာပဲ၊ ခုတော့ တစ်ရက်တစ်ရက် ကိုကို့ကို စိတ်မချနိုင် ဖြစ်နေရတယ်၊ လူတစ်ယောက်ကို သိပ်ချစ်မိတာ ဟာ မကောင်းဘူး ကိုကို၊ စိတ်ပင်ပန်းရတာပေါ့။





ကိုကိုရေ. . .

စာရေးပျက်သွားတယ် သိလား၊ ဖုန်းလာလို့ ကိုကိုများလားဆိုပြီးပြေးကိုင်လိုက်ရတာ မောသွားတာပဲ။ ဖေ ပေါ့၊ သူ့ပိုက်ဆံအိတ် မေ့ကျန်ခဲ့လားလို့ ဖုန်းဆက်ပြီး မေးတာ၊ သိပ်ရယ်ရတာပဲ၊ အမှန်က ကျန်ခဲ့တာ မဟုတ်ဘူး၊ ဒီနေ့ ဘိလ်ပ်မြေဖိုး ပေးဖို့ မလိုသေးဘူးဆိုပြီး ကျွန်မကို သိမ်းခိုင်းသွားတာ၊ ဖေ့ အကြောင်းပြောရင်း စကားစပ်လို့ ပြောရဦးမယ်၊ ကိုကို ရောင့်တက်မသွားနဲ့ဦးနော်၊ ဟိုတစ်နေ့က ထမင်းစားရင်း ပုလဲ ဟင်းချက်တတ်ပြီလားတဲ့။ ဖေက မေးတယ်၊ အန်တီ ချောလာနဲ့ မေ့ဆီမှာ သင်နေတုန်းပဲ ဆိုတော့ ဖေက ရယ်ရတယ်။ ပထမတော့ မသိပါဘူး၊ နောက်မှ ကိုကိုနဲ့ စမှန်း တွေးပြီး ရှက်သွားတယ်။

မေကတော့ အရမ်းကြည်ဖြူနေတယ် သိလား၊ မယုံနိုင်စရာပဲ။ ပြီးခဲ့တဲ့ ဆန်းဒေး ကိုကို မလာတော့ ညည်းလူကြီး မလာဘူးလားတဲ့။ နောက်နေသေးတယ်။ မေတို့မှန်းသိနေပေမယ့် အဲလိုကြီး နောက်တော့ မျက်နှာပူတာပေါ့ ကိုကိုရဲ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲနော် ကိုကို၊ လာမယ့် စနေ၊ တနင်္ဂနွေ မတိုင်ခင် ဒီစာကို ကိုကို့ဆီ ရောက်အောင် ဘယ်လိုလုပ်ရမလဲလို့ အကြံ ထုတ်လိုက်ဦးမယ်၊ ပြီးတော့ ကိုကိုနဲ့ ဟိုအမျိုးသမီးကို မနာ လိုဖြစ်လိုက်ဦးမယ်။

ကိုကို့ကိုချစ်တဲ့

ပုလဲသွယ်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com



ကိုကို. .

ကိုကိုနဲ့ ဖုန်းပြောပြီးပြီးချင်း ကျွန်မ ဒီစာကို ရေးလိုက်တာ။

ကိုကို စိတ်ဆိုးသွားလားဟင်၊ ဒါမှမဟုတ် ကျွန်မကို မနာလိုတတ်လွန်းတဲ့ ကောင်မလေးပဲဆိုပြီး စိတ်ပျက်သွားပြီလား၊ မပျက်ပါနဲ့ ကိုကို၊ ကျွန်မ ကိုကို့ကို ချစ်လွန်းလို့ ပြောမိတာပါ။ ပြီးတော့ ကိုကို့ကို စိတ်မချနိုင်လွန်းလို့ပါ။ (စိတ်မချနိုင်တာနဲ့ မယုံတာဟာ တခြားစီဆိုတာကိုတော့ ကိုကို နားလည်မှာပါနော်)

ကျွန်မလေး. . ကိုကိုနဲ့သူ့ကို ဘယ်လိုမှ စိတ်မချနိုင်ဘူးကွယ်။ ကိုကိုတို့နှစ်ယောက်က ရုံးမှာ နေ့တိုင်းတွေ့နေရတာ မဟုတ်လား၊ ပြီးတော့ သူက ကိုကို့ ချစ်သူဟောင်းလေ၊ ကိုကိုနဲ့သူ ဘယ်အတိုင်းအတာအထိ ပတ်သက်ခဲ့ဖူးသလဲ ဆိုတာကိုလည်း ကျွန်မ ဘာမှသိခဲ့ရတာမှ မဟုတ်တာ။ ဒီတော့ စိုးရိမ်တာပေါ့ ကိုကိုရယ်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့သူ ရုံးမှာ လက်ချင်းတစ်ခါမှ မထိကြပါဘူး လို့ ကိုကို အာမခံနိုင်ပါ့မလား။ ပြီးတော့ အမှုစစ်ရင် ပခုံးချင်း မတိုက်မိကြပါဘူးလို့ကော ပြောနိုင်ပါ့မလား။

ကံကြမ္မာကို ကြောက်တယ် ကိုကို ပြီးတော့ အဲဒီ အမျိုးသမီးကိုလည်း ကျွန်မ ကြောက်တယ်။ (သူက ကျွန်မ ထက် ငါးနှစ်ကြီးတယ်လေ။) ဒီတော့ ယောကျ်ားတွေ အကြောင်းကိုလည်း ကျွန်မထက် ငါးနှစ်စောပြီး လေ့လာခွင့် ရခဲ့တာပေါ့။

သူ ကိုကို့ကို ပြန်ပြီး မပြုစားပါဘူးလို့ ကျွန်မ ဘယ် လို ယုံကြည်ရမလဲ ဟင်။

ကိုကိုရေ. . ကျွန်မရဲ့ အမြင်တွေ လွဲမှားနေတယ် ဆိုရင်တော့ ခွင့်လွှတ်ပါနော်၊ ဒါပေမယ့် သူ ကိုကို့ကို ပြန်လု သွားမှာကိုတော့ ကျွန်မ အရမ်း စိုးရိမ်တယ်။

မေပုလဲ

❑





(၁)

"သူ ဘာလာလုပ်တာလဲ"

သူ ပြောသမျှကို ပေါ်လွင်စိတ်ရှည်လက်ရှည် နား ထောင်နေခဲ့ပြီး အတန်ကြာမှ သူ့ကို မော့ကြည့်ရင်း မေးသည်။ မေပုလဲသွယ် သူ့ရုံးသို့ ဘာလာလုပ်သလဲ ဟူသည့် ပေါ်လွင့် မေးခွန်းကို သူ အဖြေမပေးနိုင်ပါ။

သို့သော် သူမ၏ စကားအရဆိုလျှင်တော့ သူ့ရုံးသို့ သူမ ရောက်လာခြင်းမှာ ကိုကိုဟုခေါ်တတ်သောကောင်မလေး တစ်ယောက် သူ့ဘဝထဲ၌ ရှိနေသေးကြောင်း သူ မမေ့အောင် ဟူ၍ ဖြစ်သည်။ လမ်းမဆီသို့ သူ မျှော်ငေးတွေဝေနေရင်းမှ ခေါင်းယမ်းလျက် အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ မပြောတတ်ဘူး ပေါ်လွင်၊ ငါ့ကိုတွေ့တော့ လက်ဖက်ရည် တိုက်ခိုင်းတာပဲ၊ ဒါပေမယ့် တစ်ခုတော့ သူ ပြောတယ်၊ သူလာတာ ငါ သူ့ကို မေ့မသွားအောင် တမင် လာတွေ့တာတဲ့"

ပေါ်လွင် ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ ပါးစပ်၌ ဖောက်ထိုးကိုက်လျက် လေဖြင့်မှုတ်ရင်း အမှုန့်များ ထွက်သွားအောင် ဖင်စီခံကို လက်သည်းဖြင့် ကုတ်လိုက်သည်။ ဆေးလိပ် ဖင်စီခံအတွင်း အမှုန့်များ ထွက်သွားအောင် ပြုပြီးမှ စားပွဲပေါ် သုံးလေးချက်ဆောင့်ပြီး မီးညှိသည်။ ထို့နောက် ဆေးလိပ်ကို ဖွာရှိုက်လျက် သူ့ကို ကြည့်ရင်း ပြောသည်။

"ငါ မင်းကို ကြိုပြီး သတိပေးထားခဲ့သားပဲရဲ့ ယုယု ခိုင်နဲ့ ကိစ္စ ပုလဲကို သွားမပြောပါနဲ့လို့၊ ဒီကောင်မလေး အကြောင်း ငါ အသိဆုံးပဲ၊ သူက သိပ်စိတ်ကြီးတာ၊ ဘယ်ကိစ္စ ပဲ ဖြစ်ဖြစ် သူပဲ အနိုင်လိုချင်တယ်၊ ဘယ်တော့မှ အလျှော့ မပေးချင်ဘူး၊ ခုလဲ ငါ ထင်တယ်၊ မင်းနဲ့ ယုယုခိုင်ကို စိတ်မချ လို့ သူ လာကြည့်တာ ဖြစ်မယ်"

ပေါ်လွင့် စကားတို့ကို သူ ခေါင်းညိတ် ထောက်ခံ လိုက်မိသည်။

တကယ်တော့ မေပုလဲသွယ် စိတ်ကြီးမှုန်း၊ အလျှော့ မပေးတတ်မှုန်း အစောကြီးကတည်းက သူ သတိပြုမိခဲ့သည်။ အထူးသဖြင့် ပေါ်လွင်နှင့် အလောင်းအစားလုပ်ပြီး သူမတို့





အိမ်သို့ သူရောက်ရှိလာအောင် တယ်လီဖုန်း ဆက်လျက် မရ မက ဆွဲဆောင်နိုင်ခဲ့ကတည်းက သူမ၏ အနိုင်ယူလိုသော စိတ် နှင့် စူးရှသည့် အတ္တတို့ကို သူ ရိပ်စားမိခဲ့သည်။

ခုလည်း ပေါ်လွင် ပြောသလိုပင် ရုံး၌ သူနှင့်ယုယုခိုင် ၏ အနေအထားကို တစေ့တစောင်း အကဲခတ်ရအောင် ရောက်ရှိလာခဲ့ခြင်းပဲ ဖြစ်ပါလိမ့်မည်။ သို့သော်သူမ၏ အကြံ အစည်ကတော့ အထမမြောက်ခဲ့ရှာပါ။

တရားရုံးနား လက်ဖက်ရည်ဆိုင်သို့ သူမကို ခေါ်သွား တော့ သူမက

"ကိုကိုတို့ ရုံးခန်းထဲမှာ ဘာလုပ်နေတာလဲ ဟင်"

ဟု စူးစမ်းခဲ့သည်။ ကိုကိုတို့ဟူသည့် သူမ၏ ဗဟုဝုစ် ကို သတိပြုမိစွာ သူ ပြုံးရင်း-

"လျှောက်လဲချက် ရေးနေကြတာ၊ ဆရာ ခေါ်ပေးသမျှ ကို ကိုယ်လိုက်ရေးရတယ်လေ"

ဟု ဖြေတော့ သူမက "ဪ"ဟု ရေရွတ်ရင်း-

"ဒါဖြင့် ကျွန်မ ရောက်လာတဲ့အတွက် ကိုကို အလုပ် ပျက်သွားမှာပေါ့နော်"

"ကိစ္စမရှိပါဘူး၊ မေပုလဲသွယ်အတွက်ပဲ၊ ဒီလောက် တော့ ဦးစားပေးရမှာပေါ့"

သူ့ အဖြေစကားကို သဘောကျဟန်ဖြင့် သူမ ဟက် ခနဲ ရယ်သည်။ ပြီးမှ ခေါင်းညိတ်ရင်း 'အင်းလေ၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှ တွေ့ရတဲ့သူပဲ၊ ဦးစားပေးရမှာပေါ့'ဟု တီးတိုး ရေရွတ်သည်။ သူမ၏ လေသံက သူ့၌ အမြဲတန်း တွေ့ရမည့် သူ ရှိနေသေးသည်ဟု ယုံးစွပ်သည့် လေသံမျိုး ဖြစ်သည်။ သူမ ၏ စကားကို သူ တစ်စုံတစ်ရာ မတုံ့ပြန်ဖြစ်ခဲ့။

ပေါ်လွင် ရေနွေးအိုးကို မယူရင်း စားပွဲထိုးကိုခေါ်ဆတ်ခေါ်သည်။ အကင်းပါးသော စားပွဲထိုးက ရေနွေးကုန်မှန်း ရိပ်မိသဖြင့် အိုးသစ်တစ်အိုး ယူကာ ရောက်လာသည်။

"သူလာတော့ ယုယုခိုင်နဲ့ တွေ့သွားသေးလား"

ရေနွေးကြမ်းအိုးသစ်ကို ယူလျက်၊ အကြမ်းပန်းကန်ထဲသို့ငှဲ့ရင်း ပေါ်လွင် သူ့ကို လှမ်းမေးသည်။

"မတွေ့ဘူး၊ ဒါပေမယ့် ယုကတော့ သူလာတာ သိတယ်"

"မင်း ပြောလိုက်လို့လား"

"မဟုတ်ဘူး၊ သူ့ဘာသာ ရိပ်မိသွားတာ"

အမှန်တကယ်ပင် သူ တစ်စုံတစ်ရာ မပြောဘဲမေပုလဲသွယ် ရောက်ရှိလာခြင်းကို ယုယုခိုင် ရိပ်မိနေခဲ့သည်။ သူ ရုံးသို့ ပြန်ရောက်သွားတော့ ခင်ခင်ထားက-

"ဧည့်သည်လာတယ်ဆို၊ ဘယ်သူလဲ"

ဟု မေးသည်။ သူ ဖြေရန် တုံ့ဆိုင်းနေတော့ ယုယုခိုင်က 'မေပုလဲသွယ် မဟုတ်လား'ဟု ဝင်မေးခဲ့သည်။ သူငြင်း





ဆန်ဖို့ စိတ်ကူးမရှိပါ။ ဟုတ်မှန်ကြောင်း အလွယ်တကူ ခေါင်းညိတ်ပြလိုက်တော့ သူမက-

"အမှလာအပ်တာတော့ မဟုတ်ပါဘူးနော်"

"ဟင့်အင်း၊ လမ်းကြုံလို့ ဝင်လာတာပါ"

"ကိုရဲကို စိတ်မချတာလဲ ပါမှာပေါ့"

ထိုထင်မြင်ချက်မှာလည်း သူမဘာသာ ရိပ်မိနေသည့် ထင်မြင်ချက်တစ်ခု ဖြစ်သလို အမှန်နှင့်နီးစပ်လှသော ထင်မြင်ချက်ပဲ ဖြစ်သည်။

"ပုလဲရောက်လာတာယုအတွက်စိတ်အနှောင့်အယှက်ဖြစ်စရာတော့ မဟုတ်ပါဘူး၊ တကယ်လို့ သူတို့ချင်း တွေ့ပြီး မိတ်ဆက်ပေးလိုက်ရင်လဲ ယုက ကောင်းကောင်းမွန်မွန် ဆက်ဆံမှာပဲ၊ ပုလဲကိုသာ စိတ်မချတာ"

သူ့စကားကြောင့် ပေါ်လွင် သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။

"မင်းက မိတ်ဆက်ပေးဖို့ အစီအစဉ် ရှိလို့လား"

"သဘောပြောတာပါ"

"အဲဒီသဘောကိုယောင်လို့တောင်အကောင်အထည်မဖော်လိုက်လေနဲ့"

"ဘာဖြစ်လို့လဲ"

သူမေးတော့ ပေါ်လွင် ခေါင်းတစ်ချက် ယမ်းရင်း-

"မကောင်းဘူးလေ၊ နှစ်ယောက်စလုံးအတွက် မကောင်းဘူး၊ တကယ်လို့ တစ်ယောက်ယောက်က နားလည်မှု မရှိခဲ့ရင် ပိုပြီး မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယုကတော့ နားလည်မှု ရှိပါတယ်"

"မင်း ထင်သလား"

ပေါ်လွင် မယုံသင်္ကာဟန်ဖြင့် မေးသည်။ သူ အေးဆေးစွာပင် ခေါင်းညိတ်ပြလိုက်သည်။

"မေပုလဲအပေါ်တော့ မပြောတတ်ဘူးပေါ့၊ ဒါပေမယ့် ငါ့အပေါ်မှာတော့ နားလည်မှု ရှိတယ်လို့ ငါထင်တယ်၊ တကယ်လို့ ယုသာ နားလည်မှု မရှိခဲ့ရင် ငါတို့ ဒီအခြေအနေထိ မရောက်ခဲ့ဖူး ပေါ်လွင်"

သူ့စကားဆုံးတော့ ပေါ်လွင် ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ဆိတ်သွားတော့သည်။

□





(၂)

သူ့လုပ်ရပ်ဟာ မှန်ကန်တဲ့ လုပ်ရပ်တစ်ခု ဟုတ်ရဲ့လားဟု သံသယ ဖြစ်နေမိသော်လည်း ထို သံသယနှင့်ပတ်သက်၍ သူ တစ်စုံတစ်ရာ ပြုပြင်ချိန် မရှိတော့ပါ။ အထူးသဖြင့် အပြာရောင် စာရွက်ခေါက်ကိုဖြန့်လျက် ယုယုခိုင် စတင်ဖတ်ရှုနေပြီ ဖြစ်သော ခုလို အချိန်မျိုးမှာတော့ သူ့အတွက် ပြင်ဆင် နောင်တရဖို့ သိပ်ကို နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

စာကို ငုံ့လျက် ဖတ်ရှုနေသော ဘေးတိုက်အနေအထားဖြင့် မြင်နေရသည့် သူမ၏ မျက်နှာကို သူ စိတ်မွန်းကျပ်စွာ ငေးကြည့်နေမိသည်။

စာဖတ်ပြီးလျှင် သူမ ဘယ်လိုများ တုံ့ပြန်လာမလဲ။

အင်းလေ၊ ခုချိန်မှတော့ ဘယ်လို တုံ့ပြန်မှုမျိုးပဲ ဖြစ်ဖြစ် သူ့အတွက် အကြောင်းမဟုတ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အကောင်းဆုံး အဖြေရှာနည်း တစ်ခု မဟုတ်တောင်မှ သူ့အနေနဲ့ သည်လိုပဲ လုပ်ရမှာပါ။ သူ့ကိုယ်သူ စိတ်ဖြေနေမိသော်လည်း နာကျင်စိတ်မောမှုတို့ကတော့ ပြေပျောက်မသွားခဲ့။ အလွတ်နီးပါး ရနေသော ယုယုခိုင် လက်ထဲရှိ စာပါ အကြောင်းအရာတို့က သူ့အတွေးထဲသို့ စီးမျောဝင်ရောက်လာကြသည်။

ကိုကို. . .

စနေနေ့ ညနေက ကိုကိုက ပြန်လာတော့ ကျွန်မ ကိုကို့ကို ထွက်မတွေ့လို့ ကိုကိုစိတ်ဆိုးနေလားဟင်။ ကျွန်မ မတွေ့ချင်လို့ မဟုတ်ပါဘူး ကိုကို၊ တကယ့်ကို မတွေ့ရဲလို့ပါ။

နီလာလေးက ထွက်တွေ့လိုက်ပါလားလို့ ပြောပေမယ့် ကျွန်မ တစ်ကိုယ်လုံးထူပူပြီး အရမ်းရှက်နေမိတယ်။ ပြီးတော့ ခြေဖျားလက်ဖျားတွေလည်း အေးစက်နေကြတယ်။ တကယ်လို့ ကျွန်မသာ ကိုကို့ကို ထွက်တွေ့လိုက်ရင် အကုန်လုံး အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်မှာ သေချာတယ်။ အဲဒါဆို ဖေတို့ ကိုပေါ်ကြီးတို့ ရိပ်မိကုန်မှာပေါ့။ ဒါကြောင့် ကမင် မထွက်ဘဲ နေလိုက်တာ။

ဉာဏ်ဝင်းစာပေ



ခုလည်း ကျွန်မ ရှက်နေတုန်းပဲ သိလား၊ နီလာလေးနဲ့ ဒီစာကို ရေးပေးလိုက်တာ။ နောက် တစ်ပတ်မှပဲ တွေ့ကြတာပေါ့နော်။

အဲဒီကျ ကျွန်မ ခုလောက် ရှက်နေတော့မှာ မဟုတ်ပါဘူး။ ဒါပဲနော် ကိုကို။

မေပုလဲသွယ်

ဖျတ်ခနဲ စာရွက်လှပ်ခတ်သံကြောင့် သူ ခေါင်းမော့ကြည့်လိုက်တော့ သူမက စာရွက်ကို နဂို အနေအထားအတိုင်း ပြန်ခေါက်နေကြောင်း တွေ့ရသည်။

သူမ စာဖတ်လို့ ပြီးသွားပြီပေါ့။ ဒါဆို သူမ မောင်လို့ခေါ်တဲ့ အမျိုးသားတစ်ယောက်ရဲ့ စိတ်ပျက်ဖွယ် အနေအထားတွေကို သူမ ခန့်မှန်းမိပြီး ဖြစ်သွားမှာပါ။ သူ စိတ်မသက်သာစွာ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ရင်းမှ စကားသံ တချို့က သူ့နှုတ်ဖျားမှ ကျဆင်းလာကြသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ယု"

သေတော့မှာပဲ၊ ဒါဟာ ခုလို အချိန်မျိုးမှာ ပြောသင့်တဲ့ စကားမှ မဟုတ်တာပဲ။

"ယု ဘာလုပ်ပေးရမလဲ မောင်"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ အပြာရောင်စာရွက်ခေါက်လေးကို ပြန်ပေးရင်း အေးဆေးစွာ မေးသည်။ သူမ၏ အသံနှင့် သူမ၏ မျက်နှာက အံ့ဩဖွယ် တည်ငြိမ်နေကြသည်ကို သူ သတိမပြုမိဘဲ မနေနိုင်ပါ။ ဘာလုပ်ပေးရမလဲတဲ့။ သူမ တစ်ခုခု လုပ်ပေးစရာ လိုအပ်လို့လား။ တကယ်လို့ လိုအပ်တယ်ဆိုလျှင်ကော သူမ လုပ်ပေးနိုင်တဲ့ ကိစ္စက ဘယ်လိုကိစ္စမျိုး ဖြစ်လေမလဲ။

သူမ၏ မျက်နှာကို မကြည့်မိအောင် သတိထားရင်း သူ ပြောလိုက်သည်။

"ကျွန်တော်လဲ မပြောတတ်ဘူး ယု၊ ယုကို အသိမပေးဘဲလဲ ဒီကိစ္စကို ထိမ်ချန်မထားချင်ဘူး၊ ဒါကြောင့် ဒီစာကို ထုတ်ပြဖြစ်တာ"

ခြောက်တပ်ကပ် သူ့စကားသံအဆုံး သူမ တည်ငြိမ်စွာ ပြန်မေးသည်။

"ယု မောင့်ကို ပေးဖူးတဲ့ စာကိုရော သူ့ကို ပြလိုက်သေးလား"

သူ ချက်ချင်း ပြန်မဖြေဖြစ်ဘဲ အကြာကြီး နှုတ်ဆိတ်နေမိသည်။နောက်ဆုံးမှ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ပြန်ပြောလိုက်သည်။

"မပြမိဘူး ယု"





"ဪ"

သူမ၏ အသံက တစ်စုံတစ်ရာအတွက် ထိရှနာကျင်သွားသည့် အသံမျိုး ဖြစ်သည်။ ထို့နောက် သူမ အတန်ကြာ နှုတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ သူမ၏ နှုတ်ဆိတ်နေမှုက သူ့စိတ်ကို တစ်စတစ်စ ယိမ်းယိုင် လှုပ်ရှားလာစေသလို လှောင်ပိတ်မွန်းကျပ်လာစေသည်။

တစ်ခုခု ပြောစမ်းပါ ယု။

ကျွန်တော့်ကို တစ်ခုခု တုံ့ပြန်လိုက်စမ်းပါ။

သို့သော် သူမ တုံ့ပြန်လာမှုက သူ မျှော်လင့်ထားသည့် ပုံစံမျိုး မဟုတ်ပါ။ စိတ်အေးလက်အေး လေသံဖြင့် 'သူက ဘယ်ကလဲ မောင်'ဟု မေးမြန်းလာသည့် သာမန် မေးခွန်းမျှသာ ဖြစ်လေသည်။ တကယ်တော့ ခုလို မေးခွန်းမျိုးကို သူမ မေးလာဖို့ မကောင်းတာ အမှန်ပါပဲ။

ဘာဖြစ်လို့များ သူမ မေးလာရတာပါလဲ၊ သူမ အနေနဲ့ အဲဒီအကြောင်းအချက်တွေကို သိဖို့ လိုအပ်တယ်လို့များ ယူဆထားလေသလား၊ သူ အတန်ကြာ တုံ့ဆိုင်းနေပြီးမှ အဖြေပေးလိုက်သည်။

"ဗိုလ်အောင်ကျော်လမ်းကပါ၊ ကျောင်းတုန်းက ကျွန်တော့် သူငယ်ချင်းရဲ့ ညီမ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မောင့်ထက် ငယ်မှာပေါ့နော်"

"ဟုတ်တယ် ယု၊ နှစ်ဆယ် မပြည့်သေးဘူး၊ သမိုင်းပထမနှစ်ပဲ ရှိသေးတယ်"

သူမ ခေတ္တ ငြိမ်သက်သွားသည်။ ပြီးမှ-

"အင်းလေ၊ ဘာပဲဖြစ်ဖြစ် မောင့်ကိစ္စကို ယု ကူညီနိုင်မှာပါ"

သူမ၏ လေသံက တစ်ခုခုကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည့် အသံမျိုး ဖြစ်သည်။ သူ ဖျတ်ခနဲ ကြည့်လိုက်တော့ သူမ သူ့ကို ပြန်ကြည့်ရင်း နားလည်ရ ခက်ခဲသော အပြုံးတစ်ခုကို ရုတ်တရက် ပြုံးသည်။ ထို့နောက် အေးစက်စွာ တစ်လုံးချင်း ပြောသည်။

"မနက်ဖြန်ကစပြီး ယု မောင့်ကို ကိုရဲလို့ ပြန်ခေါ်မယ်၊ ဒါပေမယ့် ယုရဲ့ ဂုဏ်သိက္ခာအတွက် မောင် တစ်ခုတော့ ပြန်ပြီး လိုက်လျောရလိမ့်မယ်"

သူမ စကားကိုဖြတ်ရင်း သူ့ကို မော့ကြည့်သည်။ ပြီးမှ အကြည့်လွှဲလျက် စကားဆက်သည်။

"မောင်နဲ့ ယုအကြား အခေါ်အဝေါ် ပြောင်းလဲသွားတဲ့ကိစ္စဟာ မေပုလဲသွယ်ကြောင့်ဆိုတာ မခင်ထားတို့ မသိစေချင်ဘူး၊ အထူးသဖြင့် မောင့်ဘဝထဲ သူ ဝင်လာတာဟာ မောင့်ကို ကိုရဲလို့ ပြောင်းမခေါ်ခင် ဝင်လာတယ်ဆိုတာကို ဘယ်သူမှ မသိစေချင်ဘူး။ အဲဒါ တစ်ခုတော့ မောင် ကူညီပါ"





သူ ဘာပြန်ပြောရမှန်း မသိစွာ အံ့သြငြိမ်သက်နေမိတော့သည်။

❑

"နေပါဦး ကိုရဲ၊ နှင်တို့က ဘယ်လိုဖြစ်ကြတာလဲ"

ရက်အနည်းငယ်အတွင်းမှာပင်သူနှင့်ယုယုခိုင်အကြားရှိ အက်ကြောင်းကို ခင်ခင်ထား ရိပ်မိသွားခဲ့သည်။

တကယ်တော့ သူနှင့် သူမ၏ အခြေအနေ ပြောင်းလဲသွားမှုကို ဘယ်လိုမှ ပိရိစွာ ဖုံးကွယ်၍ မရနိုင်ပါ။ ယခင်က အခြားသူများရှေ့၌ မခေါ်သည့်တိုင်အောင် ခင်ခင်ထားနှင့် ကိုဗလရှေ့၌ သူ့အား မောင်ဟု ခေါ်လေ့ရှိသော ယုယုခိုင်၏ ကိုရဲဟူသော အခေါ်အဝေါ် ပြောင်းလဲမှုကို ခင်ခင်ထားတို့ အနေနှင့် ဘယ်လိုမှ သတိမပြုမိဘဲ နေမည်မဟုတ်လား။

ယုယုခိုင်၏ အခေါ်အဝေါ် ပြောင်းလဲမှု သုံးရက်မြောက်သည့် နေ့၌ သူတို့နှစ်ယောက်ကြားရှိ အခြေအနေကို ခင်ခင်ထား စတင်ရိပ်မိသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ငါ နင့်ကို မေးရဦးမယ်"

ဟု စကားစချီလျက် ယုယုခိုင် ရှုံးမလှာမိ မနက်ပိုင်း တစ်ခု၌ ခင်ခင်ထား သူ့အား မေးမြန်းခဲ့သည်။

"ဘယ်လိုဖြစ်လို့ ကိုရဲတွေဘာတွေ ပြန်ဖြစ်ကုန်ရတာလဲ၊ ပြောစမ်းပါဦး"

ခင်ခင်ထား၏ မေးခွန်းမှာ သူ မျှော်လင့်ထားသည့် မေးခွန်းမျိုး ဖြစ်သော်လည်း ထိုမေးခွန်းအတွက် အဖြေကိုတော့ သူ ကြိုတင်ပြင်ဆင် မထားခဲ့မိပါ။

"မခင်ထား ယုကို မေးမကြည့်ဘူးလား"

သူ ဘယ်လို ပြန်ဖြေသင့်မှန်း မသိသဖြင့် မေးခွန်းတစ်ခု ပြန်မေးလျက်၊ ခေတ္တရှောင်လွှဲလိုက်တော့ ခင်ခင်ထား ခေါင်းညိတ်သည်။

"မေးပြီးပြီ"

"ဘာတဲ့လဲ"

သူ စိတ်ဝင်တစား ပြန်မေးလိုက်မိသည်။

"သူ ပြောတာကို ငါ စိတ်မဝင်စားဘူး။ နင့်ဆီက အဖြေကို လိုချင်တာ"

"မဟုတ်ဘူး၊ သူ့အဖြေကို ကျွန်တော် သိချင်တယ်"





သည်တော့မှ ယုယုခိုင်က ခင်ခင်ထားအား ပြောပြခဲ့သော အကြောင်းပြချက်ကို သူသိခွင့်ရခဲ့သည်။ သူမက သူနှင့် သူမအကြားရှိ အက်ကြောင်းအား နားလည်မှု လွဲမှားခြင်းဟူသော စကားလုံးဖြင့် ဖုံးလွှမ်းခဲ့သည်ဟု ဆိုသည်။

"တစ်ယောက်ကို တစ်ယောက် နားမလည်နိုင်ကြတော့လို့ဆိုတဲ့ အကြောင်းပြချက်မျိုးနဲ့ ခုလို အခြေအနေမျိုး ရောက်သွားတာကို ငါ နားကို မလည်နိုင်ဘူး ကိုရဲ ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်ကြတာလဲ"

"ယု ပြောသလိုပါပဲ"

သူ့အဖြေကို ခင်ခင်ထား မကျေနပ်ဟန်ဖြင့် ခေါင်းယမ်းသည်။

"ငါတော့ နင်တို့ နှစ်ယောက်ကို လိုက်မမီတော့ဘူး"

ခင်ခင်ထား၏ အသံက ဝေခွဲမရမှုနှင့် နားမလည်နိုင်မှုတို့ ရောပြွမ်း စိတ်ပျက်နေသည့် အသံမျိုး ဖြစ်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဟုတ်ကဲ့ အမိန့်ရှိပါ ရှင်"

မေပုလဲသွယ်၏ ခပ်စူးစူး ဖုန်းထူးသံလေးက န
ထောင်ခွက်အတွင်းမှ ထွက်ပေါ်လာသည်။ သူမနှင့် တိုက်ရိုက်
တွေ့ခွင့်ရသဖြင့် သူ အနည်းငယ် စိတ်ချမ်းသာသွားမိသည်
အကယ်၍ နီလာ သို့မဟုတ် ပေါက်ပေါက်နှင့် တိုးပါ
မေပုလဲသွယ်အား ချက်ချင်း ခေါ်မပေးဘဲ သူ့ကိုညဦးသည
အနေနှင့် ပေါက်ကရ လေးဆယ်တွေ အကြာကြီး လျှော
ပြောနေတတ်သည်။

"ကိုယ်ပါ မေပုလဲ၊ ကိုယ့်ဆီ ဖုန်းဆက်သေးတယ်ဆို"

သူ့အသံကြားတော့ သူမက 'ဩော်'ဟု ရေရွတ်ရင်း-





"ဆက်တာမှ လေးခါတောင်ရှိပြီ။ ရုံးက အခုမှ ပြန်
ရောက်သလား"

"အင်း"

"အချိန်ပိုနဲ့တူတယ်နော်၊ တော်တော်ပျော်ခဲ့ရဲ့လား"

သူမ၏ စကားနှင့် အသံနေအသံထားက တစ်ခုခု
အတွက် မကျေမနပ် ဖြစ်နေကြောင်း ယုံမှားစရာမရှိပါ။

"ဘာတွေ စိတ်တိုနေတာလဲ ပုလဲလေးရဲ့၊ ဘာလဲ
ပေါက်ပေါက်နဲ့ ရန်ဖြစ်ပြန်ပြီလား"

"အဲဒါထက် ဆိုးတယ်"

"ဒါဖြင့် အဘိုးကြီးနဲ့လား"

"နေ့လည်က ကိုကို ဘယ်မှာရှိလဲ၊ နေ့လည် (၂)နာရီ
လောက်က"

မြတ်စွာဘုရား၊ သူမ ဒေါကန်နေသူဟာ သူကိုယ်တိုင်
ပါလား။ သူ ချက်ချင်းပင် သူမမေးသော အချိန်၌ ဘယ်မှာ
ကြောင်း စဉ်းစားကြည့်လိုက်သည်။

"နာရီအတိအကျတော့ မမှတ်မိဘူး။ ဒါပေမယ့် အဲဒီ
အချိန်လောက်က ကိုယ် တိုင်း (၁၁)မှာ ရှိတယ်"

သူမ ခေတ္တ ငြိမ်သက်သွားပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား ကိုကို"

"သိပ်သေချာတာပေါ့"

"အဲဒါဆို ကျွန်မ အလိမ်ခံရပြီပေါ့"

"ဘယ်လို မေပုလဲ"

သူမ ခြောက်ကပ်ကပ် ရယ်မောသည်။

"အဲဒီအချိန် ကိုကို အဲဒီနေရာမှာ မရှိဘူး။ ကျွန်မကို မညာနဲ့"

"ဒုက္ခပဲ၊ ကိုယ်အမှန်အတိုင်း ပြောတာ မေပုလဲရဲ့၊ ကိုယ်တို့လမ်းမတော် တရားရုံးမှာ ရုံးချိန်းယူတယ်၊ ပြီးတာနဲ့ အဲဒီကို တန်းပြေးတာပဲ၊ ဟိုရောက်တော့ ကိုယ်တို့ အမှုက ခေါ်တောင်ခေါ်နေပြီ၊ ပြန်ခေါ်သက်သေစစ်တာ၊ အမှုလဲ စစ်ပြီးရော ရုံးလဲဆင်းရော၊ ကိုယ် အဲဒီမှာ အသေအချာကို ရှိတယ်"

"ကျွန်မ သိသလောက်တော့ အဲဒီအချိန် ကိုကိုရယ်၊ ဟိုအမျိုးသမီးရယ် လေးဘီးကားတစ်စီးပေါ်မှာ ရှိတယ်၊ ကိုကိုတို့ နှစ်ယောက် တစ်နေရာရာကို သွားကြတယ်၊ ဘာပြောမလဲ"

သေတော့မှာပဲ၊ သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိတော့သည်။





"အဲဒါ ဘာဖြစ်တာလဲ"

"ရယ်တာလေ၊ ကိုယ်ပြောမယ်၊ မေပုလဲ စွပ်စွဲတာ အမှန်ပဲ၊ကိုယ်တို့ လမ်းမတော် တရားရုံးကနေ ကားငှားပြီး တိုင်း(၁၁)ကို သွားတာ၊ ဒါပေမယ့် အဲဒီအမျိုးသမီးနဲ့ ကိုယ်နဲ့ နှစ်ယောက်ထဲ ဆိုတာတော့ မဟုတ်ဘူး။ အရှေ့ခန်းမှာ ကိုဗလ ကြီးပါတယ်"

သူ ဖြေရှင်းမှုအဆုံး သူမ နှုတ်ဆိတ်သွားတော့သည်။ ပြီးမှ 'တိုင်း(၁၁)က ဘယ်မှာရှိတာလဲ'ဟု မေးသည်။

"စဉ်းအိုးတန်းမှာ"

"ဒါဖြင့် အဲဒီကို ဘယ်နေရာက ကားငှားပြီး ဘယ်လမ်းက သွားတာလဲ"

အမှန်တော့ ရှေ့နေ ဖြစ်သင့်သူမှာ သူ မဟုတ်ဘဲ သူမ သာလျှင် ဖြစ်သည်။ သူ စဉ်းစားပြီး ကားဖြင့် သွားရာ လမ်းကြောင်းကို ပြောပြလိုက်ရသည်။ သည်တော့မှ သူမက သူ၏ ဖြေရှင်းမှုကို လက်ခံလေတော့သည်။

"မသိပါဘူး။ ကျွန်မက စိုးစိုး ဖုန်းဆက်ပြောတော့ ထူးသွားတာပဲ၊ သူက ကိုကိုတို့နှစ်ယောက်ကို သိမ်ကြီးဈေး မီးပွိုင့်မှာ ကားရပ်ထားတုန်း တွေ့လိုက်တာတဲ့"

စိုးစိုးဆိုသူမှာ သူမ၏ သူငယ်ချင်းဖြစ်ပြီး သူနှင့် နှစ်ခါလောက် ဆုံခဲ့ဖူးသူ ဖြစ်သည်။ ထို ကောင်မလေးသာ သိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဈေးမီးပွိုင့်ဟူသော နေရာပြပုဒ် ထည့်မပြောခဲ့ပါကဤပြသနာမှာ တော်တော်နှင့် ရှင်း၍ပြီးမည် မဟုတ်ပါ။

သူ သက်ပြင်းတစ်ချက်ကို စိတ်ပျက်လက်ပျက် ချလိုက်ရင်း-

"မေပုလဲရယ်၊ သူများပြောတာလဲ ယုံတော့ယုံပေါ့၊ ဒါပေမယ့် နည်းနည်းပါးပါးတော့ စဉ်းစားဦးမှပေါ့"

"ရုတ်တရက်ဆိုတော့ ကျွန်မလဲ အရမ်းဒေါကန်သွားတာပေါ့၊ နောက်ပြီး ကိုကိုတို့က တစ်ပတ်မှ ငါးရက်ပုံမှန် တွေ့ခွင့်ရနေကြတဲ့ ချစ်သူဟောင်းတွေလေ၊ ကိုယ် တစ်ချက် ညှဉ့်တာနဲ့ ကိုယ့်ချစ်သူ ပါသွားမယ့် ကိစ္စကို ကျွန်မ ဘယ်လိုလုပ်မှန်မှန်ကန်ကန် စဉ်းစားနိုင်ပါ့မလဲ"

သူမ၏ စိုးရိမ်မှုနှင့်မယုံသင်္ကာ လွှမ်းမိုးနေမှုတို့အား သူမည်သို့ ဖယ်ရှားဖျောက်ဖျက်ရမည် မသိပါ။ သူမ အတန်ကြာ ငြိမ်သက်နေပြီးမှ မောလျသံနှင့် သူ့ကို ပြောသည်။

"ကျွန်မရင်ထဲမှာ ဆူးတစ်ချောင်း စူးနေတာ ကြာပြီကိုကို၊ အဲဒီဆူးက ကိုကိုနဲ့ သူ့ကို ဘယ်လိုမှ စိတ်မချနိုင်တဲ့ သံသယဆူးပဲ"

သူမ၏ ဖွင့်ဟဝန်ခံမှုအတွက် သူ စိတ်မောသွားမိသည်။

❑





၁၉၉၀-ခု၊ မတ်လ ၁၆-ရက်နေ့၌ သူတို့ရုံးခန်းမှ လူ...ားနှင့်နီးစပ်ရာ ရွှေ့နေတချို့အား ယုယုခိုင်က ဖိတ်စာ တစ်...စောင်စီ ဝေခဲ့သည်။ ဖိတ်စာက ၁၈-ရက်၊ တနင်္ဂနွေနေ့၌ သူမတို့အိမ်သို့ မဟာသံဃာသာရ ရုပ်ရှင်တော်မြတ် ကြွရောက်...လာမည် ဖြစ်သဖြင့် ဘုရားဖူးလာရန် ဖိတ်ကြားခြင်း ဖြစ်သည်။

"ကိုရဲကော အဲဒီနေ့ လာမလား"

သူ့အား ဖိတ်စာပေးရင်း သူမမေးတော့ . . .

"လာမှာပေါ့ ယုရဲ့၊ ဘာဖြစ်လို့လဲ"

"မသိပါဘူး၊ ယုက ကိုရဲ အဲဒီနေ့ မအားဘူးလားလို့"

စနေ၊ တနင်္ဂနွေတိုင်းသူ မေပုလဲသွယ်တို့ထံ သွား...တတ်ခြင်းကို သူမ ဆိုလိုခြင်းဖြစ်သည်။

"မအားလဲ အားရမှာပဲ၊ ကျွန်တော် မဟာသံဃာသာရ ...ဘုရားကို ဖူးချင်နေတာ ကြာပြီ ယုရဲ့"

သို့သော် တိုက်ဆိုင်စွာပင် ထိုနေ့၌ မေပုလဲသွယ်တို့ ...မိမကလည်း တိရစ္ဆာန်ရုံသွားချင်သည်ဟု ဆိုလာကြသည်။

"တိရစ္ဆာန်ရုံဆိုတာကလေးတွေသွားတာ မေပုလဲရဲ့"

"အို ကျွန်မတို့လဲ ကလေးပဲဉစ္စာ၊ လူကြီးဆိုလို့ ကိုကို...ယ် ကိုပေါ်ကြီးရယ်ပဲ ပါမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အဲဒီနေ့ ကိုယ်မအားဘူး ပုလဲလေးရဲ့၊ သွားချင်ရင် နေ့လယ်ပိုင်းသွားမှ ရမယ်၊ မနက်ပိုင်းက မဟာသံ့သာရဘုရားဖူးဖို့ ဖိတ်ထားလို့"

"ဘယ်သူကလဲ"

ယုယုခိုင်ဟု ဖြေမိမလိုဖြစ်ပြီးမှ ချက်ချင်းပင် အသိတစ်ယောက်ပါဟု လွှဲ၍ ဖြေလိုက်သည်။ အကယ်၍ ယုယုခိုင်၏ အမည်ကိုသာ သူပြောလိုက်ပါက သူမ၏ သံသယက စူးလက် ရှန်းကြွလာဦးမည် ဖြစ်သည်။

"မဟာသံ့သာရဘုရား ဟုတ်လား၊ ကျွန်မလဲ လိုက်ဖူးချင်တယ်"

ထိုကိစ္စကိုတော့ သူ ဘယ်လိုမှ ခွင့်မပြုနိုင်ပါ။

"မလိုက်ပါနဲ့ မေပုလဲရယ်၊ ကိုယ့်အသိတွေ ကြားထဲမှာ မေပုလဲ ကြောင်နေမှာ စိုးလို့"

သူ ချော့ချော့မော့မော့ ပြောလိုက်တော့ သူမက မကျေမနပ် ခေါင်းယမ်းရင်း-

"တိရစ္ဆာန်ရုံလဲ မသွားရဘူး၊ ဘုရားကျပြန်တော့လဲ လိုက်မဖူးရဘူး၊ ကိုကို့ဟာကလဲ ဘယ်လိုကြီးလဲ"

"အဲဒီက ပြန်လာတဲ့အခါကျတော့ တိရစ္ဆာန်ရုံကိုသွားကြတာပေါ့"





"အာ အဲဒီ အချိန်ကျတော့ နေပူနေပြီပေါ့ ကိုကိုရဲ့၊ ကျွန်မတို့က မနက်ပိုင်းသွားချင်တာ"

"ဒါဖြင့်လဲ နေမပူတဲ့ ရုပ်ရှင်ရုံတွေ ရှိတာပဲ၊ ကိုယ်တို့ နေ့လယ်ပိုင်း ရုပ်ရှင်သွားကြည့်ကြတာပေါ့၊ ဘယ့်နှယ့်လဲ"

အစီအစဉ်သစ် တစ်ခုခုဖြင့် အစားထိုးလိုက်တော့မှ သူမ အနည်းငယ် ရွှင်ပျသွားသည်။ ဒါဖြင့် အဲဒီနေ့ ဘုရားဖူးပြီးတာနဲ့ စောစောလာခဲ့နော်ဟု သူမ ပြောသည်။

တနင်္ဂနွေနေ့၌ မေပုလဲသွယ်တို့ထံ စောစော ရောက်နိုင်ရန်အတွက် ယုယုခိုင်တို့ အိမ်သို့လည်း သူ စောစီးစွာပင် သွားခဲ့သည်။ ကိုဗလအား ဝင်ခေါ်ပြီး စမ်းချောင်းရှိ သူမတို့ အိမ်သို့ သူရောက်သွားတော့ မဟာသံ့သာရ ဘုရားပင် ကြွလာသေးပါ။

"(၉)နာရီမှ ဘုရားကြွလာမှာ"

ဝိုင်းကူလုပ်ပေးရန်အတွက် ညကတည်းက ထိုအိမ်၌ အိပ်သော ခင်ခင်ထားက ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကိုရဲတို့ ရောက်လာတာ အတော်ပဲ၊ မှာ ကားမောင်းမယ့် လူမရှိလို့ ဒုက္ခရောက်နေတာ"

"ဘုရားပင့်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ညှော်သည်တွေ ကြွေးဖို့ မုန့်မှာထားတာ သွားယူဖို့"

ကိုဗလက ကားမောင်းတတ်သူ မဟုတ်သဖြင့် ထိုကိစ္စမှာ သူ၏ တာဝန်ပင် ဖြစ်လာတော့သည်။ ဤသို့ဖြင့် ကိုဗလက ဆရာဦးလှထွန်းနှင့်တခြားရှေ့နေများ ရောက်ရှိလာပါက ညှော်ခံထားရန် နေခဲ့ပြီး ယုယုခိုင်၊ သူနှင့် ခင်ခင်ထားက သူမတို့အိမ်မှ ကားဖြင့် မုန့်သွားယူရန် ထွက်ခဲ့ကြသည်။

"ထိုင်လို့ရရဲ့လား"

ဘေးမှ အမျိုးသမီးနှစ်ယောက်ကို သူ လှမ်းမေးတော့ သူနှင့် အနီးဆုံး၌ရှိသော ယုယုခိုင်က ရပါတယ်ဟု ပြန်ဖြေသည်။ သို့သော် ပါပလေကား၏ ရှေ့ခန်းမှာ သုံးယောက် သက်တောင့်သက်သာ ထိုင်လို့ရလောက်အောင် မကျယ်ဝန်းပါ။

"ဘယ်အရင် သွားမလဲ"

"ဗဟန်းကို အရင်သွားမယ် ကိုရဲ အဲဒီမှာကွေတာလန်း ဝင်ယူရမယ်"

ဗဟန်း ရေခဲဆိုင်မှတ်တိုင် အလွန်၌ ကွေတာလန်းခေါ် တရုတ်မုန့် ဝင်ယူသောကိစ္စမှာ လွယ်ကူ မြန်ဆန်စွာ ပြီးသွားခဲ့သော်လည်း မြို့ထဲရှိ ပလာတာဆိုင် အရောက်မှာ





တော့ အချပ်ရေ မပြည့်သေးသဖြင့် ခဏစောင့်ပါဟု ဆိုသည်။ ယုယုခိုင်က စိတ်ပျက်ဟန်ဖြင့် မျက်နှာမဲ့ကာ 'သိပ်ကြာနေရင်တော့ ဒုက္ခပဲ၊ အိမ်မှာကလည်း ညှော်ခံဖို့ လူ သိပ်ရှိတာ မဟုတ်ဘူး'ဟု ရေရွတ်သည်။ ခင်ခင်ထားက ကော်ဖီမှုန့် ဝယ်ရဦးမယ်ဟု သတိပေးရင်း

"ကော်ဖီမှုန့် သွားဝယ်ပြီး ပြန်လာခဲ့၊ ငါ ပလာတာ စောင့်ယူထားလိုက်မယ်"

"အဲဒါ ကောင်းတယ်၊ ဒါပေမယ့် မခင်ထားလဲ လိုက်ခဲ့လေ၊ အပြန် ဝင်ယူလဲ ရတာပဲ"

"အဲဒီကျရင် အချပ်ရေ ပြည့်မပြည့် ကြည့်ရဦးမှာနဲ့၊ ပိုက်ဆံရှင်းရ အမ်းရဦးမှာနဲ့ ကြာနေလိမ့်မယ်"

ခင်ခင်ထား၏ စကားက ယုတ္တိတန်နေသဖြင့် သူမအား ထားခဲ့ကာ သူနှင့် ယုယုခိုင် ကော်ဖီမှုန့်ဝယ်ရန် ထွက်ခဲ့သည်။ ဘယ်မှာ ဝယ်မလဲဟု သူ မေးတော့ လက်ရွေးစင်ဟု သူမ ဖြေသည်။

မနက် စောစောပိုင်း ဖြစ်သဖြင့် လက်ရွေးစင်ရှေ့၌ ကားရပ်ရန် နေရာက သိပ်မခက်ခဲလှ။ လေးဘီးကား တစ်စီးဘေး၌ ဝင်ရပ်လိုက်ရင်း-

"ယု ကားပေါ်မှာပဲ ထိုင်နေလိုက်လေ၊ ကျွန်တော် ဆင်းဝယ်လိုက်မယ်၊ ဘယ်လောက် ဝယ်မှာလဲ"

"ပေါင်ဝက်ပဲ ဝယ်မယ် ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကမ်းပေးသော ပိုက်ဆံကို ယူပြီး သူကားပေါ် ဆင်းလာခဲ့သည်။ ကော်ဖီနံ့သင်းပျံ့နေသော ဆိုင်တွင်း၌ ကော်ဖီမှုန့်ပေါင်ဝက် ဝယ်ပြီး လှည့်ထွက်ရန် ပြင်စဉ် ယူ ခိုင် သူ့နောက်သို့ ရောက်လာသည်။

"မထူးဘူးကိုရဲ၊ တစ်ပေါင်ပဲ ဝယ်လိုက်တော့"

သူ နောက်ထပ် ပေါင်ဝက် ဝယ်လိုက်သည်။

"ပေးလေ ကိုရဲ၊ ယူ ကိုင်မယ်"

ဆိုင်ပေါ်မှ ဆင်းလာတော့ သူမ လက်ထဲမှ ကော် မှုန့်ထုပ်ကို လှမ်းတောင်းသည်။ သူ ရပါတယ်ဟု ပြောသေ လည်း သူမက သူ့လက်ထဲမှ ကော်ဖီမှုန့်ထုပ်ကို အတင်းလု ယူသဖြင့် သူ အလျှော့ပေးလိုက်ရသည်။

"ကြည့်စမ်း၊ ခုမှ သတိရတယ်"

"ဘာလဲ ကိုရဲ"

ပိုက်ဆံလေ၊ ပိုတဲ့ပိုက်ဆံတွေ မေ့ပြီး ကျွန်တော့်အိတ် ထဲ ထည့်ထားလိုက်မိတယ်"

ပြောပြောဆိုဆိုနှင့် အင်္ကျီအိတ်ကပ်ထဲမှ ကော်ဖီမှု ဖိုး ပိုသော ငွေတို့ကို သူ ကမန်းကတန်း ပြန်ထုတ်တော့ သူ က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောသည်။





"ဒါများ ကိုရဲရယ်၊ ယူကဖြင့် ဘာများလဲလို့ လန့်သွားတာပဲ၊ မေ့ပြီး ပြန်မပေးမိတော့ကော ဘာဖြစ်မှာလဲ၊ တခြားလူတွေမှ မဟုတ်တဲ့ဥစ္စာ၊ ဘာလဲ ကိုရဲက အဲဒီပိုက်ဆံကြောင့် ယုနဲ့ နောက်ဘဝ ရေစက်ဆုံနေမှာ စိုးလို့လား"

သူမက ပေါ့ပါးစွာ နောက်ပြောင်လိုက်ခြင်းသာ ဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ လှိုက်ခနဲ ခံစားလိုက်ရသည်။

"ဟာ မဟုတ်ပါဘူး ယုရဲ့"

သူ ကမန်းကတန်း ငြင်းလိုက်တော့ သူမက-

"အလကားစတာပါ ကိုရဲ ရဲ့၊ မျက်မှာမပျက်ပါနဲ့"

သူမ ရယ်ရယ်မောမောဖြင့် ပြောရင်း ကားတံခါး ဖွင့်သည်။သူ ယာဉ်မောင်းသူနေရာ၌ ဝင်ထိုင်၍ ကားစက်နှိုးပြီး နောက်ကားရှင်းမရှင်း ကြည့်ကာ မောင်းထွက်ရန် ပြင်လိုက်သည်။ ထိုအချိန်မှာပင် သူ၏ အကြည့်ကို ခပ်လှမ်းလှမ်းရှိ ကားမှတ်တိုင်ဆီသို့ ကျရောက်သွားခဲ့သည်။ အကယ်၍ သူ၏ အကြည့်တို့သာ ထိုနေရာသို့ အမှတ်တမဲ့ ရောက်ရှိမသွားခဲ့ပါက (သူတို့နှစ်ယောက်အား ဘယ်အချိန်ကတည်းက စူး စိုက်ကြည့်နေခဲ့သည် မသိသော) မေပုလဲသွယ်ကို သူ တွေ့မြင်ခဲ့လိမ့်မည် မဟုတ်ပါ။

စိုးစိုးနှင့်အတူ ယှဉ်တွဲရပ်လျက် သူတို့နှစ်ယောက်အား စူးရဲစွာ စိုက်ကြည့်နေသော မေပုလဲသွယ်က သူ့အကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်နှင့်ဖျတ်ခနဲ တစ်ဖက်သို့ လှည့်သွားခဲ့သည်။ သူ ချက်ချင်းပင် ကားရပ်ပြီး ဆင်းရန် စိတ်ကူးလိုက်သော်လည်း သူ့စိတ်ကို အကောင်အထည် ဖော်ခွင့် မရလိုက်၊ မေပုလဲသွ က စိုးစိုး၏ လက်ကို ဆွဲလျက် ကားဂိတ်၌ ရပ်ထားသော ဘတ်စ်ကား တစ်စီးပေါ်သို့ လျင်မြန်စွာ တက်သွားခဲ့သည်။

"ဘာဖြစ်လို့လဲ ကိုရဲ၊ ဘယ်သူတွေ့လို့လဲ"

ယုယုခိုင်က သူကြည့်ရာသို့ လိုက်ကြည့်ရင်း သူ့ နားမလည်သလို လှည့်မေးသည်။

"ဪ အသိတစ်ယောက် တွေ့လိုက်လို့ပါ၊ ဘာ မဖြစ်ပါဘူး"

သို့သော် သူ၏ အသံက ဘာမှမဖြစ်သော အသံဟု သူ ကိုယ်တိုင် မယုံကြည်ပါ။





(၄)

"အိပ်နေတယ် ဦးရဲ"

"ခဏလေး နီလာ၊ ကိုယ် ခဏလောက် စကားပြောချင်တယ်လို့၊ နှိုးလိုက်ပါ"

"နှိုးလို့ မဖြစ်ဘူးဦးရဲရဲ၊ အိပ်နေတယ်ဆိုတာ သူ ကိုယ်တိုင်က ပြောခိုင်းလိုက်တာ"

သူ စိတ်ပျက်စွာ စုတ်တစ်ချက် သပ်လိုက်မိသည်။

"ဘာတွေ ဖြစ်ကြတာလဲ ဦရဲ ပုလဲကလဲ ဘာမှ မေးလို့ မရဘူး၊ ဦးရဲနဲ့ လောလောဆယ် စကားမ ပြောချင်သေးဘူးလို့ပဲ ပြောတယ်။ ဘာတွေ ပြဿနာတက်လို့လဲ"

"ဒီလိုပါပဲဟာ၊ ညည်းအစ်မအကြောင်းလဲ သိရက်သားနဲ့၊ ထုံးစံအတိုင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ နီလာအား ရှင်းပြမနေတော့ဘဲ စကားလွှဲလျက် ဒါပဲနော် နီလာဟု ဆိုကာ ဖုန်းပြန်ချလိုက်သည်။

တနင်္ဂနွေနေ့ သူရောက်သွားတော့ မေပုလဲ သူ့ကို လုံးဝ ထွက်မတွေ့ခဲ့။ ဧည့်ခန်း၌ မေပုလဲ၏ အဖေနှင့်အမေလည်း ရှိနေသဖြင့် သူ နီလာသွယ်ကို မေပုလဲရောဟု မျက်ရိပ်မျက်ခြည်ဖြင့်သာ မေးရသည်။ နီလာသွယ်က မသိမသာ ခေါင်းယမ်းပြပြီး လူကြီးတွေလစ်တော့မှ သူ ဦးရဲကို ထွက်မတွေ့ချင်ဘူးတဲ့ဟု အကြောင်းကြားသည်။

“မနက်က မေပုလဲ ဘယ်သွားသေးလဲ”

“ကွန်ပျူတာ သင်တန်းလေ၊ ကွန်ပျူတာတက်ဖို့စိုးစိုးနဲ့ ဆူးလေမှာ သွားစုံစမ်းတာ၊ အစောကြီးကတည်းကပဲ”

ဤသို့ဆိုလျှင် သူနှင့် ယုယခိုင်အား တွေ့သွားခြင်းမှာ ကွန်ပျူတာ သင်တန်းသို့ သွားရင်း တိုက်ဆိုင်စွာ တွေ့သွားခြင်းသာ ဖြစ်ပါလိမ့်မည်။ ထိုနေ့က နီလာသွယ်မှတစ်ဆင့် မေပုလဲအား သုံးလေးခါ တွေ့ခွင့် တောင်းခဲ့သော်လည်း သူမ၏ အဖြေက ဟင့်အင်းသာ ဖြစ်သည်။ နောက်ဆုံးတော့ သူ စိတ်လျှော့ကာ ပြန်လာခဲ့သည်။

သည်နေ့မနက်တော့ သူမ စိတ်ပြေလျှော့လိုက်ပြီ အထင်နှင့် လူကြီးတွေ မရှိသောအချိန်ကို မှန်း၍ ရုံးခန်းမှ ဖုန်းဆက်လိုက်သည်။ သို့သော် ယခုတစ်ကြိမ် သူ၏ ကြိုးစားမှုမှာလည်း အချည်းအနှီးသာလျှင် ဖြစ်လေသည်။ သူ ဖုန်းချပြီး





ဆရာဦးလှထွန်း၏ သီးသန့်ရုံးခန်းလေးအတွင်းမှ ပြန်ထွက်လာခဲ့သည်။

“ကိုရဲ မင်း ပန်ပဲတန်း အချုပ်စခန်းကို ပြေးရလိမ့်မယ်”

အပြင် ဧည့်ခန်းသို့ရောက်တော့ ကိုဗလက အမှုတွဲဖိုင်များနှင့် အလုပ်ရှုပ်နေရာမှ သူ့ကိုမော့ကြည့်ရင်း လှမ်းပြောသည်။ ဤဧည့်ခန်းမှာ အမှုသည်များအတွက် ပြုလုပ်ထားခြင်းဖြစ်သော်လည်း များသောအားဖြင့်တော့ သူတို့ စုဝေး စတည်းချရာ နေရာသာဖြစ်သည်။ ဆရာဦးလှထွန်း၏ သီးသန့်ရုံးခန်းလေးလို မကျဉ်းမကျပ်သည့်အပြင် လမ်းမှ ဖြတ်သွားသော လူများ မမြင်နိုင်ရန်လည်း ဆင်နွှားရွက်တံခါးလေး တပ်ထားသောကြောင့် သူတို့ တစ်စုတဝေး အလုပ်-လုပ်ကိုင်ရန် ကောင်းသော နေရာလေးဖြစ်သည်။

“ပါဝါလွှဲစာ လက်မှတ်ထိုးခိုင်းဖို့လား ကိုဗလ”

“အစစ်ပေါ့၊ ၆ (ဘီ)၁၀(ဘီ)၁၄(ဒီ) သုံးယောက်တွဲကေ့စ် (အိုင်အို)က ဦးခင်မောင်လေး၊ ရော့ ဒီမှာ ပါဝါယူသွား၊ အချိန်ရရင် (C.R.O) က ဆရာဦးကြည်ရင်ဆီမှာ အမှုတွဲ တောင်းကြည့်ခဲ့၊ (BAIL) အတွက် အသည်းအသန် လိုက်ရလိမ့်မယ်”

သူ ချက်ချင်းပင် မေပုလဲသွယ်အား မေ့လျော့လျက် အလုပ်ထဲသို့ အာရုံဝင်စားသွားတော့သည်။ ကိုဗလ လှမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖြစ်မှုဆိုင်ရာ ကိုယ်စားလှယ် လွှဲအပ်စာကို ယူရင်း ပြီးရင် ကျွန်တော် ဒီကိုပဲ ပြန်လာရမှာလားဟု မေးလိုက်သည်။ ကိုဗလ ခေါင်းယမ်းရင်း

"မလာနဲ့၊ သာကေတ တရားရုံးကို လိုက်ခဲ့၊ ငါအဲဒီမှာ ရှိမယ်၊ အဲဒီကပြီးမှ မင်းနဲ့ငါ ဒဂုံမှာ ရန်သွားဖြစ်ရမှာ၊ ဟိုဘက်က မျက်စိနဲ့မြင်တယ်ဆိုတဲ့သက်သေကို ဒီနေ့ တင်မတဲ့။ တိုက်ပွဲဝင်ရဦးမှာပေါ့၊ ကဲ ခင်ခင်ထားနဲ့ ယုကတော့ ဒီမှာပဲ ဆရာဦးလှထွန်း ပြန်အလာကိုစောင့်၊ ဆရာ ဒီနေ့ အင်းစိန်တရားရုံးသွားရင် ညည်းတို့နှစ်ယောက်ကို ခေါ်သွားမလို့တဲ့"

အမျိုးသမီး နှစ်ယောက်က အင်းစိန် တရားရုံးသို့ သွားကြရမည်ဆိုသဖြင့် မျက်နှာရှုံ့မဲ့သွားကြသည်။ သူကတော့ တစ်နေ့တာ ကိစ္စများကို ပြေးလွှား ဆောင်ရွက်ရန် နံရံ၌ ချိတ်ထားသော တိုက်ပုံကို လှမ်းယူကာ ဝတ်ဆင်လိုက်သည်။

❑

"မခင်ထား စာစ်ယောက်တည်းလား ယုကော"

ညနေဘက် ရုံးခန်းသို့ ပြန်ရောက်တော့ ခင်ခင်ထားက ဝတ္ထုစာအုပ် တစ်အုပ်ကို ထိုင်ဖတ်နေသည်။ ကိုဗလက ဆရာဦးလှထွန်း၏ ရုံးခန်းလေးအတွင်းသို့ တန်းဝင်သွားပြီး





သူက ခင်ခင်ထားဘေး၌ ဝင်ထိုင်ရင်း ယုယုခိုင်ကို မမြင်သဖြင့် မေးလိုက်သည်။

"ပြန်သွားပြီ"

"ဟ စောလှချည်လား"

သည်အချိန်သည် ယုယုခိုင် အိမ်ပြန်လေ့ရှိသောအချိန် မဟုတ်သဖြင့် သူ အနည်းငယ် အံ့ဩသွားမိသည်။

"ဘာဖြစ်လို့ အစောကြီး ပြန်သွားတာလဲ"

သူ မေးတော့ ခင်ခင်ထား သူ့ကို ဖျတ်ခနဲ မော့ကြည့်ရင်း-

"ငါ အဲဒီအကြောင်း ပြောပြချင်လို့ နင့်ကို တမင်စောင့်နေတာ"

ခင်ခင်ထား၏ အနည်းငယ် ထူးဆန်းသော စကားကြောင့် သူမ၏ မျက်နှာကို သူ ပြန်ကြည့်လိုက်မိသည်။

"ဒီမှာ ပြောလို့မကောင်းဘူး ကိုရဲ၊ လာဟာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"

ဒါဆိုလျှင်တော့ သူမပြောပြမည့် အကြောင်းအရာက တော်ရုံတန်ရုံ အကြောင်းအရာတစ်ခု မဖြစ်နိုင်ပါ။

"ကျွန်တော်နဲ့ တစ်ခုခု ပတ်သက်နေလို့လား မခင်ထား"

"အများကြီး ပတ်သက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထား လက်ထဲမှ စာအုပ်ကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး ဆက်ပြောသည်။

"မနက်က မေပုလဲသွယ် ဒီကို ရောက်လာတယ် ကိုရဲ"

"ဗျာ"

❑

ဆင်နားရွက်တံခါး တွန်းဖွင့်လိုက်သံကြောင့် ဆရာဦးလှထွန်း လာပြီအထင်နှင့်သူမတို့နှစ်ယောက်စလုံး ပြိုင်တူ မော့ကြည့်လိုက်ကြသည်။ သို့သော် ဝင်လာသူက ဆရာ ဦးလှထွန်း မဟုတ်ဘဲ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် ခေတ်ဆန်ဆန် ကောင်မလေးတစ်ယောက် ဖြစ်သည်။

ရင်ဘတ်၌ စတစ်ကာအရုပ် ကပ်ထားသော တီရှပ်ပွပွကြီးကို ဝတ်ဆင်ထားပြီး ဘယ်ဘက် လက်ကောက်ဝတ်၌ ခေါင်းလောင်းသေးသေးလေးများ ချိတ်ဆွဲထားသည့် ရွှေဟန်းချိန်းကို ပတ်ထားသည်။ ခေတ်မီ၍ အနည်းငယ် သွယ်လျသော ထိုမိန်းကလေး၏ အကြည့်တို့က သူမတို့ နှစ်ယောက်၏ မျက်နှာများပေါ်သို့ တစ်လှည့်စီ ကူးပြောင်းပြီး နောက်ဆုံး ယုယုခိုင်ထံ၌ ရပ်တန့်ငြိမ်သက်သွားသည်။

ယုယုခိုင်၏ အသိများလားဟု ခင်ခင်ထားတွေးလိုက်မိသော်လည်း တကယ့် တကယ်တော့ ထိုသို့ ဟုတ်ဟန်မတူပါ။





"ကျွန်မ ဒေါ်ယုယုခိုင်နဲ့ စကားပြောချင်လို့"

မိန်းမငယ်၏ စကားသံကြောင့် ယုယုခိုင် ထိုင်ရာမှ ထရပ်လျက် ခေါင်းညိတ်ပြလိုက်ရင်း-

"ယုယုခိုင်ဆိုတာ တို့ပါ"

"ဟုတ်ကဲ့ ကျွန်မ သိပါတယ် ဒေါ်ယုယုခိုင်၊ ကျွန်မ မေပုလဲသွယ်ပါ"

လက်စသတ်တော့ သူမတို့ရှေ့မှ ဤကောင်မလေးက ကိုရဲရဲ့ မေပုလဲသွယ်ပါပဲလား။

"ဩော်"

ခင်ခင်ထားနည်းတူ ယုယုခိုင်လည်းအနည်းငယ် အံ့သြသွားပုံရသည်။ သို့သော် ချက်ချင်းပင် ဖော်ရွေသော အပြုံးတစ်ခုကို လျင်မြန်စွာ ပြုံးလျက်၊ ထိုင်ပါ မေပုလဲသွယ်ဟု ယုယုခိုင် ပြောလိုက်သည်။ မေပုလဲသွယ် သူမတို့ရှေ့မှ ခုံ၌ တည်ငြိမ်စွာ ဝင်ထိုင်သည်။

"တစ်ခုခု သောက်မလား၊ မေပုလဲသွယ်"

"နေပါစေ ဒေါ်ယုယုခိုင်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မ လာတာ စကားပြောဖို့ သက်သက်ပါ"

သူမ၏ လေသံက စကားစမြည်ပြောဖို့ ရောက်လာသော ဧည့်သည်တစ်ယောက်အနေနှင့်ဆိုပါက အနည်းငယ် မာဆတ်လွန်းသည်ဟု ခင်ခင်ထား တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မေပုလဲသွယ်"

သူမက ခင်ခင်ထားကို ဖျတ်ခနဲ လှမ်းကြည့်သဖြင့်-

"ဒါ မခင်ထားတဲ့၊ တို့နဲ့ ညီအစ်မလိုနေတာ၊ မေပုလဲသွယ် လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်"

ယုယုခိုင် ဝင်ပြောလိုက်တော့မှ မေပုလဲသွယ် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး စကား စသည်။

"ကျွန်မ သိချင်တာလေးတစ်ခု ရှိလို့ပါ၊ လက်ရှိ ကိုရဲလွင်ငြိမ်းနဲ့ ဒေါ်ယုယုခိုင်ရဲ့ အနေအထားက ဘယ်လိုလဲဆိုတာ ကျွန်မ သိချင်လို့ပါ"

သူမ၏ မေးခွန်းက ယုယုခိုင်ရော ခင်ခင်ထားပါ ဘယ်လိုမှ မျှော်လင့်မထားသော မေးခွန်းဖြစ်သည်။

"ကိုရဲတို့ရဲ့ လက်ရှိအနေအထား ဟုတ်လား

ယုယုခိုင် တအံ့တသြ သံယောင်လိုက် ရေရွတ်ပြီးမှ ကမန်းကတန်း ပြုံးလိုက်ရင်း-

"မိတ်ဆွေတွေပါ မေပုလဲသွယ်၊ လုပ်ငန်းချင်းပတ်သက်နေကြတဲ့ မိတ်ဆွေတွေ အနေအထားပါပဲ"

"ဒါဖြင့်ဒေါ်ယုယုခိုင်တို့ကတစ်ယောက်နဲ့တစ်ယောက် လမ်းခွဲခဲ့ကြပြီး လက်ရှိ မိတ်ဆွေတွေ အနေအထားနဲ့ ဆက်ပြီး ဆက်ဆံနေကြတဲ့ ချစ်သူဟောင်းတွေ ဆိုပါတော့"





သူမ၏ စကားကြောင့် ယုယုခိုင် မျက်နှာတစ်ချက်ပျက်သွားသည်။ ပြီးမှ "အဲဒါ အမှန်ပါပဲ"ဟု ဖြေလိုက်သည်။

"ကျွန်မ အဲဒါထက် ပိုပြီးမှန်တဲ့ အဖြေကို လိုချင်တာပါ"

ဘုရားရေ။ သည်ကလေးမလေးရဲ့ စကားက ဘယ်လိုကြီးပါလိမ့်။ ခင်ခင်ထား ယုယုခိုင်ကို လှည့်ကြည့်လိုက်တော့ သူမ၏ မျက်နှာက မသိမသာ တင်းမာ၍လာသည်။

"မင်းက တို့ညာပြောနေတယ် ထင်လို့လား"

"ကျွန်မ သိသလောက်တော့ ဒေါ်ယုယုခိုင်တို့ရဲ့အနေအထားက သာမန် မိတ်ဆွေ အနေအထားမျိုး မဟုတ်ဘူး။ အဲဒါကို ဒေါ်ယုယုခိုင် သိသလို ကျွန်မလဲ သိပါတယ်"

"နေပါဦး၊ မင်းက ဘယ်လိုအထောက်အထားတွေ ရှိလို့ ခုလို လာစွပ်စွဲနေရတာလဲ"

မေပုလဲသွယ် ခြောက်ကပ်စွာ တစ်ချက်ရယ်လိုက်သည်။

"သက်သေ အထောက်အထားတွေကို ထည့်စဉ်းစားရအောင် ဒါတရားရုံး မဟုတ်ဘူး ဒေါ်ယုယုခိုင်၊ ကိုရဲလွင်ငြိမ်းနဲ့ ပတ်သက်ပြီး ဒေါ်ယုယုခိုင် ဘာ စိတ်ခံစားမှုမှ မရှိဘူး ဆိုတာ သေချာသလား၊ သူ့ကို မိတ်ဆွေတစ်ယောက်ထက် ပိုပြီး စိတ်မဝင်စားပါဘူးလို့ ဝန်ခံရဲသလား၊ သူနဲ့ ပတ်သက်ပြီး ရင်မခုန်တော့ဘူးလား၊ မမျှော်လင့်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မေပုလဲသွယ်၏ မေးခွန်းအဆုံး ယုယုခိုင်၏ မျက်နှာက အံ့သြနာကျင်စွာ တင်းမာသွားတော့သည်။ သူမ၏ မျက်နှာက ဖြတ်အရိုက်ခံလိုက်ရသူ တစ်ယောက်၏ မျက်နှာမျိုး ဖြစ်သည်။ သူမအား လှမ်း၍ နှစ်သိမ့်လိုက်ရမလား၊ မေပုလဲသွယ်ကိုပင် ဟန့်တားလိုက်ရမလား ခင်ခင်ထား ဝေခွဲမရ ဖြစ်နေစဉ်မှာပင် ယုယုခိုင် ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်သည်။

"လက်စသတ်တော့ မင်းက တို့ကို ရန်စ စော်ကားဖို့ ရောက်လာတာပါလား မေပုလဲသွယ်"

"အဲလို ထင်သွားတဲ့ အတွက် ကျွန်မ ဝမ်းနည်းပါတယ် ဒေါ်ယုယုခိုင်၊ ကျွန်မ ရောက်လာတာဟာ ကျွန်မရဲ့ အနေအထားက ချစ်သူအလုပ်ခံရတဲ့ အနေအမထား ဟုတ်မဟုတ် သေချာချင်လို့ပါ"

"အဲဒီစကားက တို့ပြောရမယ့် စကားပါ မေပုလဲသွယ်ရဲ့၊ တကယ်လို့ မင်းထင်သလို တို့က ကိုရဲကို ပြန်ကြိုးစားနေတယ်ပဲ ထားဦး၊ အဲဒါဟာ သူများ ချစ်သူကို လုတာ မဖြစ်နိုင်ဘူး၊ လုတယ်ဆိုတာ သူများ ပစ္စည်းကို သွားယူမှ လုတယ်လို့ ခေါ်တယ်၊ ကိုယ့်ပစ္စည်း ကိုယ် ပြန်ယူတာဟာ လုတာ မဟုတ်ဘူး"

"ဒါဖြင့် ဒေါ်ယုယုခိုင်က ကိုယ့်ပစ္စည်း ကိုယ်ပြန်ယူထားလိုက်ပြီ ဆိုပါတော့"





မေပုလဲသွယ် ယုယုခိုင်ကို မော့ကြည့်ရင်း မေးလိုက်သည်။

"တို့ ဘယ်တုန်းကမှ အဲဒီကိစ္စကို မလုပ်ခဲ့ဘူး မေပုလဲသွယ်"

စကားကို ခေတ္တရပ်ရင်း မေပုလဲသွယ်ကို ယုယုခိုင် တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် နာကျင်စွာ ပြုံးလိုက်ပြီး

"ဒါပေမယ့် အဲဒီအချိန်ကာလဟာ မင်း ဒီက မပြန်ခင် အထိပဲ အကျုံးဝင်တယ်"

"ရှင်"

"မင်း ဒီက ပြန်သွားတာနဲ့ မင်း စွပ်စွဲတဲ့အတိုင်း တို့ ကိုရဲကို ပြန်ရအောင် ကြိုးစားရလိမ့်မယ်"

သည်တစ်ခါ ဖြတ်အရိုက်ခံလိုက်ရသူကတော့ မေပုလဲသွယ်ပဲ ဖြစ်လေသည်။ သူမ ယုယုခိုင်အား အကြာကြီး မော့ကြည့်နေပြီးမှ ခြောက်ကပ်စွာ တစ်ချက်ရယ်လိုက်သည်။

"နောက်ဆုံးတော့ ရန်စစော်ကားတဲ့လူက ကျွန်မ မဟုတ်ဘဲ ဒေါ်ယုယုခိုင် ကိုယ်တိုင် ဖြစ်နေပါရောလား၊ ကိစ္စမရှိပါဘူး၊ ကျွန်မကလဲ အဲလို သဲသဲကွဲကွဲ သိချင်နေတာပါ၊ ကျေးဇူးတင်ပါတယ် ဒေါ်ယုယုခိုင်၊ ကျွန်မ ပြန်ပါဦးမယ်"

မေပုလဲသွယ် ထိုင်ရာမှ ထရပ်ပြီး တိတ်ဆိတ်ညင်သာစွာ ထွက်ခွာသွားတော့သည်။ သူမ ထွက်သွားသဖြင့် လှုပ်ယမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သော ဆင်နားရွက် တံခါးကို ယုယုခိုင် အေးစက်စွာ အကြာကြီး စိုက်ကြည့်နေသည်။ ထို့နောက် အတန်ကြာမှ ခင်ခင်ထား ဘေးရှိထိုင်ခုံသို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး ရုတ်တရက် ငိုရှိုက်လိုက်တော့သည်။

"ယု ဘာဖြစ်လို့လဲ၊ မငိုနဲ့လေ"

ယုယုခိုင်၏ ပခုံးအား လှမ်းဖက်ရင်း ခင်ခင်ထား ကမန်းကတန်း နှစ်သိမ့်လိုက်သည်။

"ယု အစော်ကားခံလိုက်ရတယ် မခင်ထား"

"အို မေ့ပစ်လိုက်စမ်းပါ၊ သူက ကလေးပဲ"

ယုယုခိုင်၏ မျက်ရည်တို့အား လက်ကိုင်ပဝါဖြင့် သုတ်ပေးရင်း ခင်ခင်ထား ဖျောင်းဖျ နှစ်သိမ့်လိုက်သော်လည်း သူမကိုယ်တိုင်လည်း မေပုလဲသွယ်၏ ရန်စစော်ကားလာမှု အတွက် အံ့သြနာကျင်နေမိသည်။

ဘယ်လို ရည်ရွယ်ချက်နဲ့များ ခုလို လာပြီး ရင့်သီးရိုင်းပျသွားရတာပါလိမ့်။ တကယ်ဆို မေပုလဲသွယ်နဲ့ ယုယုခိုင် အကြား ခုလိုအခြေအနေမျိုး ဖြစ်ပျက်လာရအောင် လုံလောက်တဲ့ အညိုးအတေးမှ မရှိတာပဲ။





မေပုလဲသွယ်၏ ရိုင်းပျမှုအတွက် ယုယုခိုင် ရှက်ရွံ့နာကျည်းသွားကြောင်းကတော့ သံသယဖြစ်စရာ မလိုပါ။ ပို၍ သေချာတာတစ်ခုက သူမအား မော့ကြည့်ရင်းငိုသံတို့ဖြင့် ဗလုံးဗထွေး ပြောလာသည့် ယုယုခိုင်၏ စကား ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ခုလို စော်ကားသွားတဲ့ အတွက် သူ ကျွန်မကို အကြွေးပြန်ဆပ်ရလိမ့်မယ် မခင်ထား၊ ကျွန်မ . . ကျွန်မ . . ကိုရဲကို ပြန်ကြိုးစားရလိမ့်မယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဒါဖြင့် ပုလဲ တော်တော်လွန်တာပဲ"

သူ့ စကားဆုံးတော့ ပေါ်လွင် အံ့အားတသင့်ဟန်ဖြင့် မှတ်ချက်ချသည်။ သူခေါင်းညိတ်ရင်း စိတ်မောစွာ လေပူ တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"လွန်တယ် ဆိုတာထက် သူ့ဘာသာနေတဲ့လူကို သွားပြီး ပြဿနာရှာတာက ပိုဆိုးတယ် ပေါ်လွင်၊ တကယ်လို့ ဆန်းဒေးတုန်းက ငါနဲ့ယုကို တွေ့သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူငါ့ကို အရင် မေးသင့်တယ်။ ခုတော့ မမေးတဲ့အပြင် ငါ ရှင်းပြတာကိုတောင် နားမထောင်ဘဲ ယုကို သွားရမ်းတယ်၊ ဒါ လုံးဝ မလုပ်သင့်တဲ့ ကိစ္စ"





ပေါ်လွင် ခေါင်းညိတ်ရင်း ဒီကောင်မလေး တော်တော်မိုက်တာပဲဟု မချင့်မရဲ ရေရွတ်သည်။ လက်ဖက်ရည်ဆိုင်အပြင်ဘက်မှ ပူလောင်ကျွတ်ဆတ်သော ရှုခင်းတို့ကို ငေးကြည့်ရင်း ခင်ခင်ထား၏ စကားကိုသူ ကြားယောင်မိသည်။

"တကယ်လို့ ခုကိစ္စနဲ့ပတ်သက်ပြီး ယု တစ်ခုခု တုံ့ပြန်မယ်ဆိုရင် ငါတော့ ယုအလွန်လို့ မမြင်ဘူး ကိုရဲ"

ယုယုခိုင်နှင့် မေပုလဲသွယ်၏ ပြဿနာအား ခင်ခင်ထား သူ့ကို ပြောပြပြီး-ပြီးချင်းပင် သူ မေပုလဲသွယ်ထံသို့ ချက်ချင်း ဖုန်းဆက်ခဲ့သည်။ သို့သော် မေပုလဲသွယ်နှင့် သူ စကားပြောခွင့်မရခဲ့။

နီလာသွယ်၏ အဆိုအရ နေ့လယ်ကပင် သူမအဖေနှင့် အပြင်လိုက်သွားပါသတဲ့။ ဘယ်အချိန် ပြန်လာမလဲ နီလာဟု သူမေးတော့ ခါတိုင်းဆိုရင် ဖေဖေ မိုးချုပ်မှ အိမ်ပြန်လာတတ်တယ်၊ ခုလဲ မိုးချုပ်မယ် ထင်တာပဲဟု မရေမရာ ဖြေသည်။ ဒါဆိုလျှင်တော့ ယနေ့အဖို့ သူမနှင့် တွေ့ခွင့်ရတော့မည်မဟုတ်ပါ။

သူ ဖုန်းပြန်ချပြီး ဘာ ဆက်လုပ်ရမှန်းမသိ ဖြစ်သွားမိသည်။ နောက်မှ ပေါ်လွင့်ကိုသတိရကာ ရုံးဆင်းသည်နှင့် ပေါ်လွင် ထိုင်တတ်သော ဗိုလ်အောင်ကျော်လမ်းနှင့် လမ်း (၄၀)အကြားရှိ မြအေးကြည် လက်ဖက်ရည်ဆိုင်သို့ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အဲသည်ရောက်တော့ ပေါ်လွင့်ကို အဆင်သင့်ပင် တွေ့သဖြင့် သူ အကျိုးအကြောင်း ပြောပြလိုက်သည်။

ပေါ်လွင် နှုတ်ဆိတ်နေရာမှ ရုတ်တရက် စကား သည်။

"ခု အန်ကယ်နဲ့ လိုက်သွားတယ်ဆိုတာလဲ ဒီကော မလေး မင်းကို တမင်ရှောင်နေတာ ဖြစ်မယ်"

"ငါ သူနဲ့တွေ့ပြီး စကားပြောချင်တယ် ပေါ်လွင်။ မင် နည်းနည်းလောက် ကူညီစမ်းပါ"

ပေါ်လွင် ချက်ချင်း အဖြေမပေးသေးခင် နံရံပေါ် ပိုစတာကို တိတ်ဆိတ်စွာ ငေးကြည့်သည်။ အတန်ကြာမှသူ ဘက်သို့ လှည့်ရင်း-

"အမှန်အတိုင်းပြောရရင် မင်းတို့ ပြဿနာထဲမှာ ငါ ဝင်မပါချင်ဘူး ငရဲ၊ ငါက မင်း သူငယ်ချင်း ဖြစ်သလို၊ ပုလဲ့ အစ်ကိုလဲ ဖြစ်နေတယ်၊ ဒါပေမယ့် ခုကိစ္စမှာ ပုလဲဘက်က မှားနေတော့ ငါ တစ်ခုတော့ ကူညီမယ်၊ မင်း ရှင်းပြတာကို ပုလဲ နားထောင်လာအောင် ငါ ဖျောင်းဖျပေးမယ်၊ နောက်ပိုင် ကိစ္စတော့ ငါ တာဝန်မယူဘူး"

ဘာပဲဖြစ်ဖြစ် သည်မျှလောက် ကူညီဖော် ရသည်က ပင် သူ ကျေးဇူးတင်ရမည် ဖြစ်သည်။ ပေါ်လွင် ခေတ္တမျှ စဉ်း စားဟန်ပြုပြီး-





"ဒီလိုလုပ်လေ၊ မင်း မနက်ဖြန် ရုံးမသွားခင် နေရောင်ခြည်ကို လာခဲ့"

ဟု ဆိုသည်။ သူ ခေါင်းညိတ်လိုက်ရင်း ဘယ်နှစ်နာရီလောက်လဲဟု သူ မေးတော့ ရှစ်နာရီလောက်ပေါ့ဟု ပေါ်လွင် ပြန်ဖြေသည်။

❑

နောက်တစ်နေ့ ဆိပ်ကမ်းသာလမ်းထိပ်ရှိ နေရောင်ခြည် လက်ဖက်ရည်ဆိုင်သို့ မေပုလဲသွယ် ရောက်ရှိလာတော့ ရှစ်နာရီကို အများကြီးကျော်လွန်နေပြီ ဖြစ်သည်။

သူ ထိုင်နေရာ စားပွဲ၏ တစ်ဖက်ခြမ်းသို့ သူမ ဝင်ထိုင်လာသောအချိန်သည် (၉)နာရီခွဲနေပြီ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ပေါ်လွင့် တိုက်တွန်းမှုကို လိုက်နာကာ သူမ ရောက်ရှိလာခြင်းကိုပင် ဝမ်းသာရမည် ဖြစ်သည်။

"ဘာသောက်မလဲ မေပုလဲ"

သူ့မေးခွန်းကို သူမ ခပ်တည်တည်ပင် ခေါင်းယမ်းငြင်းဆန်သည်။ သူ အချိန်ဖြုန်းမနေတော့ဘဲ တနင်္ဂနွေနေ့က သူနှင့် ယုယုခိုင်အား လက်ရွေးစင်ရှေ့၌ သူမ တွေ့မြင်သွားခဲ့ခြင်း၏ အကြောင်းရင်းအမှန်ကို သူ ခပ်သွက်သွက် ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာသံ့သာရ ဘုရားဖူးခြင်းကိစ္စမှ ကော်ဖီမှုန့်ဝင်ဝယ်ခြင်းအထိ သူ ရှင်းပြသမျှကို သူမ ဘာမှ ပြန်မမေးဘဲ ငြိမ်သက်စွာ နားထောင်သည်။

"အဲဒါပဲ မေပုလဲ၊ အဲဒီအကြောင်းကို ဆန်းဒေးတုန်းကရော၊ နောက်နေ့ မနက်ပါ ကိုယ် ရှင်းပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မေပုလဲ နားမထောင်ခဲ့ဖူး"

အပြစ်တင်မှုဖြင့် သူ့စကားကို နိဂုံးချုပ်လိုက်တော့ သူမ သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။ ထို့နောက် မျက်နှာလွှဲလိုက်ရင်း အနည်းငယ် မာဆတ်သော လေသံဖြင့် တုန့်ပြန်သည်။

"ဒါကတော့ကျွန်မ စိတ်ဆိုးနေတာကိုး"

သူမ စကားကိုသူ ခေါင်းညိတ်လိုက်ပြီး-

"မှန်တယ်၊ မေပုလဲအနေနဲ့ စိတ်ဆိုးခွင့်ရှိတယ်၊ ရှင်းပြတာကို နားမထောင်ဘဲ စိတ်ကောက်နေခွင့်ရှိတယ်။ ပြီးတော့ ရန်တွေ့ခွင့်လဲ ရှိတယ်၊ ဒါပေမယ့် အဲဒါတွေ အားလုံးက ကိုယ်နဲ့ပဲ သက်ဆိုင်တယ်။ ယုယခိုင်ကို သွားစွပ်စွဲတာကတော့ မေပုလဲ လွန်တယ်"

"ကိုကို ကျွန်မကို အပြစ်တင်နေတာလား"

"အမှန်ကို ပြောနေတာပါ"





မေပုလဲသွယ် ခြောက်ကပ်စွာ ဟန်လုပ်ရယ်မောလိုက်သည်။

"အမှန်ဆိုတာ အမှားတစ်ခုခုနဲ့ နှိုင်းယှဉ်ပြီးသတ်မှတ်တာပါ၊ အကုန်လုံး မှားနေရင် အမှန်ဆိုတာ ဘယ်မှာ ရှိတော့မလဲ၊ ကျွန်မ မှားသလို ကိုကိုရော မမှားဘူးလို့ ပြောနိုင်သလား၊ တကယ်ဆို အဲဒီနေ့က ဒေါ်ယုယခိုင်အိမ်ကို ဘုရားဖူးသွားမှာလို့ ကိုကို သေသေချာချာ ပြောခဲ့ပါလား၊ ခုတော့ ဘုရားဖူးတဲ့ကိစ္စနဲ့ ဘယ်လိုမှ ဆက်စပ်လို့ မရလောက်အောင် ကိုကိုတို့ နှစ်ယောက်က လက်ရွေးစင်ပေါ်က ရယ်မောပြီး ဆင်းလာတယ်၊ ပြီးတော့ ဒရိုင်ဘာတောင် မပါဘဲ ကိုကိုတို့နှစ်ယောက်တည်း ကားတစ်စီးပေါ် တက်ပြီး မောင်းထွက်သွားတယ်၊ အဲဒီကိစ္စဟာ ကျွန်မ မှားသွားအောင် ထင်ယောင်ထင်ရှား ဖြစ်စေတဲ့ ကိုကိုတို့ နှစ်ယောက်ရဲ့ အမှား မဟုတ်ဘူးလား"

"အမှားချင်း တူရင်တောင်မှ အစိပ္ပါယ် သက်ရောက်ပုံခြင်းမတူဘူး မေပုလဲ၊ မေပုလဲရဲ့ အမှားက ယုယခိုင်ကို ရန်စစော်ကားရာရောက်တဲ့အမှား၊ အဲဒါကို မေပုလဲ စဉ်းစားမိရဲ့လား"

မေပုလဲသွယ် ခေတ္တငြိမ်သက်သွားပြီး စားပွဲပေါ်ရှိ မုန့်ပန်းကန်အစွန်းကို လက်သည်းချွန်ချွန်ဖြင့် အဓိပ္ပါယ်မဲ့စွာ ကုတ်ခြစ်၍နေသည်။ ပြီးမှ တစ်ချက်ပြုံးလိုက်ရင်း သူ့ကို မကြည့်ဘဲ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်မရဲ့စော်ကားမှုက သူ ကျွန်မကိုပြန်ပြီး စော်ကားလိုက်တာကိုတော့ မမီပါဘူး ကိုကို"

"ဘာပဲဖြစ်ဖြစ် မေပုလဲ သူ့ကို တောင်းပန်သင့်တယ်"

သူ့ စကားကြောင့် သူမ၏ ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ထို့နောက် သူ့ကို မော့ကြည့်ရင်း ခါးသီးစွာ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်တော့မှ မတောင်းပန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တောင်းပန်စရာ မလိုလောက်အောင် သူက ကျွန်မထက် ပိုမှားနေလို့ပဲ၊ သူ ကျွန်မကို စိန်ခေါ်ထားတယ် ကိုကို၊ အဲဒီအချက်ကို ကိုကို မေ့နေသလား၊ ကိုကိုနဲ့ ပတ်သက်ပြီး ကျွန်မနဲ့ပြိုင်မယ်လို့ ကြွေးကြော်ထားတဲ့ ကိုယ့်ရန်သူ တစ်ယောက်ကို ကျွန်မက သွားတောင်းပန်ရမှာလား"

သူ သက်ပြင်းတစ်ချက်ကို ရှိုက်ရင်းခေါင်းယမ်းလိုက်မိသည်။

"ဒီပွဲက တစ်ယောက်ကိုတစ်ယောက် တောင်းပန်နေရမယ့်ပွဲမဟုတ်ဘူး ကိုကို၊ တစ်ယောက်ကိုတစ်ယောက် မနိုင်နိုင်အောင် ကြိုးစားရမယ့်ပွဲ"

ခေါင်းမာလွန်းလှသော သူမ၏ စကားကြောင့် သူ စိတ်ပျက်ရင်မောသွားမိသည်။ သူမ၏ သံသယကြီးမားမှုတို့ကို သူ နားမလည်နိုင်သလို သူမ၏ အလျှော့မပေးလိုမှုကိုလည်း သူသဘောမပေါက်နိုင်အောင် ဖြစ်နေမိတော့သည်။





သူမ ခေါင်းငုံ့လျက် အကြာကြီး ငြိမ်သက်နေပြီးမှ သက် ပြင်းချရင်း ခပ်တိုးတိုး ရေရွတ်သည်.

"ဒီပွဲမှာ ကျွန်မ မရှုံးချင်ဘူးကိုကို"တဲ့။

❑

မတ်လ ၁၉-ရက်နေ့၌ စောစီးစွာ အိမ်ပြန်သွားခဲ့သော ယုယုခိုင်မှာ နောက်နေ့များ၌လည်း ရုံးခန်းသို့ ရောက်ရှိမလာခဲ့ပါ။ မေပုလဲသွယ်၏ စွပ်စွဲမှုနှင့်ပတ်သက်ပြီး ထိုမျှအထိ ထိခိုက်ခံစားရလိမ့်မည်ဟု သူ မျှော်လင့်မထားမိသဖြင့် ယုယုခိုင်၏ ရုံးမတက်မှုအတွက် သူ အားနာစွာ စိတ်မကောင်းဖြစ်သွားမိသည်။

သူမအား အိမ်သို့လိုက်၍ တောင်းပန်လျှင် ကောင်းမလားဟု သူ စဉ်းစားမိသော်လည်း ခင်ခင်ထားကတော့ သူ၏ အကြံအစည်ကို ကန့်ကွက်သည်။

"နင်ကလဲ အဲလိုလိုက်သွားရင် သူ ပိုရှက်သွားမှာပေါ့၊ မသိလိုက်မသိဖာသာ နေလိုက်၊ သူ ရုံးပြန်တက်တော့မှ စကားစပ်မိတဲ့ ပုံစံမျိုးနဲ့ တောင်းပန်၊ ဒါမှ သူ့အနေနဲ့ ပေါ့ပေါ့ပါးပါး ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထားး၏ အကြံပေးမှုအတိုင်း ယုယုခိုင် ရုံးပြန်တက်သည်အထိ သူ စောင့်ဆိုင်းနေလိုက်သည်။ ၂၁-ရက်နေ့မှာတော့ ယုယုခိုင် ရုံးပြန်တက်သည်။ သူမ ဟန်ပန်က ခါတိုင်းထက်စာလျှင် အနည်းငယ် နွမ်းလျနေသည်မှအပ သိပ်တော့ ထူးထူးခြားခြား မရှိလှ။

သူ့ကိုတွေ့တော့ ယခင်ရက်များလိုပင် ပြုံးပြနှုတ်ဆက်သည်။ ယု ဘာဖြစ်လို့ ရုံးမတက်တာလဲ၊ ထိုစကားကို သူမေးရန် ကြံပြီးမှ ချက်ချင်း မြိုသိပ်ပစ်လိုက်သည်။ ဒါဟာ အကောင်းဆုံး နှုတ်ဆက်စကားမှ မဟုတ်တာပဲ။

"ယု ဘာစားပြီးပြီလဲ"

"ဟင့်အင်း"

"ဒါဖြင့် တစ်ခုခု သွားစားကြရအောင်"

ဦးအုန်းရွှေကို ရုံးခန်း၌ ထားခဲ့ပြီး သူတို့သုံးယောက် လက်ဖက်ရည်ဆိုင် ထွက်ခဲ့သည်။ လမ်းတစ်ဝက်ရောက်တော့ ခင်ခင်ထားက ငါ ဒေါ်စမ်းရီဆီ ခဏဝင်လိုက်ဦးမယ်၊ နင်တို့ သွားနှင့်ကြ၊ ပြီးတော့မှ လိုက်လာခဲ့မယ်ဟုဆိုကာ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ချန်နေခဲ့သည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ ယုယုခိုင်ကို စကားစလိုက်သည်။

"ဟိုနေ့က ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်စိတ်မကောင်းပါဘူး ယု"





စကားစပ်မိတဲ့ပုံစံမျိုးနဲ့ တောင်းပန်ဟု ခင်ခင်ထားက အကြံပေးသော်လည်း သူကတော့ တောင်းပန်ရန် တမင်စကားစပ်လိုက်သည်။ ယုယုခိုင်က သူ့စကားနောက်သို့ လိုက်ပါရန် တုံ့ဆိုင်းနှောင့်နှေးနေပြီးမှ. . .

"ရပါတယ်"ဟု ခပ်အေးအေး ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် တောင်းပန်ပါတယ်"

သူမ သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။ ထို့နောက် မပြုံးချင်ပြုံးချင် ပြုံးရင်း-

"တောင်းပန်ရအောင် ကျွန်မကို စော်ကားတာက ကိုရဲမှ မဟုတ်တာပဲ၊ မလိုပါဘူး ကိုရဲရဲ့၊ အဲဒီကိစ္စအတွက် ကိုရဲ တောင်းပန်စရာ မလိုပါဘူး"

"ဒါပေမယ့် ကျွန်တော်နဲ့တော့အများကြီး ပတ်သက်နေတယ် ယု၊ အထူးသဖြင့် အဲဒီကိစ္စ ဖြစ်သွားရတာ ကျွန်တော့်အပြစ်လဲ ပါတယ်။ တနင်္ဂနွေနေ့တုန်းက ယုတို့အိမ် ဘုရားလာဖူးမယ့်ကိစ္စ၊ ကျွန်တော်သူ့ကိုကြိုအသိမပေးထားခဲ့ဘူး။ အဲဒီနေ့ကပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နဲ့ ယုကို လက်ရွေးစင်ရှေ့မှာ သူ တွေ့သွားခဲ့တယ်။ နဂိုကတည်းက သူ ကျွန်တော့်ကို သံသယ ဝင်နေတာဆိုတော့. ."

သူ့စကားကိုတစ်ပိုင်းတစ်စ ရပ်ဆိုင်းလိုက်တော့ သူမ၏ မပွင့်တပွင့်အပြုံးက ပွင့်လင်းပီပြင်၍ လာသည်။ ထို့နောက် သူ့ကိုမကြည့်ဘဲ သူမ တစ်လုံးချင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါလေ၊ ကိုရဲပြောတာ အမှန်တွေပဲဆိုရင်တောင်မှ သူ့လုပ်ရပ်ကတော့ မှားနေသေးတာပဲ၊ သူလုပ်တာက သူ့သံသယကို ဖျောက်ဖျက်ရာ မရောက်ဘဲ သူများ မာနကို ရိုက်ချိုးရာ ရောက်နေတယ်၊ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို အစော်ကားခံရတာဟာ နှလုံးသားကို ဆူးတစ်ချောင်း စူးသလိုပဲ ကိုရဲ၊ အဲဒီဆူးအတွက် ယု အလူးအလဲ ခံစားလိုက်ရတယ်၊ သူ့ရင်ထဲမှာ သံသယတွေနဲ့ ပြည့်နှက်နေသလို ယုရင်ထဲမှာလည်း မာနတွေနဲ့ အဆိပ်တက်နေတာပါပဲ"

သူမ၏ ခံစားမှုကို ပြေလျော့ရန် ဘယ်လို စကားလုံးမျိုးကို အသုံးပြုနှစ်သိမ့်ရမလဲဟု သူ စဉ်းစားနေမိသည်။ သူ၏ စကားလုံး ရွေးချယ်မှု မပြီးဆုံးခင်မှာပင် သူမ သူ့ကို ဖျတ်ခနဲ ကြည့်ရင်း ပြောသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီကိစ္စမှာတစ်ယောက်ယောက်က တောင်းပန်စရာ လိုတယ်ဆိုရင်တောင် အဲဒီတစ်ယောက်ယောက်ဟာကိုရဲ မဟုတ်ပါဘူး။ တောင်းပန်ချင်း တောင်းပန် ယုကသာ ကိုရဲကို တောင်းပန်ရမှာပါ"

"ဘာအတွက်လဲ ယု"

သူ နားမလည်နိုင်စွာ မေးလိုက်တော့ သူမ သူ့ကို မကြည့်ဘဲ ညင်သာစွာ ပြုံးသည်။ ပြီးမှ အေးဆေးတည်ငြိမ်စွာ တစ်လုံးချင်း ပြောသည်။





"မောင်လို့ ပြန်ခေါ်မယ့်အတွက်ပါ ကိုရဲ၊ ယု ကိုရဲကို မောင်လို့ ပြန်ခေါ်မယ်"

သူ့အကြည့်တို့က သူမ မျက်နှာဆီသို့ အံ့ဩလျှင်မြန်စွာ ကျရောက်သွားကြသည်။ သူမ မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်ရင်း-

"အဲဒီခေါ်ခွင့်ကို ယုကိုယ်တိုင်က ရုပ်သိမ်းပေးခဲ့တာလေ၊ ဒီတော့ ယုပြန်ပြီး အသုံးပြုခွင့်ရှိတာပေါ့၊ မဟုတ်ဘူးလား မောင်"

သူ အံ့ဩလွန်းစွာ ငြိမ်သက်နေမိလေသည်။

မောင် တဲ့။ သူမ သူ့ကို မောင်လို့ တရားဝင် ပြန်ခေါ်မတဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၆)

သည့်နောက်ပိုင်း နေ့ရက်များကတော့ သူ့အတွက် စိတ်ပင်ပန်း ကျပ်တည်းရသော နေ့ရက်များ ဖြစ်သလို မေပုလဲ သွယ်၏ စိတ်မချနိုင်မှုတို့ အုံ့ဩဖွယ် လွန်ကဲလာသော နေ့ရက်များလည်းဖြစ်သည်။

ယခင် စနေ၊ တနင်္ဂနွေ၌သာ သူမထံသို့ ပုံမှန်ရောက်လေ့ရှိပြီး ရုံးဖွင့်ရက်များမှာတော့ တစ်ခါတစ်ရံမှသာ ရောက်တတ်သည်။ သို့သော် ထိုရက်များ အတွင်းမှာတော့ သူမက ရုံးအဆင်း သူမထံသို့ ဝင်လာရန် တောင်းဆိုခြင်းဖြင့်သူ့အား နေ့စဉ် တွေ့ခွင့်ရရန် ဖန်တီးခဲ့သည်။

သူမထံသို့ ဝင်ပါက သူ၏ အိမ်ပြန်ချိန်များစွာ နောက်ကျသွားနိုင်သော်လည်း ယခုလို အချိန်မျိုး၌ သူမအား စိတ်





အနှောင့်အယှက် မဖြစ်စေချင်ပါ။ ထို့ကြောင့် သူ အလွယ်တကူပင် သဘောတူခဲ့သည်။

"ကောင်းပြီလေ၊ မေပုလဲရဲ့ အမိန့်အတိုင်းပေါ့၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားမယ်၊ ကိုယ်က ရုံးမှာ တစ်နေ့လုံး ပြေးလွှားပင်ပန်းထားတာ ဆိုတော့ မေပုလဲဆီ ရောက်လာတဲ့အခါ ကိုယ့်ကိုယ်က သိပ်ပြီး မွှေးပျံ့နေလိမ့်မယ်လို့တော့ မျှော်လင့်မထားနဲ့"

"အိုး အကြောင်းမဟုတ်ပါဘူး၊ ယုယုခိုင်ရဲ့ နှုတ်ခမ်းနီရာတွေ ပေကျံမလာရင် ပြီးတာပဲ"

"ဟော့ အပြောက ကြမ်းလှချည်လား"

"ခပ်ကြမ်းကြမ်းပဲ၊ အဲလို ကိစ္စမျိုးတွေကို စစ်ဆေးချင်လို့ ကိုကို့ကို နေ့တိုင်း လာခိုင်းတာ"

ဘုရား ကယ်တော်မူပါ။ ဒီကလေးမရဲ့ သံသယတွေက မယုံကြည်နိုင်လောက်အောင်ပါပဲလား။ သူ စိတ်ပျက်စွာ ရယ်မောလိုက်ရင်း-

"မေပုလဲက ကိုယ့်ကို တော်တော် အထင်ကြီးနေတာကိုး"

"ကိုကို့ကို အထင်မကြီးချင်ပေမယ့် ဟိုအမျိုးသမီးကိုတော့ အထင်သေးလို့ မရဘူးလေ၊ သူက ကျွန်မထက် ငါးနှစ်တောင် ကြီးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စိတ်မချနိုင်မှုတို့အား သူ ကြိုးစား နှစ်သိမ့်မနေတော့ပါ။ အကောင်းဆုံးကတော့ သူမ ပြောသလိုပင် ညနေတိုင်း သူမထံသို့ ဝင်ခြင်းပဲ ဖြစ်သည်။ သို့သော် ထိုနေ့ညနေမှာပင် သူ ကံဆိုးစွာ သူမထံသို့ အတော်နောက်ကျမှ ရောက်ရှိသွားခဲ့သည်။

"ကျွန်မ လေးနာရီခွဲကတည်းက ဝရန်တာမှာ ထွက်စောင့်နေတာ ကိုကို၊ ခု ခြောက်နာရီ ထိုးတော့မယ်၊ ဘယ်လိုဖြစ်တာလဲ"

သူမ သူ့အား မယုံသင်္ကာဟန်ဖြင့် ကြည့်ရင်း မေးသည်။

"ဘာလဲ ဟိုအမျိုးသမီးအိမ်မှာ ကားမောင့်မယ်လူ မရှိပြန်ဘူးလား"

"ကိုယ်တို့ အမှုတစ်ခုကို အာမခံ လိုက်ပေးနေရလို့ နည်းနည်း နောက်ကျသွားတာ"

"တရားရုံးပိတ်ချိန် ကျော်တဲ့အထိလား"

"ရုံးပိတ်သွားပေမယ့် ကိုယ်တို့ ရဲစခန်းကို လိုက်ရသေးတယ် မေပုလဲရဲ့၊ အချုပ်ထဲက အမှုသည်ကို အပြင်ရောက်အောင် လုပ်ပေးရသေးတယ်။ အဲဒီကိစ္စက အခန့်မသင့်ရင် ဒီထက်တောင် နောက်ကျနိုင်တယ်၊ ဒါတောင် အမှုသည်က ထမင်းလိုက်ကျွေးမယ် လုပ်နေလို့ အတင်းငြင်းခဲ့ရတယ်"





သူ စိတ်ရှည်လက်ရှည်နှင့် ရှင်းပြတော့မှ သူမ နှုတ်ဆိတ်ငြိမ်သက်သွားသည်။ သို့သော် သူ့စကားတို့ကို လုံးဝယုံကြည်စိတ်ချစွာ လက်ခံလိုက်သည့်ပုံမျိုးတော့ မဟုတ်။ အချိန်မရွေး သံသယဝင်ရန် အသင့်ရှိနေသည့် ပုံစံမျိုး ဖြစ်သည်။

"ရှေ့နေတစ်ယောက်ရဲ့ တရားခွင်အပြင်ဘက် အလုပ်ကိစ္စတွေက တရားခွင်ရှေ့မှာ မေပုလဲတို့ တွေ့နေကျ ကိစ္စတွေထက် ပိုများတယ် မေပုလဲ၊ ပိုလဲ ရှုပ်ထွေးတယ်၊ ရှေ့နေချင်းသာ နားလည်ပြီး အပြင်လူကို ပြောပြလို့ မဖြစ်တဲ့ တခြားကိစ္စတွေ အများကြီး ရှိသေးတယ်"

"ဒါပေမယ့် အဲဒါတွေက ကိုကို ချိန်ဘာဆင်းပြီးတဲ့ အထိပဲ မဟုတ်လား၊ ချိန်ဘာပြီးရင် ကိုကို ရှေ့နေ ဆက်လုပ်မှာမှ မဟုတ်ဘဲ"

ဥပဒေစကားဖြင့် ဆိုပါက သူမ၏မေးခွန်းကဦးဆောင်မေးခွန်းတစ်ခုဖြစ်သည်။ သူ ချိန်ဘာပြီးလျှင် ရှေ့နေဆက်မလုပ်ရန်မှာ သိပ်တော့ မသေချာလှပါ။ အစက ရှေ့နေလိုက်ရန် ဝါသနာ မပါခဲ့သော်လည်း လုပ်ငန်းခွင်ထဲ ရောက်ရှိပြီးချိန်၌ သူ၏ ခံယူချက်တို့ အနည်းငယ်ပြောင်းလဲလာခဲ့သည်။ ထို့အပြင် ကိုဗလကလည်း နိုင်ငံခြားသွားရန် ကြံစည်နေသဖြင့် ကိုဗလထွက်သွားပါက ရုံးခန်း၌ လူနည်းသွားမည်ဖြစ်သည်။

သို့သော်သူမကိုတော့ သူ ဘာမှ ပြန်မပြောဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ကိုကို ချိန်ဘာမြန်မြန်ပြီးမှပဲ စိတ်ဒုံးဒုံးချနိုင်တော့မှာ၊ နို့မို့ဆို ဟိုအမျိုးသမီးလက်ထဲ ကိုကို ပြန်ပါသွားမှာကို တွေးတွေးပြီး စိတ်မောလှပြီ"

သူမ နွမ်းလျသံဖြင့် ရေရွတ်သည်။

❑

"ရော့ မောင်"

ခင်ခင်ထားနှင့်အတူ အပြင်မှ ပြန်လာသော ယုယုခိုင်က သူ့ကို အထုပ်တစ်ထုပ်လှမ်းပေးသည်။

"ဘာလဲ ယု"

"ဖွင့်ကြည့်လေ"

ဆိုကွက်တို့ စွန်းထင်းပြီး အနည်းငယ် ပွန္နေနေသော ထိုအထုပ်ကို သူ ဖွင့်ကြည့်လိုက်တော့ သူ ကြိုက်သော မတ်ပဲကြော်တို့ ဖြစ်နေလေသည်။ တရားရုံးချုပ်သို့ ရောက်တိုင်း ထိုနားရှိ အကြော်ဆိုင်မှ မတ်ပဲကြော်ကို သူတစ္စ်တလန်း ဝယ်စားတတ်ကြောင်း သူမ သိပြီး ဖြစ်သည်။ ယခုလည်း ထိုဆိုင်မှပင် ဝယ်ယူလာခြင်း ဖြစ်ပေလိမ့်မည်။

"ကြည့်မနေနဲ့၊ နင်စားနေကျ ဆိုင်က ဝင်ဝယ်လာတာ"





ရုတ်တရက် ဝင်ပြောလာသည့် ခင်ခင်ထား၏ စကားသံ သူ့အထင် မှန်ကန်ကြောင်း အတည်ပြုပေးလိုက်သည်။

"ဒုက္ခရှာလို့ ယုရယ်၊ ဘာဖြစ်လို့ ဝယ်လာတာလဲ"

"မောင် ကြိုက်မှန်းသိလို့ပေါ့၊ ကဲ ပူတုန်းစားလိုက်လေ၊ မောင်"

သူမ တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောသည်။

ဤရက်များအတွင်း သူနှင့် ယုယုခိုင်၏ ဆက်ဆံရေးမှာ သူ့အတွက် စိတ်ပင်ပန်းဖွယ်ကောင်းသော ဆက်ဆံရေးပင် ဖြစ်သည်။မောင်ဟု ပြန်ခေါ်မည်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည့်နေ့မှစ၍ သူမ သူ့အား ထိုအတိုင်း ပြန်လည်သုံးနှုန်းခေါ်ဝေါ်ခဲ့သည်။ သူမ၏ မောင်က သူ့စိတ်ကို မသက်မသာ ဖြစ်စေသလို စိတ်မကောင်းခြင်းကိုလည်း ဖြစ်စေခဲ့သည်။ သူ့အတွက် ပိုစိတ်မကောင်းဖြစ်ရတာ တစ်ခုကတော့ သူမ၏ ယခုလို ဂရုတစိုက် ပြုမူမှုများ ဖြစ်သည်။

ခင်ခင်ထားကတော့ သူမ သူ့အား မောင့်ဟု ပြန်ခေါ်ခြင်းအတွက် ဝမ်းသာသည်ဟု ပွင့်လင်းစွာ ဆိုသည်။

"နင်တို့နှစ်ယောက် အဆင်မပြေဖြစ်ခဲ့ကြတုန်းက ငါ စိတ်မကောင်းဘူး ကိုရဲ ခု သူက နင့်ကို မောင်လို့ ပြန်ခေါ်တော့ ငါ ဝမ်းသာတယ်၊ မေပုလဲသွယ်အတွက် ကိုယ်ချင်းမစာ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတာ မဟုတ်ဘူး၊ ဒါပေမယ့် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ယု နင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ ငါ သိနေလို့ပဲ"

ခင်ခင်ထား၏ စကားကပွင့်လင်းပြတ်သားလှပါသည်။ ထို့အတူ ကိုဗလကလည်း ခင်ခင်ထားနှင့် တစ်သဘောတည်းပင် ဖြစ်သည်။ ကိုဗလ ပြောသည်က. .

"ဘယ်အရာမဆို နီးလွန်းရင် မှုန်သွားတတ်တယ် ကိုရဲ့ အဲဒါကို မင်း သဘောပေါက်ဖို့ လိုတယ်"တဲ့။

ထို မှတ်ချက်ချ စကားတို့ကို တစ်စုံတစ်ရာ မတုံ့ပြန်ဖြစ်ဘဲ စိတ်မွန်းကျပ်စွာ နှုတ်ဆိတ်နေဖြစ်ခဲ့သည်။

"စားဦးလေ မောင်"

တတိယမြောက် အကြော်ကို လက်စသတ်လိုက်ပြီး သူ ဆက်မစားဘဲနေတော့ သူမက ထပ်စားရန် တိုက်တွန်းသည်။

"တော်ပြီ ယု၊ ကျွန်တော် ဗိုက်နည်းနည်းပြည့်နေလို့"

သူမ ဘာမှမပြောတော့ဘဲ လက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူသည်။ သူ လှမ်းကြည့်လိုက်တော့ သူမ ထုတ်ယူလိုက်သောအရာက ဂျယ်လ်မက်ဆေးပြားများ ဖြစ်သည်။ သူမ၏ အပြုအမူအတွက် သူ လှိုက်ခနဲ ခံစားလိုက်ရသည်။

ဘုတ်ဝင်းစာပေ



"ဆေးသောက်လိုက်ဦး၊ တော်ကြာ ယုအကြော်ကြောင့် မောင် ဗိုက်အောင့်နေဦးမယ်"

သူ လှမ်းပေးသော ဆေးပြားတို့ကို သူငြင်းဆန်ဖို့ မကောင်းပါ။ သူ ဂျယ်လ်မက် နှစ်ပြားကို ယူပြီး ငုံထားလိုက်သည်။

"ယုတို့ လက်ဖက်ရည် သောက်လာကြသေးလား"

သူ မေးတော့ သူမ ခေါင်းယမ်းပြသည်။

"ဒါဖြင့် လက်ဖက်ရည် သွားသောက်ကြရအောင်၊ ကျွန်တော် တိုက်မယ်"

သူ ထိုင်ရာမှ ထရပ်ရင်း ကြေညာလိုက်တော့ သူမ ရှုတ်တရက် ပြုံးပြီး-

"ဘာလဲ ယုက အကြော်ဝယ်လာလို့ မောင်က လက်ဖက်ရည် ပြန်တိုက်တာလား၊ အပေးအယူသဘော ဆိုပါတော့"

"ဟာ မဟုတ်ပါဘူး ယုရဲ့၊ ကျွန်တော်လဲ ကော်ဖီ သောက်ချင်နေလို့ပါ"

သူ ကမန်းကတန်း ရှင်းပြလိုက်တော့ သူမ ညင်သာစွာ ရယ်မောသည်။

ဘုတ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလကားနေ့ရောက်တာပါ မောင်ရယ်၊ အပေးအယူဆို တာတွေကို ယူလဲ မယုံပါဘူး။ လောကကြီးမှာ တစ်ခုခုပေးလို့ သာ တစ်ခုခုပြန်ရစတမ်းဆိုရင် ယုဖြင့် လိုချင်တာတွေ ရနေ တာ ကြာပြီပေါ့"

သူမ၏ စကားကြောင့် သူ မျက်နှာတစ်ချက် ပျက်သွား မိသည်။ သူမက စကားလွှဲဟန်ဖြင့် ထိုင်ရာမှ ထပြီး ခင်ခင်ထား ကို လှမ်းပြောလိုက်သည်။

"ကဲ မခင်ထား၊ မောင် တိုက်မယ့် လက်ဖက်ရည်ကို လိုက်သောက်လိုက်ကြရအောင်"

❑

၁၉၉၀-ခုနှစ်၊ မတ်လ ၃-ရက်နေ့၌ သူ၏ အလုပ်သင် ကာလ ပြီးဆုံးခဲ့ပြီး ဧပြီလ၌ (၁၉၉၅-ခုနှစ် ရှေ့နေများနည်း ဥပဒေအပိုဒ် (၆)အရ) အထက်တန်းရှေ့နေအဖြစ် လက်ခံ ခွင့်ပြုပါရန် တရားသူကြီးချုပ်သို့ လျှောက်ထားလိုက်သည်။

ဇွန်လထဲ၌ ၁-ရက်နေ့မှ ၃၀-ရက်နေ့အတွင်း လိုင်စင် ရသူများစာရင်းကို ထုတ်ပြန်ကြေညာတော့ သူ အပါအဝင်





စုစုပေါင်း ၂၁-ယောက်ဖြစ်ပြီး သူ၏ လိုင်စင်အမှတ်က သောင်း ရှစ်ထောင်ခြောက်ရာကျော် ဖြစ်သည်။

သူတစ်နှစ်တိတိ အချိန်ပေးခဲ့ရသော (နှစ်ဆယ့်ငါး ကျပ်တန် တံဆိပ်ခေါင်းကပ်ပြီး တရားရုံးချုပ် တံဆိပ်ခတ်နှိပ် ထားသည့်) အထက်တန်း ရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်ကိုရရှိသောနေ့မှာပင် ကိုဗလ နိုင်ငံခြားထွက်ခွာရရန် သေချာသွားကြောင်း သူ သိခွင့်ရခဲ့သည်။ယင်း၏ အကျိုးဆက် ကတော့ ကိုဗလထံမှ အမှုများကို သူလွှဲယူရမည်ဖြစ်ပြီး ဆရာ ဦးလှထွန်းထံ၌ ဂျူနီယာ ရှေ့နေအဖြစ် ဆက်လက် ဆောင် ရွက်ရမည် ဖြစ်သည်။

ကြိုတင်မျှော်လင့်ထားခဲ့သော ကိစ္စဖြစ်သဖြင့် သူ သိပ် ဘာအံ့တသြ မဖြစ်လှသော်လည်း မေပုလဲသွယ်အတွက်တော့ ထိုကိစ္စမှာ ဘယ်လိုမှ သည်းမခံနိုင်သောကိစ္စတစ်ခုဖြစ်နေခဲ့ လေသည်။

"ကျွန်မ သဘောမတူနိုင်ဘူး ကိုကို"

ဆရာဦးလှထွန်း၏ ရုံးခန်း၌ ဂျူနီယာရှေ့နေအဖြစ် ဆက်လက် လုပ်ကိုင်ရမည့် အကြောင်း သူ ပြောပြလိုက်သည် နှင့်သူမက သူ့အား ကန့်ကွက်တော့သည်။ တကယ်တော့ သူမ အနေနှင့် ထိုသို့ ကန့်ကွက်ရန် အခွင့်အရေး မရှိကြောင်း သူမ သိဖို့ ကောင်းပါသည်။ သူ အတတ်နိုင်ဆုံး ညင်သာစွာ ပြုံး လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ ငြင်းခွင့်မရှိဘူး ပုလဲလေးရဲ့၊ ကိုယ် ရှေ့နေ တစ်ယောက် ဖြစ်လာအောင် ဆရာတို့ပဲ သင်ပြပေးခဲ့တာ လေ နောက်ပြီး ကိုဗလ ထွက်သွားရင် ကိုဗလနေရာဝင်မယ့်လူက အမှန်တကယ်ကို လိုနေတာ၊ ဒီတော့ ကိုယ် ဘယ်လိုငြင်းမလဲ"

"အဲဒါနဲ့ပဲ ဟိုအမျိုးသမီးရှိတဲ့ ရုံးခန်းမှာ ကိုကို ရှေ့နေ လုပ်မယ့်ကိစ္စကို ကျွန်မ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်ရမှာ လား ကိုကို၊ ကျွန်မဘက်ကိုလည်း နည်းနည်း ထည့်စဉ်းစား ဦးမှပေါ့"

"ကိုယ်အများကြီး ထည့်စဉ်းစားပါတယ် မေပုလဲရဲ့ နောက်ပြီး ကို ဂျူနီယာအနေနဲ့ လိုက်ပေးရမှာကလဲ တစ်သက် လုံး မဟုတ်ပါဘူး။ သုံးလေးလလောက်ပါ၊ နောက် နှစ်လ သုံးလ ကြာရင် မြည်က ဆရာ့တပည့် တစ်ယောက် ရောက်လာ လိမ့်မယ်၊ သူရောက်လာရင် မေပုလဲ ဖြစ်စေချင်တဲ့အတိုင်း အဲဒီ ရုံးခန်းကနေ ကိုယ် ထွက်လို့ရပြီ"

"ဒါပေမယ့် အဲဒီ သုံးလကို ကျွန်မက ဘယ်လို ယုံ ကြည်မှုမျိုးနဲ့ ကိုကိုတို့နှစ်ယောက်ကို စိတ်ချထားရမှာလဲ"

ဘယ်လောက်များ သံသယကြီးမားလှတဲ့မေပုလဲပါလဲ သူမ၏ မျက်နှာကို ငေးကြည့်ရင်း ကိုယ့်ရဲ့ ကိုယ်ကျင့်တရားကို ယုံပြီး စိတ်ချထားပေါ့ မေပုလဲရယ်၊ ခုချိန်ထိ ကိုယ် ကောင်းကောင်း





ရှင်းရှင်း နေနိုင်ခဲ့တယ်လေ၊ အဲဒါကို ယုံပေါ့ဟု နှစ်သိမ့်လိုက် မိသည်။

သို့သော် သူ၏ နှစ်သိမ့်မှုက သူမရင်ထဲမှ သံသယကို ပြယ်လွင့်သွားစေနိုင်လောက်အောင် ထိရောက်မှု မရှိပါ။

"ကိုကို့ကို ယုံချင်ပါတယ်။ ဒါပေမယ့်ကံကြမ္မာကိုတော့ ယုံလို့မရဘူး ကိုကို၊ ပိုပြီး ယုံလို့မရတာကတော့ ဟိုအမျိုးသမီး ပဲ၊ သူက ကျွန်မကို စိန်ခေါ်ထားတဲ့ လူလေ၊ ဒီတော့ ကျွန်မကို အနိုင်ရအောင် သူ နည်းမျိုးစုံနဲ့ ကြိုးစားမှာပဲ၊ အဲဒါကို ကျွန်မ အလိုလိုသိနေတယ်"

"ဒါပေမယ့် စိန်ခေါ်တဲ့လူတိုင်း အနိုင်မရနိုင်ပါဘူး မေပုလဲ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မလဲ သူ့ကို အနိုင်ရမသွား စေချင်ပါဘူး၊ ကျွန်မ အကြောက်ဆုံးက သူ ကျွန်မကို နိုင်သွား မှာကိုပဲ"

သူမ၏ မျက်နှာက ယုယုခိုင် နိုင်သွားမည်ကို အမှန် တကယ်ပင် စိုးရွံ့ထိတ်လန့်နေသည့် မျက်နှာမျိုး ဖြစ်သည်။ သူ ဖျောင်းဖျောင်းဖျဖျဖြင့် သုံးလဆိုတာ ဘာမှမကြာပါဘူး၊ ခဏလေးနဲ့ ကုန်သွားမှာပါဟု နှစ်သိမ့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူမ စိတ်လျှော့သံဖြင့် အင်းလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုကို့သဘောပဲပေ့ါဟု လိုက်လျောသည်။ ထို့နောက် တောင့်တောင့်တတ လေသံဖြင့်-

"ဖြစ်နိုင်ရင် ကျွန်မ သူ့ကို အမြန်ဆုံး နိုင်ချင်တယ် ကိုကို၊ ဒါမှ သူ ကျွန်မကို ဘယ်တော့မှ အနိုင်မယူနိုင်တော့မှာ"

ဟု ရေရွတ်သည်။

သူမ ရင်ထဲ၌ ပြင်းပြသော အနိုင်ရလိုမှုတို့ဖြင့် လောင်မြိုက်နေကြောင်း သူ တအံ့တဩ သတိပြုလိုက်မိသည်။

❑





(၇)

ဂျူလိုင်လဆန်းမှစ၍ ကိုဗလထံမှ အမှုများကို သူ လွှဲပြောင်း ယူရသည်။ သို့သော် အမှုအားလုံး မဟုတ်ဘဲ သာမန် ရာဇဝတ်မှုများကိုသာ လက်ခံခြင်း ဖြစ်သည်။ တရားမမှုနှင့် ရာဇဝတ်မှု ကြီးကြီးမားမားများကိုတော့ ဆရာဦးလှထွန်းဆီ ပြန်လွှဲရသည်။

ဩဂုတ်လထဲ၌ နိုင်ငံခြားထွက်ခွင့်ရရန် သေချာနေပြီ ဖြစ်သော ကိုဗလက သူ့အား ဆရာစားမချန် သင်ပြပေးသလို အမှုတိုင်း၏ (Defence Line) ခေါ် ခုခံရေးလမ်းကြောင်း ရေးဆွဲထားပုံများကို ရှင်းပြသည်။

အမှုလိုက်ရှေ့နေတစ်ယောက်၏အဓိကအတတ်ပညာ ဖြစ်သော (Defence Line) ယူပုံယူနည်းတို့ကို စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



ဆည်းပူးရင်း သူသာ အမှုသစ်တစ်ခုကို လက်ခံရပါက ကိုဗလ တို့လို အားကောင်းလှသည့် ခုခံရေးလမ်းကြောင်းမျိုး စဉ်းစား နိုင်ပါ့မလားဟု ကိုယ့်ကိုယ်ကို မသေမချာ ဖြစ်နေမိသည်။

သို့သော် ကိုဗလကတော့ ကြောက်မနေစမ်းပါနဲ့၊ သူ့ အလိုလို ဖြစ်သွားမှာပါဟု အားပေးသည်။

"အဓိက ကတော့ ပုဒ်မတွေကို ကြေညက်အောင် လေ့လာထားဖို့ပဲ၊ ပုဒ်မ တစ်ခုစီရဲ့ အဓိပ္ပါယ်ကို နားလည်နေရင် ကိုယ့်အမှုသည်ဘက်က ဘယ်လိုကာကွယ်ရမလဲဆိုတာ အလို လို သိလာလိမ့်မယ်"

ဒါပေမယ့် တကယ့်တကယ်ကျရင် ကိုဗလပြောသ လောက် လွယ်ကူနိုင်ပါ့မလား။

သူ ဇဝေဇဝါ ဖြစ်နေသော်လည်း ကိုဗလကတော့ ယုံ ကြည့်မှု ရှိစမ်းပါ ကိုရဲရာဟု ဆိုသည်။

"ငါ မင်းကို တစ်ခုမေးမယ်၊ ခိုးမှုဆိုပါတော့၊ ဘယ်လို လူမျိုးမှ တရားခံအဖြစ် သတ်မှတ်ရမယ်ဆိုတဲ့ ကန့်သတ်ချက် မျိုး ရှိလား"

သူ ချက်ချင်းပင် ခေါင်းယမ်းပြလိုက်မိသည်။

"ဟုတ်တယ်၊ ခိုးမှုနဲ့ အဓိပ္ပါယ် ဖွင့်ဆိုချက်အရ ဘယ် သူမဆို တရားခံဖြစ်နိုင်တယ်၊ ဆိုလိုတာက ပစ္စည်းပိုင်ရှင် ကိုယ်





တိုင်လည်း တရားခံ ဖြစ်နိုင်တယ်၊ ကိုယ့်ပစ္စည်း ကိုယ်ပြန်ခိုးပါ တယ်လို့ စွပ်စွဲခံရနိုင်တယ်"

ကိုဗလ၏ စကားကို ငြိမ်သက်စွာ နားထောင်ရင်း ခိုး မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြန်စဉ်းစားလိုက်မိသည်။

တစ်ဦးတစ်ယောက် သူ၏ လက်ရှိမှ ထိုသူ သဘော မတူဘဲ မည်သူမဆို မရိုးမဖြောင့်သော သဘောဖြင့် ရွှေ့ပြောင်း နိုင်သော ပစ္စည်းတစ်ခုခုကို ယူရန် ကြံရွယ်၍ ထိုသို့ယူရန် အလို့ငှာ ထိုပစ္စည်းကို ရွှေ့စေလျှင် ထိုသူသည် ခိုးမှု ကျူးလွန် သည်မည်၏။

ကိုဗလက သူ့ကိုကြည့်ရင်း ခိုးမှုနှင့် ပတ်သက်၍ ရှင်း ပြသည်။

"ခိုးမှုမှာအဓိကက လက်ရှိပိုင်ဆိုင်တဲ့လူ သဘောမတူ ဘဲ ယူရမယ်၊ ပြီးတော့ မရိုးမဖြောင့်တဲ့ သဘောနဲ့ ယူရမယ်၊ ဒါမှ ခိုးမှု မြောက်မယ်၊ တကယ်လို့ မရိုးမဖြောင့်တဲ့ သဘောနဲ့ ယူတာမဟုတ်ပါဘူးလို့ ပေါ်အောင် ပြနိုင်ရင် ခိုးမှု မမြောက် ဘူး။ တကယ်လို့ မရိုးမဖြောင့်တဲ့ သဘောနဲ့ဖြစ်ဦးတော့ အဲဒီ ပစ္စည်းကို ယူဖို့ မရွှေ့ရသေးဘူးဆိုရင်လဲ ခိုးမှု မမြောက်နိုင် ဘူး၊ ဒီတော့ အဲဒီအဓိပ္ပါယ်တွေ ကြေညက်နေရင် ခိုးမှုနဲ့ ပတ် သက်ပြီး ဘယ်လို (Defence) ဆွဲမလဲဆိုတာ အမှုသွား အမှု လာနဲ့ ချိန်ကြည့်လို့ ရတယ်။ တခြား ပုဒ်မတွေလဲ ဒီတိုင်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အမဲပွါယ် ဖွင့်ဆိုချက်တွေကို ပိုင်အောင်လုပ်၊ အမှုတွဲဖတ်ပြီး (Weak Point) ကိုရှာ၊ ပြီးရင် ကိုယ်စဉ်းစားထားတဲ့ လမ်းကြောင်းအတိုင်း ပုံပေါ် လာအောင်သက်သေကို မေး"

ကိုဗလ၏ စကားတို့က အားတက်ဖွယ် ကောင်းသော်လည်း တကယ့်တကယ် တရားခွင်ထဲ ရောက်သွားချိန်မှာတော့ ထိုကိစ္စမှာ ကိုဗလ ပြောသလောက် မလွယ်ကူလှပါ။

❑

"ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၇(၁)အရ အာမခံ ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါတယ်"

သူ နိဂုံးချုပ်လိုက်ပြီး တရားသူကြီးကို ဦးညွတ်အရိုအသေပေးကာ မူလနေရာသို့ ပြန်လျှောက်လာခဲ့သည်။

အမှုသည်အမြင်၌ သူ့အမူအရာတို့က တည်ငြိမ်နေမည်ဖြစ်သော်လည်း သူ့ရင်ထဲမှာတော့ ပြင်းထန်စွာ လှုပ်ရှားနေမိသည်။

ယုယုခိုင်ဘေးနေရာ လွတ်၌ ဝင်ထိုင်လိုက်ပြီး တရားသူကြီးဆီသို့ တစ်ချက် လှမ်းကြည့်လိုက်တော့ သူ တင်ထား





သည့် အာမခံလျှောက်လွှာနှင့် ဆေးစာတို့ကို တစ်ရွက်ချင်း ဂရုတစိုက် လေ့လာနေကြောင်း တွေ့ရသည်။

အာမခံပေးမှ ပေးပါ့မလားဟု သူ ဇဝေဇဝါ ဖြစ်မိသော်လည်း ချက်ချင်းပင် သူ့ကိုယ်သူ အားတင်းလိုက်မိသည်။ ပေးရမှာပေါ့။ အမှုသည်က တကယ် နေမကောင်းဖြစ်နေတဲ့လူပဲ၊ နောက်ပြီး ဒီအမှုက (Bailable Case) တွေထဲမှာ အာမခံအပေးသင့်ဆုံး အမှုမျိုးပဲ။ ဘာဖြစ်လို့ မပေးရမှာလဲ။

သူ ဘယ်လောက်ကြာအောင် အတွေး၌နစ်နေမိသည် မသိ။ ဘေးနားမှ ယုယုခိုင်က သူ့အား တံတောင်နှင့် လှမ်းတို့လိုက်မှ သူ သတိဝင်လာမိသည်။ အာမခံ ပေးမယ်တဲ့။ သူ ချက်ချင်း အလုပ်ရှုပ်သွားတော့သည်။ အရေးထဲ အာမခံမည့်သူ တစ်ယောက်က လက်ဖက်ရည် သွားသောက်နေသည်ဆိုသဖြင့် သူ စိတ်တိုတောင်းစွာ ချက်ချင်းပြေးခေါ်ခိုင်းရသေးသည်။ သို့သော် ကံကောင်းထောက်မစွာပင် ထိုလူ အချိန်မီပြန်ရောက်လာသည်။ ထိုကိစ္စမှအပ သူ့အမှုသည် အပြင်ရောက်လာသည်အထိ နောက်ထပ် အမှား တစ်စုံတစ်ရာ မဖြစ်ခဲ့ပါ။

သူ၏ အာမခံလျှောက်ခြင်း အောင်မြင်သွားသဖြင့် စိတ်ချမ်းသာသွားမိသည်။ ကိစ္စအားလုံး ပြီး၍ ရုံးခန်းသို့ ပြန်လာတော့ ယုယုခိုင်က သူ့အား ချီးကျူးစကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် လျှောက်တာ အရမ်းနားထောင်လို့ ကောင်းတာပဲ၊ လေယူလေသိမ်းကော အမူအရာကော ဘာမှ ပြောစရာမရှိဘူး"

သို့သော် ထိုသို့ ပြောစရာမရှိအောင် သူ့စိတ်ကို အပြင်းအထန် ထိန်းချုပ်ခဲ့ရကြောင်း ယုယုခိုင် မသိ။ အမှုလိုက်ရှေ့နေတစ်ယောက်၏ အစပိုင်းရက်များအား သူ ဘယ်လိုမှ တည်ငြိမ်စွာ မဖြတ်သန်းနိုင်ခဲ့ပါ။ တရားသူကြီးကို ဦးညွှတ်အရိုအသေပေးပြီး ထိုင်ရာမှ ထရပ်လိုက်တိုင်း သူ စိတ်လှုပ်ရှားလာတတ်မြဲ ဖြစ်သည်။ ပြီးခဲ့သည့် ရက်များအတွင်း သူ့အား အကြီးအကျယ် ဒုက္ခပေးခဲ့သည့် ပြဿနာ တစ်ခုက တရားခွင်ထဲ ရောက်သည်နှင့် ပုဒ်မ နံပါတ်များ မေ့လျော့သွားခြင်း ဖြစ်သည်။

တစ်ခါက သက်သေအား သူ (ပြန်လှန်မေးခွန်း) မေးနေစဉ် တစ်ဖက်ရှေ့နေက သူ့မေးခွန်းကို ထကန့်ကွက်ခဲ့ဖူးသည်။ အမှန်တော့ သူ စိတ်အနှောင့်အယှက်ဖြစ်ပြီး မေးခွန်းတွေ ကစဉ့်ကလျားဖြစ်အောင် တမင်လုပ်လိုက်တာ ဖြစ်သည်။ သူ့မေးခွန်းက အမှုနှင့်စပ်ဆိုင်သည့် အကြောင်းခြင်းရာ ဖြစ်သဖြင့် မေးခွင့်ရှိကြောင်း သူ ပြန်လျှောက်လိုက်တော့ သူ့တရားသူကြီးက လက်ခံခဲ့သည်။

သို့သော် အနည်းငယ် ရယ်စရာကောင်းတာ တစ်ခုက 'သက်သေခံ' ဥပဒေ ပုဒ်မ (၁၃၈)အရ ဆိုတာကို သူ ထည့်





မပြောမိခဲ့။ အလွန် လွယ်ကူပြီး အလွန်အသုံးများသော ထိုပုဒ်မ နံပါတ်ကို သူ မေ့လျော့နေခဲ့ခြင်းကြောင့် ဖြစ်သည်။ ကျင့်ထုံး ဥပဒေ ပုဒ်မ(၁၉၃) ကိုလည်း တစ်ခါက သူ မေ့နေခဲ့ဖူးသည်။ အမှန်တော့ ထိုသို့ မေ့လျော့ခြင်းမှာ တရားခွင်ကို ကြောက်ရွံ့နေခြင်းကြောင့်သာ ဖြစ်သည်။ နောက်ပိုင်းတော့ ထိုမျှအထိ ဆိုးဆိုးဝါးဝါး မဖြစ်တော့ဘဲ သူ အနည်းငယ် တည်ငြိမ်နိုင်ခဲ့သည်။

"ဟော့ကောင် ရဲလွင်ငြိမ်း"

က-ည-နရုံးရှေ့ရောက်တော့သူ့ကိုတစ်စုံတစ်ယောက်က လှမ်းခေါ်သဖြင့် သူ လှည့်ကြည့်လိုက်သည်။ သူ့အား လှမ်းခေါ်သူက ပန်းဘဲတန်းမှ ရှေ့နေ ကိုနေမျိုးဝင်း ဖြစ်သည်။

"ယု ပြန်နှင့်လေ၊ ကျွန်တော် ကိုနေမျိုးဝင်းနဲ့ ခဏစကားပြောလိုက်ဦးမယ်"

ရုံးခန်းကလည်း သိပ်မဝေးတော့သဖြင့် ယုယုခိုင် ခေါင်းညိတ်ပြပြီး ဆက်လျှောက်သွားသည်။ သူ ကိုနေမျိုးဝင်းနှင့် ရပ်ပြီး စကားအနည်းငယ် ပြောဖြစ်သည်။ အကြောင်းအရာက ဘာမျှ အရေးမကြီးလှသော်လည်း ဘာပဲဖြစ်ဖြစ် ကိုနေမျိုးဝင်းနှင့် ရပ်စကားပြောခဲ့ခြင်းမှာ သူ့အတွက် ကံကောင်းခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောပြီး သူပြန်လာတော့ ရုံးခန်းမရောက်ခင် ကားလမ်းတစ်ဖက်ခြမ်း၌ ရပ်နေသော မေပုလဲသွယ်နှင့် စိုးစိုးကို သူ တွေ့လိုက်ရသည်။ သူမတို့က သူ့ရုံးခန်းရှိရာသို့ အကဲခတ်နေကြခြင်းဖြစ်ပြီး အကယ်၍ သူသာ ယုယုခိုင်နှင့် ဘုဉ်တွဲ ပြန်လာပါက သူတို့နှစ်ယောက်ကို တွေ့မြင်သွားမှာ ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါ။

သူ မေပုလဲသွယ်တို့ရှိရာသို့ သွားရန် ပြင်စဉ်မှာပင် သူမတို့က သူ့ကို မမြင်ဘဲ လမ်းထိပ်ဘက်သို့ ပြန်လျှောက်သွားကြသည်။

❑

"ဘယ်မှာ မြင်တာလဲ"

"မဟာဗန္ဓုလ ပန်းခြံလမ်း"

"ဟုတ်မှာဇပါ့၊ ကျွန်မတို့ ကိုတင်အုန်းမှာ အအေးသွားသောက်ကြတာ"

သူ မေးလိုက်တော့ သူမ အဖြေမပေးဘဲ ငြိမ်သက်သွားသည်။

"ကိုတင်အုန်းက ကိုယ်တို့ရုံးနားကို ပြောင်းလာပြီလား"





"ကိုယ် မေပုလဲတို့ကို ကိုယ်တို့ရုံးခန်းနားမှာ တွေ့တာ"

"လူတူလို့ ဖြစ်မှာပါ"

ဘယ်လောက်များ ပြောင်လိမ်တတ်တဲ့ မေပုလဲပါလဲ။ သူ စိတ်ပျက်စွာ ရယ်မောလိုက်ရင်း တယ်လီဖုန်းခွက်ကို လက်ပြောင်းလိုက်သည်။ ပြီးမှ-

"ဟုတ်မှာပဲ၊ ဒါပေမယ့် တစ်ယောက်ကတော့ မေပုလဲနဲ့ တော်တော်တူတယ်၊ ကြည့်ရတာ သူ့အမျိုးသားကို စိတ်မချလို့ လာချောင်းတာ ထင်တာပဲ"

သူ နောက်လိုက်တော့ သူမက မရယ်ချင် ရယ်ချင်ရယ်ရင်း-

"ဖြစ်နိုင်တာပေ့ါ၊ ခုခေတ် ယောကျ်ားတွေက ယုံရတာမှ မဟုတ်တာ၊ ကွယ်ရာမှာ တခြားတစ်ယောက်နဲ့ တွဲချင်တွဲနေမှာ၊ ပြီးတော့ ရုံးခန်းကို ပြန်တဲ့အခါ အတူတူ မပြန်ဘဲ အမျိုးသမီးကို အရင်ပြန်ခိုင်းပြီး နောက်ချန်နေခဲ့တာမျိုးလဲ လုပ်ချင်လုပ်ကြမှာလေ သိတယ် မဟုတ်လား"

လက်စသတ်တော့ သူက မေပုလဲကိုအလျှင်မြန်ခြင်း မဟုတ်ဘဲ မေပုလဲကသာ သူတို့နှစ်ယောက်ကို အလျှင်မြန်သွားခဲ့ခြင်း ဖြစ်သည်။ သူ ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေတော့ မေပုလဲ၏ ခြောက်ကပ်ကပ် ရယ်သံက ဖုန်းထဲမှ ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုကို၊ ကျွန်မ ပြောတာ မဖြစ်နိုင်ဘူးလား ဟင်"

"အင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက် လုပ်ငန်းချင်း တူနေရင် အလုပ်ဌာနကို တွဲပြန်တာမျိုး အလုပ်ဌာနထဲက တွဲထွက်တာမျိုးက မဆန်းပါဘူး မေပုလဲရဲ့ မဟုတ်ဘူးလား"

"ဒါပေမယ့် သူတို့နှစ်ယောက်က ချစ်သူဟောင်းတွေ ဖြစ်နေကြရင်တော့ ဆန်းမှာပဲနော်၊ ပြီးတော့ စိတ်ဝင်စား စရာလဲ ကောင်းမှာပဲ"

သူမ၏ စကားကို သူ တုံ့ပြန်ရန် စဉ်းစားနေစဉ်မှာပင် သူမ ရုတ်တရက် ပြောသည်။

"ဒါပဲနော်ကိုကို၊ ကျွန်မ ရေသွားချိုးလိုက်ဦးမယ်၊ ပြီးတော့ စိတ်တည်ငြိမ်အောင် တရားထိုင်လိုက်ဦးမယ်"

ထို့နောက် သူမ ဖုန်းချသွားတော့သည်။ သူ သက်ပြင်းတစ်ချက်ကိုချရင်း ဖုန်းခွက်ကို ပြန်တင်လိုက်သည်။

မေပုလဲသွယ်၏ သံသယတို့ အံ့သြစရာ ကောင်းလောက်အောင် တစ်နေ့တခြား ပိုမို စူးရှ ပြင်းထန်လာခြင်း အတွက် သူစိတ်ပျက်ရသော်လည်း ဘာမှ မတတ်နိုင်ပါ။ သူမက အချိန်ပြည့် သူနှင့်ယုယုခိုင်အား စိတ်မချ ဖြစ်နေတတ်ပြီး သူ အမှားတစ်စုံတစ်ရာ လုပ်မိလျှင်လည်း ထို အမှားအယွင်း အပေါ် ယုယုခိုင်နှင့် ဆက်စပ်ကာ သံသယဝင်တတ်သည်။





ယုတ်စွအဆုံး သူမနှင့်စကားပြောရင်း သူ အကြာကြီး နှုတ်ဆိတ်သွားလျှင်ပင် "ဘာလဲ ကိုကို ဟိုအမျိုးသမီး အကြောင်း စဉ်းစားနေတာ မဟုတ်လား"ဟု မေးမြန်းတတ်သည်။ သူမ၏ မယုံသင်္ကာ ဖြစ်မှုတို့အတွက် တစ်ခါတစ်ရံ သူ စိတ်ပျက်စွာ ညည်းညူမိလျှင်တော့

"လွယ်ပါတယ် ကိုကိုရဲ့၊ ကျွန်မ ကိုကို့ကို သံသယ မဖြစ်စေချင်ရင် ကိုကို အဲဒီအလုပ်က ထွက်လိုက်လေ၊ ဒါဆို ကိုကို စိတ်မညစ်ရသလို ကျွန်မလဲ စိတ်မပင်ပန်းရတော့ဘူး ပေါ့"

သို့သော် သူ့အလုပ်က မေပုလဲသွယ်ပြောသလောက် လွယ်ကူစွာ ထွက်၍မရပါ။ ကိုဗလနေရာသို့ ဝင်မည့် ပြည်မှ ဆရာ့တပည့် ရောက်မလာသေးသလို ခင်ခင်ထားနှင့် ယုယုခိုင် ကလည်း လိုင်စင်မကျသေးသဖြင့် သူသာ ဆရာ့ ဂျူနီယာ အဖြစ် ပြေးလွှားနေရဆဲ ဖြစ်သည်။

ထိုသို့ သူအလုပ်မထွက်နိုင်သေးခြင်းကြောင့်ပင် မေပုလဲသွယ်၏ သံသယတို့အတွက် သူ စိတ်ကျပ်တည်း ကျဉ်း မြောင်းနေခဲ့ရခြင်းလည်း ဖြစ်သည်။

မိုးရာသီ ကုန်ဆုံးကာနီး နေ့ရက်များကတော့ သူ၏ စိတ်မွန်းကျပ်မှု အဆိုးရွားဆုံး ကာလများပဲ ဖြစ်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၈)

"မောင် သွားတော့မလို့လား"

သူ ထိုင်ရာမှ ထရပ်လိုက်တော့ ယုယုခိုင်က မော့ကြည့်ရင်း မေးသည်။

"ဟုတ်တယ် ယု၊ ဒီနေ့ ဗိုလ်တထောင်လေ၊ နည်းနည်းစောစောသွားမလို့"

အမှန်တော့ ဗိုလ်တထောင်မှ အမှုက အာမိုးတလည်စောစီးစွာ ရောက်ရှိသွားရန် မလိုအပ်သော်လည်း ခင်ခင်ထားက မိတ္တူကူးရန် ထွက်သွားပြီး ဆရာဦးလှထွန်းက အတွင်းရုံးခန်း၌ တယ်လီဖုန်း ပြောနေသဖြင့် သူနှင့် ယုယုခိုင်သာ နှစ်ယောက်တည်း ရှိနေခြင်းကြောင့် တမင်စောစောသွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ အပြင်မှ ရုတ်တရက် မမြင်နိုင်





သည့် ဆင်နှားရွက်တံခါးရှည် တပ်ဆင်ထားသော ရုံးခန်းလေးအတွင်း၌ သူ့အား မောင်ဟု ခေါ်သော အမျိုးသမီး တစ်ယောက်နှင့် သူ အကြာကြီး ရှိမနေသင့်ပါ။

ရှပ်အင်္ကျီလက်ကြယ်သီးတို့ကို တပ်ပြီး နံရံ၌ ချိတ်ထားသော တိုက်ပုံအနက်ကို လှမ်းယူ၍ ဝတ်ဆင်လိုက်သည်။

"လည်ပင်းကြယ်သီး တပ်ဦးလေ"

သူမက သူ့ကိုကြည့်ရင်း သတိပေးလိုက်တော့ သူ ခေါင်းညိတ်လျက် ရှပ်အင်္ကျီလည်ပင်းကြယ်သီးကို တပ်လိုက်သည်။ သူ၏ ကြယ်သီးက အိန္ဒိယမှလာသော ရွှေရည်စိမ်ကြယ်သီးဖြစ်ပြီး သာမန်အရွယ်ထက် အနည်းငယ်ကြီးသောကြယ်သီးလည်းဖြစ်သည်။ ထို့အပြင် ကော်လံကတုံး အင်္ကျီကလည်း အသစ်ဖြစ်သဖြင့် ကြယ်သီးပေါက်က ကျပ်နေသောကြောင့် သူ ခက်ခဲစွာ တပ်ဆင်ရသည်။ သူ၏ ကြယ်သီးတပ်ခြင်းကိစ္စက အလွယ်တကူ မအောင်မြင်ပါ။ ယုယုခိုင် ထိုင်ရာမှ ထရပ်ပြီး သူ့နားသို့ လျှောက်လာသည်။

"ယု တပ်ပေးမယ်လေ"

"ရပါတယ် ယုရဲ့၊ နေပါစေ"

သို့သော် သူ ငြင်းဆန်လိုက်သည့် အချိန်၌ သူမက သူ့နားသို့ အလွန်နီးကပ်စွာ ရောက်ရှိနေပြီ ဖြစ်သည်။

"ပေးလေ မောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့လက်နှစ်ဖက်ကို ဖယ်ခိုင်းပြီး ရှေ့သို့ တိုးရပ်လျက် ကော်လံကတုံး အင်္ကျီ၏ ရွှေကြယ်သီးကို တပ်ဆင်ပေးသည်။ အလွန်နီးကပ်သော အနေအထားဖြစ်သဖြင့် သူမ၏ ပျော့ပျောင်းသော ကိုယ်ရနံ့ကို ရှူရှိုက်နေရသလို သူမ၏ မျက်နှာကိုလည်း လက်မ အနည်းငယ် အကွာမှ တွေ့မြင်နေရသည်။

သူ့ စိတ်တို့ လှုပ်ရှားစွာ ယိမ်းယိုင်လာကြောင်း ကိုယ့်ကိုယ်ကို သတိပြုမိလာသည်။ သူ ချက်ချင်းပင် သူ၏ အာရုံအတွင်းမှ သူမ ပျောက်ကွယ်သွားအောင် မျက်စိကို မှိတ်ထားလိုက်မိသည်။ သို့သော် ခက်ခဲသော ကြယ်သီးအား ကြိုးစားပမ်းစား တပ်ပေးနေသောသူမ၏ အတွေ့အထိနှင့် ကိုယ် သင်းနံ့ကိုတော့ သူဖျောက်ဖျက်ပစ်၍ မရပါ။

"ရပြီ မောင်"

သူမ၏ အသံကြောင့် သူ ဖျတ်ခနဲ မျက်လုံး ပြန်ဖွင့်လိုက်သည်။ထိုအချိန်မှာပင် သူမ၏ ခန္ဓာကိုယ်က ရုတ်တရက် သူ့ရင်ခွင့်ထဲသို့ ပြိုလဲ ရောက်ရှိလာတော့သည်.

တင်ကြို မျှော်လင့်မထားမိသော အတွေ့ကြုံ ဖြစ်သဖြင့် သူ မည်သို့ တုံ့ပြန်ရမည်ဟု ဝေခွဲမရဘဲ အံ့သြငြိမ်သက်နေမိသည်။ တအောင့်ကြာမှ သတိဝင်ကာသူမ၏ လက်မောင်းနှစ်ဖက်ကို ငြင်သာစွာ လှမ်းကိုင်လိုက်သည်။





"မတော်ဘူးလေယု၊ တော်ကြာ တစ်ယောက်ယောက်ဝင်လာလို့ တွေ့သွားရင် မကောင်းဘူး"

ပြောပြီးမှ သူ့စကားအတိုင်း တကယ်များ ဖြစ်နေလေမလား ဟူသော အတွေးနှင့် သူနောက်သို့ လှည့်ကြည့်လိုက်သည်။

ရုတ်တရက် သူ့တစ်ကိုယ်လုံး လောင်ကျွမ်း ပြာကျသွားသလို ခံစားလိုက်ရသည်။ တံခါးဝ၌ ဆင်နွားရွက် တံခါးတစ်ခြမ်းကို တွန်းဖွင့်လျက် အနေအထားဖြင့် တစ်စုံတစ်ယောက်က သူတို့နှစ်ယောက်ကို အေးစက်စွာ မမှိတ်မသုန် စိုက်ကြည့်နေလေသည်။

ထိုတစ်စုံတစ်ယောက်ကတော့ မေပုလဲသွယ်ပဲ ဖြစ်သည်။

"မေပုလဲ"

သူ တအံ့တသြ ရေရွတ်လိုက်ရင်း တံခါးဝသို့ ခြေစလှမ်းလိုက်ချိန်မှာပင် မေပုလဲသွယ်က ချာခနဲ လှည့်ကာ ထွက်ခွာသွားတော့သည်။

❑

(၃၆)လမ်းထိပ်အရောက်၌ မမျှော်လင့်ဘဲ မိုးက ဝေါခနဲ ရွာချလိုက်သည်။ သဲသဲမဲမဲ ရွာချလာသော မိုးစက်များ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာပင် သူမရှေ့မှ အပြေးတစ်ပိုင်း လျှောက်နေသောသဖြင့် သူနောက်မှ လိုက်နေရသည်။

"မေပုလဲ၊ နေဦးလေ"

သူ တတိယမြောက် လှမ်းအော်လိုက်ချိန်၌ သူနှင့် သူမ၏ အနေအထားက အတော်နီးကပ်နေပြီ ဖြစ်သည်။ သို့သော် သူမက သူ့စကားကို မနားခံဘဲ ပိုမိုလျင်မြန်စွာသာ လျှောက်နေတော့သည်။ ဒီအပုံအတိုင်းဆိုလျှင်တော့ မဖြစ်နိုင်။ သူ ရုတ်တရက် သူမနောက်သို့ ပြေးလိုက်သည်။ ပန်းဆိုးတန်းမီးပွိုင့်ကို ကျော်ပြီးချိန်မှာတော့ သူမ လက်မောင်းကို သူ လှမ်းကိုင်လိုက်နိုင်သည်။

"ဘယ်လိုဖြစ်တာလဲ မေပုလဲ၊ ဘာဖြစ်လို့ အတင်းထွက်ပြေးနေတာလဲ"

သူမ ဖျတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် သူ့လက်ကို အတင်းပုတ်ထုတ်ရင်း . .

"ကိုကို ကျွန်မလက်ကို လွှတ်နော်၊ ကျွန်မကို မကိုင်နဲ့"

"ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးနေရတာလဲ၊ မလွှတ်ဘူး၊ လွှတ်ရင် မေပုလဲ ထွက်ပြေးဦးမှာ"

"အို ဒါ ကိုကို့အပူ မပါဘူး၊ လွှတ်နော်၊ ကျွန်မ အသားကို မထိနဲ့"





သူမ စူးစူးဝါးဝါး အော်လေသည်။

ထိုးဆောင်း၍ ဖြတ်သွားကြသူ တစ်ချို့က သူတို့နှစ်ယောက်ကို လှည့်ကြည့်သွားကြသည်။ နှစ်ယောက်စလုံး မိုးရေတွေ ရွှဲစိုနေသောသူတို့ အနေအထားကတော့ အတော့်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှာ သေချာပါသည်။ သူ အနည်းငယ်ရှက်လာပြီး သူမကို တိုက်လေ့ကားတစ်ခုဆီသို့ ဆွဲခေါ်လာခဲ့သည်။ သူမက ရုန်းကန် ထုရိုက်သော်လည်း သူ့နောက်သို့ပါလာသည်။ လေ့ကားရင်းရောက်တော့ သူမကို လေ့ကားပေါ်သို့ တက်ခိုင်းလိုက်သည်။

"အို ဘာဖြစ်လို့ တက်ရမှာလဲ၊ မတက်ဘူး"

သူမ အာခေါင်ခြစ်၍ အော်နေခြင်းဖြစ်သည်။

"တက်ရမယ်၊ လမ်းမပေါ်မှာ လူတွေ ဝိုင်းကြည့်သွားကြတာ မရှက်ဘူးလား၊ လေ့ကားပေါ်ရောက်ရင် မင်းကြိုက်သလောက်အော်၊ ကဲ တက်စမ်း"

လေ့ကား သုံးလေးထစ်လောက် တက်ပြီးတော့ သူမလက်မောင်းကို သူ လွှတ်ပေးလိုက်သည်။ သို့သော် ဆင်းမပြေးနိုင်အောင်တော့ လက်တစ်ဖက်နှင့်ကာရံထားရသေးသည်။ တကယ်တော့ သူ စိုးရိမ်သလို သူမ ဆင်းမပြေးပါ။ ထို့အတူ အော်လည်းမအော်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်ကိုသာ အတင်းထုရိုက်ရင်း ရှိုက်ကြီးတငင် ငိုသည်။ ကဲ ငိုစမ်း၊ သူမ တည်ငြိမ်လာအောင် သူ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်သည်။

"ကျွန်မ ကိုကို့ကို မုန်းတယ် သိလား၊ ကိုကို ကျွန်မကို ညာတယ်၊ အမြဲတန်း ညာခဲ့တယ်၊ ကျွန်မ ကိုကို့ကို မုန်းတယ်"

သူမ ငိုသံနှင့် ဗလုံးဗထွေး ရေရွတ်သည်။ ထို့နောက် အားအင်ကုန်ခန်းသွားသည့်နှယ် သူ့ရင်ခွင်ထဲသို့ ပြိုလဲကျဆင်းလာလေသည်။ သူမ၏ ကိုယ်လုံးလေးကို သူ ထွေးပွေ့လိုက်ပြီး ညင်သာစွာ ပြောလိုက်သည်။

"ကိုယ် ဘယ်တုန်းကမှ မညာခဲ့ဘူး မေပုလဲ၊ အဲဒါ အမှန်တရားပဲ၊ ဒါပေမယ့် အဲဒီအမှန်တရားကို ပါးစပ်က ပြောပြရုံနဲ့ မေပုလဲယုံမှာ မဟုတ်တော့ဘူး၊ ဒီတော့ မေပုလဲ ယုံအောင် ကိုယ် ဘာလုပ်ပေးရမလဲ၊ ကိုယ့်ကို အခွင့်အရေး တစ်ခုလောက် ပေးစမ်းပါ"

သူ့စကားဆုံးတော့ သူမ သူ့မျက်နှာကို ဖြည်းဖြည်းလေး မော့ကြည့်သည်။ အကြာကြီး ငြိမ်သက် စိုက်ကြည့်နေပြီးမှ သူမ ရုတ်တရက် ပြောသည်။

"ကောင်းပြီလေ၊ ဒါဖြင့် ကိုကိုကျွန်မကို လက်ထပ်မလား၊ ခုချက်ချင်း တရားရုံးမှာ လက်ထပ်၊ အဲဒါဆို ကျွန်မ ယုံမယ်"





မျှော်လင့်မထားသော တောင်းဆိုမှုကြောင့် တအံ့တသြ တွေဝေသွားမိသည်။

ဒါဟာ သူမ ယုံကြည်မှုကို ရရှိနိုင်မယ့် အခွင့်အရေးတဲ့လား၊ သူမကို လက်ထပ်လိုက်တာနဲ့ သူနဲ့ ယုယုခိုင်အပေါ်ထားရှိတဲ့ သူမရဲ့ သံသယတို့ ကြေပျက်သွားမှာတဲ့လား၊ ပြီးတော့ သူမရဲ့ တောင်းဆိုမှု နောက်ကွယ်မှာ ယုယုခိုင် အပေါ် အနိုင်ရလိုမှုတို့ မပါဝင်ပါဘူးလို့ သူမ ဝန်ခံရဲပါ့မလား။

သူ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။

"ဒါဟာ အကောင်းဆုံး အဖြေရှာနည်း တစ်ခုတော့ မဟုတ်တာ အမှန်ပဲ၊ ဒါပေမယ့် မေပုလဲ အဲဒီအတိုင်း ဖြစ်စေချင်တယ် မဟုတ်လား၊ ကောင်းပြီလေ၊ ဖြစ်စေရမယ်၊ ကိုယ် မေပုလဲကို လက်ထပ်မယ်၊ ဒါပေမယ့် ခုချက်ချင်း ကမန်းကတန်း လက်ထပ်တာမျိုးတော့မဖြစ်ချင်ဘူး ကိုယ် မေပုလဲကို တစ်ပတ်အတွင်း လူကြီးစုံရာနဲ့ လာတောင်းပြီး လက်ထပ်မယ်၊ ဟဲ မေပုလဲ ကျေနပ်မယ် မဟုတ်လား"

❑



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေက ဘယ်လိုမှ မမျှော်လင့်ဘဲ လျှင်မြန်စွာ ပြောင်းလဲခဲ့ကြခြင်းသာ ဖြစ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ထိုပြောင်းလဲမှုကြောင့် သူမရင်ထဲမှာ စိုးရိမ်သောကလွှမ်းသော သံသယတို့ ကြေပျက်မည် ဆိုလျှင်တော့ သူ ကတိပေးရကျိုး နပ်ပါလိမ့်မည်။

မိုးတွေ သဲသဲမဲမဲ ရွာနေသည့်ကြားမှပင် သူမအား လေးဘီးကားတစ်စီးငှားလျက် ဗိုလ်အောင်ကျော်လမ်းသို့ လိုက်ပို့ပေးလိုက်သည်။ တိုက်အောက်အထိ လိုက်ပို့ပြီး အပေါ်မတက်တော့ဘဲ သူ ပြန်လာခဲ့သည်။

သူနှင့် မေပုလဲသွယ်၏ ကိစ္စအား ပထမဦးဆုံး အသိပေး တိုင်ပင်သူအဖြစ် သူ ပေါ်လွင့်ကို သတ်မှတ်လိုက်သော်လည်း ထိုနေ့က သူ့တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေသဖြင့် မတိုင်ပင်ဖြစ်ဘဲ အိမ်သို့သာ တန်းပြန်ဖြစ်ခဲ့သည်။

နောက်တစ်နေ့ မနက်မှသာ မြအေးကြည်သို့ ဖုန်းဆက်ချိန်းလျက် အကျိုးအကြောင်း ပြောပြကာတိုင်ပင်ရသည်။ ငါ မေပုလဲနဲ့ လက်ထပ်တော့မလို့ဟု သူ ပြောတော့ ပေါ်လွင်အံ့အားတသင့် ဖြစ်သွားသည်။

ပြီးမှ ဘယ်တော့လဲဟု ပြန်မေးသည်။

"နောက်အပတ် ဗုဒ္ဓဟူးနေ့"

ဉာဏ်ဝင်းစာပေ



"ဟာ မြန်လှချည်လား"

ပေါ်လွင်က ထိုမျှအထိ မြန်မြန်ဆန်ဆန် စီစဉ်လိမ့်မည်ဟု မျှော်လင့်မထားသဖြင့် တအံ့တသြ ရေရွတ်သည်။ ထို့နောက် သူ့ကိုကြည့်ရင်း . .

"ငါ ဘာအကူအညီပေးရမလဲ"

ဟု မေးသည်။

"အဲဒီနေ့ ငါတို့လာမယ့်အကြောင်း မင်းနဲ့အန်တီမာလာကတစ်ဆင့် မေပုလဲမိဘတွေကို ကြိုပြောထားဖို့ပါ။ တော်ကြာ ငါ လူကြီးတွေ ခေါ်လာတော့မှ အကုန်လုံး ကြောင်တောင်တောင် ဖြစ်ကုန်မှာ စိုးလို့"

"ကြိုတော့ ပြောထားရမှာပေါ့၊ ဖြစ်ပါတယ်၊ မေမေ့ကို ပြောခိုင်းလိုက်မယ်"

ပေါ်လွင် လက်ထဲမှ စီးကရက် အစိခံရောက်သည်အထိ အားရပါးရ ဖွာရှိုက်ပြီး လမ်းမသို့ လက်ညှိုးဖြင့် တောက်လျက် လွှင့်ပစ်ရင်း သူ့ကို မေးသည်။

"နေပါဦး၊ ငါ မရှင်းလို့ မေးစမ်းပါရစေ၊ မင်းတို့က ဘာဖြစ်လို့ ဒီလောက် ဖုတ်ပူမီးတိုက် စီစဉ်ချင်ကြတာလဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမှ မစီစဉ်ရင် မေပုလဲက ငါ့ကို ယုံတော့မှာ မဟုတ်လို့ဘဲ ပေါ်လွင်။ သူက ငါနဲ့ယှဉ်ကို လုံးဝ မသကာ ဖြစ်နေတာ၊ ဒါကြောင့် သူ့စကားအတိုင်း ငါ အမြန်ဆုံး စီစဉ် ရတာ"

ပေါ်လွင့် စုတ်တစ်ချက်သပ်ရင်း ခေါင်းယမ်းသည်။ ထို့နောက်. . .

"အဲလို လုပ်လိုက်ရုံနဲ့ မင်းတို့ပြဿနာက ပြေလည်သွားမှာလား"ဟု မေးသည်။ တကယ်တော့ ပေါ်လွင့်မေးခွန်းကို သူ မဖြေနိုင်။

သို့သော် ဘာပဲဖြစ်ဖြစ် မေပုလဲသွယ်အား ပေးထားသည့် သူ၏ ကတိကိုတော့ အကောင်အထည်ဖော်ရပါလိမ့်မည်။ ဗုဒ္ဓဟူးနေ့၌ လူကြီးစုံရာနှင့် မေပုလဲသွယ်၏ မိဘများထံ နားဖောက်ကြောင်းလမ်းရမည်။ ထို့နောက် လူကြီးတွေ ခွင့်ပြုသည့်ရက်၌ သူတို့နှစ်ယောက် လက်ထပ်ကြမည် ဖြစ်သည်။ လက်ထပ်ပြီး သူ့အတွက် အရေးတကြီး လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းတစ်ခုကတော့ လက်ရှိအလုပ်မှ အမြန်ဆုံး ထွက်နိုင်ရေးပင် ဖြစ်သည်။ ထိုကိစ္စက အနည်းငယ် ခက်ခဲ





မည် ဖြစ်သလို သူ့အတွက် စိတ်ပင်ပန်းဖွယ် ကိစ္စတစ်ခုလည်း ဖြစ်သည်။

"မင်း ရုံးခန်းက လူတွေကိုရော အသိပေးပြီးပြီလား"

ရုတ်တရက် ထွက်ပေါ်လာသော ပေါ်လွင့်အသံကြောင့် သူ အတွေး ပြယ်သွားသည်။

"မပေးရသေးဘူး ပေါ်လွင်"

အမှန်တကယ်လည်း ဘယ်လို အသိပေးရမည်မှန်း ယခုအချိန်အထိ သူစဉ်းစားမရသေး။ အထူးသဖြင့် သူ့ကို မောင်ဟုခေါ်ဝေါ်နေသော အမျိုးသမီးအား နောက်ရက်အနည်းငယ်အတွင်း သူနှင့် မေပုလဲသွယ် လက်ထပ်ကြတော့မည့် ကိစ္စအား ဘယ်လို အသိပေးသင့်ကြောင်း သူ အဖြေရှာမရပါ။

သက်ပြင်းတစ်ချက်ကို ရှိုက်ရင်း မနေ့က သူ့ရင်ခွင်ထဲသို့ ယုယုခိုင် တိုးဝင်လာသော အဖြစ်အပျက်ကို ပြန်လည်သတိရကာ ရင်နွေးလာမိသည်။ ဒါဟာ သူမရဲ့ မတော်တဆ ပွင့်လင်း ပေါက်ကွဲမှုလား။ ဒါမှမဟုတ် တမင် လုပ်ကြံဖန်တီးလိုက်တာပဲလား။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မေပုလဲသွယ် အထင်လွဲစေရန် တမင် ဖန်တီးလိုက်တာဆိုလျှင်တော့ ထိုကိစ္စမှာ သူမ၏ ရှုံးနိမ့်မှုပဲ ဖြစ်ပါလိမ့်မည်။ သူမ၏ အပြုအမူကြောင့် သူနှင့် မေပုလဲသွယ်၏ အနေအထားမှာ ရုတ်တရက် ပြောင်းလဲခဲ့ရပြီး သူမ စိန်ခေါ်ထားခဲ့သော မေပုလဲသွယ်က မကြာခင် သူမကို အနိုင်ရသွားတော့မည် ဖြစ်သည်။

☐



(၉)

သူ ရုံးရောက်တော့ အမြဲတမ်း ရုံးနောက်ကျလေ့ရှိသော ယုယုခိုင်ပင် ရုံးသို့ ရောက်နေပြီဖြစ်သည်။ ခင်ခင်ထားက ငါတို့ လက်ဖက်ရည်ဆိုင် သွားမလို့ နင့်ကို စောင့်နေကြတာဟု ဆိုသဖြင့် သူ လွယ်အိတ်နှင့် တိုက်ပုံကို ထားပြီး သူမတို့နှင့် လက်ဖက်ရည်ဆိုင်သို့ လိုက်ခဲ့သည်။

ဆိုင်ရောက်တော့ လက်ဖက်ရည် သောက်ပြီးသည်နှင့် ခင်ခင်ထားက ထိုင်ရာမှ ထရပ်ကာ ငါ ပြန်နှင့်မယ်ဟု ဆိုသည်။ သည်ကတည်းက ယုယုခိုင် သူ့အား ပြောစရာ တစ်ခုခု ရှိသဖြင့် ခင်ခင်ထားက တမင် ဖန်တီးပေးခြင်းဖြစ်ကြောင်း သူ ရိပ်မိခဲ့သည်။ သို့သော် ထိုပြောစရာမှာ မနေ့က ကိစ္စအား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းစွာ တောင်းပန်လာဖို့ ဖြစ်ကြောင်းကိုတော့ သူ မစဉ်းစားမိခဲ့။

ခင်ခင်ထား ထွက်သွားပြီး အတန်ကြာမှ "မနေ့က ကိစ္စ အတွက် ယု စိတ်မကောင်းပါဘူး မောင်" ဟု စကားစသည်။

"ရပါတယ် ယု၊ ကိစ္စမရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် မေပုလဲသွယ်အထင်လွဲသွားတဲ့အတွက်ကော၊ မောင် စိတ်အနှောင့်အယှက် ဖြစ်သွားရတဲ့အတွက် ယု တောင်းပန်ပါတယ်"

မေပုလဲသွယ် အထင်လွဲသွားတဲ့အတွက်တဲ့။ တကယ်တော့ ထိုအထင်လွဲမှုကိုပဲ သူမလိုချင်ခဲ့တာ မဟုတ်လား။

မေပုလဲသွယ်ကတော့ ယု တမင်လုပ်လိုက်တာလို့ ထင်မှာ မဟုတ်ဘူးနော်"

သူမ တစ်ကိုယ်တည်း မှတ်ချချဟန်ဖြင့် ရေရွတ်သည်။ ထို့နောက် သူ့ကိုမကြည့်ဘဲ သူမ ဆက်ပြောသည်။

"တကယ်လို့ အဲဒီကိစ္စကို ယု တမင်လုပ်လိုက်တာ မဟုတ်ပါဘူး မောင်၊ သူ ဝင်လာတာကို ယု မမြင်လိုက်ဘူး။ တကယ်လို့ မြင်ခဲ့ရင်လဲ ခုလိုအဖြစ်အပျက်မျိုး ဖြစ်ခဲ့မှာ မဟုတ်ဘူး၊ ခုတော့ အခြေအနေတွေက သိပ်ကို တိုက်ဆိုင်သွားတယ်"





မထင်မှတ်သော စကားကြောင့် သူမကို မော့ကြည့်လိုက်သည်။ တမင်လုပ်ခဲ့တာ မဟုတ်ဘူးတဲ့။ ဒါဖြင့် အဲဒီကိစ္စဟာ သူမရဲ့ ပေါက်ကွဲမှု ဆိုပါတော့။

"မိန်းကလေးတစ်ယောက်အနေနဲ့ ခုလို ဝန်ခံလာတာဟာ ရဲတင်းရာ ရောက်လွန်းတယ်လို့ မောင် မထင်ဘူးလားဟင်"

သူမ၏ မေးခွန်းကို အဖြေမပေးဖြစ်ဘဲ သူမ၏ မျက်နှာကိုသာ တအံ့တသြ ငေးကြည့်နေမိသည်။ သူမ လမ်းမဘက်ဆီသို့ ငေးငိုင်နေရာမှ ဖြည်းဖြည်းချင်း ပြောသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ နောက်ကို ခုလို အဖြစ်မျိုးတွေ မဖြစ်အောင် ယု ဆင်ခြင်မှာပါ၊ အထူးသဖြင့် မောင် စိတ်အနှောင့်အယှက်မဖြစ်ရအောင်ပေါ့"

"ကျေးဇူးတင်ပါတယ် ယု"

အတန်ကြာ ငြိမ်သက်တုံ့ဆိုင်းနေပြီးမှ သူ ကျေးဇူးတင်စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့၌ သူ၏ အစီအစဉ်များ ချောမွေ့ပြေလည်ရေးအတွက် သူ မနားတမ်း အလုပ်ရှုပ်ရသလို လူကြီးတွေတစ်စုံတစ်ရာ အမြင်မကြည်မလင် ဖြစ်သွားမှာ စေသေးတယ် သဘောမတူမှာကိုလည်း တွေးပြီး စိတ်လှုပ်ရှားသည်။ သို့သော် အခြေအနေတွေက သူ ထင်ထားသည့်ထက်ပင် ပို၍ အဆင်ပြေနေခဲ့သည်။

မေပုလဲ၏ မိဘများက ထိုနေ့အတွက် ဘာမှ ကန့်ကွက်စကားမဆိုခဲ့။ ထို့အတူ သူ့အမေကလည်း မင်းစီစဉ်တာ မမြန်လွန်းဘူးလားဟု ဆိုရုံမှအပ ထိုနေ့၌ မေပုလဲသွယ်၏ မိဘများထံ လိုက်လံ နားဖောက်ပေးရန်အတွက် သဘောတူခဲ့သည်။

"ကိုယ် အားလုံး စီစဉ်ပြီးပြီ၊ အဲဒီနေ့ မနက် (၁၀)နာရီလောက် ကိုယ်တို့ လာကြမယ်"

စနေနေ့ မေပုလဲသွယ်ဆီ ရောက်တော့ သူ အကျိုးအကြောင်း ပြောပြလိုက်သည်။

"ကိုယ်တို့ဆိုတာ ဘယ်သူတွေလဲ"

"ကိုယ့်အမေရယ်၊ ကိုယ့်ဆွေမျိုးထဲက လူကြီးတွေရယ်ပေါ့။ မေပုလဲက ဘယ်သူတွေ ပါလာမယ်လို့ မျှော်လင့်ထားလို့လဲ"

ဉာဏ်ဝင်းစာပေ



"မပြောတတ်ဘူးလေ၊ ကျွန်မက တစ်ခါမှ အတောင်းမခံရဘူးတာ"

သူစိတ်ပျက်လက်ပျက် ရယ်မောလိုက်တော့ သူမက သူ့လက်မောင်းအား ခိုယမ်းမှီနွဲ့ရင်း. . .

"ဒီတစ်ခါ ကျွန်မ တကယ်နိုင်ပြီပေါ့နော် ကိုကို"

ဟုဆိုသည်။ သူ နားမလည်နိုင်စွာ. .

"ဘာကိုလဲ မေပုလဲရဲ့"

"ဒေါ်ယုယုခိုင်ကိုလေ"

ကြည့်စမ်း၊ နောက် ရက်အနည်းငယ်အတွင်းမှာ လက်ထပ်ရတော့မယ့် သူမရင်ထဲက အဓိက အတွေးဟာ ယုယုခိုင်အပေါ် အနိုင်ယူလိုမှုပဲ ဖြစ်ပေါ်ရောလား။ တကယ်ဆို ခုလိုအချိန်မျိုးမှာ လာမယ့်ဗုဒ္ဓဟူးနေ့အတွက် တင်ကြိုရင်ခုန်မနေသင့်ဘူးလား။ ယုယုခိုင်ကို အတွေးထဲက တစ်ဆိတ်ဖျောက်မထားသင့်ဘူးလား။

"နေစမ်းပါဦး ပုလဲလေးရဲ့၊ မင်း ကိုယ့်ကို လက်ထပ်တာဟာ ယုယုခိုင်ကို အနိုင်ယူချင်လို့လား"

သူ့ မေးခွန်းကို သူမ အလေးအနက်ပင် ဒါပေါ့ ကိုကိုရဲ့ ဟု အဖြေပေးလေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ မေပုလဲရဲ့ရင်ထဲမှာ ကြီးစိုးနေတာက အချစ်မှာ မဟုတ်ဘဲ၊ သူ့ကို အနိုင်ယူချင်တဲ့ စိတ်တွေပဲ"

သူ့ စကားကြောင့် သူမ ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ ဟက်ခနဲ ရယ်မောလိုက်ရင်း-

"ဒါကတော့ ကိုကိုရယ်၊ ကျွန်မက စိန်ခေါ်ခံထားရတဲ့လူလေ၊ ပြီးတော့ သူ နိုင်သွားမှာကို အမြဲတမ်း စိုးရိမ်နေရတဲ့လူ၊ ဒီတော့ သူ့ကို အနိုင်ပိုင်းချင်တဲ့ စိတ်တွေ ကျွန်မရင်ထဲမှာ ကြီးစိုးနေတာ မဆန်းပါဘူး ကိုကိုရဲ့၊ ဒါပေမယ့် အဲဒီစိတ်နဲ့ ကိုကို့ကို ချစ်တဲ့စိတ်ကတော့ သပ်သပ်စီပါ။ သူ ကျွန်မတို့ နှစ်ယောက်ကြားထဲ ရောက်မလာလဲ ကျွန်မ ကိုကို့ကို ချစ်မှာပဲ၊ လက်ထပ်မှာပဲ၊ သူ ရောက်လာလဲ ချစ်မှာပဲ"

"ဒါပေမယ့် အပြိုင်ဝယ်မယ့်သူ မရှိဘဲ တစ်ယောက်ထဲ ဈေးဝယ်တာနဲ့ အပြိုင်အဆိုင် ဝယ်မယ့်လူ ရောက်လာလို့ အလုအယက် ဝယ်ရတာနဲ့တော့ ကွာမှာပေါ့ မေပုလဲ"

"ကိုကို အဲ့လို ယူဆထားတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး ကိုကို၊ ကျွန်မ ကိုကို့ကို လက်ထပ်တာဟာ ပစ္စည်း ဝယ်သလိုမျိုး၊ သဘောမထားခဲ့တာ အမှန်ပါ။ ဒါပေမယ့် ကိုကို့ကို လက်ထပ်လိုက်ရရင် ကျွန်မ သူ့ကို အနိုင်ရမှာပဲဆိုတဲ့ စိတ်မျိုးရှိခဲ့တာတော့ ရှိုးရိုးသားသား ဝန်ခံပါတယ်"





သူမ၏ ရိုးသားမှုအတွက် သူ ဝမ်းသာဂုဏ်ယူရမည်လား၊ စိတ်ပျက် ကြေကွဲရမည်လား၊ သူ စဉ်းစားမရပါ။ ဘာပဲဖြစ်ဖြစ် သည်ပွဲမှာ မေပုလဲသွယ် အနိုင်ရနေကြောင်းကိုတော့ သူ အသိအမှတ် ပြုရမည် ဖြစ်သည်။

❑

တနင်္လာနေ့သည် သူ့အတွက် အမှုများသော နေ့ဖြစ်သည်။ အမှု ကြီးကြီးမားမားများကို ဆရာနှင့် ဒေါ်စန်းရီ ခွဲယူထားသည့်တိုင် သူ့လို ဂျူနီယာ ရှေ့နေတစ်ယောက်အတွက်တော့ ထိုနေ့က အမှုများနေဆဲ ဖြစ်သည်။

မနက်ပိုင်း ရုံးကထွက်ကတည်းက တစ်ချက်မှ မနားရဘဲ တရားခွင်များကို ပြေးလွှားနေခဲ့ရသည်။ သည်ကြားထဲ စစ်ဖြစ်လိမ့်မည် မထင်သော ၃၀၄ (က) ယာဉ်တိုက်မှု တစ်ခုက မမျှော်လင့်ဘဲ သက်သေ စုံသွားသဖြင့် စစ်-ဖြစ် သွားသောကြောင့် သူ ရုံးခန်းသို့ အတော်နောက်ကျမှသာ ပြန်ရောက်သည်။

သူ ရုံးခန်းတွင်း လှမ်းဝင်လိုက်တော့ ကြိမ်ကုလားထိုင်မှာ ထိုင်နေသော ခင်ခင်ထားက မော့ကြည့်ရင်း ထုံးစံအတိုင်း "ဘယ်လိုလဲ အခြေအနေကောင်းလား" ဟု လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်းသလဲ မမေးနဲ့၊ ၁၀၄(က)ပါ စစ်-ဖြစ်သွားလို့ ခေါင်းပေါင်းချွတ်ပြီး ပြန်ပြေးချင်စိတ်တောင် ပေါက်သွားတယ်။ ဒီကြားထဲ ဆွဲချက မေးခွန်းတစ်ခု မေးလိုက်တိုင်း သက်သေခံ ဥပဒေပုဒ်မ တစ်ခု ထ-ထရွတ်ပြနေသေးတယ်။ သူ ရွတ်တာနဲ့ ကျွန်တော် မေ့နေတာတွေတောင် ပြန်သတိရလာတယ်"

ခင်ခင်ထား ဘေးနားမှ ခုံမှာ ဝင်ထိုက်လိုက်ပြီး ဆေးပေါ့လိပ် တစ်လိပ်ထုတ်ကာ မီးညှိလိုက်သည်။ ပြီးမှ ယုယုခိုင်ကို မမြင်မိသဖြင့် ဘယ်သွားလဲဟု သူ မေးတော့ "သူ့အဘိုး နေမကောင်းလို့ နေ့လည်ကတည်းက ပြန်သွားတယ်"ဟု ခင်ခင်ထားက ဖြေသည်။

"အခြေအနေ တော်တော်ဆိုးလို့လား"

"မပြောတတ်ဘူး၊ သူ့အိမ်က ကားနဲ့လာခေါ်သွားတာပဲ၊ အဘိုးက ပဲခူးမှာဆိုတော့ ပဲခူးထိ တစ်မိသားစုလုံး လိုက်သွားကြမှာလို့ ပြောတယ်"

သူ ဘာမှ ဆက်မမေးတော့ဘဲ ဆေးပေါ့လိပ်ကိုသာ ဖွာရှိုက်နေလိုက်သည်။ တအောင့်ကြာတော့ ခင်ခင်ထား သူ့ကို ဖျတ်ခနဲ ကြည့်ရင်း. .

"နေပါဦး၊ ငါ နင့်ကို မေးရဦးမယ်၊ နင် မိန်းမရတော့မှာ ငါတို့ကို ဘာဖြစ်လို့ မပြောတာလဲ"





ရုတ်တရက် သူ ကြောင်အန်းအန်းဖြစ်သွားသည်။ ဘယ်လိုမှ မဖြစ်နိုင်တာပဲ၊ သူကိုယ်တိုင်က ဖွင့်မပြောဘဲနှင့် ထိုကိစ္စကို မခင်ထား သိနိုင်စရာ အကြောင်း လုံးဝမရှိပါ။

"မခင်ထားကို ဘယ်သူ ပြောလဲ"

"ယု"

သူ ထပ်မံ အံ့သြသွားရပြန်သည်။ ခင်ခင်ထား မျက်နှာ အနည်းငယ်တင်းမာသွားပြီး သူ့ကို ပြောပြသည်။

"ယုက နင့်ကို လုံးဝအေသိမပေးပါနဲ့လို့ ငါ့ကို ပြောထားတယ်၊ ငါကလဲ မပြောဘဲ နေမလို့ပါပဲ၊ ဒါပေမယ့် စောစောက လွှတ်ခနဲ မေးလိုက်မိလို့၊ ပြီးတော့ ယုအတွက်လဲ မခံချင်လို့ ငါ နင့်ကို ပြောပြမယ် ကိုရဲ"

"ဘာဖြစ်လို့လဲ မခင်ထား၊ ဘာတွေ ဖြစ်ပြန်ပြီလဲ"

သူ စိုးရိမ်တကြီး မေးမိသည်။

"မေပုလဲသွယ် ယုဆီ ဖုန်းဆက်တယ် ကိုရဲ၊ အမှန်က မနက်ကတည်းက ဆက်တာ၊ ငါတို့ လက်ဖက်ရည်ဆိုင်သွားနေကြလို့ မတွေ့တာ၊ ဒုတိယတစ်ခါ ဆက်တော့ ယုအိမ်က ကားလာမယ်ဆိုလို့ ထိုင်စောင့်နေတဲ့အချိန်၊ ယုအိမ်ကလဲ ပဲခူးသွားဖို့ လာခေါ်မယ့်အကြောင်း ကြိုဖုန်းဆက်ထားတာလေ၊ အဲဒီအချိန်မှာ မေပုလဲသွယ် ဖုန်းဆက်တာ၊ သူနဲ့နင် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့မယ့်အကြောင်း၊ ယုကို ပြောတယ်၊ ပြီးတော့ ဒီပွဲမှာ ဒေါ်ယုယုခိုင် ရှုံးသွားပြီတဲ့၊ ဒီတော့ ကိုရဲလွင်ငြိမ်းကို ပြန်ရဖို့ မကြိုးစားပါနဲ့တော့တဲ့၊ အချိန်မီ နောက်ဆုတ် လိုက်ပါတဲ့"

မေပုလဲသွယ် ထိုမျှအထိ အသိဉာဏ်မဲ့စွာ ရိုင်းလိမ့်မည်ဟု သူမထင်မိခဲ့။ သူ ယုယုခိုင်အတွက် စိတ်မကောင်းဖြစ်စွာ အားနာသွားမိသည်။

"တကယ်တော့ နင် သူ့ကို လက်ထပ်မယ်ဆိုကတည်းက ယု ရှုံးသွားပြီတဲ့၊ အဲဒါကို ငါလဲလက်ခံတယ်။ ဒါပေမယ့် ခုလိုမျိုး ဖုန်းဆက်ပြီး ရိုတာကတော့ သက်သက် အနိုင်ကျင့်တာပဲ၊ ရှုံးနေတဲ့လူကို ပိုပြီး ရှုံးအောင် လုပ်တာ"

"မေပုလဲ တော်တော်ရိုင်းတာပါလား၊ သူ အဲဒီလို လုပ်လိမ့်မယ်လို့ ကျွန်တော် မထင်မိဘူး။ မခင်ထား၊ ခုတော့ ယုကို အားနာဖို့ ကောင်းလိုက်တာ၊ သူဘာပြောသေးလဲ တော်တော် စိတ်ဆိုးမှာပေါ့"

ခင်ခင်ထား မဲ့ပြုံးတစ်ချက် ပြုံးသည်။ ထို့နောက် သူ့ကို မကြည့်ဘဲ. .

"ယုလား၊ သူမျက်ရည်ကျတာပေါ့"

ဟု အဖြေပေးသည်။

❑





သူ့ရင်ထဲမှ ဆူဝေနေသော ဒေါသစိတ်တို့ မျက်နှာပေါ်သို့ လျှံတက် ထင်ဟပ်မလာအောင် ထိန်းချုပ်ထားနိုင်သော်လည်း မာဆတ်ဆတ်ဖြစ်နေသော သူ့အသံကိုတော့ နူးညံ့ပျော့ပျောင်းလာအောင် သူ မပြုပြင်နိုင်ခဲ့။

"ဆိုစမ်းပါဦး၊ အဲလို လုပ်လိုက်တာရဲ့ ရည်ရွယ်ချက်က ဘာလဲ မေပုလဲ"

သူ့မေးခွန်းကို သူမ ဂစ်တာ ကြိုးညှိမပျက်ဘဲ ခပ်အေးအေးပင် ပြန်လည် အဖြေပေးသည်။

"ရှင်းရှင်းလေးပါ၊ ကျွန်မ အနိုင်ရကြောင်း သူ့ကို အသိပေးလိုက်တာပေါ့"

"ဟုတ်ပြီလေ၊ အဲလို အသိပေးလိုက်ရတဲ့ ရည်ရွယ်ချက် ရှိရမှာပေါ့"

သူမ ပခုံးတစ်ချက် တွန့်လိုက်ရင်း. .

"အဲဒါတော့ ကျွန်မလဲ မပြောတတ်ဘူး။ ကျွန်မ သိတာက ကျွန်မ သူ့ကို တရားဝင် အနိုင်လိုချင်တယ်၊ အဲ့ဒီလိုနိုင်ကြောင်းကိုလဲ သူ သိစေချင်တယ်။ ဒါကြောင့် သူ့ကို ဖုန်းဆက်ပြီး ပြောလိုက်တာ"

သူမ၏ ပုံစံက သူမ လုပ်လိုက်သော ကိစ္စမှာ ဘာမှ အမှားအယွင်းမရှိဟု ယူဆထားသည့် ပုံစံမျိုး ဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း ဝရန်တာ လက်ရန်းကို လက်ဖြင့် ထောက်လျက် အဝေးသို့ အကြည့်လွှဲလိုက်သည်။ တစ်စီးစ နှစ်စီးစ ဖြတ်သွားသော ကားတချို့မှ အပဗိုလ်အောင်ကျော်လမ်းမက ငြိမ်သက် တိတ်ဆိတ်နေသည်။ ခပ်ဝေးဝေးရှိ စိန်ပေါလ် ဘုရားရှိခိုးကျောင်း အမိုးစွန်းကို ကျော်လွန်လျက် ဖြတ်သန်းသွားသော ငှက်တစ်အုပ်ကို မျှော်ငေးရင်းသူမကို သူ ပြောလိုက်သည်။

"မေပုလဲ လုပ်လိုက်တဲ့ကိစ္စအတွက် သူ မျက်ရည်ကျသွားခဲ့တယ်၊ အဲဒါကို မေပုလဲ သိလား"

"ရှင် မျက်ရည်ကျတယ် ဟုတ်လား"

တမင် လုပ်ယူထားသော အံ့ဩသံဖြင့် သူမ ပြန်မေးသည်။

ပြီးမှ မရယ်ချင် ရယ်ချင် ရယ်လိုက်ရင်း-

"ဒါ မဆန်းပါဘူး ကိုကိုရဲ့၊ ကျွန်မတောင် သူ့ကြောင့် အကြိမ်ပေါင်းများစွာ မျက်ရည်ကျခဲ့ရသေးတာပဲ၊ ဒီတော့ သူလဲ တစ်ခါလောက်တော့ ပြန်ကျသင့်တာပေါ့"

ရုတ်တရက် သူမဘက်သို့ သူ လှည့်ကြည့်လိုက်သည်။

ဂျစ်ကန်ကန် နိုင်လှသော သူမကတော့ သူ့ကို မော့မကြည့်ဘဲ ခက်ခဲသော ကော့ဒ်တစ်ခုကို ကိုင်လျက် ဂစ်တာကို နှစ်ချက် သုံးချက် ခတ်သည်။





"နေစမ်းပါဦး၊ ဒါဖြင့် ခုကိစ္စဟာ မေပုလဲ သူ့ကို ပြန်ပြီး လက်စားချေလိုက်တာပေါ့ ဟုတ်လား"

သူမ ဂစ်တာအတီးရပ်သွားပြီး သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။

"ကျွန်မ လုပ်လိုက်တာ အဲ့လို ပုံစံမျိုး ဖြစ်သွားလို့လား"

သူ ဘာမှ အဖြေမပေးဘဲ သူမ၏ မျက်ဝန်းတွေကိုသာ စိုက်ကြည့်နေမိသည်။ သူမ နှုတ်ခမ်းဖျားတို့ တွန့်ကွေးလျက် ပြုံးလိုက်ရင်း-

"တကယ်လို့ လက်စားချေလိုက်တဲ့ ပုံစံမျိုး ဖြစ်သွားတယ်ဆိုရင်တော့ ကျွန်မ သိပ် စိတ်ချမ်းသာမိမှာပဲ"

"ဘာပြောတယ်"

"ရှင်းရှင်းလေးပါ၊ ကျွန်မကို သူ စိန်ခေါ်ခဲ့တုန်းက ကျွန်မ ခံစားခဲ့ရသလို သူ့ကို ပြန်ပြီး ခံစားရစေချင်တယ်၊ အဲလို ခံစားရမယ်ဆိုရင် ကျွန်မ ဖုန်းဆက်ရကျိုး နပ်တာပေါ့"

အညိုးအတေးကြီးလွန်းလှတဲ့ မိန်းကလေးပါလား။

သူမ လုပ်ခဲ့ခြင်းက လက်စားချေသော အဆင့်ထက် ကျော်လွန်ခဲ့ကြောင်း သူမ စဉ်းစားမိပုံ မရပါ။ တကယ်တော့ ယုယုခိုင်ထံသို့ သူမ ဖုန်းဆက်ခဲ့ခြင်းသည် အပြီးတိုင် ရှုံးနိမ့်



www.burmeseclassic.com

www.burmeseclassic.com



နေသူ တစ်ယောက်အား စိတ်ဓါတ်ရေးရာအရ အနိုင်ပိုင်းခဲ့ခြင်းသာ ဖြစ်သည်။

"ကိုယ်တော့ ဘယ်လိုမှ နားမလည်နိုင်လောက်အောင်ပဲ မေပုလဲ"

"ကျွန်မကိုလား ကိုကို"

"ဟုတ်တယ် မေပုလဲကိုရော၊ မေပုလဲရဲ့ အနိုင်ယူချင်တဲ့ စိတ်ကိုရော"

သူမ ဂစ်တာကို ဘေးသို့ ချလိုက်ပြီး သူ့ကို မော့ကြည့်သည်။ ထို့နောက် ထိုင်ရာမှ ထကာ သူ့ဘေးနားသို့ လာရပ်သည်။

"ကျွန်မလဲ ကိုကို့ကို နားမလည်နိုင်တော့ဘူး ကိုကို၊ အထူးသဖြင့် ကိုကိုရဲ့ စိတ်တွေ ကျွန်မဆီမှာ ရှိမနေတာကို ကျွန်မ နားမလည်ဘူး"

သူမ၏ စကားက ထူးဆန်းလှသလို သူ့ မျက်ဝန်းတို့ကို စူးစိုက်ကြည့်လာသည့် သူမ၏ အကြည့်တို့ကလည်း ထူးဆန်းလှပါသည်။ သူ့မျက်လုံးထဲမှာ တစ်စုံတစ်ရာကို ဖွေရှာဟန်ဖြင့် သူမ အကြာကြီး စိုက်ကြည့်နေခဲ့ပြီးမှ တစ်လုံးချင်း ပြောသည်။





"ဟုတ်တယ် ကိုကို၊ ကိုကိုရဲ့ စိတ်ခံစားမှုတွေက ကျွန်မဆီမှာ မဟုတ်ဘူး၊ ဒေါ်ယုယုခိုင်ဆီ ရောက်နေကြတယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

အကယ်၍ မေပုလဲသွယ် စွပ်စွဲသလို သူ၏ စိတ်တို့ ယုယုခိုင်ထံ ရောက်နေကြသည် ဆိုပါက ထိုသို့ ရောက်နေခြင်းမှာ ထိုနေ့ကမဟုတ်ဘဲ နောက်တစ်နေ့မှသာ ဖြစ်သည်။

ဗုဒ္ဓဟူးနေ့၌ မေပုလဲသွယ်နှင့် စေ့စပ်မည့် အစီအစဉ်ကြောင့် ရုံးမှ ခွင့်ယူရန် စီစဉ်ထားသော်လည်း အင်္ဂါနေ့မှာတော့ သူ ရုံးမဖျက်ခဲ့။ ခါတိုင်းနေ့များ၏ ထုံးစံအတိုင်း (၉) နာရီခွဲသည်နှင့် သူ ရုံးသို့ ရောက်ရှိသွားခဲ့သည်။

ရုံးခန်းရှေ့ပိုင်း ဧည့်ခန်းလေး၌ သူ့အရင် ခင်ခင်ထား ရောက်ရှိနေပြီ ဖြစ်သော်လည်း ယုယုခိုင်ကိုတော့ မတွေ့ရ ပါ။ သူမ မရောက်သေးဘူး ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ဒီနေ့မှာ တော့ သူမကို သူ တွေ့ချင်နေမိသည်။ အထူးသဖြင့် မေပုလဲသွယ်





သူမထံ ဖုန်းဆက်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ သူမအား တောင်းပန်ရန်အတွက် ယုယုခိုင်ကို သူ တွေ့ချင်ပါသည်။

သို့သော် (၁၀)နာရီထိုးသည်အထိ ရုံးခန်းသို့ သူမ ရောက်မလာခဲ့။

"ယု ဒီနေ့ ရုံးမလာဘူးလား မသိဘူး"

သူ၏ မှတ်ချက်ကို အမှုတွဲကူးနေသော ခင်ခင်ထားက ထောက်ခံသလို ခေါင်းညိတ်သည်။

"ဖြစ်နိုင်တယ်၊ ကြည့်ရတာ သူ့အဘိုး မသက်သာလို့ ပဲခူးမှာပဲ ဆက်နေ-နေကြတယ် ထင်တာပဲ"

ဒါဆိုလျှင်တော့ ဒီနေ့အဖို့ သူမရုံးလာတော့မည် မဟုတ်ပါ။

ဆရာဦးလှထွန်းရောက်လာပြီး ယနေ့ လုပ်ရမည့် လုပ်ငန်းတာဝန်များကို ခွဲဝေပြီးချိန်အထိ ယုယုခိုင် ရောက်မလာသောအခါမှာတော့ သူမ ရုံးမတက်တော့ကြောင်း သေချာသွားတော့သည်။

"ကျွန်တော် သူ့ကို တောင်းပန်ချင်နေတာ"

တိုက်ပုံဝတ်လျက် တရားရုံးသို့ စတင် ထွက်ခွာခါနီး သူ ခင်ခင်ထားကို ပြောတော့ သူမက "ဘာအတွက်လဲ"ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ မနေ့က မေပုလဲ သူ့ဆီ ဖုန်းဆက်တဲ့ကိစ္စ အတွက်ပါ"

"မလိုပါဘူးဟာ၊ နောက်နေ့တွေ တောင်းပန်လဲ ရတာပဲ။ ဒါမှမဟုတ်လဲ လုံးဝမတောင်းပန်ဘဲ မသိသလို နေချင် နေလိုက်ပေါ့"

ခင်ခင်ထား၏ အကြံပေးမှုအတိုင်း ထိုကိစ္စအား မသိသည့် ပုံစံမျိုးဖြင့် ဘာသိဘာသာ နေလိုက်လျှင် ရနိုင်သော်လည်း သူကတော့ မေပုလဲသွယ်၏ ရိုင်းပျမှုအတွက် အားနာစွာ စိတ်မကောင်းဖြစ်နေမိသည်။ တရားခွင်၌ အမှုစစ်စဉ် တစ်လျှောက်လုံး ထိုကိစ္စအတွက် သူ စိတ်မဖြောင့်နိုင်ပါ။

ညနေ ရုံးဆင်းချိန်မှာတော့ ယနေ့အတွက် သူမအား တောင်းပန်ရန် အခွင့်အလမ်း မရှိနိုင်တော့ဟု တွေးလျက် စိတ်လျော့လိုက်တော့သည်။

အင်းလေ မခင်ထားပြောသလို နောက်နေ့တွေ တောင်းပန်လည်း ဖြစ်တာပါပဲ။

ရုံးခန်းသို့ ပြန်၍ အမှုတွဲနှင့် ခေါင်းပေါင်းဘူးထားပြီး နောက်နေ့ သူ ခွင့်ယူမည့်အကြောင်း ဆရာ့ကို သေချာအောင် ထပ်ပြောရသည်။ ဆရာက အေးဆေးစွာပင် ခေါင်းညိတ်ရင်း





ရပါတယ်၊ မင်းနေရာ ဒေါ်စန်းရီ ဝင်လိမ့်မည်ဟု ဆိုသည်။ ထို့နောက် ဆရာ့ကို နှုတ်ဆက်ပြီ သူပြန်လာခဲ့သည်။

အိမ်မပြန်မီ ထုံးစံအတိုင်း ဗိုလ်အောင်ကျော်လမ်းသို့ ဝင်ရသေးသည်။ ဧည့်ခန်း၌ ထိုင်နေကြသော မေပုလဲသွယ်၏ မိဘများက သူ့ကိုတွေ့တော့ ပြုံးလျက် နှုတ်ဆက်ရင်း မနက်ဖြန်အတွက် အစီအစဉ်ကိုမေးသဖြင့် သူနှင့် သူ့မိဘများ လာမည့်အချိန်နှင့် အစီအစဉ်တို့ကို ရှင်းပြရသည်။ ထို့နောက်တော့ ယခင်ရက်များကလိုပင် အိပ်ခန်းတွင်းသို့ အလိုက်သိစွာ ဝင်သွားကြသဖြင့် သူနှင့်မေပုလဲသွယ်တို့ ညီအစ်မ နှစ်ယောက်သာ ကျန်ခဲ့ကြသည်။

ပျော်ရွှင် ကလေးဆန်တတ်သော နီလာသွယ်က ရယ်မောဖော်ရွေသော်လည်း မေပုလဲသွယ်ကတော့ ဝတ္ထုစာအုပ်တစ်အုပ်နှင့် တည်ငြိမ်အေးစက်၍ နေလေသည်။ ယင်းမှာ ကိုကို့စိတ်တွေ ကျွန်မဆီမှာမှ မဟုတ်ဘဲဟု စွပ်စွဲခဲ့ချိန်မှစ၍ သူမ ကျင့်သုံးခဲ့သည့် အမူအရာဖြစ်သည်။

မနေ့က တစ်နေ့လုံး သူမ၏ အေးစက်မှုတို့ကို သူ လျစ်လျူရှုထားခဲ့သော်လည်း ယခုတော့ သူ စတင်ချော့မော့ရန် ကြိုးစားရသည်။ သူ၏ ချော့မော့မှုက သူမကြိုက်သော (We are the world) သီချင်းကို တီးပြခြင်းပဲ ဖြစ်သည်။ ထိုသီချင်း၏ သံပြိုင်ပိုဒ်၌ ကင်နီရော်ဂျာ အသံနှင့် မိုက်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဆင်အသံ နှစ်သံ ခွဲဆိုခြင်းကို သူမ သဘောကျလေ့ရှိသည်။

သို့သော် သီချင်းဆုံးချိန်၌ ယခင်ကလို သူမ အားတက်သရော ချီးကျူးခြင်းမရှိဘဲ တည်ငြိမ်နေမြဲ ဖြစ်သည်။

"ဘယ်လိုလဲ မေပုလဲ၊ ကိုယ်တီးတာ မကောင်းဘူးလား"

"ကောင်းသားပဲ"

သူမ ခပ်ပေါ့ပေါ့ပင် ပြန်လည် အဖြေပေးသည်။

"မေပုလဲ စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး"

"ကောင်းပြီလေ၊ ဆက်ဖတ်ပေါ့၊ ကိုယ် အိမ်ပြန်တော့မယ်"

သူ အတည်ပေါက်နှင့် ပြောလိုက်တော့ သူမ နှာခေါင်းရှုံ့ရင်း . .

"ဘာလဲ ဒေါ်ယုယုခိုင် အိမ်ကိုလား"ဟု မေးသည်။ သူ စိတ်ပျက်စွာ ဂစ်တာကို တွန်းဖယ်ရင်း ရယ်မောလိုက်တော့သည်။

□





"ညနေက ဖုန်းလာတယ်"

သူ အိမ်ပြန်ရောက်ချိန် ရေချိုးပြီးချိန်၌ အမေက သူ့ဆီသို့ ဖုန်းလာကြောင်းပြောသည်။

"ဘယ်သူလဲ အမေ"

ဟု သူမေးတော့. .

"မပြောတတ်ဘူးကွယ်၊ မိန်းကလေးတစ်ယောက်ပဲ"

အမေသည် ဖုန်းလာလျှင် "ဘယ်သူလဲ"ဟု မေးရမှာ အလွန်ဝန်လေးသူ ဖြစ်သလို၊ တစ်ဖက်မှ ဖုန်းဆက်သူအား "ဘာမှာထားမလဲ"ဟု ပြောရန်ကိုလည်း အမြဲမေ့လျော့နေတတ်သူ ဖြစ်သည်။

ယခုလည်း အမေ့ထံမှ မိန်းကလေးတစ်ယောက် ဖုန်းဆက်တယ်ဆိုသည်မှအပ ပိုမိုတိကျသည့် သဲလွန်စ တစ်စုံတစ်ရာကို မျှော်လင့်၍ မရပါ။

သို့သော် တအောင့်အကြာ၌ ညနေက ဖုန်းဆက်သူမှာ ဘယ်သူ ဖြစ်ကြောင်း သူ သိခွင့်ရခဲ့သည်။

"ယုပါ၊ ညနေကတောင် တစ်ခေါက် ဆက်သေးတယ်"

တယ်လီဖုန်းခွက်အတွင်းမှ ထွက်ပေါ်လာသည့် ယုယုခိုင်၏ အသံကြောင့် သူ အနည်းငယ် အံ့ဩသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အိမ်၌ တယ်လီဖုန်းမရှိကြောင်း သူ သိပြီး ဖြစ်သလို သူ့ထံသို့လည်းသူမ ဖုန်းဆက်လေ့မရှိသဖြင့်-

"ယု ဘယ်က ဆက်နေတာလဲ"

ဟု မေးလိုက်သည်။

"ရွှေဘုံသာလမ်းက ဆက်နေတာ၊ ဘိုးဘိုးအတွက် ဆေးလာဝယ်တာလေ၊ အဲဒါ ပိုက်ဆံနည်းနည်းလိုနေလို့ မောင့်ဆီများ လွယ်မလားလို့"

"ဘယ်လောက်လဲ ယု"

"တစ်ထောင်လောက်ပါ"

"ဖြစ်ပါတယ်၊ အဲဒီလောက်တော့ ကျွန်တော် ချမ်းသာပါသေးတယ်"

"ဒါဖြင့် မောင် လာပေးနိုင်မလား ဟင်"

သူ လာပေးမည်ဟု ပြောတော့၊ ဒါဖြင့် ယု စောင့်နေမယ်ဟု ဆိုကာ သူမစောင့်ဆိုင်းနေမည့် ဆေးခန်းတစ်ခု၏ နာမည်ကို ရွတ်ပြသည်။

"အဲဒီ့ ဆေးခန်းရှေ့ကပဲ ရပ်စောင့်နေမယ်၊ မောင် အခု ထွက်လာခဲ့နော်"

ထို့နောက် သူမ ဖုန်းချသွားသည်။





သူ ချက်ချင်းပင် အဝတ်အစားလဲပြီး အမေ့အား အပြင်ခဏသွားဦးမယ်ဟု ပြောကာ အိမ်မှ ထွက်လာခဲ့သည်။ သူမ စောင့်ဆိုင်းနေရာသို့ ရောက်ချိန်အထိ မိနစ်နှစ်ဆယ်မျှသာ ကြာမြင့်သော်လည်း သူမက သူ့ကို တွေ့သည်နှင့်-

"ကြာလိုက်တာ၊ ယုက မောင် မလာတော့ဘူးလားလို့"

ဟု ပြောသည်။

"ချိန်ထားတာပဲ လာမှာပေါ့ ယုရဲ့၊ ကားစောင့်နေရလို့ နည်းနည်းကြာသွားတာပါ"

သူ အကျႌအိတ်ကပ်ထဲမှ ငွေတစ်ထောင်ကို ထုတ်ပေးလိုက်တော့ သူမက ကျေးဇူးပဲ၊ ယုလည်း ကြံရာမရတာနဲ့ မောင့်ကို သတိရပြီး လှမ်းဆက်လိုက်ရတာဟု အားနာဟန်ဖြင့် ဆိုသည်။

"ရပါတယ် ယုရဲ့၊ သူစိမ်းတွေမှ မဟုတ်တာပဲ"

သူ အားနာစရာမလိုကြောင်း၊ ပြန်ပြောရင်း ဒါနဲ့ ယု တစ်ယောက်တည်းလားဟု မေးတော့ သူမ ခေါင်းညိတ်ပြသည်။

"ဒီနေ့ ယုဘာလို့ ရုံးမတက်တာလဲ"

"ဘိုးဘိုးကို ပြုစုနေရလို့လေ၊ ခု ဆေးလိုတယ်ဆိုတာနဲ့ လာဝယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် သူမ ပဲခူးကနေ ရန်ကုန်အထိ တစ်ယောက်တည်း လာခဲ့ရတာပေါ့။ သူမ၏ သတ္တိရှိမှုအတွက် သူ စိတ်ထဲမှ အံ့ဩချီးကျူးလိုက်မိသည်။ သူမက ဆိုင်မပတ်ခင် ဆေးဝယ်ထားမှဟု ဆိုကာ ဆေးဆိုင်ရှိရာသို့ ဦးတည်လိုက်သဖြင့် သူ နောက်မှ လိုက်လာခဲ့ရသည်။ ဆေးရောင်းသူအား ဆေးစာရွက် ထုတ်ပေးလိုက်ပြီး ဆေးဖိုးကျသင့်ငွေကို ပေးချေလိုက်ခြင်းဖြင့် သူမ၏ ဆေးဝယ်ခြင်းကိစ္စ လျင်မြန်စွာ ပြီးဆုံးသွားလေသည်။

သို့သော် သူမ ဆေးဝယ်ပြီးချိန်သည် မှောင်စပျိုးနေသောအချိန်ဖြစ်သလို ပဲခူးလို နေရာမျိုးသို့ မိန်းကလေးတစ်ယောက်တည်း ပြန်ရန် အတော်နောက်ကျနေသောအချိန်လည်း ဖြစ်သည်။ ဘယ်လောက်ပင် သတ္တိရှိပါသည် ဆိုဦးတော့ ယခုလို အချိန်မျိုးမှာတော့ သူမတစ်ယောက်တည်း ပြန်ရန် မသင့်တော်ပါ။

"ဒီအချိန် ပဲခူးပြန်ဖို့ ကားရှိပါတော့မလား ယု"

သူ့မေးခွန်းကြောင့် သူမ မျက်မှောက်ကြုတ်လျက် မော့ကြည့်ရင်း "ဘာလဲ မောင်"ဟု နားမလည်သလို ပြန်မေးသည်။

"ယု ပြန်ဖို့လေ၊ ခုချိန်ကြီး ယု ပဲခူးကို တစ်ယောက်တည်း ဘယ်လိုပြန်မလဲ"





သူမ ခေတ္တ ငြိမ်သက်သွားပြီးမှ ပြုံးလိုက်ရင်း

"အဲဒီအတွက် မောင့်ကို ဖုန်းဆက်ခေါ်တာပေါ့"

သူမ စကားက ပဲခူးပြန်ဖို့ သူ လိုက်ပို့ပေးရမည်ဆိုသည့် အဓိပ္ပါယ်များလား။

သူ နာရီကို ငုံ့ကြည့်ပြီး နောက်ထပ် အချိန်ဘယ်လောက်ကျန်သေးသလဲဟု တွက်ချက်ကြည့်လိုက်သည်။ ရှိုးစုမဲ့စု အချိန်တို့က ဒီညအဖို့ ပဲခူးကို ရောက်နိုင်သော်လည်း ပဲခူးက သူ ပြန်လာဖို့တော့ မဖြစ်နိုင်ပါ။ အကယ်၍ သူမကို လိုက်ပို့ရမည်ဆိုလျှင်တော့ သူ မနက်မှသာ စောစောထ၍ ပြန်လာရမည် ဖြစ်သည်။

"ဘယ်လိုလဲ မောင်၊ လိုက်ပို့ပေးမယ် မဟုတ်လားဟင်"

သူမ သူ့ကို အားကိုးတကြီးဟန်ဖြင့် မော့ကြည့်ရင်း မေးသည်။ သူ ချက်ချင်းအဖြေမပေးနိုင်ဘဲ စဉ်းစားရခက်စွာ တွေဝေနေမိသည်။ မနက်ဖြန် ဆယ်နာရီ၌ မေပုလဲသွယ်တို့အိမ်သို့ လူကြီးစုံရာနှင့်သွားရန် စီစဉ်ထားပြီး ဖြစ်သဖြင့် ယခုည၌ အမေနှင့် သူ မနက်ဖြန်ကိစ္စအတွက် အနည်းငယ် တိုင်ပင်စရာများရှိသလို စကားစမြည်ပြောစရာလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုကိစ္စကြောင့် သူမ၏ အကူအညီတောင်းခံလာမှုကို ငြင်းလိုက်ပါကလည်း ဝေးလံသော ခရီးကို သူမတစ်ယောက်တည်း ပြန်ရပေလိမ့်မည်။ သူမ လက်ထဲမှ ဆေးထုပ်ကို ဝေ့ဝဲကြည့်ရင်း ဒီဆေးတွေက ဒီညအချိန်မီ ရောက်သွားဖို့ လိုအပ်တဲ့ ဆေးတွေများလားဟု သူ တွေးလိုက်မိသည်။

"မောင့်ကို အကူအညီ တောင်းရတာ အားတော့နာပါတယ်၊ ဒါပေမယ့် ယု တစ်ယောက်တည်းလဲ. ."

သူမ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ဆိုင်းသွားကြသည်။ သူ ဆုံးဖြတ်ချက်ချလိုက်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်ရင်း. .

"ကောင်းပြီလေ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

သူ့စကားကြောင့် သူမ၏ မျက်ဝန်းတို့ ဖျတ်ခနဲ အရောင်လတ်လာကြသည်။

"ဒါပေမယ့် မနက်တော့ ကျွန်တော် စောစောပြန်မှ ဖြစ်မယ် ယု"

"ယု နားလည်ပါတယ်"

"ပြီးတော့ အိမ်ကိုလည်း ဖုန်းဆက် အကြောင်းကြားချင်တယ်"





"ဖြစ်ပါတယ်၊ ယုတို့ အမျိုးတစ်ယောက်အိမ် ခဏဝင်စရာရှိတယ်၊ အဲဒီကနေ ဆက်လိုက်တာပေါ့"

သူ ခေါင်းညိတ်လိုက်သည်။

□

သူမတို့ခြံက ဥယျာဉ်တစ်ခုများလားဟု ထင်မှတ်မှားရလောက်အောင် သစ်ပင်တို့ဖြင့် ထူထပ်ကျယ်ဝန်းလှသည်။ ခြံအလယ်လောက်မှာတော့ ပျဉ်ထောင်အိမ် မြင့်မြင့်ကြီးက မည်းမှောင်စွာ တိတ်ဆိတ်စွာ ငြိမ်သက်နေလေသည်။

"မီးပျက်နေလို့လား ယု"

မှောင်မည်းနေသောအိမ်ကို တစ်ချက်ကြည့်ရင်း သူ မေးလိုက်သည်။ သူမက "အင်း ထင်တာပဲ"ဟု မရေမရာ အဖြေပေးသည်။ သူ လက်ထဲမှ မီးစုန်းလေးများဖြင့် စိမ်းလဲ့တောက်ပနေသော နာရီကို ငုံ့ကြည့်လိုက်တော့ အချိန်က သူတို့နှစ်ယောက်အတွက် လုံလောက်သည်ဟု ဆိုနိုင်ရုံမျှပဲ ဖြစ်သည်။ မြို့ထဲသို့ ဆေးလိပ်ဖြစ်စေ၊ စားစရာတစ်ခုခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ ထွက်မဝယ်နိုင်လောက်အောင် အံ့ဝင်ခွင်ကျစွာ ကွက်တိ ဖြစ်နေခဲ့သည်။

ရန်ကုန်မှ မထွက်ခင်တုန်းက သူမ အမျိုးအိမ်သို့ ခေတ္တ ဝင်ခဲ့ပြီး သူကတော့ ထိုအိမ်ထဲသို့ လိုက်မဝင်ဘဲ အိမ်ပြင်ကပင် စောင့်နေခဲ့သည်။ သူမက မောင့်အိမ်ကို ဖုန်းဆက်ဦးမယ်ဆိုဟု မေးတော့ ယုပဲ ဆက်ကြည့်လိုက်ပါဟု သူ ပြန်ပြောလိုက်သည်။

ထိုအိမ်၌ သူမ မိနစ်အချို့ကို သုံးစွဲခဲ့သလို စတိုးဆိုင်တစ်ဆိုင်ရှေ့ရောက်တော့လည်း "မောင် ခဏနေဒ်"ဟု ခွင့်တောင်းလျက် သုံးမိနစ်လောက် ဝင်ရောက် အချိန်ဖြုန်းခဲ့သေးသည်။

"ဘာ ဝင်ဝယ်တာလဲ ယု"

သူမ ပြန်ထွက်လာတော့ သူ နားမလည်နိုင်စွာ မေးသည့်အခါ "ဆေးဝင်ဝယ်တာပါ"ဟု အဖြေပေးသည်။

အချိန်က မရှိရသည့်အထဲ သူမ တစ်နေရာပြီး တစ်နေရာ ဝင်နေသဖြင့် သူ အနည်းငယ် စိတ်မရှည်နိုင် ဖြစ်သွားမိသည်။

*"စောစောက ရွှေဘုံသာလမ်းမှာတုန်းက တစ်ခါတည်း*ဝယ်ခဲ့တာ မဟုတ်ဘူး ယုရယ်၊ နောက်ပြီး ယု အဘိုးအတွက် ဆေးက ဒီလိုဆိုင်မျိုးမှာ ရလို့လား"





"စောစောက မေ့နေလို့ပါ မောင်ရဲ့၊ ပြီးတော့ ယု အဘိုးအတွက် မဟုတ်ဘူး။ မောင့်အတွက်ပါ၊ ဂျယ်မက်နဲ့ ဆော်ဒါမင့်ရှလ၊ လမ်းမှာ မောင့် ဗိုက်အောင့်နေမှာ စိုးလို့"

သူမ၏ အလိုက်သိတတ်မှုကြောင့် သူ မည်သို့ တုံ့ပြန်ရမည် မသိဘဲ နူတ်ဆိတ်သွားရတော့သည်။

"မောင် ခလုတ်တိုက်ဦးမယ်နော်၊ အဲဒီနားမှာ ပန်းအိုးလေးတွေ ရှိတယ်"

သူမ သတိပေးလိုက်သဖြင့် သူ အတွေးဖြတ်ရင်း ခြေလှမ်းတို့ကို သတိထား လျှောက်လိုက်သည်။ အနည်းငယ်မှောင်နေသော်လည်း အိမ်ရှေ့ဆင်ဝင်အောက်သို့ရောက်သည်အထိ ချောမောစွာ လျှောက်နိုင်ခဲ့သည်။ တံခါးဝသို့ ရောက်တော့ သူမက လှေကားအောက်ရှိ ဂမုန်းပန်းအိုးထဲမှ တစ်စုံတစ်ခုကို ရှာသည်။

"ဘာရှာတာလဲ ယု"

"သော့ပါ၊ အိမ်သားတွေ အပြင်က ရောက်လာလို့ အိမ်ထဲသို့ တံခါးခေါက်ပြီး မခေါ်ချင်ရင် အလွယ်တကူ ဖွင့်ဝင်လို့ ရအောင်၊ ဒီပန်းအိုးထဲမှာ သော့အပိုထားတယ်လေ၊ ဟော တွေ့ပြီ"

သူမ သော့ကို လှမ်းယူပြီး အုတ်လှေကား သုံးထစ်ကို တက်ကာ တံခါးမှ သော့ခလောက်ကို ဖွင့်သည်။ တံခါးက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ လူကရော အပြင်မှလူကပါ သော့ခလောက်ကို အလွယ်တကူ ဖွင့်၍ ရနိုင်သည့် သံဘာချာတံခါးဖြစ်သည်။ သော့ဖွင့်နေသည့် သူမ၏ နောက်နား၌ ရပ်ရင်း အေးစက်ငြိမ်သက်နေသော အိမ်ကြီးကို သူ နားမလည်နိုင်စွာ အကဲခတ်နေမိသည်။

တကယ်တော့ လူမမာတစ်ယောက်ရှိနေသော အိမ်တစ်အိမ်အနေနှင့် သည်လောက် မည်းမှောင်တိတ်ဆိတ်နေဖို့ မကောင်းပါ။ တကယ်လို့ သူမပြောသလို မီးပျက်နေတယ်ပဲထား။ အနည်းဆုံးဖယောင်းတိုင် မီးရောင်နဲ့ စကားသံ တစ်ချို့လောက်ကို တွေ့ဖို့ ကြားဖို့ ကောင်းပါသည်။ ခုတော့ လူရှိတယ်ဟု မယုံကြည်နိုင်လောက်အောင်ပင် အိမ်ကြီးက တိတ်ဆိတ်လွန်းလှသည်။

အိမ်ထဲရောက်တော့ သူ၏ သံသယက ပိုမိုကြီးမား၍ လာသည်။ မီးပျက်တယ် ထင်တာပဲဟု သူမ ပြောခဲ့သော်လည်း မီးခလုတ်ရှိရာသို့ တန်းမတ်စွာ လျှောက်သွားပြီး ခလုတ်ဖွင့်လိုက်ချိန်မှာတော့ ဧည့်ခန်းတစ်ခုလုံး အုံ့သြဖွယ် လင်းထိန်၍ လာလေသည်။ သူမ၏ မျက်နှာအား သူ ဖျတ်ခနဲ ကြည့်လိုက်ရင်း. .

"မီးမပျက်ပါလား ယု"

"အင်း ဟုတ်တယ်နော်"

ဉာဏ်ဝင်းစာပေ



"ပြီးတော့ ဒီအိမ်မှာ လူလဲ တစ်ယောက်မှ ရှိမနေကြပါလား၊ အထူးသဖြင့် နေမကောင်းဖြစ်နေတဲ့ ယုအဘိုးဆိုတာလေ"

သူမ ခေတ္တ ငြိမ်သက်သွားပြီးမှ ခေါင်းညိတ်လျက် အေးဆေးစွာ အဖြေပေးသည်။

"ဟုတ်တယ်မောင်၊ ယုအဘိုးရော၊ဒီအိမ်က လူတွေပါ ယုတို့အိမ်မှာလေ၊ မနေ့ကတည်းကစမ်းချောင်းက ယုတို့အိမ်မှာ ရောက်နေကြတာ"

"ဘာ"

သူ့အသံက မထင်မှတ်ဘဲ မာဆတ်ကျယ်လောင်၍ သွားလေသည်။ သူမ အဘိုးက ဒီအိမ်မှာမှာ မဟုတ်ဘဲ ရန်ကုန်က အိမ်မှာ ရောက်နေသတဲ့။ ဒါဖြင့် သူမ သူ့ကိုလိမ်ညာခဲ့တာပေါ့၊ ပိရိစွာ ဖြားယောင်းခေါ်ဆောင်လာခဲ့တာပေါ့။

သူမ၏ မျက်နှာကို အံ့ကြနာကျင်စွာ စိုက်ကြည့်လိုက်မိသည်။ သူမ သူ့ကို မကြည့်ဘဲ ခပ်တိုးတိုး ပြန်ပြောသည်။

"ယု ဝမ်းနည်းပါတယ် မောင်" တဲ့။

❑

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

တိုင်ကပ်နာရီစက်သံက တိတ်ဆိတ်နေသော အိမ်အတွင်း ချောက်ချားဖွယ် ဆူညံကြွမ်းရှလွန်းသည်။ သူ အိပ်ပျော်အောင် အပြင်းအထန် ကြိုးစားမိသော်လည်း ဘယ်လိုမှ အိပ်၍မရပါ။ အိပ်ရာဘေး စားပွဲပေါ်၌ သူမ တင်ပေးသွားသော ဂျဲလ်မက်တစ်ကဒ်နှင့် ဆိုဒါမင့် ဆေးထုပ်ကို သူ ငေးကြည့်နေမိသည်။

ထိုဆေးတို့က သူ ဗိုက်အောင့်လျှင် သောက်ဖို့ သူမ တကူးတက ဝင်ဝယ်လာခဲ့ခြင်း ဖြစ်သည်။ ဗိုက်ထဲ၌ အနည်းငယ် အောင့်ချင်သလိုဖြစ်နေသော်လည်း ထိုဆေးထုပ်ဆီသို့ သူ လက်မလှမ်းမိ။ သူ၏ အံ့သြဖွယ် အခြေအနေတို့ကိုသာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။





ယခုအချိန်ဆိုလျှင် အပေါ်ထပ်အိပ်ခန်း၌ ယုယုခိုင် အိပ်မောကျနေပေလိမ့်မည်။ ဒါမှ မဟုတ်လည်း သူ့လိုပင် အိပ်မပျော်နိုင်ဘဲ လက်ရှိအခြေအနေတို့ကို သူမ တွေးကောင်းတွေးနေပေလိမ့်မည်။ သို့သော် သူ့လိုတော့ တအံ့တသြ ဖြစ်နေလိမ့်မည် မဟုတ်ပါ။ သူမသည် ဤအခြေအနေအားလုံးကို ပိရိသေသပ်စွာ ကြိုတင် ပြင်ဆင်ခဲ့သူ ဖြစ်သည်။

သို့သော် ဘာပဲဖြစ်ဖြစ် သူမ အစီအစဉ်များအောက်သို့ သူ မရုန်းနိုင်အောင် ကျရောက်ခဲ့ရတာကတော့ သိပ်ကို သေချာပါသည်။ သူ သက်ပြင်းတစ်ချက်ကို ခက်ခဲစွာ ရှိုက်သွင်းလိုက်မိသည်။

❑

"လက်စသတ်တော့ ယု ကျွန်တော့်ကို ပိပိရိရိနဲ့ လှည့်စားခဲ့တာပဲ"

ဆက်တီပေါ်၌ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသော သူမ၏ မျက်နှာကို စိုက်ကြည့်ရင်း သူ တစ်လုံးချင်း ပြောလိုက်သည်။ သူမကတော့ ယခုအချိန်ထိ သူနှင့် အကြည့်ချင်း မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ စားပွဲပေါ်တင်ထားသည့် ဆေးထုပ်ကိုသာ ငေးကြည့်နေဆဲဖြစ်သည်။

"ပြောစမ်းပါဦး ယု၊ ဘာဖြစ်လို့ ခုလို လုပ်ခဲ့ရတာလဲ"

သည်တော့မှ သူမ သူ့ကို ဖြည်းဖြည်းချင်းမော့ကြည့်ပြီး အေးစက်စွာ အဖြေပေးသည်။

"မိန်းမတစ်ယောက်ရဲ့ ပြင်းပြတဲ့ အချစ်နဲ့ အရှုံးမပေးချင်တဲ့ စိတ်ဓါတ်ကြောင့် ဆိုပါတော့ မောင်"

"အဲဒါတွေကြောင့် ယု ကျွန်တော့်ကို လိမ်ညာပြီး ကြိုတင်အကွက် ဆင်ခဲ့တာပေါ့"

သူမ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ပြီး-

"မောင့်ကို လိမ်ညာခဲ့တာ မှန်ပေမယ့် ကြိုတင် အကွက်ဆင်ခဲ့တာတော့ မဟုတ်ဘူး မောင်၊ အခြေအနေတွေက မမျှော်လင့်ဘဲ ယု လိမ်ညာခွင့်ရအောင် တိုက်ဆိုင်သွားတာပါ။ မနေ့က ပဲခူးကိုလာပြီး အဘိုးနဲ့ ဘကြီး မိသားစုကို ရန်ကုန်အိမ်ခေါ်ခဲ့ကြတယ်။ အဘိုးအခြေအနေက သိပ် ဆိုးဆိုးရွားရွားကြီး မဟုတ်ပါဘူး။ အားဆေးလေး ဘာလေးစားပြီး အနားယူရုံလောက်ပါ။ ဒါကြောင့် ညနေက အဘိုးအတွက် အားဆေးနဲ့ ရင်ကြပ်ပျောက်ဆေး ထွက်ဝယ်ရင်း မခင်ထားဆီ ဝင်ပြီး အဲဒီကနေ မောင့်ဆီကို ဖုန်းဆက်တယ်၊ မတွေ့လို့ ဆေးဆိုင်ရောက်တော့ တစ်ခါထပ်ဆက်တာ၊ ဖုန်းဆက်ရတဲ့ အကြောင်း





ရင်းကိုတော့ မောင် အတိအကျ နားလည်နိုင်မှာ မဟုတ်ဘူး။ မနက်ဖြန် မေပုလဲသွယ်ကို အရှုံးမပေးလိုက်ရခင် နောက်ဆုံးအနေနဲ့ မောင့်မျက်နှာကိုတွေ့ချင်တဲ့ မိန်းမတစ်ယောက်ရဲ့ ခပ်ကြောင်ကြောင် တွေ့ချင်မှုလို့ပဲ မောင် သတ်မှတ်လိုက်ပါ။ အဲ့လို တွေ့ချင်လို့ ဆေးဆိုင်ကို လာခဲ့ဖို့ မောင့်ကို ခေါ်လိုက်တာ၊ ဒီတိုင်းခေါ်ရင် မလာမှာစိုးလို့ ပိုက်ဆံလိုလို့ ဆိုပြီး ညာခေါ်လိုက်ရတာ"

သူမ စကားကို ရပ်ပြီး သူ့ကို ဝေ့ဝဲကြည့်သည်။

ပြီးမှ အိမ်နံရံမှ ပြက္ခဒိန်ဆီသို့ အစိပ္ပါယ်မဲ့စွာ အကြည့်ရွှေ့လိုက်ပြီး ဆက်ပြောသည်။

"အဲဒါတစ်ခုပဲ မောင့်ကို ကြိုတင်စီစဉ်ပြီး လိမ်ညာခဲ့တာပါ၊ ကျန်တာတွေကတော့ မမျှော်လင့်ဘဲ တိုက်ဆိုင်သွားတာ၊ ယုတစ်ယောက်တည်း ပဲခူးကို ဘယ်လိုပြန်မလဲလို့ မောင့်ဘာသာ စမေးလာတော့ ယု ဆက်လိမ်ဖို့ သိပ်လွယ်သွားတာပေါ့။ ဒါပါပဲ မောင်၊ ဒါတွေအားလုံးဟာ ရဲတင်းလှတဲ့ လှည့်စားမှု ဖြစ်နိုင်သလို အတ္တကြီးမှုလဲ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒါတွေဟာ မောင့်ကို ချစ်မိလို့ ဖြစ်လာတာပါ"

မောင့်ကို ချစ်မိလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချစ်ရဲ့ နောက်ကွယ်မှာ ကိုယ့်ပြိုင်ဘက်အပေါ် အနိုင်ယူလိုတဲ့ စိတ်တွေ ဘယ်လောက် အတိုင်းအတာအထိ ပါဝင်နေလေမလဲ။ မေပုလဲသွယ်ကို အရှုံးမပေးချင်တဲ့ မာန တွေ ဘယ်လောက် များပြားနေမလဲ၊ ဒါဟာ အချစ်ဆိုရင် တောင်မှ မာနဆူးတွေနဲ့ လှပနေတဲ့ အချစ်ပဲ ဖြစ်မှာပါ။

သူ့ရင်ထဲမှာ ပဲ့တင်ထပ်စွာ သူမကို တုံ့ပြန်နေမိသည်။

သူမ နံရံထက်မှ နာရီလက်တံတွေကို စိုက်ကြည့်ရင်း-

"ဒီအချိန်ဆိုရင် အိမ်ကတော့ ယုအတွက် စိတ်ပူနေကြမှာပဲ။ ဘေးအိမ်ကနေပြီးတော့လဲ နီးစပ်ရာကို ဖုန်းဆက်စုံစမ်းမှာ သေချာတယ်၊ မခင်ထားအိမ်ကို ဆက်ရင်တော့ မောင့်ဆီကို ယု ဖုန်းဆက်တဲ့အကြောင်း သိမှာပဲ၊ ယုတို့ ဝင်ခဲ့တဲ့ အမျိုးအိမ်ကို ဆက်ရင်လဲ ယုနဲ့မောင် အဲဒီအိမ်ကို ဝင်ခဲ့တဲ့ အကြောင်းသိနိုင်တယ်။ အသေချာဆုံးကတော့ မောင့်အိမ်ပေါ့၊ မောင့်အိမ်က မောင် ဒီည အိမ်ပြန်မအိပ်ဘူးလို့ ယုယုခိုင်ဆိုတဲ့ မိန်းကလေးတစ်ယောက် ဖုန်းဆက်ပြောတဲ့အကြောင်း ယုမိဘတွေကို ပြန်ပြောပြလိမ့်မယ်"

သူမ၏ စကားတို့က သူ့ကို ပြောပြနေတာလား၊ သူမ ဘာသာ တီးတိုးရေရွတ်နေတာလား မသေချာသော်လည်း





သူမ စကားတို့၏ အဓိပ္ပါယ်ကိုတော့ သူ ဖြည်းညင်းစွာသဘောပေါက် နားလည်လာမိသည်။

သေတော့မှာပဲ၊ သူ ဘာဖြစ်လို့များ အဲဒီလို ဖြစ်နိုင်ချေတွေကို မစဉ်းစားမိခဲ့ပါလိမ့်။ ခုတော့ သူနဲ့သူမကို သူ့အိမ်ကရော သူမအိမ်ကပါ အဓိပ္ပါယ်တစ်မျိုးနဲ့ ထင်မြင်နေကြတော့မှာပဲ။

အတွေးနှင့်အတူ သူ့တစ်ကိုယ်လုံး ထူပူသွားတော့သည်။

"မောင့်အမေကတော့ ဇဝေဇဝါ ဖြစ်နေမှာပဲနော်၊ ဒါပေမယ့် မေပုလဲသွယ်ဆီကို ဖုန်းဆက်မေးကြည့်ရင်တော့ အဖြေမှန်ကို သိရမှာပါ"

မေပုလဲသွယ်ဟူသော အမည်ကြောင့် သူမ၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ မေပုလဲသွယ်တဲ့။ သူမက ခုအခြေအနေတွေရဲ့ အဖြေမှန်ကို ဘယ်လိုလုပ် သိနိုင်မှာတဲ့လဲ။

သူ့ရင်ထဲမှ မေးခွန်းတို့ကို ယုယုခိုင်၏ စကားက အဖြေပေးလာခဲ့သည်။

"ယု မေပုလဲသွယ်ဆီကို ဖုန်းဆက်လိုက်သေးတယ်လေ၊ ဘာရယ်လို့တော့ မဟုတ်ပါဘူး။ မောင် ဒီည အိမ်ပြန်မအိပ်တော့ဘူးဆိုတဲ့ အကြောင်းရယ်၊ အချိန်စေ့ကာနီးမှ သူအပ်ပြီး ရှုံးသွားတယ်ဆိုတဲ့ အကြောင်းရယ် ပြောပြလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ဒါကတော့ သူ့ရဲ့ နောက်ဆုံး မျှော်လင့်ချက်မှန်သမျှကို ရိုက်ချိုးခံလိုက်ရတာပါပဲ။

ရှုံးနိမ့်နာကျင်မှုနှင့်အတူ သူ အတန်ကြာ ငြိမ်သက်သွားတော့သည်။ နောက်ဆုံးမှ သူမကို သူ လှမ်းပြောလိုက်သည်။

"ချီးကျူးပါတယ် ယု၊ ကျွန်တော့်ကို ပြေးပေါက်မရှိအောင် ပိတ်ထားလိုက်နိုင်တာပဲ။ ကဲ ယု ဘာဖြစ်ချင်သလဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

သူ့စကားဆုံးတော့ အောင်နိုင်သူ အမျိုးသမီးက သူမ၏ လက်ပွေ့အိတ်အတွင်းမှ စာချုပ်နှစ်စောင်ကို ထုတ်၍ သူ့ရှေ့သို့ ချပေးသည်။ သူ ဖျတ်ခနဲ ကြည့်လိုက်တော့ လက်ထပ်စာချုပ်များ ဖြစ်နေလေသည်။

"စတိုးဆိုင်မှ ဆေးဝင်ဝယ်ရင်းနဲ့ ဝယ်လာတာမောင်၊ အဲဒီစာချုပ်မှာ လိုအပ်တာတွေ ဖြည့်ပြီး မောင် လက်မှတ်ထိုး ပေးပါ"

❑





ကုတင်ပေါ်မှ ထထိုင်ပြီး စားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူကာ စီးကရက်တစ်လိပ် ထုတ်၍ မီးညှိဖွာရှိုက်လိုက်သည်။

ထို စီးကရက်ဘူးမှာလည်း "မောင်သောက်ဖို့"ဟုဆိုကာ ဗိုက်အောင့်ပျောက်ဆေးများနှင့်အတူ သူမ ထုတ်ပေးခဲ့ခြင်းပဲ ဖြစ်သည်။

တလိပ်လိပ် တက်သွားသော စီးကရက် မီးခိုးငွေ့တို့ကို ငေးမောရင်း အမျိုးသမီးနှစ်ယောက်၏ တစ်ယောက်ကိုတစ်ယောက် အနိုင်ရလိုမှုများကို သူ နားမလည်နိုင်အောင်ဖြစ်နေမိသည်။ မေပုလဲသွယ်က ယုယုခိုင်အား အနိုင်ပိုင်းလိုစိတ်ဖြင့် သူ့အား လက်ထပ်ခိုင်းခဲ့သလို ယုယုခိုင်ကလည်း လွန်ခဲ့သည့် နာရီအနည်းငယ်က သူ့ရှေ့သို့ လက်ထပ်စာချုပ်နှစ်စောင် ချပေးခဲ့သည်။

အမှန်တော့ ထိုကိစ္စမှာ ဘယ်လိုမှ တရားမဝင်နိုင်ကြောင်း သူ သိသလို သူမလည်းသိပါလိမ့်မည်။ သူတို့နှစ်ယောက်နား၌ တရားသူကြီး မရှိသလို အသိသက်သေလည်း မရှိပါ။ သူမကို သူ အကြာကြီး ငေးကြည့်နေတော့ သူမက "အချစ်မှာ အသိသက်သေ မလိုပါဘူး မောင်ရဲ့၊ မောင်နဲ့ ယု အကြားမှာရှိတဲ့ အချစ်အတွက် တစ်ယောက်ယောက်က အသိအမှတ်ပြုပေးစရာ မလိုပါဘူး။ ကဲ မောင် ယုကို လိုက်လျောမယ်ဆို လက်မှတ်ထိုးလေ မောင်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ ချက်ချင်း လက်မှတ်မထိုးဖြစ်ခဲ့ဘဲ သူမ၏ မျက်နှာကို အဓိပ္ပါယ်ရှာဖွေကာ အကြာကြီး စိုက်ကြည့်နေမိသည်။ နောက်ဆုံးမှ သူ စိတ်လျှော့ကာ အိတ်ထဲမှ ပတ်ကားဖောင်တိန်ကို ထုတ်ယူလိုက်သည်။

"ဒါဟာ ယုရဲ့ အောင်မြင်မှုကို အသိအမှတ်ပြုခိုင်းနေတာ ဆိုရင်တော့ ကျွန်တော် အသိအမှတ် ပြုပေးရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် ယု၊ ယု ကျွန်တော့်လက်မှတ်ကိုပဲ ရမယ်"

တင်းပြတ်သော သူ့စကားကြောင့် သူမ မျက်နှာ ပျက်သွားသော်လည်း ချက်ချင်းပင် ဟန်လုပ် ပြုံးလိုက်ပြီး-

"ကျေးဇူးတင်ပါတယ် မောင်၊ယုကလဲ မောင့်လက်မှတ်ကိုပဲ လိုချင်တာပါ၊ မောင့်လက်မှတ်ကို ရတာဟာ ယု့အတွက် ဘာမဆို ရတာပါပဲ"

သူ၏ ထိုးမြဲလက်မှတ်ကို လက်ထပ်စာချုပ်ပေါ် ကူးပြောင်းပြီးချိန်၌ သူမက စာချုပ်တို့ကို လှမ်းယူပြီး ထိုင်ရာမှ ထလိုက်သည်။

"ကဲ မောင်လဲ ပင်ပန်းနေမှာပဲ၊ ယု မောင့်အတွက် အိပ်ရာပြင်လိုက်မယ်နော်"

သို့သော် သူမ ပြင်ပေးခဲ့သော အိပ်ရာပေါ်၌ သူ အိပ်၍ မပျော်နိုင်ကြောင်း အိမ်ပေါ်ထပ်ရှိ သူမ သိမည်မဟုတ်ပါ။





လက်ထဲမှ စီးကရက်ကုန်သွားချိန်၌ သူ့ဗိုက်က စူးခနဲ အောင့်လာပြန်သည်။ သူ စီးကရက်တိုကို ပြာခွက်တွင်းသို့ ထိုးခြေလိုက်ပြီး ဂျဲလ်မက်နှင့်ဆိုဒါမင့် အချို့ကိုယူကာ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

ထို့နောက် တိုင်ကပ်နာရီမှ နှစ်နာရီ သံချောင်းခေါက်သံကို နားထောင်ရင်း အိပ်ရာပေါ်သို့ လှဲလိုက်ကာ အိပ်ပျော်ရန် ထပ်မံကြိုးစားလိုက်မိသည်။ သို့သော် ဒီတစ်ခါတော့ ကံကောင်းထောက်မစွာပင် တစ်အောင့်အကြာ၌ သူ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

# (၄)

www.burmeseclassic.com

www.burmeseclassic.com



(၁)

ရုတ်တရက် အရှိန်နှေးသွားသဖြင့် သူ ခေါင်းမော့ကြည့်လိုက်တော့ လမ်းဘေးမှ လက်ပြတားနေသူ နှစ်ယောက်ကို တင်ရန် အရှိန်လျှော့လိုက်ခြင်း ဖြစ်သည်။ တကယ်တော့ ကားပေါ်ပါ ခရီးသည် ဦးရေအရ နောက်ထပ် တစ်ယောက်ယောက်ကို ထပ်တင်ဖို့ မသင့်တော့ပါ။ သို့သော်ကားမောင်းသူကတော့ အိတ်တစ်အိတ်နှင့်လူနှစ်ယောက်ရှေ့သို့ ထိုးရပ်ပေးလိုက်ပြီး ဘေးကလိုက်ရင် ရမယ်ဟု ပြောလိုက်သည်။

အချိန်အနည်းငယ် အတွင်းမှာပင် လမ်းဘေးမှ လူနှစ်ယောက်က သူ ကျောမှီတန်းအပြင်ဘက်၊ ကားဘေး ဘောင်ပေါ်သို့ ရောက်လာကြသည်။ ထို့နောက် စပယ်ယာ၏ ဆွဲဟူသော အသံနှင့်အတူ ကားစ ထွက်သည်။





တအောင့်ကြာတော့ ရန်ကုန်ပဲခူးယာဉ်ငယ်လေးက မူလ အရှိန်နှုန်းအတိုင်း ပြန်လည် ပြေးလွှားနေတော့သည်။ သူ့ မျက်နှာချင်းဆိုင်ရှိ ခရီးသည်များကို ကျော်လျက် ကားအပြင်ဘက်ကို ကြည့်လိုက်တော့ လမ်းဘေးရှုခင်းတို့က တရိပ်ရိပ် လျင်မြန်စွာပြောင်းလဲနေကြသည်။

သည်ပုံအတိုင်း ဆိုလျှင်တော့ သိပ်မကြာခင် သူ ရန်ကုန်ကို ရောက်သွားပေလိမ့်မည်။ သူ၏ တွက်ကိန်းသာ မမှားပါက သူ ပြန်ရောက်ချိန်သည် ကိုးနာရီ မထိုးခင်လောက် ဖြစ်နေပေလိမ့်မည်။

သူ့ဘေးရှိ ကားခေါင်းမိုးမှ လေဝင်ပေါက်ကို အနည်းငယ်ဟလိုက်တော့ လေတို့က သူ့မျက်နှာဆီသို့ အရှိန်ဖြင့် ပြေးဝင်လာကြသည်။ သန့်ရှင်းလတ်ဆတ်သော လေတို့ကို သူ ခပ်ပြင်းပြင်း ရှူရှိုက် လိုက်မိသည်။

❑

အိပ်ရာမှ နိုးလာချိန်၌ သူ အိပ်ပျော်ခဲ့သော နေရာမှာ သူ၏ အိမ် မဟုတ်မှန်း ကောင်းစွာ သတိပြုမိသော်လည်း ဘယ်နေရာ ဖြစ်ကြောင်းကိုတော့ ချက်ချင်း စဉ်းစား၍ မရပါ။ နောက်မှ ဒါ ပဲခူးက ယုယုခိုင်ရဲ့ အဘိုးအိမ်ပဲဟု တွေးမိပြီး အဖြစ်အပျက်များကို သူ ပြန်လည် သတိရလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ စောင်ကို ခွာပြီး ကုတင်ပေါ်မှ ဆင်းလိုက်ချိန်မှာပင် သူ စဉ်းစားလိုက်မိတာ တစ်ခုက ယုယုခိုင်နှင့် တွေ့ဆုံရန် ဖြစ်သည်။ ဘာကြောင့် သူမကို ဦးစွာ တွေ့လိုကြောင်းကိုတော့ သူ စဉ်းစား၍ မရပါ။ သူ အိပ်ခန်းထဲမှ ထွက်ပြီး ဧည့်ခန်းဆီသို့ လျှောက်လာခဲ့သည်။ ဧည့်ခန်းရှိ ဆက်တီပေါ်၌ ထိုင်ရင်း သူ အိပ်ရာနိုးချိန်ကို သူမ စောင့်ဆိုင်း နေလိမ့်မည်ဟု သူ မျှော်လင့်ထားသော်လည်း တကယ့်တကယ်တော့ သူမ ဧည့်ခန်းထဲ၌ ရှိမနေပါ။

ဒါဖြင့် သူမ မနိုးသေးလို့ဖြစ်မှာပေါ့ဟု သူ တွေး လိုက်မိကာ မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့ပြီး ကြုံသလိုပင် မျက်နှာသစ်လိုက်သည်။ ထို့နောက် အိပ်ရာဘေး စားပွဲပေါ်၌ သူ၏ လက်ပတ်နာရီ ချွတ်ထားခဲ့ကြောင်း သတိရမိပြီး အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

စားပွဲပေါ်မှ လက်ပတ်နာရီ ယူကာ ပတ်လိုက်ချိန်၌ စီးကရက်ဘူး၊ ဗိုက်အောင့်ပျောက်ဆေးတို့နှင့်အတူ စာရွက်ခေါက်တစ်ခုကို သတိပြုလိုက်မိ၏။ ထို စာရွက်ခေါက်လေးကို ညက တွေးခဲ့မိသလား မသေချာပါ။ သူ ကုတင်စွန်း၌ ဝင်ထိုင်ပြီး စာရွက်ကို လှမ်းယူကာ ဖြန့်ဖတ်လိုက်တော့ ထိုစာမှာ ယုယုခိုင် သူ့အတွက် ရေးထားခဲ့သော စာဖြစ်ကြောင်း သတိပြုလိုက်မိသည်။





မောင်

ယုအိမ်ပြန်သွားပါပြီ။ ယုနဲ့မေပုလဲသွယ်ရဲ့ ပြိုင်ပွဲကလည်း ပြီးသွားခဲ့ပြီလေ၊ သည်ပွဲမှာ ယု မနိုင်ပါဘူး မောင်၊ တကယ် နိုင်သွားတဲ့လူက မေပုလဲသွယ်ပါ။ ယုရဲ့ လက်ထပ်စာချုပ်မှာ မောင့်လက်မှတ်ကလွဲပြီး ဘာမှ ပါမလာခဲ့ကတည်းက ယု ရှုံးသွားပြီဆိုတာကို ယုကိုယ်ယု သိခဲ့တယ် မောင်။

အစကတည်းက မောင့်စိတ်ဟာ မေပုလဲသွယ်ဆီမှာ ရောက်နေခဲ့မှန်း ယုသိခဲ့ပေမယ့် မောင့်ကို ပြန်ရလိုရငြား ကြိုးစားကြည့်တာပါ။ မိန်းမတစ်ယောက်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ရင်းနှီးပြီး အလောင်းအစားထပ်ကြည့်လိုက်တာပေါ့။ ဒါပေမယ့် ယု ကံမကောင်းပါဘူး မောင်။

မောင်ရေ ညက ယုပြောခဲ့တာတွေ အားလုံး အမှန်တွေဖြစ်ပေမယ့် မေပုလဲသွယ်ဆီကို ဖုန်းဆက်လိုက်တယ် ဆိုတာကတော့ ယု တမင်လိမ်ပြောခဲ့တာပါ။ သူ ယု့အပေါ် ရက်စက်နိုင်ပေမယ့် ယုကတော့ သူ့လောက် မရက်စက်ရဲပါဘူး မောင်၊ (ဘာပဲဖြစ်ဖြစ် အဲလို လိမ်ပြောခဲ့တဲ့အတွက် မောင့်မျက်နှာပေါ်က အဖြေမှန်ကို ယု သိခွင့်ရခဲ့တာမဟုတ်လား) သချ်ာတွက်ရင် အဖြေမှန်ရမှ ကျေနပ်တတ်တဲ့ယုဟာ မောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တဲ့ အဖြေမှန်ကို ကျေကျေနပ်နပ် လက်ခံလိုက်ပါတယ် မောင်။

ဒီအိမ်ကနေ မောင် ပြန်သွားရင် သော့ကို ဂမုန်းပန်းအိုးထဲ ပြန်ထည့်ထားလိုက်ပါ မောင်၊ အဲဒီနောက် ယုယုခိုင်ဆိုတဲ့ မိန်းမတစ်ယောက်ကို မောင်မေ့ပစ်လိုက်ပါ။

ယု

(စာကြွင်း) ဒီစာနဲ့အတူ လက်ထပ်စာချုပ် တစ်စောင်ကို ထားခဲ့တယ်မောင်၊ ကျန်တဲ့တစ်စောင်ကိုတော့ အမှတ်တရ သိမ်းထားဖို့ ယု ယူသွားတယ်။

စာဖတ်ပြီး သူ အံ့ဩမှင်တက်စွာ တွေဝေနေမိသည်။ နောက်မှ စာနှင့်အတူ ပူးတွဲထားသော လက်ထပ်စာချုပ်ကို ကြည့်လိုက်တော့ စာချုပ်ပေါ်မှ သူ့လက်မှတ်နှင့်အတူ သေသပ်လှပသော ယုယုခိုင်၏ ထိုးမြလက်မှတ်ကို တွေ့ရသည်။

သူ အတန်ကြာ ငြိမ်သက်နေပြီးမှ ကုတင်ပေါ်မှ ထရပ်လိုက်သည်။

❑





(၂)

ကားက တရိပ်ရိပ်ပြေးလွှားနေသော်လည်း သူ့စိတ်ထဲမှာတော့ နှေးကွေးလွန်းလှသည်ဟု ထင်မြင်နေမိလေ သည်။ လက်ထဲမှ နာရီကို တတိယအကြိမ်မြောက် ငုံ့ကြည့်လိုက်တော့ နာရီလက်တံတို့က ရှစ်နာရီနှစ်ဆယ်ကို ညွှန်ပြနေကြသည်။

အင်း ဒါဆိုရင်တော့ မီနိုင်ပါသေးတယ်။

စိတ်စောလျှင်မြန်နေမှုကို အတွေးဖြင့် ဖြေသိမ့်လိုက်မိသည်။

ပြီးမှ ချက်ချင်းပင် သူ၏ ခရီးဆုံးဦးတည်မှုက ဘယ်ကိုပါလိမ့်ဟု သူ မရေမရာ ဖြစ်သွားမိသည်။ ဘုရားရေ သူ သွား



www.burmeseclassic.com

www.burmeseclassic.com



နေတာ မေပုလဲသွယ်ဆီကိုလား၊ ဒါမှမဟုတ် ယုယုခိုင်ဆီကိုပဲ လား။

ရင်ထဲသို့ ထူးဆန်းစွာ တိုးဝင်လာတော့ ဒွိဟစိတ်ကြောင့် သူအံ့ဩ တွေဝေသွားမိသည်။ သို့သော် ချက်ချင်းပင် ခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်ရင်း သူ သွားနေတာ မေပုလဲသွယ်ဆီကိုပါဟု ကိုယ့်ကိုယ်ကို ပိုင်းဖြတ်သေချာလိုက်သည်။

ဒီနေ့ ဆယ်နာရီ လူကြီးစုံရာနဲ့ သူရောက်လာမယ်လို့ သူမကို ကြိုတင်ချိန်းဆိုထားခဲ့တာပဲ၊ သူ့ရဲ့ ပန်းတိုင်ဟာ မေပုလဲသွယ်ပဲပေါ့။

သံသယကြီးမားလွန်းလှသော ထိုကောင်မလေး၏ မျက်နှာနုနုက အတွေး၌ နူးညံ့စွာ ရစ်ဝဲ၍ လာလေသည်။ ထိုကောင်မလေး၏ အိမ်သို့ သူနှင့်သူ့မိဘများ ရောက်ရှိသွားပါက သူမ ရှက်ရွံ့စွာ ပုန်းများပုန်းနေလေမလား။ တကယ်လို့ ပုန်းအောင်းနေတောင်မှ တစ်ခါတစ်ခါမှာတော့ ဧည့်ခန်းတံခါးဝကနေ လူကြီးတွေ ပြောဆိုနေကြတာကို သူမ လာပြီး ချောင်းနားထောင်နေတုန်း သူ ဖျတ်ခနဲ လှမ်းမြင်လိုက်မယ်ဆိုရင်တော့ သူမမျက်နှာ ရှက်ရွံ့နီမြန်းစွာနဲ့ အိမ်ခန်းထဲ ပြေးဝင်သွားမှာပဲ။

လူးလွန့်စီးမျောနေကြသော သူ့အတွေးတို့ကို ရုတ်တရက် ထွက်ပေါ်လာသည့် ကားဟွန်းသံတစ်ခုက ဖြတ်





တောက်ပစ်လိုက်သည်။ သူ ပတ်ဝန်းကျင်ကိုသတိဝင်လိုက်တော့ ကိုယ်ပိုင်ကားတစ်စီးက သူ စီးနင်းလိုက်ပါရာ ရန်ကုန်-ပဲခူး ကားငယ်လေးကို ကျော်တက်နေခြင်း ဖြစ်သည်။

ဟွန်းတီးလျက် ဝေ့ခနဲ ကျော်သွားသော ကားကို ငေးကြည့်ရင်း သူ ဗိုက်ထဲမှ အောင့်ချင်သလို ဖြစ်လာသည်။ သူ အင်္ကျီအိတ်ကပ်ထဲမှ ဂျဲလ်မက်ဆေးပြားနှစ်ပြားကို ထုတ်ယူလိုက်သည်။

သောက်လိုက်လေ မောင်။

တော်ကြာ ဗိုက်အောင့်နေမှာစိုးလို့။

ချိုအေးသော ယုယုခိုင်၏ စကားသံကို သူ ဖျတ်ခနဲ ကြားယောင်လာမိရင်း သူမအား စူးနစ်စွာ သတိရလာမိသည်။

သူ အမှန်တကယ် သွားသင့်တာ သူမဆီများလား။ သူ့ကို အမြဲတန်း နားလည်ခွင့်လွှတ်ခဲ့တဲ့ သူ့ရင်ထဲက ဆန္ဒအမှန်ကို အမြဲတမ်း ထိုးဖောက်မြင်နိုင်ခဲ့တဲ့ ယုယုခိုင်ဟာ သူ့ရဲ့ ခရီးဆုံးပန်းတိုင်တစ်ခုခုများ ဖြစ်နေလေမလား။

တကယ်လို့ သူမဆီကို ရောက်ရှိသွားခဲ့ရင် သူ ဘယ်လို စကားမျိုးနဲ့ စတင်သင့်သလဲ။ ကျွန်တော့်စိတ်က ယုဆီမှာပါလား။ ဒါမှမဟုတ် ယု ကျွန်တော် ဗိုက်အောင့်နေလို့ ဂျဲလ်မက်တစ်ပြားလောက် ပေးစမ်းပါလို့လား။ ထိုသို့ဆိုလျှင် တော့ သူမ စိုးရိမ်တကြီးဖြင့် သူ့အတွက် ဗိုက်အောင့်ပျောက်ဆေးတို့ကို အလျင်အမြန် ရှာဖွေပေးလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူ့ကိုယ်သူ နားမလည်နိုင်လောက်အောင် ဖြစ်လာမိသည်။ တကယ်တော့ သည်အချိန်သည် သူ့၌ ပြတ်သားသော ဆုံးဖြတ်ချက် တစ်စုံတစ်ရာရှိနေသင့်သည့် အချိန်ဖြစ်သော်လည်း သူ ဘာကိုမှ ဆုံးဖြတ်မရစွာ တွေဝေနေမိသည်။

အကယ်၍ သူ့အား သံသယကြီးစွာ၊ နားလည်ခွင့်လွှတ်စွာ ချစ်ခဲ့ကြသော မိန်းမနှစ်ယောက်၏ အချစ်သည် အံ့ဩဖွယ်ကောင်းသည်ဟု ဆိုပါက ထို့ထက်ပို၍ အံ့ဩဖွယ်ကောင်းတာကတော့ သူ၏ မပြတ်သားမှုပင် ဖြစ်လေသည်။

လက်ထဲမှ နာရီကို ကြည့်လိုက်တော့ ရှစ်နာရီခွဲပြီး ငါးမိနစ်။

နောက်ထပ် မိနစ်အနည်းငယ်ကြာလျှင် သူ ရန်ကုန်သို့ ပြန်ရောက်ပေလိမ့်မည်။ ထိုအချိန်၌ တစ်ခုခုကို ဆုံးဖြတ်ပြီး တစ်ယောက်ယောက်ထံသို့ သူ သွားရမည် ဖြစ်သည်။

သို့သော် ယခုအချိန်အထိတော့ သူ ဘာကိုမှ ဆုံးဖြတ်မရသေး။ ။

နေနေ၁်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com

အချစ်ဝတ္ထုသန့်သန့်လေးမှ ဖတ်ချင်တယ်ဆိုသူများအတွက်

နေနေ၁် အနုပညာ ထုတ်လုပ်ရေးနှင့်
ဉာဏ်ဝင်းစာပေ၏ ပူးပေါင်းတင်ဆက်မှု
(နေနေ၁် စီစဉ်တည်းဖြတ်သော)

စွဲမက်ရှင် (MIA) ၏
လုံးချင်းဝတ္ထုသစ်များ မကြာမီ ထွက်ပါမည်။

နေနေ၁် စီစဉ်တည်းဖြတ်သော . . . .

"မာရီယာ" ၏

လုံးချင်းဝတ္ထုသစ်များ မကြာမီ ထွက်ပါမည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com